


www.burmeseclassic.com
တက္ကသိုလ်
တင်မြင့်
လက်ဝါးကြီးနဲ့တစ္ဆေ
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# တက္ကသိုလ်တင်မြင့်

## လက်ဝါးကြီးနဲ့တစ္ဆေ

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၂၇၄၀၂၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၃၃၃၀၃၀၉
၂၀၀၉ ခုနှစ်၊ အောက်တိုဘာလ၊
ပထမအကြိမ်
တန်ဖိုး - ၁၀၀ိ/-
အုပ်ရေ - ၅၀၀အုပ်
ထုတ်ဝေသူ ... ဦးကျော်လှိုင်(၀၃၈၈၇) စေတနာစာပေ
အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်၊
ရန်ကုန်။
ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃) စေတနာ OFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

၈၉၅. ၈၃
တက္ကသိုလ်တင်မြင့်
လက်ဝါးကြီးနဲ့တစ္ဆေ/တက္ကသိုလ်တင်မြင့်၊-ရန်ကုန်၊
စေတ... ၊ ၂၀၀၉။
၄, ၉-

BURMESE CLASSIC .com



စီစဉ်သူ
မောင်ကျော်လှိုင်
(စေတနာစာပေ)

# တက္ကသိုလ်တင်မြင့်

## လက်ဝါးကြီးနှင့်တစ္ဆေ

www.burmeseclassic.com

www.burmeseclassic.com



## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



## အခန်း (၁)

"ဟိုဘက်ခြံက တိုက်အိမ်ကြီးက လူမနေဘူးလား ... မောင်ထိန်အရင်တစ်ခေါက်လာပြီး အလုပ်လက်ခံတုန်းကလည်း ပိတ်ထားတာပဲတွေ့တယ် ... "

"မနေပါဘူး ဆရာကြီး ... နေရဲတဲ့လူလဲ ရှိမယ်မထင်ပါဘူး"

"ဟေ ... ဘာဖြစ်လို့လဲ ... "

ဦးမင်းမောင်က ... မောင်ထိန့်အား တအံ့တသြဖြစ်ကာ မေးမိပါ၏။

"ပြောပါဦး ... ဘာလို့ လူမနေရဲတာလဲ ... "

မောင်ထိန်က အနီးတွင်နားထောင်နေသော

www.burmeseclassic.com



ကို တစ်ချက်ကြည့်သည်။ ပြီးတော့ … ဟိုခပ်လှမ်းလှမ်းမှာ ရေခဲ သတ္တာနေရာချဖို့ နေရာရွေးနေသည့် ဦးမင်းမောင်၏ဇနီးသည် ဒေါ်စိုးအားလှမ်း၍ကြည့်သည်။ သူပြောသင့်မပြောသင့် ချိန်ဆနေ

"ဟို … ဒီ … ဒီလိုပါ ဆရာကြီး … ဟို ဆရာ့သမီးနဲ့ ဆရာ ကတော်ကြောက်မှာစိုးလို့ပါ … "

"ပြောမှာသာပြောစမ်းပါကွာ … ငါ့သမီးက မွေးကတည်းက နဂါးမကြောက်၊ ဂဠုန်မကြောက်တဲ့သမီးကွ … "

"ပြောပါ့မယ်ဆရာ … အဲဒီခြေရင်းခြံက တိုက်က သိပ်သရဲ ခြောက်တယ်ဆရာ"

"ဟေ … "

"ဒါပေမဲ့ … မပူပါနဲ့ဆရာ … သူခြောက်ပုံက သူ့အိမ်သူ့ခြံထဲ မှာသာခြောက်တာ … လမ်းထွက်မခြောက်ဘူး … ခြံကူး ပြီးမခြောက်ပါဘူး … အဲ … အချိန်မတော် သူ့ခြံထဲဝင်ရင် တော့ တီးထည့်လိုက်တာပဲ ဆရာ … "

"ဟ … ဘယ်လိုတီးတာလဲ မောင်ထိန် … "

"လက်ဝါးကြီးနဲ့ ရိုက်တာဆရာ … "

"လက်တွေ့အရိုက်ခံရတဲ့ လူရှိဖူးလို့လား … "





"နှစ်ယောက်တောင်ရှိပြီဆရာ … ပထမကောင်လေးက ချာ လီတဲ့ … "

"ချာလီဟုတ်လား … အနောက်တိုင်းနာမည်ပါလား"

"ဟုတ်တယ်ဆရာ … ခရစ်ယာန်ဘာသာဝင်အင်္ဂလိပ်လို အင်ဒီယန်းကလားလေးပဲ … တစ္ဆေမယုံ၊ သရဲမယုံလူစား လေ … သူတို့လူငယ်သူငယ်ချင်းသုံးယောက် အလောင်း အစားလုပ်ပြီး ညသန်းခေါင်ကိုချာလီက ခြံထဲဝင်တာလေ ကျန်တဲ့နှစ်ယောက်က ခြံပြင်မှာစောင့်နေကြမယ် … သက် သေအဖြစ် ခြံထဲကမာလကာသီးခူးခဲ့ရမယ်ပေါ့ … "

"သူ့ခြံထဲမှာ … မာလကာသီးရှိနေလို့လား"

ရွှေစင်က ဝင်မေးသည်။

"ဟာ … ပြွတ်နေတာပဲ … မာလကာပင်မှ သုံးပင်တောင် ရှိတယ် … သီးလိုက်တာလဲ ရာသီဥတုမရွေးသီးတယ် … အသီးကျတော့လဲ ကောင်းသလားမမေးနဲ့ … ပန်းသီးကျနေ တာပဲ … တကယ်ပြောတာလား … အစေ့နည်းပြီးအသား တွေချည်းပဲ … ချိုမှချို"

"မင်းစားဖူးလို့လား … ခြံထဲ မင်းဝင်ရဲလို့လား … "

"ဘကြီးဖိုးမှိရှိတုန်းကတော့ … ကျွန်တော်တို့ဝင်ခူးပြီး



www.burmeseclassic.com

www.burmeseclassic.com



မာလကာသီးတောင်းစားနေတာပဲ ဆရာ ... အဲဒီတိုက်နဲ့ခြံက ဘကြီးဖိုးမှီပိုင်တာကိုး”

“အဲဒီ ဘကြီးဖိုးမှီက ... အခုဘယ်ရောက်သွားလို့လဲ မောင်ထိန် ... ”

“ဆုံးသွားတာ မကြာလှသေးပါဘူး ... တချို့ကပြောတော့ ဘကြီးဖိုးမှီဟာ ... သူ့ခြံနဲ့သူ့တိုက်ကိုစွဲလမ်းပြီး သရဲဖြစ်နေတာလို့လဲ ပြောကြတာပဲ”

“ဘကြီးဖိုးမှီ သေပြီးတဲ့နောက် ... ဒီတိုက်နဲ့ခြံကိုအမွေဆက်ခံသူ မရှိဘူးလားကွာ”

“ရှိတယ်ဆရာ ... ဘကြီးဖိုးမှီမှာ သားတစ်ယောက်ရှိတယ် စစ်တပ်မှာ တပ်ကြပ်ကြီးဖြစ်နေတယ် ... ဘကြီးဖိုးမှီ ဆုံးတော့ရောက်လာတယ် ... ခွင့်ကြာကြာမရလို့ ရက်လည်ဆွမ်းကျွေးပြီးတာနဲ့ ... အိမ်ကိုသော့ခတ်ပြီး ပြန်သွားတာပဲ ဆရာ”

“အဲဒီတပ်ကြပ်ကြီးကိုရော မင်းမသိဘူးလား ... မောင်ထိန်”

“မသိဘူးဆရာ ... သူက ဒီမြို့ကို ဘကြီးဖိုးမှီဆုံးတုန်းက တစ်ခေါက်ပဲလာဖူးတာ”

“အင်း ... သရဲခြောက်တာ ဆက်ပြောပါဦး ... ချာလီ ဘယ်





လိုဖြစ်သွားလဲ ... ”

“ခြံထဲကို ချာလီဝင်သွားပြီး ဆယ်မိနစ်လောက်ကြာတယ် အောင်မယ်လေးဗျ ... ကြောက်ပါပြီဗျနဲ့ ချာလီငယ်သံပါ အောင်အော်ပြီး ခြံထဲက ထွက်ပြေးလာတော့တာပဲ ... ခြံပြင်ဘက်လဲရောက်ရော ဗုန်းဆိုလဲပြီး သတိမေ့သွားတယ် သူ့သူငယ်ချင်းတွေက ... အတင်းချီပြီး သူ့အိမ်ပို့ပေးတယ်၊ သူ့အိမ်က ချာလီကို ညတွင်းချင်းဆေးရုံတင်တယ် ... ချာလီ့ပါးမှာ လက်ဝါးချောင်းရာကြီး နီရဲပြီးကျန်ခဲ့တယ် ... ဆရာဝန်ကပြောတယ် ... ချာလီဟာ ပါးအရိုက်ခံရတဲ့ လက်ဝါးဒဏ်ကြောင့် သတိမေ့တာမဟုတ်ဘူးတဲ့ ... ချာလီ သတိရတော့ ခြံထဲမှာဘယ်လိုဖြစ်လာသလဲလို့ မေးကြတယ် ... ချာလီက မျက်လုံးပြူးနဲ့လက်ဝါးကာပြပြီး တာ ... သိဝ်ကြောက်ဖို့ကောင်းတယ် ... သရဲက မည်းမည်းကြီး သူ့ကုပ်ကိုကိုင်ပြီး မိုးပေါ်ထိမြှောက်တယ် ... မြေကြီးပေါ်ပစ်ချတယ် ... ပြီးမှ ပါးရိုက်တယ်တဲ့ဆရာ ... ”

“အင်း ... ကြောက်ဖို့ကောင်းသားပဲ ... ကြမ်းတာကတော့ အတော်ကြမ်းသားပါလား”

“ဟုတ်တယ်ဆရာ ... တော်တော်ကြမ်းတယ် ... အဲဒီ

www.burmeseclassic.com



မောင်သီး သူခိုးဘဝကကျွတ်သွားအောင်ကို ကြံမိတာ"

"အင်း … စိတ်ဝင်စားဖို့တော့ အကောင်းသား … ဆက်ပြောပါဦး"

"မောင်သီးဆိုတဲ့သူခိုးလေ … ဘကြီးမှိုသေဆုံးပြီး တစ်လလောက်အကြာမှာ ဒီအိမ်ကြီးကိုအဝင်ရချောင်ရဲ့ဆိုပြီး ဝင်ခိုးတာ … ညဥ့်နက်သန်းခေါင်ကျော်ကြီး အောင်မယ်လေးဗျ သေပါပြီဗျ … ကယ်ကြပါဦး … သရဲကြီး၊ သရဲကြီးနဲ့ အသံနက်ကြီးနဲ့အော်တာ ငယ်သံကိုပါရော … အခု ဆရာတို့ခြံခေါင်းရင်းခြံက ဦးကျော်ခေါင်တို့၊ အိမ်ရှေ့အိမ်က ဦးကျော်ဝင်းတို့ သေနတ်ကိုယ်စီကိုင်ပြီး … တပည့်တွေနဲ့ လက်နှိပ်ဓါတ်မီးတွေထိုးပြီး ဝင်ကြရတယ် … တုံးလုံးကြီးလဲနေတာတွေ့ရတယ် … အဲဒါနဲ့ ဆေးရုံပို့ရတော့တာပါပဲ … သူခိုးမောင်သီး ကျောပြင်မှာရော … ပါးနှစ်ဖက်မှာရော လက်ဝါးချောင်းရာကြီးတွေ ထပ်နေတာပဲဆရာ … သရဲက စိန်ပြေနပြေတီးထားတာလေ … အဲဒီကတည်းကစပြီး သူခိုးမောင်သီး သူခိုးအလုပ်ကိုစွန့်လိုက်တယ် … ပခုံးထမ်းမုန့်ဟင်းခါးရောင်းစားတော့တာပဲဆရာ … "

"ဘယ်ဆိုးလို့လဲ မောင်ထိန်ရဲ့ … သရဲက သူခိုးကိုသူခိုးဘဝ





က ကျွတ်အောင်လုပ်လိုက်တာ … ဒါထက် နေပါဦးကွာ ငါ … ငယ်ငယ်ကတည်းက ကြားဖူးတာတော့ သရဲဆိုတာ ကုတ်ချိုးတယ် … တံတောင်နဲ့ထောင်းတယ်လို့သာ ကြားဖူးပါတယ် … အခု ဒီသရဲကလက်ဝါးနဲ့ချည်းဆော်နေပါလား … "

"ဟုတ်တယ်ဆရာ … ဒါကြောင့် … ဒီမြို့က လူငယ်တွေက နောက်ပြောင်ပြီး ဒီသရဲကို မင်း"လက်ဝါး"လို့တောင် အမည်ပေးထားတယ် … ကလေးအမေတွေကတောင် ကလေးငိုတာချော့မရရင် … တိတ် … တိတ် ဟိုမှာ … မင်းလက်ဝါးကြီးလာနေပြီလို့တောင် ကလေးအငိုတိတ်အောင် လုပ်ရတယ် … "

"သူခိုးမောင်သီး ခံသွားရတဲ့နောက် … ချာလီကထပ်လုပ်ရဲတာ အံ့ဩစရာပဲနော် … ဖေဖေ"

"ဟာ … ချာလီက တမင်မယုံလို့ဝင်တာပဲ ညီမရဲ့ … "

မောင်စိန်က ဝင်ပြောလိုက်သည်။

"နေဦးကွ … ခုန မင်းပြောတဲ့အထဲမှာ တို့ရဲ့ခေါင်းရင်းခြံက ဦးကျော်ခေါင်တို့ မျက်နှာခြင်းဆိုင်တိုက်က ဦးကျော်ဝင်းတို့ဆိုတာ … ဘယ်လိုပုဂ္ဂိုလ်တွေလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပင်စင်စားတွေ ဆရာ ... ဦးကျော်ခေါင်က ဒုရဲမင်းကြီး ဟောင်း ... သူ့မှာ သားတစ်ယောက်ရှိတယ် ... နိုင်ငံခြား သင်္ဘောလိုက်နေတယ်"

"ဦးကျော်ခေါင်က ... ဒီမြို့ဇာတိလား"

"မဟုတ်ဘူးဆရာ ... ဦးကျော်ခေါင် ရဲဝန်ထောက်ရာထူးနဲ့ တုန်းက မြို့မှာတာဝန်ကျဖူးတယ် ... အဲဒီကတည်းက ဒီမြို့ ကိုသဘောကျသွားပြီး ပင်စင်ယူတဲ့အခါ ... အဲဒီခေါင်းရင်း က ခြံနဲ့တိုက်ကိုဝယ်ပြီး လာနေတာပဲ ... ဦးကျော်ခေါင်ရဲ့ ဇနီးက ဒေါ်လေးငယ်တဲ့ ... သဘောကောင်းကြပါတယ်"

"ဟိုအိမ်ရှေ့အိမ်က ... ဦးကျော်ဝင်းကရောကွာ"

"ဦးကျော်ဝင်းကလည်း ပင်စင်စားပဲဆရာ ... အင်ဂျင်နီယာ ကြီးတစ်ယောက်ပဲ ... ဦးကျော်ခေါင်လိုပဲ ပင်စင်ယူမှ ဒီမြို့ မှာလာနေတာ ... ဦးကျော်ဝင်းရဲ့ဇနီးက ဒေါ်အေးသီတဲ့... သားတစ်ယောက်၊ သမီးတစ်ယောက်ရှိတယ် ... သား အကြီးက ရန်ကုန်စက်မှုတက္ကသိုလ်မှာ ... အငယ်မလေးက ဆယ်တန်းပဲ ဆရာ ... ဦးကျော်ဝင်းတို့က မာနကြီးတယ်လို့ လူပြောများတယ် ... ပိုက်ဆံလည်းချမ်းသာတယ်တဲ့"

"အေးပေါ့ကွာ ... ကိုယ်နဲ့ အိမ်နီးနားခြင်းတွေဆိုတော့ သိ





အောင်မေးထားရတာပါ ... အကြောင်းသိထားတော့ ပေါင်း ရသင်းရတော့ အဆင်ပြေတာပေါ့"

"ဆရာလည်း ပင်စင်ယူရင် ... ဒီမြို့မှာနေပါလားဆရာ ... ဒီမြို့ကို လူတော်တော်များများသဘောကျနေကြတယ် ... နွေဆိုရင် အပူမပြင်းဘူး ... ဆောင်းတွင်းဆိုရင် သိပ်သာ ယာတယ် ... မိုးတွင်းမှာတော့ မိုးနည်းနည်းများတယ် ... ဒါပေမဲ့ ဒီမြို့ဟာ ... ကုန်းမြင့်ဆိုတော့ မိုးရေမတင်ဘူးဆရာ ရေဆင်းသွားတာပါပဲ"

"အေးကွာ ... နေကြည့်သေးတာပေါ့ ... ယေဘုယျအားဖြင့် တော့ တို့နယ်ပြောင်းရပြီဆိုရင် ... ဒီနယ်၊ ဒီမြို့မှာ အနည်း ဆုံး သုံးနှစ်တော့နေရတာပါပဲ"

ဒေါ်စိုးစိုးထွက်လာသည်။ ပန်းကန်ခွက်ယောက်တွေအားလုံး နေ သားတကျလည်း ရှိသွားခဲ့၏။

"ဒါဆို ... ကျွန်တော် ပြန်မယ်ဆရာ ... "

"အေးအေး ... ကျေးဇူးပဲ မောင်ထိန် ... အခုရောက်ခါစ ဒီမြို့နဲ့ပတ်သက်လို့တော့ မင်းကိုပဲအားကိုးရမှာ ... "

"ရပါတယ် ဆရာ ... နက်ဖြန်မနက်စောစော ကျွန်တော် မိန်းမ စိန်စိန်ကိုလွှတ်လိုက်မယ် ... ဆရာကတော် ဈေးမြင်း



www.burmeseclassic.com

www.burmeseclassic.com



ခွဲဖို့နဲ့ ဈေးသွားဖို့အဆင်ပြေရအောင်ပေါ့ ... ”

“အေးအေး ... ကျေးဇူးတင်ပါတယ်ကွာ ... ”

မောင်ထိန်နှင့် အလုပ်သမားများ ပြန်သွားခဲ့ကြသည်။

“ဖေဖေ ... ”

“ဆို ... သိရိ”

“ကိုအောင်ထိန်ကြီးပြောတာ ... ဖေဖေဘယ်လိုသဘောရသလဲဟင် ... ”

“နားထောင်ကောင်းသားပဲ ... ”

“မဟုတ်ဘူးလေ ... သူပြောတဲ့ သရဲမင်းလက်ဝါးသရဲကို ယုံသလားလို့ပါ ... ”

“အင်း ... ယုံတစ်ဝက်၊ မယုံတစ်ဝက်ပဲသမီး ... ”

“အိုး ... သူက ဒီမြို့ပေါ်မှာ ခုချိန်ထိအသက်ရှိနေတဲ့ သူ့စိုးမောင်သီးနဲ့ချာလီကို သက်သေပြသွားတာပဲ ဖေဖေ ... ရာနှုန်းပြည့် ယုံကြည်ရမှာပေါ့”

“တစ္ဆေ၊ သရဲ၊ ပြိတ္တာဆိုတာမျိုးက ... ရုပ်သွင်ဖန်းဆင်းနိုင်ပေမဲ့ တကယ့်ထုဒြပ်အားဖြင့် မရှိဘူး ... ဝိညာဉ်လောကက ဝိညာဉ်တွေလို့ဆိုထားတယ်သမီး ... ခုဟာကသရဲအခြောက်





ခံရတဲ့ကိုယ်ပေါ်မှာ လက်ဝါးချောင်းရာကြီးတွေ ... ကျန်ခဲ့တာကို အထင်အရှားမြင်ရတယ်ဆိုတော့ ယုံရတော့ခက်သားလားလို့ ... ”

“ဒါပေမဲ့ ... သရဲအကြောင်းပြောကြတဲ့အထဲမှာ ... သရဲကတံတောင်နဲ့ထောင်းတာတို့၊ တင်းပုတ်နဲ့ထုတာတို့ပါသားပဲ ... တချို့သရဲတွေဆို မွေးထားတဲ့သခင်ကို နင်းပေးတာတို့၊ ကိုယ့်သခင်ဈေးဝယ်ရင် ... ချိန်ခွင်မှာ အလေးထည့်တဲ့ဘက်က ဖိပေးတာတို့၊ ပို့ရတာတို့ ကြားဖူးသားပဲဖေဖေ”

“အိမ်း ... ဒါကြောင့် ယုံတစ်ဝက်၊ မယုံတစ်ဝက်လို့ ဖေဖေပြောတာပေါ့ ... ဒါမျိုးတွေက သိပ္ပံနည်းနဲ့ရှာလို့မရတဲ့ ဝိဇ္ဇာပိုင်းဆိုင်ရာတွေဆိုတော့ ... ပြောရခက်သားပဲသမီး”



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

စနေနေ့ညပိုင်းတွင် မှောင်စပြုချိန်မှစ၍ ဘုရားကိုးဆူပူဇော်ခြင်းကြောင့် ရုံးဝန်ထမ်းများ၊ သီရိမေတို့လမ်းမှ လမ်းသူလမ်းသားများနှင့် ပိုမိုရင်းနှီးစေရန်အတွက်ရော၊ အိမ်တွင် အန္တရာယ်ကင်းစေရန်အတွက်ပါ ရည်ရွယ်ရင်းဖြစ်သည်။

ခေါင်းရင်းအိမ်မှ ဦးကျော်ခေါင်၊ ဒေါ်လေးငယ်စုံတွဲ အိမ်ရှေ့အိမ်မှ ဦးကျော်ဝင်း၊ ဒေါ်အေးသီနှင့် သမီးဖြစ်သူ ခင်ခင်ခတို့မှာ လူသစ်ဖြစ်သော ဦးမင်းမောင်၊ ဒေါ်စိုးစိုး၊ သမီးဖြစ်သူ သီရိမေတို့ လူရင်းများသဖွယ် ရင်းနှီးခင်မင်သွားခဲ့ကြသည်။

ဦးမင်းမောင်၏သမီးဖြစ်သူ သီရိမေနှင့်ဦးကျော်ဝင်း၏သမီးဖြစ်သူ ခင်ခင်ခတို့မှာ ဘုရားကိုးဆူပူဇော်ပွဲတွင် ရင်းနှီးကာ





ခင်မင်သွားခဲ့ကြသည်။ နှစ်ဦးလုံးက တစ်ကျောင်းတည်းအတူတက်ကြရမည့် ဆယ်တန်းကျောင်းသူများဖြစ်နေသောကြောင့် ဖြစ်ပါ၏။

သီရိမေတို့ပြောင်းလာကာစက အိမ်နီးချင်းမို့ မျက်မှန်းတန်းကာ ပြုံးပြရုံနှုတ်ဆက်ရုံမျှသာ ရှိခဲ့ပါ၏။ ဦးမင်းမောင်တို့မိသားစုက လမ်းရှိလူကုန်ဆင်းရဲချမ်းသာမရွေး ဖိတ်သည်။ ဧည့်ပရိသတ်များကို ကြက်သားဟင်းနှင့်ပလာတာကျွေး၏။ အအေးတိုက်သည်။ ဦးမင်းမောင်၊ ဒေါ်စိုးစိုးနှင့် သီရိမေတို့ ဘာမှဝင်လုပ်စရာမလို။ ရုံးဝန်ထမ်းမိသားစုများက တာဝန်ယူလုပ်ဆောင်ပေးခဲ့ကြသည်။

လမ်းရှိအိမ်များမှလာသော ဧည့်သည်များတဖွဲဖွဲလာပြီး နှုတ်ဆက်ပြန်သွားကြသည့်တိုင် ဦးကျော်ခေါင်တို့စုံတွဲ၊ ဦးကျော်ဝင်းတို့မိသားစုအားလုံးမပြန်သေးဘဲ ဧည့်စဲသွားမှ ဧည့်ခန်းတွင်ထိုင်ကာ စပ်မိစပ်ရာပြောခဲ့ကြပါ၏။

"ဦးမင်းမောင်က "ဦး"သာတပ်ပြီးခေါ်ရမယ် ... အသက်ကတော့ လေးငါးဆယ်တောင် မပြည့်သေးဘူးထင်တယ်နော်"

ဦးကျော်ခေါင်က စကားစသည်။

"ဟုတ်ကဲ့ ... ကျွန်တော်က လေးဆယ့်ရှစ်နှစ်၊ စိုးစိုးက ... လေးဆယ်ငါးနှစ်၊ သီရိမေကတော့ အသက်ဆယ့်ခုနှစ်ဆို



www.burmeseclassic.com

www.burmeseclassic.com



ပါတော့"

"အေးဗျာ ... ကျုပ်ကတော့ ခြောက်ဆယ့်သုံးရှိသွားပြီ ... ဦးကျော်ဝင်းနဲ့ ဒီမြို့ကိုပြောင်းလာတာ ရှေ့ဆင့်နောက်ဆင့်ပဲနော်"

"ဟုတ်ကဲ့ ... ဦးကျော်ခေါင်က တစ်နှစ်ပိုစောတယ်လေ"

"ဒါထက် ... ဦးကျော်ဝင်းရဲ့သားကြီးကကော ရန်ကုန်ပိုင်အိုင်တီမှာ ... ဘယ်ရီးယားရောက်နေပြီလဲ ... နာမည်ကဘယ်သူ မေ့တောင်သွားပြီ"

"သားကြီးက အောင်ခိုင်လေ ... စတုတ္ထနှစ်ရောက်နေပါပြီ အဲ ... သမီးခင်ခင်ခကျတော့ ဆယ်တန်းကိုနှစ်ခြင်းမပေါက်ပဲ ... ကျသွားခဲ့တာ"

"အတူတူပါပဲ ဦးကျော်ဝင်းရေ ... သီရိမေလည်း မိဘကတစ်ဦးတည်းသောသမီးဆိုပြီး အလိုလိုက်ထားခဲ့တော့ ... ဆိုးချင်တိုင်းဆိုးတော့တာပဲ ... အဲ ... သူလေးဆိုးတာကအခြားတော့မဟုတ်ပါဘူး ... မိန်းကလေးဆိုပေမဲ့ ဘာကိုမှ... အကြောက်အလန့်မရှိဘူး ... သစ်ပင်တက်ချင်တက်၊ တိုက်ကွမ်ဒိုကစားလားကစားရဲ့ ကြိုးခုန်၊ ပြီးတော့ ... ကျန်တဲ့ အားကစားနည်းမျိုးစုံ စပ်စပ် ... စပ်စပ်လုပ်တော့တာပဲ။





စာမေးပွဲလည်းဖြေရော ဆယ်တန်းကျပါလေရောဗျာ"

ခင်ခင်ခနှင့် သီရိမေတို့နှစ်ဦးက သူတို့အကြောင်း ...ာများက ထုတ်ဖော်အပြောတွင်တသောသောပွဲကျကာ ရယ်မောနေကြပါလေ၏။

"ဦးကျော်ခေါင်ရဲ့သား အောင်ကျော်ကျော်ရော ... သင်္ဘောထွက်သွားတာ ဘယ်တော့လောက်ပြန်ရောက်မှာလဲ ... လိုက်သွားတာတော့ကြာပြီနော်"

"ကြာပြီ ဆိုပါတော့ ... သားအောင်ကျော်ကျော်က ဘီးအီးလျှပ်စစ်နဲ့အောင်ထားတော့ သင်္ဘောမှာ ... လျှပ်စစ်အင်ဂျင်နီယာရာထူးနဲ့ ထမ်းဆောင်ရပါတယ်"

"အင်း ... သားသမီးတွေအကြောင်းပြောရတာ မောပါတယ် ဦးမင်းမောင်က လူသစ်ဆိုတော့ ... ခြေရင်းကခြံနဲ့တိုက်အကြောင်း၊ မင်းလက်ဝါးအကြောင်း ကြိုတင်ပြောထားရင်ကောင်းမယ် ... ခြံစည်းရိုးချင်းက ဆက်နေတယ်မဟုတ်လား ... "

"ကျွန်တော့်ရုံးက ... မောင်ထိန်ပြောပြလို့ ... သိသင့်သလောက်သိပြီးပါပြီ ... "

"ဘယ်လောက်ထိ သိသလဲ ... ဦးမင်းမောင်"



www.burmeseclassic.com

www.burmeseclassic.com



ဦးမင်းမောင်က သူသိထားသရွေ့ပြန်ပြောလိုက်၏။

"အင်း ... တော်တော်သိထားပြီးပြီပဲ ... ဒါပေမဲ့ တိုက်ပိုင်ရှင် ဦးဖိုးမှိုအကြောင်းတော့ ... မပြည့်စုံသေးဘူးဗျ ... "

"ဒါဆို ပြောပါဦး ... ဦးမင်းမောင်"

"ကိုမင်းမောင် ... အဲ ... ဦးမင်းမောင်"

"ကိုမင်းမောင်လို့ပဲ ခေါ်နိုင်ပါတယ် ... ကျွန်တော်က ဦးကျော်ခေါင်ထက်အသက်ငယ်တာပဲ ... "

"ကိုဖိုးမှိုက လူကြမ်းကြီးကွ ... ဒီအနီးပတ်ဝန်းကျင်မှာတော့ စရိုက်အကြမ်းဆုံး လူကြမ်းကြီးပဲ ... အရက်သောက်တာလဲ နေ့မလင်းညမလင်းပဲ ... "

"သူ့ဇနီးကော ... "

"ကျုပ်တို့ သူ့ကိုတွေ့တဲ့အချိန်မှာ ... သူ့ဇနီးမရှိတော့ဘူး သူ့ဇနီးက ဘယ်သူဆိုတာလဲ ... ဒီမြို့မှာ ဘယ်သူမှမသိကြဘူး ... အရက်မူးရင် ဆဲဆိုတော့တာပဲ ... သူ့ခြံထဲဝင်ပြီး မာလကာသီး၊ သရက်သီး၊ မရမ်းသီး ခိုးခူးတဲ့ကလေးဆိုရင် နားရင်းအုပ်တီးခံကြရရော ... စွာတဲ့မိဘက သူ့ကလေးနားရင်း အတီးခံရတာ မကျေနပ်လို့လာပြောရင် ... နင်ကို ဘာလုပ်ချင်သလဲ ... တိုင်ချင်ရာတိုင်၊ ကြိုက်တာလုပ်၊ ကြိုက်တဲ့သူ





ခေါ်လာ ... ငါတစ်ယောက်တည်းပဲ ရင်ဆိုင်မယ် ... ကျွန်းပြန်ဖိုးမှိုက ဘယ်သူ့မှ ဂရုမစိုက်ဘူးဟေ့လို့ ... ကြိမ်းမောင်းတော့တာပဲ"

"အော် ... သူက တကျွန်းပြန်လူမိုက်ကြီးကိုး ... ဘယ်လိုလွတ်လာတာလဲ ... "

"အစိုးရနေ့ကြီးရက်ကြီးတစ်ခုမှာ ... ကျွန်းကလွတ်လာတာတဲ့ ... ဘယ်နေ့ဘယ်ရက်လို့တော့ မမှတ်မိဘူး"

"ကျွန်းကပြန်လာမှ ... ဒီတိုက်နဲ့ခြံကိုဝယ်တာလား ... ဦးကျော်ခေါင်"

"အင်း ... ဒီလိုပဲပြောကြတာပဲ ... ကျုပ်တို့ ပြောင်းလာတော့ ကိုဖိုးမှိုက ရောက်နှင့်ပြီးသားလေ ... ဟုတ်မဟုတ်တော့မသိဘူးဗျာ ... ကျွန်းကပြန်လာပြီးမှ ကျွန်းမကျခင်က သူဝှက်ထားတဲ့ ပစ္စည်းတွေဖော်ပြီး ... ဒီတိုက်နဲ့ခြံကို ဝယ်တာလို့ပြောကြတယ်"

"ဝှက်ထားတဲ့ ပစ္စည်းတွေဆိုတာက ... "

"ဘာပစ္စည်းမှန်း ဘယ်သူမှမသိကြပါဘူး ... ဦးဖိုးမှိုက ဟိုတုန်းက ... ပင်လယ်ဓါးပြခေါင်းဆောင်လို့လဲ ပြောကြရဲ့ ရောဝတီမြစ်ရိုးတစ်လျှောက်မှာ ... တိုက်ခိုက်နေကြတဲ့ဓါး



www.burmeseclassic.com

www.burmeseclassic.com



ပြခေါင်းဆောင်လို့လဲပြောကြတယ် … ခါးပြတိုက်ရာမှာ လူသတ်မိလို့ တစ်ကျွန်းကျသွားတာတဲ့ … ”

“တစ်ကျွန်းမကျခင် … ပစ္စည်းတွေဝှက်ထားခဲ့တယ်ဆိုတော့ တစ်ကျွန်းကလွတ်လမ်းကို သူက … ကြိုတင်တွက်ထားလို့လားမသိဘူးနော်”

“လူက မိုက်ခဲကြီးပဲကိုမင်းမောင်ရာ … ကျွန်းကျနေရာက ထွက်ပြေးဖို့ တင်ကြိုဆုံးဖြတ်ချင်လဲ ဆုံးဖြတ်ထားမယ် … ဒါမှမဟုတ်လဲ … တစ်သက်တစ်ကျွန်းဆိုပေမဲ့ အနှစ်နှစ်ဆယ်ပဲကျတာမဟုတ်လား … အသက်သုံးဆယ်မှာကျရင် အသက်ငါးဆယ်မှာ လွတ်မှာပဲ … ဒီလို တွက်ကိန်းချချင်လဲ ချထားမှာပေါ့”

ထိုညက စကားဝိုင်းတွင် သီရိမေနှင့်ခင်ခင်ခတို့ လူကြီးတွေ၏ပြောဆိုကြခြင်းကို နားထောင်ရင်းကြောက်ရွံ့မိသလိုလိုရင်တဖိုဖိုဖြစ်ခဲ့ကြရပါ၏။





## အခန်း ( ၃ )

ကျောင်းဖွင့်တော့မည်ဖြစ်၍ သီရိမေက ခင်ခင်ခထံသို့သွားရောက်တိုင်ပင်ခဲ့ပါ၏။ နှစ်ယောက်အတူ ကျောင်းတက်ရန်သွားရောက်တိုင်ပင်ခြင်းဖြစ်သည်။ ဦးကျော်ဝင်းတို့ထံတွင် ပါပလစ်ကာအနီ ကိုယ်ပိုင်ကားရှိသည့်နယ် မိမိတို့ထံတွင်လဲ တိုယိုတာကော်ရိုလာအဝါ ကားလေးတစ်စင်းရှိသည်။ ခင်ခင်ခနှင့်သီရိမေတို့ နေထိုင်သော မာလာမြိုင်လမ်းက မြို့မြောက်ဘက်စွန်းကျ စုန်ကျောင်းနှင့် အတော်လေးဝေးနေခဲ့ပါ၏။

“ဟိုတုန်းကတော့ … ခင်ခင်ခ စက်ဘီးနဲ့ပဲကျောင်းတက်တယ် သီရိ … ကားနဲ့တက်တာ ထည်ဝါသလားလို့ပါ … နောက်ပြီး … ဓါတ်ဆီကုန်လဲသက်သာအောင်လို့ပါ … ခင်



www.burmeseclassic.com

www.burmeseclassic.com



ခင်ခတို့အဖေက ပင်စင်စားဆိုတော့ … ချွေတာတယ်လေ"

"အို … ခင်ခင်ခကလဲ တို့မသိတာ၊ မကြားတာကျနေတာပဲ … ခင်ခင်ခတို့က ချမ်းသာတာပဲ"

"မငြင်းပါဘူး သီရိ … ရှိသင့်သလောက်တော့ရှိပါတယ် … ဒါပေမဲ့ ဖေဖေက စည်းကမ်းကြီးတယ် … သုံးသင့်တာကို သုံးတဲ့ … ဖြုန်းရာမရောက်နေနဲ့တဲ့လေ … "

"ဟုတ်တာပေါ့ … ဒါဆို တို့လည်း စက်ဘီးနဲ့ပဲတက်မှာပေါ့"

"သီရိမှာ … စက်ဘီးပါလို့လား … "

"ပါပါတယ် … အခု နောက်ဆုံးပြောင်းခဲ့ရတဲ့ ပဲခူးမှာတုန်းကလည်း … တို့ စက်ဘီးနဲ့ဘဲကျောင်းတက်တာပါ … အခု ကားနဲ့တက်ဖို့လာညှိတာက … ခင်ခင်ခတို့ကားနဲ့တက်သလားလို့ပါ"

"စက်ဘီးနဲ့ပဲတက်ကြတာပေါ့ သီရိ … အဲ … တစ်ခုတော့ရှိတယ် … တို့လမ်းအဝင်မှာ အုတ်ခုံဟိုဘက်ဒီဘက်ရှိတယ် အဲဒီမှာ လမ်းတေလေကောင်လေးအုပ်စု အမြဲထိုင်တယ် … ရည်းစားစကား အတင်းပြောကြတယ် … "

"အမယ် … လူပါးဝလို့"

"လူပါးဝတာတော့ အမှန်ပဲ သီရိ … ဒါပေမဲ့ ကြည့်ရှောင်ရ





တယ် … တောင်းပန်သင့် တောင်းပန်ရတာပေါ့"

"ရဲကို … မိဘတွေကတစ်ဆင့် တိုင်ရင်ကော … "

ခင်ခင်ခက မှုန်းလေးတွန့်ပြသည်။

"တိုင်တုန်း သုံးလေးရက်မှာ … ရဲက လာစောင့်ကြည့်တယ် နောက်ရဲလည်းမလာရော … အုတ်ခုံပေါ် သူတို့ပြန်ရောက်လာတာပဲ … ရဲအနေနဲ့က လက်ပူးလက်ကြပ်မိတာမဟုတ်ရင် … ထိထိရောက်ရောက် ဘာမှမလုပ်နိုင်ဘူးတဲ့ … ကောင်းတာက သူတို့လိုပဲလူငယ်ထက်ထက်မြက်မြက်ထဲက … ပေါ်လာပြီး သူတို့မှတ်သွား၊ ကြောက်သွားအောင် ဆုံးမပေးနိုင်ရင်ကောင်းမယ်တဲ့ … "

"ကဲပါ … စက်ဘီးနဲ့ပဲတက်ကြတာပေါ့ … ဒါထက် သီရိည ညကျရင် ခြေရင်းဘက်က အိမ်ကြီးကို လှမ်းမကြည့်ဘူးလား"

"ဟင့်အင်း … မကြည့်မိဘူး … "

"ခင်ခင်ခက ညကြရင်အအိပ်နည်းတယ် … ညဦးအိပ်ပြီးလို့ သန်းခေါင်ကျော် လင်းအားကြီးလောက် … ပြန်နိုးရင်ပြန်အိပ်လို့မရတော့ဘူး … တစ်ခါတလေ ခင်ခင်ခနိုးတဲ့အချိန်မှာ … ဦးဖိုးမှိုရဲ့တိုက်အိမ်က ပတ္တလားတီးသံထွက်လာတယ် … "



www.burmeseclassic.com

www.burmeseclassic.com



"ပတ္တလားတီးတယ်ဟုတ်လား ... သရဲက ပတ္တလားတီး တာလား"

"ဒါပဲဖြစ်မှာပေါ့ ... ဒီအိမ်နားတစ်ဝိုက်မှာ ပတ္တလားတီးတဲ့ လူမှမရှိတာ ... ဦးဖိုးမှိုကြီးမသေခင်က တစ်ခါတလေ ပတ္တလားတီးပြီး သူ့အသံဟိန်းကြီးနဲ့ ... သီချင်းဆိုတယ်လို့ ပြောကြတယ် ... "

"ခင်ခင်ခ ... ထမကြည့်ဘူးလား"

"ဝေးသေး ... ကြောက်လို့ ဣတိပိသောတွေ၊ သံဗုဒ္ဓေတွေ အိပ်ရာထဲကရွတ်ရတယ် ... ဒီလိုပါ ... တို့မေးတာက သီရိ အိပ်တဲ့အိပ်ခန်းဟာ ခြေရင်းဘက်ကျတာကို ... ဘုရားကိုးဆူနေ့က တို့သတိထားမိတာယ်"

"ဟုတ်တယ်လေ ... "

"သီရိရောက်လာပြီးမှ ... ပတ္တလားတီးသံတစ်ခါမှ မကြားမိဘူးလား ... "

"ဟင့်အင်း ... ကြားတော့မကြားမိသေးဘူး ... မကြားမိဆို သီရိက အိပ်ရာထဲဝင်ခေါင်းချတာနဲ့ မိုးလင်းထိတစ်ရေးပဲလေ ... "

"တကယ်လို့များ ... ညအချိန်မတော် ပတ္တလားတီးသံကြား





ရင် ... သီရိ ဘာလုပ်မလဲဟင် ... "

"ပြတင်းပေါက်က ... ထကြည့်မှာပေါ့"

"သီရိမကြောက်ဘူးလားလို့လား ... တို့တော့ သီရိတို့လို မြခြင်းကပ်နေတဲ့တောင်မဟုတ်ဘဲ ... မာလာမြိုင်လမ်းမကြီးခြားနေတာတောင် ထမကြည့်ရဲဘူး"

"အင်း ... တို့က ငယ်ငယ်ကတည်းက ဘာကိုမှအကြောက် အလန့်မရှိခဲ့ဘူးလေ ... "

"သီရိက သိပ်သတ္တိကောင်းတာပဲ ... ဒါဆို မာလာမြိုင်လမ်းဆုံက လမ်းတလေအုပ်စုနဲ့တွေ့လို့ ... နှောင့်ယှက်ရင် သီရိ ဘာလုပ်မလဲဟင်"

"အနှောင့်အယှက်မပေးဖို့ ပြောမှာပေါ့ ... ပြောလို့မရရင်တော့ ... ဘိုင်စကယ်က လေထိုးတံဖြုတ်ပြီး ရိုက်မှာပဲ"

"တို့တော့ ကြောက်တယ် ... ရင်မဆိုင်ရဲတာအမှန်ပဲ ... သီရိကတော့ တို့ကျောင်းမှာ ... ကွင်း(န်)ဖြစ်ဦးမှာ သေချာတယ် ... ဟေမာတော့ ကွင်း(န်)ဘဝကစွန့်ရတော့မယ်"

"ဟေမာဆိုတာ ဘယ်သူလဲ ... ဘာကြောင့် ကွင်း(န်)ဘဝကိုစွန့်ရမှာလဲဟင်"

"ဟေမာဆိုတာ ... တို့တစ်ကျောင်းလုံးမှာ ရုပ်စ



www.burmeseclassic.com

www.burmeseclassic.com



ရှင့်ရော၊ ကိုယ်လုံးကိုယ်ထည်ရောတော်တော်လှတယ် … ကောင်လေးတွေက အက်(စ်)အက်(စ်)ဟောမာလို့ခေါ်ကြတယ် … အက်(စ်)အက်(စ်)ဆိုတာက ရှုပ်ပါးစတားပေါ့ … ဒါပေမဲ့ သီရိကိုတို့ မသိသေးခင် … အဝေးကလှမ်းမြင်ရကတည်းက ဟာ … သိပ်လှတာပဲလို့ ထင်မိတာ … ဘုရားကိုးဆူညကမှ အနီးကပ်ကြည့်လေ လှလေပဲဆိုတာ သိရတော့ဟောမာတော့ … အက်(စ်)အက်(စ်)ဆိုတဲ့ ရှုပ်ပါစတားဆိုတာပြုတ်ပြီး … သီရိကိုလာချိန်တော့မှာပဲလို့ မှတ်လိုက်မိတယ်"

"ဒီလောက်လဲမမြှောက်နဲ့ ခင်ခင်ခ … တို့က မြှောက်ပေးရင် ကွေးနေအောင်ကတဲ့အကျင့်ရှိတယ်နော်"

နှစ်ယောက်သား ရယ်မိကြသည်။

"ကဲ … တို့အမြှောက်ခံရလွန်းလို့ ဗိုက်ဆာလာပြီ … ပြန်တွေ့မယ် ခင်ခင်ခ … "

အိပ်မပျော်သည့် သီရိမေက ညနေကခင်ခင်ခနှင့် ပြောခဲ့မိသည်များကို တွေးနေ၊ စဉ်းစားနေမိပါ၏။

တစ်အိမ်လုံး အိပ်မောကျနေခဲ့ကြသည်။

ထမင်းစားခန်းနှင့်ကပ်လျက်ရှိသော … ဒေါ်ကြီးစုအခန်းမှ ဒေါ်ကြီးစုဟောက်သံကို သီရိမေသဲ့သဲ့ကြားနေရသည်။





"ဟော … "

အာမေဋိတ်သံပြုမိရင်း သီရိမေလှဲနေရာမှ ခြေရင်းပြတင်းပေါက်သို့ လှမ်းကြည့်မိသည်။

ပတ္တလားသံ ဖြစ်ပါ၏။

တိတ်ဆိတ်လွန်းသော ညအချိန်ဖြစ်၍ ပတ္တလားသံကို ပီပီပြင်ပြင်ကြားနေရသည်။

သီရိမေက မကြောက်တတ်။

အိပ်ရာမှထကာ ပြတင်းပေါက်ရှိရာသို့ လျှောက်ခဲ့သည်။

ခန်းစီးစကို ဘေးတွန်းပြီး ဟိုဘက်ခြံမှ တိုက်အိမ်သို့ လှမ်း၍ကြည့်မိသည်။

ဆောင်းဦးပေါက်မို့ နှင်းမှုန်လေးများ တဖွဲဖွဲကျနေခဲ့သည်။ ဟိုဘက်တိုက်အိမ်ကို ပီပီပြင်ပြင်ကြီးမဟုတ်စေကာမူ ဝိုးတဝါးထက်သာလွန်သော အမြင်ဖြင့်မြင်နေရသည်။

ဟိုဘက်တိုက်အိမ်ထဲတွင် … အလင်းရောင်အလွန်အားနည်းသော ငါးတိုင်၊ ဆယ်တိုင်အားမီးသီးတစ်လုံးထွန်းထားသည်ဟု ထင်ရသည်။

ထိုတိုက်အိမ်မှန်ပြတင်းကိုခေါက်ပြီး အိမ်ထဲမှ မိန်း



www.burmeseclassic.com

www.burmeseclassic.com



ဖန့်ဖန့်ပြာလဲ့လဲ့လိုလို မှုန်မွှားသောအရောင်ရှိနေသည်ကို သီရိမေ တွေ့နေရ၏။ မီးစိမ်းလေးထွန်းထားသလား။ မီးပြာလေးထွန်းထား သလားဝေခွဲ၍မရနိုင်ပေ။

ပတ္တလားတီးသံနှင့်အတူ သီချင်းသံကိုပါ သီရိမေ ကြားရပါလေတော့၏။ "အယ်" သရဲက သီချင်းဆိုသတဲ့လား။

"ရေကြည်သောက်ရင် ... မြင်ရမလောက်ပင် ... လည်တိုင် သေးပြီး ... အဝေးကြည့်ကသာလိုယဉ်"

သီချင်းသံသဲ့သဲ့က ပြန်လည်၍ပျောက်သွားခဲ့ပါ၏။
သီချင်းသံသဲ့သဲ့က ပြန်လည်၍ပျောက်သွားခဲ့ပါ၏။

ပတ္တလားတီးသံကမူ ဆက်၍ထွက်ပေါ်ပျံ့လွင့်နေခဲ့ သည်။

သီရိမေလှမ်းကြည့်နေရသည်မှာ အားမရလှ။ နှင်း မှုန်ကလေးများက မှန်ပြင်ကိုလာရောက်ထိကပ်နေ၍ ဝိုးတဝါးနိုင် လှသည်။

တီးသံပါ ရပ်သွားခဲ့သည်။

သီရိမေရပ်ကာ နားစွင့်နေခဲ့သေး၏။ မိနစ်အတန် ငယ်ကြာသည့်အထိ ပတ္တလားသံရော၊ ဆိုသံပါထွက်လာခဲ့ခြင်းမရှိ တော့။





ထိုစဉ်မှာပင် စိမ်းဖန့်ဖန့်ပြာလဲ့လဲ့အလင်းရောင်က လေးပင် အိမ်အတွင်းမှပျောက်သွားကာ အိမ်ထဲတွင်မှောင်မှောင် မည်းမည်းဖြစ်သွားခဲ့တော့သည်။ သီရိမေ ပြတင်းပေါက်ကိုပြန်ပိတ် သည်။ ခန်းစီးစကို ပြန်ဆန့်၏။ ပြီးတော့ အိပ်ရာထက်တွင်ပြန်လှဲ အိပ်လိုက်ပါ၏။

လူလား ... ။

သရဲလား ... ။

အတွေးရတော့ ခက်သည်။

သရဲဆိုလျှင်လည်း အဆိုတော်ဘဝကသေ၍ အစွဲ အလမ်းကြောင့် သီဆိုခြင်း၊ တီးခတ်ခြင်းဖြစ်လေသလား။

ဒါပေမဲ့ ... သရဲဖြစ်ဖြစ်၊ လူဖြစ်ဖြစ်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

ခင်ခင်ခတွေးသလိုပင် သီရိမေကျောင်းစတက်သည့်နှင့် (၈)တန်းမှ(၁၀)တန်းအထိကျောင်းသားလေးတွေ လှုပ်လှုပ်ရှားရှားဖြစ်သွားကြ၏။

"မိတယ်ကွာ ... တကယ် ...တကယ်အရမ်းပဲ"

"ငါ့တစ်သက်မှာ တော်တော်လှတဲ့အလှမျိုးပဲ ... မြင်ဖူးတဲ့အထဲမှာ တကယ်လှတာပါ ... "

"အေးကွာ ... ချောတာကိုက သခင်လို ... ပိတောက်လိုပဲ"

"ဟ ... ဖိုးအောင် မင်းတင်စားချက်ကို ... ရှင်းပြပါဦး"

"သခင်ဟာ ... ပွင့်ကတည်းက ဖြူဖြူသန့်သန့်လေးလှပြီးသား ... ထပ်ပြီး နီ၊ ပြာ၊ ဝါတွေ ထပ်ခြယ်ပေးဖို့မလိုဘူး"





"ပိတောက်လဲ ဒီလိုပဲလေ ... ပွင့်ကတည်းက ရွှေဝါရောင်ပဲ ... ငုအဝါရောင်လို မတောက်ဘူး ... မကလက်ဘူး ... ပိတောက်ကိုလည်း သူ့အလှကိုဘာမှ ထပ်ခြယ်သပေးစရာမလိုဘူး ... ဒီတော့ သီရိမေရဲ့အလှကလဲ ဒီလိုပဲ ... "

"တို့ရဲ့ မဟာအက်(စ်)အက်(စ်)ဟေမာတော့ ... နိုင်ပွဲရပ်ပြီး ကွင်း(န်)အဖြစ်က ... လျောကျသွားပြီ"

"အေး ဟုတ်တယ် ... ကျောင်းသူသစ် သီရိမေရောက်လာတာ ... ဟေမာတော့ ဘယ်လောက်ခံပြင်းမလဲဘဲ"

"ဟိုကောင် မြင့်သန်းအောင်ကော ... ခြေလှမ်းတွေ ဘယ်လိုပြောင်းဦးမလဲမသိဘူး ... ဟေမာ့ကိုခွာပြီး သီရိမေနောက်ကို လိုက်ဦးမလားဘဲ"

"ဟာ ... ဒီလို တော်သလင်းကောင်တော့ ပြောမနေပါနဲ့ကွာ ... "

"သီရိမေကြည့်ရတာ မျက်လုံးမကစားဘူး ... အနေအထိုင်လဲ ရှိုးတိုးရှန်းတန်းမရှိဘူး ... မင်းတို့ မြဲမြဲမှတ်ထားဖို့က ယောကျ်ားလေးတွေ့ရင် ... ရှက်သလိုလို၊ လက်မခံသလိုလို လုပ်ပြတဲ့ မိန်းကလေးက ပိုဈွယ်တယ် ... သီရိမေ ပုံစံက ဒါမျိုးမဟုတ်ဘူး ... သူ့ဘာသာ သူနေတတ်သလို နေတဲ့ပုံစံ



www.burmeseclassic.com

www.burmeseclassic.com



ပဲ ... ”

“ဟ ... ဖိုးအောင် မင်းစကားက ဒီနေ့အတော်လေးနက်တာပဲနော် ... ကြီးမားလိုက်တဲ့ စကားလုံးကြီးတွေ ... မင်း ပါးစပ်နဲ့တောင် မဆန့်မပြဘဲ ... ”

“အဲဒါ မင်းတို့ခက်တာပေါ့ ... ထောင်တန်တဲ့ စကား ... ”

“ထောင်တန်တဲ့စကား ... အချုပ်ထဲကတဆင့် သွားရတယ်လေ ... ဖိုးအောင်”

ဝိုင်းရယ်ကြသည်။

ထိုစဉ် ဖိုးအောင်က ...

“ဟေး ... ရှူး ... တိတ် ... ဟိုမှာ သီရိမေနဲ့ ခင်ခင်ခလာနေတယ် ... ”

သီရိမေလာရာသို့ သိသိသာသာကြည့်သူက ကြည့်သည်။ မသိမသာခိုးကြည့်သူက ကြည့်ကြ၏။

ခင်ခင်ခက ... သူတို့လူသိုက်အနီးရောက်သည်နှင့် ခေါင်းကိုငုံ့ကာ လျှောက်ခဲ့သည်။ သီရိမေက လျှောက်ရိုးလျှောက်စဉ်ပဲ လျှောက်သည်။

သူတို့လူသိုက်ကိုပင် ဝေ့ဝဲကာ ကြည့်လိုက်သေး၏။

“ဟေး ... မခင်ခင်ခ ... ”





“ဘာလဲ ကိုအောင်သူ ... ”

အောင်သူဆိုသည်မှာ အချင်းချင်းကဖိုးအောင်ဟုခေါ်ကြသည်။ အသားညိုပြီး အရပ်ပုသည်။ အမြဲတမ်းရယ်ကာ၊ ပြုံးကာ နေတတ်ကာ ... သဘောကောင်းပြီး အနှံ့အတာခံတတ်၍ ကျောင်းသားအချင်းချင်းကလည်း ဖိုးအောင်ဆိုလျှင် အလိုလိုခင်နေခဲ့ကြသည်။

“ဒီလိုလေ ... တို့ကျောင်းကို ကျောင်းသူသစ်ရောက်လာ မခင်ခင်ခက ... ကျောင်းသူဟောင်းအနေနဲ့ တို့တစ်တန်းတည်းသားခြင်းတွေ မိတ်ပေးပါလား”

“အဲ ... အဲဒါက သီရိက ... လက်ခံဦးမှကိုး”

“ဟာ ... လက်ခံနိုင်ပါတယ် ခင်ခ ... သီရိက လူသစ်ဆိုတော့ မိတ်ကောင်းဆွေကောင်း ပိုလိုချင်တာပေါ့ ... သူတို့ဟာ မိတ်ကောင်းဆွေကောင်း ဖြစ်နိုင်တယ်ဆိုရင် ... မိတ်ဖွဲ့ပေးလေ ... ”

“ဟောဒါ ကိုအောင်သူတဲ့ ... ခင်ခတို့လိုပဲ ဒုတိယနှစ်ဆယ်တန်းနှစ်ကြီးသမားလေ ... ”

“မိတ်ဆွေဖြစ်ရတာ ... ဝမ်းသာပါတယ် ကိုအောင်သူ”

“ဟာ ... တို့ကလဲ သီရိနဲ့ မိတ်ဆွေဖြစ်ရတာ အရမ်းဝမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့"

"ကဲ ... ကိုအောင်သူကပဲ ကျန်တဲ့သူတွေနဲ့ ... မိတ်ဆက်ပေးလိုက် ... "

"ရပါတယ် ခင်ခင်ခ ... ဒီကောင်က သန်းဇော်တဲ့ ... သူလဲ နှစ်ကြီးသမား သူက ... အလကားနေစာမကျက်ဘူး ဂစ်တာတီးတယ် ... အတီးရော၊ အဆိုပါ သိပ်ကောင်းတာ"

"ဟာကွာ ... ဖိုးအောင် လိုတာထက်ဘရိတ်မပေါက်နဲ့ ... ဒီပြင့်ကောင်တွေနဲ့ မိတ်ဆက်ပေးလိုက်ဦး"

သန်းဇော်က ရှက်ရယ်ရယ်၍ ပြောခဲ့သည်။

ဖိုးအောင်က ဆက်၍ မိတ်ဆက်ပေးခဲ့ပြန်ပါ၏။

"ဒီကောင်က ... ဗညားသွင်"

"သူက ... အောင်ကို"

"သူက ... လွမ်းဝေတဲ့"

"ကျွန်တော်ကသာ မိတ်ဆက်ပေးလိုက်တာ ... မသီရိမေတော့ မှတ်မိပါ့မလားမသိဘူး ... "

"မှတ်မိပါတယ် ကိုအောင် ... သီရိ ရွတ်ပြမယ် ... ဒါက အောင်ကို၊ သူကျတော့ ကိုလွမ်းဝေတဲ့ ... ဟုတ်ရဲ့လား"

"ဟုတ်ပါတယ် ... အဲ ... ဗညားသွင်ကတော့ ရာဇဝင်ထဲက





သူရဲကောင်းတွေနဲ့ ဆန့်ကျင်ဘက်ပဲ ... ဟိုက သူရဲကောင်း ဗညားတွေ ... ဗညားသွင်ကျတော့ လေးဘက်တွားသတ္တဝါဆိုရင် ... ခွေးလဲ ကြောက်တယ်၊ ကြောင်လဲကြောက်တာပဲ ကျားဆိုရင်တော့ ... မိုင်းခနဲလဲပြီး တက်သေမဲ့ကောင်"

သီရိမေ ရယ်ပါလေ၏။ ခင်ခင်ခလည်း ရယ်သည်။ ကျောင်းသားများလည်း ရယ်လိုက်ကြသည်။ သီရိမေ ရယ်ပါလေမှ သွားဖြူလေးများက ပုလဲလုံးသဖွယ်မို့ ပို၍လှလွန်းသည်ဟူ၍ အားလုံးက မှတ်ချက်တိတ်တခိုးပြုမိကြပါ၏။ အောင်သူက ရယ်စရာပြောတတ်သူမို့ ပို၍တရင်းတနှီးဖြစ်ကြရပါလေသည်။

ဘာပဲပြောပြော သီရိမေအတွက် ရိုးရိုးသားသားလေး မိတ်ဆွေဖြစ်သွားခဲ့ကြရသည်။

ကျောင်းတတ်ခေါင်းလောင်းသံကြား၍ အတန်းထဲသို့ ဝင်လိုက်ကြ၏။

"ကဲ ... တပည့်တို့ အတန်းပိုင်ဆရာတစ်ယောက်အနေနဲ့ ကျောင်းစစတက်ချင်း အသစ်ရောက်လာတဲ့ ... ကျောင်းသူတစ်ယောက်နဲ့ မိတ်ဆက်ပေးမယ့် တာဝန်ရှိတယ် ... ကဲ သီရိမေ မတ်တတ်ရပ်လိုက်ပါဦး"

သီရိမေ ထရပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျောင်းသား၊ ကျောင်းသူတွေဘက်ကို ... မျက်နှာလှည့်ရပ်ပါကွယ် ... "

သီရိမေ လှည့်ရပ်လိုက်သည်။

"အဲဒါ ... ပဲခူးအထက်တန်းကျောင်းက ပြောင်းလာတဲ့ သီရိမေတဲ့ ... "

"ဖြောင်း ... ဖြောင်း ... ဖြောင်း"

ဖိုးအောင်ကစပြီး လက်ခုပ်တီးသည်။ ကျောင်းသားအားလုံး လက်ခုပ်တီးကြ၏။ ကျောင်းသူတွေထဲကတော့ လက်ခုပ်တီးသူတွေရှိသလို မတီးကြသူများလဲရှိ၏။

"မသီရိမေကို ... ကြိုဆိုပါတယ်"

ဖိုးအောင်ကစပြီး တိုင်တည်သံပြုလိုက်ရာ ကျောင်းသားတွေကလည်း မသီရိမေကို ကြိုဆိုပါ၏ဟု သံပြိုင်အော်လိုက်ကြသည်။

"ဆရာက ဘာဖြစ်လို့ ... တခန်းလုံးနဲ့မိတ်ဆက်ပေးရသလဲဆိုတာ ဆက်ရှင်းပြမယ် ... တကယ်လို့ သီရိမေဟာ တို့မြို့မှာပဲနေပြီး တို့ကျောင်းကိုပြောင်းလာတာမျိုးဆိုရင်တော့ မင်းတို့အချင်းချင်းတစ်မြို့တည်းသားမို့ ... သိကျွမ်းပြီးဖြစ်ရင်လဲ ဖြစ်နေနိုင်ပါတယ် ... အထူးမိတ်ဆက်ပေးစရာ မလိုပါ





ဘူး ... အခု သီရိမေတို့မိဘက အစိုးရအလုပ်တာဝန်နဲ့ပြောင်းလာရတာ ... ဆရာတို့မှာ အထက်ကညွှန်ကြားချက်ရှိထားတယ် ... တာဝန်နဲ့ ပြောင်းလာတဲ့အစိုးရ အရာထမ်း၊ ဝန်ထမ်းတို့ရဲ့ သားသမီးတွေကို ... ကျောင်းအပ်ရင် ဘယ်အချိန်မဆို လက်ခံရမယ်တဲ့ ... နောက်ပြီး လူမှုရေးအရ ပြောင်းလာတဲ့လူသစ်ကို ... ဒေသခံတွေနဲ့ရင်းနှီးအောင် ဆောင်ရွက်ပေးရပါမယ် ... မသီရိမေရော မောင်အောင်သူ ပါထိုင်နိုင်ပါပြီ ... "

ဖိုးအောင်က ဆရာ့အမိန့်အတိုင်း ထိုင်ခုံနှိုးတွင် သူငယ်ချင်းများဘက်သို့ မျက်စပစ်လိုက်ပြီး ...

အက်(စ်)အက်(စ်)ဟု တိုင်ပေးလိုက်သည်။

ကျောင်းသားများက စူပါစတားဟု အော်လိုက်ကြ၏။ ပြီးတော့ ကွင်း(န်)ဟုလည်း ဆက်အော်ကြသည်။

ဖိုးအောင်က ပြုံး၍လက်ပြကာ ပြန်ထိုင်ပါ၏။

ဟော့မာမျက်နှာကလေး နီရဲသွားသည်။ ရင်တွေ တဆက်ဆက်တုန်သွားသည်။ တခြားဘာမဆို ဟောမာခံနိုင်ပါ၏။ သီရိမေမရောက်ခင်က မိမိကိုစူပါးစတားဟု သတ်မှတ်ထားရာမှ သီရိမေကိုအားလုံးက သူမရှေ့မှာပင် စူပါးစတားဟူ၍ သတ်မှတ်လိုက်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



အတွက် ရင်ထဲမှာနာကျင်မိလိုက်ပါ၏။

ဟောမာ မျက်ရည်ဝဲမိသည်။ အံကြိတ်လိုက်မိရ၏။

"တပည့်တွေအားလုံးက ... တစ်နှစ်ကျပြီးသားတွေများ တယ် ... ကျောင်းစတတ်သူတွေလည်း ပါကြမှာပါ ... ဆရာ ကတော့ ကျရှုံးပြီးသားတပည့်တွေကို ... အင်္ဂလိပ်စာ ဘာ သာနဲ့ပတ်သက်ပြီး တပည့်တို့သင်ခဲ့ပြီးတဲ့ ... သင်ခန်းစာ တွေထဲက မေးသွားမယ် ... တစ်ယောက်စီ ဖြေကြရမယ်"

"ဟိုက် ... အမယ်လေး ထိပြီ ... "

ဗိုးအောင်တို့အသိုက်ထဲမှ အသံသေးသေးဖြင့် အော် သံထွက်လာခဲ့သည်မို့ ကျိတ်ရယ်သံလေးတွေ ထွက်လာခဲ့ပါ၏။

အတန်းပိုင်ဆရာက အင်္ဂလိပ်ဘာသာသင်သည်မို့ အင်္ဂလိပ်စာမေးခွန်းတစ်ခုကို ကောက်မေးလိုက်သည်။

"ကဲ ... ကျောင်းသူသစ် မသီရိမေကစဖြေစမ်း ... "

သီရိမေ ထိုင်ရာမှထသည်။ ဆရာမေးသည့် မေးခွန်း ကို ဒိုးဒိုးဒေါက်ဒေါက်ပင် ဖြေလိုက်သည်။

"မဆိုးဘူး ... ကျောင်းမဖွင့်ခင် စာပြန်ဖတ်တယ်ထင်တယ်"

"မဖတ်မိဘူးဆရာ ... ဆယ်တန်းနှစ်ကျမို့ စာကြေပြီးရနေတဲ့ သဘောပါ"





သီရိမေ မရှက်မရွံ့ပွင့်လင်းစွာပြောဆိုပုံကို သဘော ကျ၍ ရယ်လိုက်ကြပါလေ၏။

"မသီရိမေထိုင်ပါ ... ကဲ မောင်အောင်သူ ထစမ်း ... "

ဆရာက မေးခွန်းတစ်ခုကို မေးလိုက်သည်။

အောင်သူက မျက်မှန်ကို ပင့်တင်လိုက်ပြီး ...

"ဟို ... အဲ ... ဟင်း ... ဟင်း ကျွန်တော် ဆရာ့မေးခွန်းကို နောက်နှေ့ကျရင် ဖြေနိုင်မှာပါ"

တစ်တန်းလုံး ရယ်သံများ ဖုံးလွှမ်းသွားသည်။

"အေး ... မင်းလည်း ဆယ်တန်းနှစ်ကျပဲ ... စာမကြေဘူး ဒီနှစ်ဆက်မကျဖို့ ကြိုးစားပါ ... "

"ဟုတ်ကဲ့ ... ကျွန်တော် ကြိုးစားပါ့မယ် ဆရာ ... "

"အေး ... ထိုင်ပါ ... မောင်မြင့်သန်းအောင်ထပါ ... " နှ

မတ်တတ်ရပ်လိုက်သော မြင့်သန်းအောင်ကိုဘ တန်းလုံးက ဝိုင်း၍ကြည့်ကြသည်။ မြင့်သန်းအောင်က ဆေုတော် စုံဝတ်မလာခဲ့ ... ချောကလက်နုရောင် စပို့ရှပ်ဝတ်ခင် ကျေး အောက်ခံငါရှည့်သွေးရောင် ပခုက္ကူလုံချည်ပေါ်တွင် အပေါ်သော ဖြူပွင့်လေးများဖောက်ထားသည့် လုံချည်ကို ဝတ်ထားခဲ့သည်

မြင်ရသည်ကတော့ မြင့်သန်းအောင်သည် လူချော



www.burmeseclassic.com

www.burmeseclassic.com



လူလှတစ်ဦးဖြစ်ပါ၏။

"ကျွန်တော် စာမကျက်ရသေးဘူးဆရာ ... မဖြေနိုင်ပါဘူး"

မြင့်သန်းအောင်က ဆရာကိုပြန်ပြောပြီး ဆရာက ထိုင်မိန့်မပေးခင် သူဟာ ထိုင်ချလိုက်သည်။

"ခင်ခင်ခ ထပါ ... မြင့်သန်းအောင်မပြောနိုင်တဲ့ မေးခွန်းကို ဆက်ဖြေပါ ... "

ခင်ခင်ခက အထစ်အငေါ့မရှိ ဖြေပြလိုက်သည်။

"တော်တယ် ... ထိုင်ပါ ... "

"အေး ... သင်ခန်းစာအသစ် ထပ်မတက်ခင် ... တပည့်တို့ ကြားဖူးပြီးသားပုံပြင်တစ်ပုဒ်ကို ပြောပြချင်ပါတယ် ... ပုံပြင်က ရိုးနေပြီဖြစ်လို့ ကြားဖူးပြီးသား ... ပုံပြင်ဖြစ်ချင်လဲဖြစ်ပါလိမ့်မယ် ... ဒါပေမဲ့ အခုအချိန်မှာ ဒီပုံပြင်ကိုပြောပြဖို့ လိုအပ်တယ်ထင်လို့ ပြောပြတာဘဲ ... "

ဆရာက စားပွဲရှေ့သို့ထွက်ကာ ကျောင်းသားများကို ဒိုးဒိုးငေးကြည့်၍ ပြောဆိုပါလေတော့၏။

ဟိုးရှေးတုန်းတုန်းက ... နွားကျောင်းသားတစ်ယောက်ဟာ နွားကျောင်းနေစဉ်မှာ ... ချောင်းစပ်မှာရှိတဲ့ ဖျိုင်းတစ်ကောင်ကိုတွေ့တယ် ... ဖျိုင်းက ငါးတစ်ကောင်မိတိုင်း





ချက်ချင်းမျိုမချဘဲ အပေါ်ကိုမြှောက်တင်လိုက်၊ ပြန်ကျလာတဲ့ငါးကို နှုတ်သီးနဲ့ပြန်ဖမ်းလိုက် ... အကြိမ်ကြိမ်လုပ်ပြီးမှ ငါးကို မျိုချသတဲ့ ... ဒါကို နွားကျောင်းသားက မြင်တော့ သဘောကျသွားခဲ့တယ် ... ဖျိုင်းဆရာ လုပ်သွားတဲ့အတိုင်း ကြိမ်တုတ်ကလေးကို ... မိုးပေါ်မြှောက်လိုက်၊ ပါးစပ်ဟပြီး သွားနဲ့ကိုက်ဖမ်းလိုက် လုပ်ပြီး ... နွားကျောင်းနေစဉ်မှာပဲ လေ့ကျင့်ခဲ့တယ် ... ကြိမ်တုတ်ကလေးနဲ့ ကျင့်တာအောင်မြင်သွားတော့ ... တစ်ဆင့်တက်ပြီး ဓားနဲ့ကျင့်၊ လှံနဲ့ကျင့်တာပေါ့ ... အဲဒီလိုကနေ ကျွမ်းကျင်သွားခဲ့တော့ နေပြည်တော်မှာ ... သူ့အတတ်ပညာကို ပြပွဲလုပ်ခဲ့ရာက ဘုရင်မင်းမြတ်ရှေ့တော်မှောက်မှာ ... ပြသခွင့်ရခဲ့ပါရော"

"ဘုရင်မင်းမြတ်ဟာ ... ရင်တဖိုဖို၊ အသည်းတယားယားနဲ့ ကြည့်ရလို့ အင်မတန်သဘောကျပြီး ... ဆုတော်လာဘ်တော်တွေ ပေးသနားဖို့ ရည်ရွယ်ခဲ့တော့တယ် ... ဆုတော်လာဘ်တော်တွေမပေးခင် ဘုရင်ကြီးက ... အမောင် ကျေးတောသား ... သင်သည် ကျမတတ်ပညာကို မည်သို့သော ဆရာတစ်ပါးပါးဆီက ... သင်ယူတတ်မြောက်ခဲ့ပါသလဲလို့ မေးမြန်းတော့တာပေါ့ ... "



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို မေးမှဲ့အခါ ကျေးတောသားက ... သူ့ရဲ့ဆရာဟာ ဖျိုင်းတစ်ကောင်ပါ ... အတိတ်တိရစ္ဆာန်တစ်ကောင်ပါလို့ ပြောရမှာ သိပ်ရှက်သွားခဲ့တာပေါ့ ... ဒါကြောင့် ကျေးတောသားဟာ ... မှန်လှပါဘုရား ... ဒီပညာကို တတ်မြောက်ခဲ့ခြင်းဟာ မည်သည့်ဆရာထံမှ သင်ယူခဲ့ခြင်းမဟုတ်ပါ ... ရှင်ဘုရင်အနန်တော်မျိုးဘာသာ တတ်မြောက်ခဲ့ခြင်းပါလို့ ... ဖြေကြားခဲ့သတဲ့"

"ဒီတော့ အိမ်း ... အမောင်တော်လေစွ အမောင့်ကို ... ဆုတော်လာဘ်တော်တွေမချခင် နောက်ဆုံး ... ငါကိုယ်တော်မြတ်ရှုစားလို၍ နောက်တစ်ကျော့ ပြန်ကစားစေလို့ အမိန့်ချမှတ်ခဲ့တယ် ... "

"ကျေးတောသားဟာ ... ဘုရင်ကြီးရဲ့အမိန့်အတိုင်း နောက်တစ်ကျော့ ပြန်ကစားပြရာမှာ ... လုံသွားကိုသွားနဲ့ကိုက်ဖမ်းတာ မမိလိုက်တော့လို့ လုံသွားဟာ ... အာခေါင်ထဲစင်ရှူးပြီး ကျေးတောသားခမျာ ပွဲခြင်းပြီးသေဆုံးရတယ်တဲ့"

"ဒီမှာ တပည့်တို့ ... လောကကြီးမှာ ဆရာမရှိတဲ့အတတ်ပညာရယ်လို့ ဘာတစ်ခုမှမရှိပါဘူး ... သင်ဆရာ၊ မြင်ဆရာ ကြားဆရာဆိုတဲ့ ဆရာသုံးပါးမှာ ... တစ်ပါးပါးကတော့





ရှိစမြဲပါ ... ဖျိုင်းဟာ ကျေးတောသားရဲ့ သင်ဆရာမဟုတ်ပေမယ့် ... အမြင်နဲ့ပြတဲ့ မြင်ဆရာပဲဖြစ်တယ် ... အဲဒီ မြင်ဆရာကို ပြစ်မှားတာနဲ့တောင် ကျေးတောသားဟာ ... အာခေါင်ကိုလုံရှူးပြီး သေပွဲဝင်ခဲ့ရပါတယ် ... အဲဒီပုံပြင်လေးမှာ နောက်ဆက်တွဲကာရန်စာပိုဒ်က ဆရာကာပြန်အာခေါင်လုံရှူးတဲ့ ... "

အားလုံးသော ကျောင်းသား၊ ကျောင်းသူများက မြင့်သန်းမောင်ရှိရာသို့ လှမ်းကြည့်ကြသည်။

မြင်သန်းမောင် ခေါင်းငုံ့ထားသည်။ ပေါင်ပေါ်သို့ တင်ထားသည့် လက်နှစ်ဖက်က လက်သီးဆုပ်ထားပါ၏။ အံကြိတ်ထား၍ မေးရိုးများတင်းကားနေသည်ကိုလဲ မြင်ကြရသည်။

"ကဲ ... တက်(စ်)ဘုတ်(စ်)ထုတ်ကြ ... သင်ခန်းစာ အသစ်သင်မယ်"

ဆရာက သင်ခန်းစာကို တစိုက်မတ်မတ်သင်သွားခဲ့ပါလေ၏။ နေ့လယ် မုန့်စားဆင်းပြီး ပြန်တက်ချိန်အတန်းထဲထိုင်မိပြီး ဆရာမဝင်လာသောအခါ ခင်ခင်ခက သီရိမွေကိုပေါင်ကုတ်လိုက်သည်။

"ဘာလဲ ... ခင်ခ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟောမာ နေ့ခင်းကျောင်းပြန်မတက်တော့ဘူး ... မြင့်သန်းအောင်လဲမတက်ဘူး ... သူတို့နေရာတွေလပ်နေတာ မြင်တယ်မဟုတ်လား"

"အင်း ... "

"သူတို့ ... ချိန်းတွေ့ကြတာနေမှာ ... "

"ဒါ တို့အပူမှမဟုတ်တာ ... ခင်ခရယ်"

"မဟုတ်ဘူးဟဲ့ ... ငါက စိုးရိမ်လို့ ... "

"ဘာကိုလဲ ... "

"မြင့်သန်းအောင်က ချမ်းသာတယ် ... အပြင်မှာ အပေါင်းအသင်းစုံတယ် ... ဟောမာနဲ့လဲကြိုက်နေကြတယ် ... ဒီနေ့မနက်ပိုင်း ဖောမာ တော်တော်မကျေနပ်ဖြစ်သွားတယ် ... သူတို့နှစ်ယောက်တိုင်ပင်ပြီး ကျောင်းမှာသီရိကို ... တစ်ခုခုအပုပ်ချဖို့ တိုင်ပင်ကြသလားမှမသိတာ"

"ရပါတယ်ဟယ် ... ဖြစ်လာလည်း ရင်ဆိုင်ရုံပေါ့ ကိုယ်ကောင်းရင် ... ခေါင်းမရှေ့ပါဘူး"

သီရိမေကမတုံ့လှုပ်ဟန်ဖြင့် ပြောလိုက်ပါလေတော့၏။





အခန်း ( ၅ )

"ဟေ့ ... ကျေးဇူးပြုပြီး ခဏလေးရပ်ပေးပါဦး"

ခင်ခင်ခနှင့်သီရိမေတို့ စက်ဘီးကိုယ်စီဖြင့်မာလာမြိုင်လမ်းထိပ်ရောက်သည်နှင့် အုတ်ခုံပေါ်မှ လူငယ်တစ်ဦးကဆင်းတားလိုက်သည်။ ကျန်နှစ်ယောက်က ထိုင်မြဲထိုင်ပြီး မထိတထိပြန်၍ကြည့်နေခဲ့ကြသည်။

လမ်းအလယ်ပိတ်ပြီး ခြေကားလက်နှစ်ဘက်ဘေးတန်းတားထားစဉ် မရှောင်သာပဲ ခင်ခင်ခရော၊ သီရိမေပါစက်ဘီးကိုရပ်၍ ဆင်းလိုက်ကြရသည်။

"ညီမတို့ ... ကျောင်းဆင်းလာပြီလား ... "

"ဟုတ်ကဲ့ ... ဆင်းပါပြီရှင် ... "



www.burmeseclassic.com

www.burmeseclassic.com



သီရိမေက အတွန့်အဆုတ်မရှိ မျက်နှာမပျက်ဘဲ နှုတ်ဆက်စကားပြောသလိုပင် ပြန်ဖြေလိုက်သည်။

ထိုအချိန်တွင် မာလာမြိုင်အတွင်းဘက်မှ လူတစ်ယောက် အုတ်ခုံလမ်းအထွက်သို့ လျှောက်လာနေခဲ့သည်။

ခပ်နွမ်းနွမ်းဦးထုပ်တစ်လုံးကိုဆောင်းထားပြီး အင်္ကျီအနားစများမှာ မည်သည့်အရောင်မှန်းပင် ခွဲခြားရန်ခက်နေခဲ့၍ လက်ပြတ်အင်္ကျီအနားစများမှာ ဖွာလံကျဲနေခဲ့ပါ၏။ သူဝတ်ထားသော ဘောင်းဘီအရှည်မှာလည်း ဒူးအောက်တွင်ချည်စများထွက်နေခဲ့သည်။

တို့လို တွဲလောင်းအိတ်ကြီးတစ်အိတ်လွယ်ထားကာ လက်ထဲတွင် တုတ်တိုတစ်ချောင်းကိုင်ထားခဲ့သည်။ ပလပ်စတစ်ကောက်သူတစ်ယောက်နှင့် တူပါ၏။

"ဟင်း … ဟင်း … သီရိမေက ရုပ်ချောသလို အပြောကလည်း ယဉ်ကျေးတာပဲ … အပေါင်းအသင်းတို့ရေ … ဘာတဲ့ ဟုတ်ကဲ့ … ဆင်းလာပါပြီရှင်တဲ့လေ"

"ရှင်တို့က … ကျွန်မနာမည်ကို သိနေပါလား"

"သိပ်သိတာပေါ့ … ဒီလောက်သတင်းကြီးတဲ့ ရွှေမင်းသမီးကိုမသိရင် … အစ်ကိုတို့ ခေတ်ရဲ့နောက်မှာကျန်ခဲ့မှာပေါ့"





"ကဲ … ဒါဆိုရင် ဘာလို့ရှေ့ကတားရသလဲဆိုတာကို ပြောပါဦး …"

သီရိမေက တုံ့လှုပ်ခြင်းကင်းစွာမေး၏။ ခင်ခင်ခက ဘာလုပ်ရမည်မှန်းမသိ အကြောက်ပိုကာ မျက်နှာလေးသွေးဆုတ်ပါ၏။

"ချစ်လို့လေ … သီရိ၊ ချစ်လို့ … ဟိုဘက်ကခင်ခင်ခ လှည့်ပြန်တော့လေ"

"ဩော် … ဒါချစ်လို့ပေါ့ဟုတ်လား … ကျွန်မကတော့ ရှင်တို့ကို မြင်လဲမမြင်ဖူးဘူး … ချစ်ဖို့၊ ခင်ဖို့လဲကောင်းတဲ့လူတွေလို့ မယူဆဘူး … ဒီတော့ လမ်းဖယ်ပေးပါ"

"မဖယ်ပေးနိုင်ဘူး … သီရိ"

"ကဲ … မဖယ်ချင်ဦး"

သီရိမေက စက်ဘီးကိုရှေ့သို့ အားဖြင့်ဆောင့်တွန်းလိုက်သည်။

"အမယ်လေးဗျ … "

စက်ဘီးရှေ့က ထိုသူ၏ပေါင်ခွသို့ တည့်တည့်ကြီးဝင်တိုးခဲ့ပါလေ၏။

"အမယ် … ဒီကောင်မက အတော်စွာတာပဲ … "



www.burmeseclassic.com

www.burmeseclassic.com



အုတ်ခုံပေါ်မှ နှစ်ယောက်ပြေးဆင်းလာသည်။ သီရိမေကို တစ်ယောက်တစ်ဘက်ဆွဲလိုက်ကြသည်။ သီရိမေ စက်ဘီး လက်မှလွတ်ကျသွားခဲ့၏။

သီရိမေရုန်းသည်။ ရုန်း၍မရခဲ့ပေ။

"ကြည့်မကောင်းဘူးထင်တယ် ... အပေါင်းအသင်းတို့ — အမျိုးသမီးကို လွှတ်ပေးလိုက်ပါဗျာ"

"ဘာကွ ... မင်းကဘာကောင်လဲ ... "

ဦးထုပ်ငိုက်စိုက်၊ အကျီလက်နားအဖွာ၊ ဘောင်းဘီ အစုတ်တို့နဲ့လူက အနီးသို့ရောက်လာခဲ့ပြီး သီရိမေကိုလွှတ်ပေးဖို့ ပြောလာခဲ့၏။

"ကျုပ်လား ... ဘာကောင်မှတော့ မဟုတ်ပါဘူး ... အမြင် မတော်လို့ ဝင်ပြောတာ ... ကြည့်မကောင်းဘူးလေ — ယောကျ်ားသုံးယောက်က ... မိန်းကလေးတစ်ယောက်ကို အနိုင်ကျင့်တာ ... မတရားဘူးထင်တယ်"

"ကောင်းပြီလေ ... ငါတို့ ဘာကောင်ဆိုတာ မင်းသိစေ့ မယ်'... ဇာစီ ဒီကောင့်ကို တရားပြလိုက်စမ်းကွာ"

ဇာစီဆိုသူက ပေါင်ခွကို စက်ဘီးနှင့်အဆောင့်ခံရသူ ဖြစ်သည်။





ဇာစီက လွှားခနဲခုန်ကာ အစုတ်အပြတ်လူ၏ ဝမ်းဗိုက်ကို မြားဦးစိုက်ကန်နည်းဖြင့် ကန်လိုက်သည်။

ထိုသူ၏ ရှောင်ပုံက ညင်သာလှသည်။ ကိုယ်ကိုတစ်ခြမ်းစောင်းလှည့်လိုက်ရုံမျှဖြင့် ဇာစီ၏မြားဦးစိုက်ခြေထောက် လေထဲတွင်တန်းနေခဲ့၏။ တန်းနေသော ဇာစီ၏ခြေထောက်မှ ညှို့သကျည်းကို အစုတ်အပြတ်ငနဲက သူ့လက်ထဲမှတုတ်ကလေးဖြင့် နှစ်ချက်ဆင့်ရိုက်လိုက်သည်။ ဇာစီ အမယ်လေးတကော လက်နှစ်ဖက်ဖြင့် ညှို့သကျည်းကိုအုပ်ကိုင်လိုက်သည်။ ထိုသူက ဇာစီ့ပါးပြင်ကိုပါ ရိုက်ထည့်လိုက်၏။

ဇာစီ ခွေခနဲလဲကျသွားသည်။

သူ့အပေါင်းသင်းနှစ်ဦးက သီရိမေကိုလွှတ်ကာ နှစ်ယောက်လုံး ပလတ်စတစ်ကောက်သူထံ ပြေးဝင်လာခဲ့ကြသည်။

လက်ဝဲဘက်မှဝင်လာသူ၏ လည်မျိုကိုတုတ်ဖြင့်ပင့်ရိုက်လိုက်၏။ ထိုသူ မချိမဆံ့အော်ကာ ဖင်ထိုင်ကျသွားခဲ့ပါ၏။

လက်ယာလူ၏နားရင်းကို အစုတ်အပြတ်ငနဲက လက်ဝါးဖြင့် ဆင့်ရိုက်လိုက်သည်။ ထိုသူ လဲကျသွားခဲ့ပါ၏။

'သီရိမေကို ချုပ်ကိုင်ခဲ့သူနှစ်ယောက်မှာ လူးလဲကာ ထထိုင်နိုင်သော်လည်းဇာစီဆိုသူမှာသတိလစ်ပြီးတုန်းလုံးလဲနေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အစုတ်အပြတ်ငနဲက တုတ်လေးကိုကိုင်ရင်း ထထိုင်သူနှစ်ဦးဆီသို့ တိုးကပ်သွားသည်။

“မကျေနပ်သေးရင် ထလိုက်ကြလေ ... ”

တုံလှုပ်ခြင်း၊ ကြောက်ရွံ့ခြင်းများဖြင့်ထိုင်နေလျက်က သူတို့နှစ်ဦးခေါင်းခါပြကြသည်။

“ဒါဆိုရင် ... မင်းတို့လူကို ခေါ်ပြီးသွားကြတော့”

လဲနေသူကို တစ်ဖက်တစ်ချက်တွဲ၍ သူတို့အပေါင်းအသင်းနှစ်ယောက် ခေါ်သွားခဲ့ကြသည်ကို သီရိမေနှင့်ခင်ခင်ခတို့ငေးကြည့်နေမိကြသည်။

သတိရ၍ ကယ်တင်ပေးခဲ့သူကိုကြည့်လိုက်တော့ အုတ်ခုံဟိုဘက်လမ်းမကြီးဆီသို့ ရောက်နေပေပြီ။

“ဒီမယ် ... ဒီမယ်”

သီရိမေ အပြေးကလေးလိုက်ခေါ်လိုက်၏။

သီရိမေခေါ်သံကြောင့် ထိုသူ၏ခြေလှမ်းများတုံ့ရပ်သွား၏။

“အရမ်း ... အရမ်းကိုကျေးဇူးတင်ပါတယ်”

“ရပါတယ် ... အမြင်မှမကောင်းတာ”

သံပြတ်နှင့်ထိုသူက ပြန်၍ပြောသည်။ သူ၏ ဒိုက်





ဆားသော ဦးထုပ်အနွမ်းကိုပင့်တင်ကာ သီရိမေကိုကြည့်လိုက်သည်။

သီရိမေကလည်း သူ့ကိုမော်ကြည့်မိ၏။ သူ့အရပ်က သီရိမေပင် မော့ကြည့်ရသည့်အရပ်မျိုးမို့ ၅ပေ၈လက်မခန့် ရှိနိုင်ပါ၏။ သီရိမေအရပ်ပင် ၅ပေ၄လက်မရှိသည်မဟုတ်လား။ သူ့ကိုယ်ခန္ဓာအဆက်အပေါက်က အဆီပိုမရှိဘဲ ကျစ်လစ်ကာကြည့်ကောင်းသုပါ၏။

အသက်ကတော့ သီရိမေထက်ကြီးမည်မှာသေချာသည်။ (၂၂)နှစ်နှင့် (၂၅)ကြားရှိမည်ထင်ပါ၏။

“အစ်ကို့နာမည် ဘယ်သူလဲဟင် ... ”

“ဘာလို့မေးတာလဲ ... ”

“သိချင်လို့ပါ ... ”

“သိချင်ရင်ပြောမယ် ... တို့နာမည်က ‘အနတ္တ’တဲ့”

“အယ် ... မဟုတ်က ဟုတ်က”

ခင်ခင်ခက မရဲတရဲလေး သီရိမေတို့အနီးသို့ကပ်လာခဲ့သည်။

အနတ္တဆိုသူက ရယ်လိုက်သည်။

ဝတ်ထားစားထားသည်ကစုတ်ပြတ်နေသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



သူ့အပြုံးကဆွဲဆောင်မှုရှိလှပါ၏။ ဆွဲဆောင်မှုအားကောင်းသော အရယ်အပြုံးပဲဖြစ်ပါ၏။

"နာမည်ဆိုတာ ပညတ်ထားတာပါကွာ ... လူတစ်ယောက်ကို မောင်ဖြူ၊ မောင်နီဆိုတာကနေပြီး မောင်နက်၊ မောင်ဝါဆိုတာ ပြောင်းခေါ်လို့မရဘူးလား ... ဘယ်အရာမှ မတည်မြဲဘူးလေ ... အဲဒါကြောင့် တို့က အနတ္တလို့မှည့်ထားတာလေ ... အခုနက မင်းတို့ကိုရန်ပြုနှောင့်ယှက်နေသူတွေ ခုအနားမှာရှိသေးသလား ... မရှိတော့ဘူးမဟုတ်လား ... ဒါကြောင့် တို့က ... မမြဲတရားကို ဆင်ခြင်ပြီး မှည့်ထားတာ"

"ဟုတ်လား ... သီရိ သဘောပေါက်ပြီ"

"ကဲ ... ဘာမေးစရာ ဘာပြောစရာရှိလဲ ... တို့သွားစရာရှိလို့ ... "

"ဒီက နာမည့်က သီရိမေပါ ... ကိုအနတ္တရဲ့ နေရပ်မသိရဘူးလား ... အိမ်ကျရင် မေမေနဲ့ဖေဖေ့ကိုပြောပြီး ကျေးဇူးဆပ်ချင်လို့မေးတာပါ"

"တို့က အနတ္တလေ ... အမြဲနေတဲ့လိပ်စာမှမရှိတာ ... မအုံ့သြပါနဲ့ မသီရိမေ တို့က ... ဇရပ်တို့၊ လူမနေတဲ့အိမ်၊ ဘုန်း





ကြီးကျောင်းဆိုလဲ ... ကျောင်းပျက်လိုမျိုးမှာနေတာပါ ... အတည်တကျမရှိဘူးလေ ... "

"ဒါ ... ဒါဆိုရင်တော့ သီရိမေရဲ့အိမ်လိပ်စာကို ယူထားပြီး အိမ်ကို မိုးချုပ်ခါနီးလာခဲ့ပါလားဟင် ... ကျေးဇူးဆပ်ချင်လို့ပါနော် ... သီရိတို့ဖေဖေက ညနေငါးနာရီ၊ ခြောက်နာရီလောက်ဆို ပြန်ရောက်ပါတယ်"

"ရပါတယ် ... အမြင်မတော်လို့ ဝင်ပြီးကူညီခဲ့တာပါ ... သီရိမေနဲ့တို့ဟာ လမ်းခွဲလိုက်တာနဲ့ ... တစ်ယောက်ကို တစ်ယောက် မေ့မေ့ပျောက်ပျောက်ဖြစ်သွားကြမှဲ့ သူစိမ်းတွေပဲ ... ကဲ ... ကဲ သွားကြတော့ တို့လဲသွားပြီ"

ပြောပြောဆိုဆို ပုခုံးမှာလွယ်ထားသည့် အိတ်ကြီးကို ဖြင်လွယ်လိုက်သည်။ အိတ်၏အပြဲပေါက်မှ ပစ္စည်းတစ်ခုအောက်သို့ကျသွားသည်ကို ကိုအနတ္တမသိဘဲ ရှေ့သို့လှမ်းလိုက်သည်။

"ဒီမှာ ... ကိုအနတ္တအိတ်ထဲက ကျသွားတာ ... "

သီရိမေက ပစ္စည်းလေးကိုကောက်ယူရင်း ... လှမ်းပြောလိုက်သည်။

"သြော် ... ကြေးစည်ထုတဲ့ တုတ်လေးပါ ... တို့ဘဝက တစ်ခါတလေကျတော့ ... ကြေးစည်လေးလျှောက်ထုရင်း အလှူခံစားရတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



အဲ့နတ္တက ထုတ်လေးကိုပြန်ယူ၊ အိတ်ကြီးထဲထည့်ကာ သီရိမေနှင့်ခင်ခင်ခကို လုံးဝမကြည့်တော့ဘဲ ထွက်သွားပါလေ၏။

"တစ်မျိုးပဲနော် ... သီရိ"

"ဟုတ်တယ် ... တစ်မျိုးကြီးပဲ ... "

"နာမည်ကလည်း အနတ္တတဲ့ ... ဟုတ်မှဟုတ်ရဲ့လား မသိဘူး တမင်လုပ်ပြောသွားတာပဲထင်တယ်သီရိ"

"အင်း ... အနတ္တဆိုတဲ့နာမည်မျိုးက မရှိသလောက်ရှားတာပဲ ... လူတွေထဲမှာ ဒီနာမည်မျိုးမှည့်လေ့မရှိတာတော့ အမှန်ပဲ ခင်ခ ... "

"လာကွာ ... သီရိ သွားစို့ ... "

နှစ်ယောက်စလုံး စက်ဘီးကိုမစီးကြတော့ဘဲ တွန်း၍ ဆက်လျှောက်ကာ စကားပြောကြသည်။

"သီရိ ... စဉ်းစားမိလားဟင်"

"ဘာကိုလဲ ... "

"နေ့ခင်းမုန့်စားဆင်းပြီး ကျောင်းပြန်တက်ကြတော့ ... မြင့်သန်းအောင်နဲ့ ဟေမာတို့ပြန်မတက်ကြဘူးလေ"

"အင်း ... ခင်ခပြောလို့ သီရိသိလိုက်ပါတယ်"

"ခုန လူသုံးယောက်ဟာ ... မြင့်သန်းအောင်စီစဉ်လွှတ်





လိုက်တဲ့ လူဆိုးသုံးယောက်များဖြစ်နေမလားလို့ ... ခင်ခ စဉ်းစားမိတယ် ... "

"ဟိုအရင်ကလည်း ဒီအုတ်ခုံပေါ်မှာ ... လမ်းတောလေကောင်တွေရှိတတ်တယ်ဆို ... "

"ရှိတာတော့ မှန်တယ် ... သူတို့က နောက်ပြောင်တာနဲ့ အလွန်ဆုံးလုပ်ရင် ... ပဲလှော်စေ့တို့၊ ဇီးစေ့တို့နဲ့ပေါက်တာလောက်ပဲ လုပ်ကြတာပါ ... အခုလူသုံးယောက်လို ဆွဲလားရမ်းလားမလုပ်ကြပါဘူး ... ခုဟာက သီရိကိုသက်သက်အရှက်ခွဲဖို့ ကြံတာလို့ ထင်စရာဖြစ်နေတယ် ... တို့ကိုကျတော့ ဘာမှမလုပ်ဘူးလေ ... "

ခင်ခ ထောက်ပြသည့်အချက်က ငြင်းစရာမရှိပါ။ သူမက သီရိမေထက် ဒီမြို့ကလူတွေအကြောင်းပို၍ နှံ့စပ်စွာသိထားပါလေ၏။

"မြင့်သန်းအောင်ကဲ ကျောင်းသားဆိုပေမဲ့ ... အပြင်ဘက်မှာ လူစုံအောင်ပေါင်းသင်းတာ ... မိဘကချမ်းသာပြီး မြင့်သန်းအောင်ကို အလိုလိုက်ထားတော့ ... ဒီမြို့က ကလေကချေလူတွေက သူ့နောက်လိုက်တွေဖြစ်ကုန်တော့တာပဲ သူက ... ကျေးနိုင်မွေးနိုင်တော့ တပည့်ခံသူတွေမရှားဘူး နောက်တစ်ခုက ... ပြီးခဲ့နှစ်မှာ ပြဿနာတစ်ခုဖြစ်ခဲ့ဖူး



www.burmeseclassic.com

www.burmeseclassic.com



တယ်"

"ဘယ်လိုဖြစ်တာလဲ ... ခင်ခ"

"မနှစ်က ကိုတင်ငွေဆိုတဲ့လူက ... ဟေမာ့ကို ချစ်ပါတယ် ကြိုက်ပါတယ်လို့ပြောတယ်လေ ... ကိုတင်ငွေ့မိဘတွေက လည်း ဒီမြို့မှာ အတော်အသင့်ချမ်းသာပါတယ် ... ကိုတင် ငွေက ရိုးတယ်၊ အေးတယ်၊ စာကြိုးစားတယ်၊ ရုပ်ရည်က လည်း မြင့်သန်းအောင်နဲ့မကွာဘူး ချောပါတယ် ... အဲဒါ ဟေမာ့က မြင့်သန်းအောင်ကိုတိုင်တယ်လေ ... ကိုတင် ငွေ့ကို လူတစ်သိုက်ဝိုင်းရိုက်ပါလေရော ... ဆေးရုံငါးရက် လောက် သူ့ခမျာတက်လိုက်ရတယ် ... အဲဒီနောက် ကိုတင် ငွေ့ကျောင်းတက်ရင် ... သူတို့အလုပ်သမားနှစ်ယောက် အစောင့်နဲ့တက်ရတယ် ... ကျောင်းအပြန်အသွားကားနဲ့ပဲ တက်ရတာပေါ့ ... အခုတော့ ကိုတင်ငွေဆယ်တန်းအောင် ပြီး ရန်ကုန်စက်မှုတက္ကသိုလ်မှာတက်နေတယ်လေ ... "

သီရိမေက ... ခင်ခင်ခစကားကို အသေအချာနား ထောင်ခဲ့သည်။

"ဒါဆို ... တို့အတွက် နေ့တိုင်းကျောင်းတက်ရတာအန္တရာယ် များရှိနေမလားဘဲ ... ဒီနေ့တောင် ကိုအနတ္တရောက်လာ လို့ ... "





"ဟုတ်တယ် ... သီရိကို ကိုအနတ္တလိုလူတစ်ယောက် ... စောင့်ရှောက်ဖို့ လိုမယ်ထင်တယ်"

"ဘယ်လွယ်မလဲဟာ ... သူနဲ့ငါက အခုမှသိကြရတာ ... ပြီးတော့ ... သူ့ဘယ်မှာနေမှန်းတောင် သိတာမဟုတ်ဘူး သိလဲ ... နေရာတကျမရှိတဲ့ လူတစ်ယောက်ကို ဘယ်လို ဆက်သွယ်မှာလဲ"

"အေးဟ ... ဒါလဲဟုတ်တာပဲ"

"ဒီအတိုင်းဆို ... တို့နှစ်ယောက် ဘယ်လိုစီစဉ်ကြရင်ကောင်း မလဲ ... "

"ကားနဲ့ပဲကျောင်းတက်ကြရင် ... မကောင်းဘူးလားသိရီ"

"ထည်ဝါနေလွန်းမလားလို့ ... ကားနဲ့ကျောင်းတက်တာ ဒီမြို့မှာ မရှိသလောက်ပဲခင်ခ ... နေဦးလေ တို့ဖေဖေနဲ့ တိုင်ပင်ကြည့်မယ် ... တို့ခင်ခဆီ ဖုန်းဆက်လိုက်မယ်လေ"

"အေး ... အေး"

မျက်နှာချင်းဆိုင်အိမ်မို့ ကိုယ့်အိမ်ကိုယ်အသီးသီး ဝင် လိုက်ကြပါလေ၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၆ )

မာလာမြိုင်လမ်းထောင့်အုတ်ခုံတွင် ရဲတစ်ယောက် အစောင့်ချပေးထားသည်။ နံနက်ကျောင်းသွားချိန်၊ ကျောင်းပြန်ချိန် ချပေးထားခဲ့ခြင်းဖြစ်ပါ၏။

ဦးကျော်ဝင်နှင့် ဦးမင်းမောင်တို့က ... သမီးတွေ ကျောင်းအပြန်ဖြစ်ခဲ့သည်ကို ရဲစခန်းသို့တိုင်ကြားခဲ့သဖြင့် ရဲကစောင့် ရှောက်ပေးခဲ့ခြင်းဖြစ်၏။

ခင်ခင်ခနှင့်သီရိမေတို့ စက်ဘီးနှင့်ပင်ကျောင်းတက် ဖြစ်ခဲ့သည်။

"ဟေ့ ... ခင်ခင်ခနဲ့သီရိမေ ယူတို့နှစ်ယောက်ကို အိုင်တို့ ငါးယောက် ... စကားပြောချင်လွန်းလို့ စောင့်နေတာ ...





ကျောင်းတောင်တက်ခါနီးနေပြီ"

"ဘာများလဲ ... ကိုအောင်သူ"

သီရိမေက မေးလိုက်သည်။

"ယူတို့နှစ်ယောက် မနေ့ကကျောင်းအပြန် ... မာလာမြိုင် လမ်းအကွေ့မှာ တေလေသုံးကောင်နဲ့တွေ့ပြီး ... အနိုင် ကျင့်ခံရတယ်ဆို ... "

"ဟုတ်တယ် ... ဒါပေမဲ့ ခင်ခတို့ဘာမှမဖြစ်ကြပါဘူး အဲဒီ သုံးကောင်ပဲ ... ခံသွားရတယ်"

"တို့လဲ ဒီလိုပဲကြားပါတယ် ... လူတစ်ယောက်ကဝင်ကယ် တာဆို ... "

"ဟုတ်တယ် ... အဲဒီလူက ပလတ်စတစ်ကောက်တဲ့လူပုံစံ ထွက်နေပေမဲ့ ... တော်တော်လည်း ကိုယ်လုံးပညာကျွမ်း ကျင်တယ် ... လူကလည်း ရည်မွန်တယ်"

"ရဲစုံထောက်တို့၊ လူဆိုးထိန်းရဲတို့က ... သူတောင်းစား ယောင်ဆောင်၊ ပလတ်စတစ်ကောက်သမားလို အယောင် ဆောင်ထားမျိုးလားမှ မသိတာ ... သီရိရာ"

"ဒါတော့ ... မဖြစ်နိုင်ပါဘူး ရဲကအယောင်ဆောင်ထားတာ ဆိုရင် ဖမ်းသွားမှာပေါ့ ... အခုတော့ ဟိုတေလေတွေကို တိုက်ခိုက်ပြီး ... သူ့ဟာသူထွက်သွားတာပဲ ... တို့က



www.burmeseclassic.com

www.burmeseclassic.com



ကျေးရွာဆပ်ပါရစေဆိုတာတောင် လက်မခံဘူး"

"လူတစ်မျိုးပဲနော် ... နာမည်က ဘယ်သူတဲ့လဲ"

"အနတ္တတဲ့ ... "

"အဆန်းပဲနော် ... ဒီလိုနာမည်မျိုးမကြားဖူးပါဘူး ... အခုမှ ကြားဖူးတာ သီရိ"

"ဟုတ်တယ် ... သူ့နေရပ်လိပ်စာက ပို့ဆိုးသေးတယ် ... ဇရပ်၊ ဘုန်းကြီးကျောင်းပျက်နဲ့ အိမ်ပျက်တွေမှာနေတာတဲ့"

"နေရပ်လိပ်စာကတော့ ထားပါတော့ ... ဒီလိုလူတွေက အဲဒီလိုနေရာတွေမှာ ... ညအိပ်ညနေ နေကြတာပါပဲ ... ဒါပေမဲ့ အနတ္တဆိုတဲ့နာမည်ကတော့ ... တမင်ပေးသွားတဲ့ နာမည်ပဲ ဖြစ်မှာပါ"

"သီရိတို့လဲ ဒီလိုပဲထင်တာပဲ ... "

"ထားလိုက်ပါတော့ မသီရိရာ ... ဟော့ကောင် ဗညားကြီး မင်းပြောပြမှာ ပြောပြလိုက်လေကွာ ... "

ဗညားသွင်က ဝင်၍ပြော၏။

"တို့က အောင်တော်မူရပ်ကွက်ထဲမှာနေတယ် ... တို့ရပ်ကွက် ... ထဲမှာ ဇာစီဆိုတဲ့ကောင်တစ်ကောင်ရှိတယ် ... လမ်းထဲမှာတော့ လူမိုက်လိုလိုနေတဲ့ကောင်ပေါ့ ... "

ခင်ခင်ခက သီရိမေကိုလှမ်းကြည့်သည်။ သီရိမေက





လဲ ဇာစီဆိုသည့် နာမည်ပါလာကတည်းက ခင်ခင်ခအားလှမ်းကြည့် လိုက်မိပါ၏။

"ဇာစီကို ... သူ့သူငယ်ချင်းတွေ တွဲလာပြီး သူ့အိမ်ထဲခေါ် သွားတယ် ... နောက်မကြာဘူး ရပ်ကွက်ထဲကလူတွေပြော သံကြားရတာပဲ ... ဇာစီ့ပါးပြင်မှာ လက်ဝါးချောင်းရာ ထင်း ခနဲ နီရဲဖုပိမ့်ကျန်ခဲ့တယ်"

"ဗညားကိုယ်တိုင် သွားမကြည့်ဘူးလား ... "

"မကြည့်ဘူး သီရိ ... ဘာလို့လဲဆိုတော့ တို့ရပ်ကွက်ထဲမှာ ဇာစီ့ကို အပေါင်းအသင်းမလုပ်ဘူး ... ဒါကြောင့် သွား မကြည့်တာ ... ဟော့ကောင်အောင်ကို မင်းတို့ရပ်ကွက်ထဲ က အကောင်အကြောင်းပြောလိုက်ဦးလေ ... "

အောင်ကိုက သူတို့ရပ်ကွက်ထဲတွင် မနေ့ညနေက ဖြစ်ပျက်ခဲ့သည်ကို ဆက်ပြောပြန်သည်။

"တို့နေတဲ့ ပြည်သာယာရပ်ကွက်ထဲမှာ ... အရက်သောက်၊ ဖဲရိုက်၊ ကြက်တိုက်နဲ့ လူမိုက်တစ်ယောက်ရှိတယ် ... သူ့နာ မည်က နီဝင်း ... မနေ့ညနေက နီဝင်းကို သူ့အမေက ဗိန္ဓော ဆရာကြီးဦးစံဝင်ကို ခေါ်ပြီးကုရတယ် ... နီဝင်းရဲ့ပါးပြင်နှစ် ဘက်လုံးမှာ လက်ဝါးချောင်းရာကြီးတွေ ထင်ပြီးကျန်နေခဲ့ တာတဲ့ ... "



www.burmeseclassic.com

www.burmeseclassic.com



အောင်သူက စကားအပြတ်တွင် ဝင်ပြောပြန်ပါ၏။

"အဲဒါ ... ရပ်ကွက်ထဲကလူကြီးတွေပြောတာကတော့ - အောင်တော်မူရပ်ကွက်ကရော၊ ပြည်သာယာရပ်ကွက်က - အပြောနဲ့ပါ တစ်ထပ်တည်းတူနေတာပဲ"

"ဘယ်လိုတူနေတာလဲ ..."

သီရိမေက ဝင်မေးပါ၏။

"ခင်ခင်ခတို့၊ သီရိမေတို့နေတဲ့ ... မာလာမြိုင်လမ်းထဲက လူမနေတဲ့တိုက်အိမ်နဲ့ခြံကြီးတစ်ခုမှာ ... သရဲကြီး မင်းလက်ဝါးဆိုတာရှိတယ်တဲ့ ... ဓာတ်စီနဲ့နီဝင်းခံရတာဟာ သရဲမင်းလက်ဝါးရဲ့လက်ချက်နဲ့ သိပ်တူတယ်လို့ပြောကြတာပဲ"

ထိုစဉ်မှာပင် ကျောင်းတက်ခေါင်းလောင်းသံ ထွက်လာခဲ့သည်။

အတန်းထဲသို့ ခင်ခင်ခနှင့်သီရိမေတို့ ဝင်လိုက်ကြသည်။

"သီရိဘယ်လိုသဘောရသလဲ ... ဓာတ်စီနဲ့နီဝင်းပါးပြင်ပေါ်မှာထင်တဲ့လက်ဝါးရာနဲ့ သီရိတို့ခြေရင်းက မင်းလက်ဝါးသံရဲဆိုတာလေ ..."

"တိုက်ဆိုင်တာဖြစ်မှာပါ ... တချို့ယောက်ျားတွေရဲ့ လက်ဝါးက ပြင်းတတ်တာပဲ ... အိမ်ကဖေဖေလဲ လက်ဝါးပြင်း





တာပဲ ... တစ်ခါတလေ တို့ကိုကျိစယ်ပြီး တင်ပါးကိုရိုက်တာတောင် လက်ဝါးချောင်းရာထင်ပြီး တို့ငိုရသေးတာပဲ"

ခင်ခင်ခက သူမ၏လွယ်အိတ်ထဲမှ ပစ္စည်းတစ်ခုကို အခြားသူများမမြင်အောင် ထုတ်ယူပြီး ...

"ဒီမှာကြည့် သီရိ ..."

"ဟဲ့ ... ဒါကြေးစည်ထုတဲ့ တုတ်ပဲ ..."

"ဟုတ်မယ်အားကြီးကြီး ... ဒါ ပတ္တလားတီးတဲ့ခတ်တံတဲ့"

"အဲ ... ဟုတ်လား"

"တို့ဖေဖေမှာ ပတ္တလားကြီးတစ်လုံးရှိတယ် ... ဖေဖေစိတ်လိုတဲ့ အခါတီးတတ်တယ် ... ဒီတုတ်က ကြေးစည်တီးတဲ့တုတ်မဟုတ်ဘူး ... ပတ္တလားတီးတဲ့ခတ်တံ ..."

"ဟဲ့ ... ဒါဆို ဟို ... ကိုအနတ္တအိတ်ထဲက ထွက်လာတဲ့ တုတ်တံနဲ့ အစုအတံအတူတူပဲနော် ခင်ခ ..."

"အဲဒါ တို့ပြောချင်တာပဲ သီရိ ... ဟိုတလောက ခြေရင်းတိုက်မှာ သန်းခေါင်ကျော်ကြီး ပတ္တလားတီးသံကြားတယ်ဆို ..."

"အင်း ... နေဦး ခင်ခတို့ဖေဖေ တစ်ရေးနိုးထတီးတာရော မဖြစ်နိုင်ဘူးလား ... အသံဆိုတာ လေသင့်သလိုကြားရတာပဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... မဟုတ်တာ ... ဖေဖေပတ္တလားမတီးတာ တစ်နှစ်လောက်ရှိပြီပဟ ... တစ်နေ့ကတောင် တို့မေမေကြက်မွေးနဲ့ဖုန်ခါပေးရသေးတယ်"

ဆရာဝင်လှသဖြင့် အားလုံးမတ်တတ်ထကြရသည်။

ပြန်အထိုင်တွင် ခင်ခင်က လက်ကုတ်ပြီး ...

"မြင့်သန်းအောင်ထိုင်နေတဲ့ နေရာလပ်နေတယ် ... ဟောမှာတော့တက်တယ် ... ဒါပေမဲ့ မျက်နှာမကောင်းဘူး ... လှမ်းကြည့်ပါလား"

"မကြည့်ပါဘူးဟယ် ... မနာလိုလို့ကြည့်တယ်ထင်နေပါဦးမယ် ..."

စာစသင်နေပြီဖြစ်၍ စကားရပ်လိုက်ရ၏။

သို့သော် သီရိမေစာကိုစိတ်မဝင်စားတော့ဘဲအနတ္တပတ္တလားတီးသံ၊ သီဆိုသံနှင့် မင်းလက်ဝါးသရဲအကြောင်း တွေးနေမိပါ၏။





## အခန်း ( ၇ )

သီရိကျောင်းကပြန်အလာတွင် ... ဧည့်ခန်းထဲမှာ ခေါင်းရင်းခြံ ဦးအေးသုန်နှင့် အန်တီဒေါ်လေးငယ်ရောက်နေတာတွေ့ရ၏။ သူတို့နှင့်အတူ အသက်(၂၇)၊ ဒါမှမဟုတ် (၂၈)ခန့်လူရွယ်တစ်ဦးကိုတွေ့ရ၏။ ထိုလူရွယ်မှာ တစ်ခါမှမမြင်ဘူးသေးသည့် လူစိမ်းသက်သက်ဖြစ်နေခဲ့သည်။ မေမေလည်း ဧည့်ခန်းတွင်အတူထိုင်နေခဲ့သည်။

"သမီးလေး ပြန်လာပြီလား ..."

"ဟုတ်ကဲ့ ... အန်တီလေးငယ်"

လူရွယ်က မပြုံးမရယ်စိုက်ကြည့်ပြီး ဣန္ဒြေဆယ်စွာ ဦးခေါင်းပြန်လှည့်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"လာထိုင်ပါဦးကွယ့် … ဟောဒီက အန်တီလေးငယ်သားနဲ့ မိတ်ဆက်ပေးချင်လို့ … "

သီရိမေက ဒေါ်စိုးစိုးကိုလှမ်းကြည့်သည်။ ဒေါ်စိုးစိုးက ခေါင်းညိတ်ပြရင်း …

"ထိုင်ဦးလေ သမီး … ခဏပေါ့ကွယ် ပြီးမှရေမိုးချိုးပေါ့"

သီရိမေ ဝင်ထိုင်ခဲ့၏။ ဖေဖေက … အလုပ်မှပြန်မရောက်သေးခြင်းပဲဖြစ်မည်။ မေမေက မိတ်ဆက်ပေးပါ၏။

"ဟောဒါ … သမီးဘဘနဲ့အန်တီလေးငယ်တို့ရဲ့သား မောင်အောင်ကျော်ကျော်တဲ့ … ဒီနေ့နေ့ခင်းပိုင်းကပဲ ပြန်ရောက်လာတယ် … နိုင်ငံခြားသင်္ဘောလိုက်နေတယ်လို့ သမီးရဲ့ဘဘက ပြောပြထားတဲ့သားပေါ့ … "

"အဲဒါ … သီရိက ဘာပြန်ပြောရမလဲ မေမေ"

လူကြီးများရယ်လိုက်ကြ၏။ သီရိမေပြောပုံကို ရယ်ကြခြင်းဖြစ်သည်။ အောင်ကျော်ကျော်ကပြုံးသည်။ သီရိမေက ရွှဲ့ပြောခြင်းမဟုတ်၊ ရင်ထဲရှိသည့်အတိုင်းပြောခြင်းသာ။ မိခင် မိတ်ဆက်ပေးသည်ကို ဘာပြန်ပြောရမှန်းမသိသော အမူအရာကလေးက သီရိမေမျက်နှာမှာပေါ်လွင်ခဲ့သည်။

"ဩော် သမီးရယ် … မေမေက မိတ်ဆက်ပေးနေတာပဲ…





သမီးက တစ်ခါမှ ဘယ်သူနဲ့မှ … မိတ်မဆက်ဖူးသေးတဲ့ မိန်းကလေးကျနေတာပဲ"

"ဓါတိုင်း မိတ်ဆက်တာက … ကိုယ်နဲ့ရွယ်တူ၊ အတန်းတူတွေပဲမေမေ … အခုဟာက နိုင်ငံခြားသင်္ဘောအရာရှိကြီး တစ်ယောက်ဆိုတော့ … ရှိသေရမလိုလို၊ လက်ပိုက်ပြောရမလိုလိုမို့ သမီးက … ဘာပြောရမှန်းကို မသိတော့တာ မေမေ"

လူကြီးတွေ ထပ်ရယ်လိုက်မိကြပြန်ပါ၏။

အောင်ကျော်ကျော်က သီရိမေကို ငေးကြည့်နေမိသည်။

ဒေါ်လေးငယ်က သားကိုလှမ်းပြောတော့၏။

"သူလေးက သီရိမေတဲ့သားရေ … ဦးမင်းမောင်နဲ့ဒေါ်စိုးစိုးတို့ရဲ့ တစ်ဦးတည်းသောသမီးလေး … ဒီနှစ်ဆယ်တန်းဖြေရမယ်"

"ဝမ်းသာပါတယ် သီရိမေ … တို့လည်း တစ်ဦးတည်းသောသားဆိုတော့ အဖော်မဲ့တစ်ယောက်လေ … သီရိမေရောက်လာတော့ တို့အဖို့ ညီမလေးတစ်ယောက်ရသလိုပဲပေါ့ … တို့ကိုအစ်ကိုလို့ခေါ်ပေါ့ … ဦးအောင်ကျော်ကျော်ခိုင် စိမ်း



www.burmeseclassic.com

www.burmeseclassic.com



လွန်းပါတယ်”

“ဟုတ်ကဲ့ ... ကြုံတဲ့အခါ အစ်ကိုလို့ခေါ်ပါ့မယ် ... သီရိဦး စီစီကြီးဖြစ်နေလို့ အဝတ်အစားလဲလိုက်ပါဦးမယ်”

သီရိမေ ထွက်သွားသည်။

သီရိမေ၏ နောက်ပိုင်းအလှကို အောင်ကျော်ကျော် ငေးစိုက်ကြည့်နေမိပါ၏။

ဦးကျော်ခေါင်က သူ၏သားပေါင်ကို ပုတ်လိုက်သည်။

“လောကကြီးမှာ ... ယောကျ်ားဆန်လွန်းသောယောကျ်ား ဟာ ... ချီးကျူးစရာမကောင်းဘူးသား၊ ... ”

“ဖေဖေ ... ဘာကိုဆိုလိုတာလဲ”

“ယောကျ်ားဆန်လွန်းသော ယောကျ်ားဆိုတာက ... သစ္စာ ရှိတယ်၊ သမာဓိရှိတယ်၊ လူ့ကျင့်ဝတ်သိက္ခာကိုစောင့်စည်း တယ် ... သဘောထားကြီးမားတယ်၊ တစ်ကိုယ်ကောင်း ဆန်စိတ်မရှိဘူး၊ အရာရာကို ရဲရဲဝံ့ဝံ့ရင်ဆိုင်ရဲတယ် ... အေး မိန်းမဆန်လွန်းတဲ့မိန်းမကျတော့ ... သဝန်တိုတယ်၊ တစ် ဖက်သားကို မကောင်းပြောဖို့စိတ်သန်တယ်၊ မငိုချင်ဘဲ ငို တတ်တယ်၊ မရယ်ချင်ပဲရယ်ပြတတ်တယ်၊ အပြင်မျက်နှာ





ပန်းချီပြီး ဝမ်းတွင်းစိတ်ကျတော့ ... ကောက်တတ်တယ်၊ အလှအပကို လိုတာထက်ပိုပြီး နှစ်သက်တယ် ... လောဘ ရမ္မက်ကြီးတယ် ... ”

“ဖေဖေက သားကို ... အဲဒါတွေဘာလို့ ပြောပြနေတာလဲ ဟင် ... ”

“အေး ... သီရိဟာ မိန်းကလေးဖြစ်ပေမဲ့ မိန်းမ မဆန်တာ တွေအများကြီးရှိနေလို့ပဲ ... ဒါကြောင့် ချီးကျူးစရာကောင်း တဲ့ မိန်းကလေးလို့ဖေဖေက ပြောချင်တာပါ ... အိမ်နီးနားချင်းဆိုတော့ ကြာလာရင် ... သီရိအကြောင်း သားကိုယ် တိုင်သိမြင်လာပါလိမ့်မယ်”

အောင်ကျော်ကျော်က သီရိမေဝင်သွားသောအခန်း ဆီသို့ လှမ်းကြည့်မိသည်။ ဝင်သွားပြီးနောက် ပြန်ထွက်မလာတော့ ချေ။

အောင်ကျော်ကျော် မိမိကိုယ်မိမိဆန်းစစ်ကြည့်မိပြီ။ သည် ရန်ကုန်စက်မှုတက္ကသိုလ်မှ ဘီအီး(လျှပ်စစ်)နှင့်ဘွဲ့ရပြီး သူ။

ပြီးတော့ ဒီဘက်ခေတ်ဝင်ငွေကောင်းသည့် အလုပ် ကိုင်ဆိုင်ထားသူ။ နိုင်ငံခြားသင်္ဘောတစ်စီးတွင် တာဝန်ထမ်း ဆောင်နေသည့် မိမိလိုအင်ဂျင်နီယာတစ်ဦးကို မိတ်ဖွဲ့ပြီးသွားသော



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးအတော်များများဟာ လိုလိုလားလားရှိလေတော့သည် သာ။

ပြောရလျှင် မိန်းကလေးများနှင့်ပတ်သက်လာလျှင် အောင်ကျော်ကျော် အမြဲတမ်းစန်းပွင့်သည်။

သို့သော် သီရိမေကျမှ မိမိကိုအလေးအနက်မထား ဟန်ကို တွေ့ရပါ၏။ သီရိမေ ပြန်ထွက်လာနိုးနှင့် သူမဝင်သွားသည့် အခန်းကို အောင်ကျော်ကျော်မကြာခဏကြည့်မိသည်။ သီရိမေပြန် ထွက်လာလေမလား။

သီရိမေက သူမအိပ်ခန်းထဲရောက်သည်နှင့် အပြင် ဘက်မှ ညှို့သည့်တွေအကြောင်း ခေါင်းထဲမရှိပါလေတော့။

အခန်းထဲရောက်တော့ သီရိမေ ကျောင်းဝတ်စုံကို လဲကာ အားကစားဝတ်စုံကိုဝတ်ကာ ကာယလေ့ကျင့်ခန်းများလေ့ ကျင့်တော့သည်။

ကာယလေ့ကျင့်ခန်းများလုပ်နေစဉ်မှာပင် သူမ၏ ခေါင်းထဲသို့ ... သရဲမင်းလက်ဝါး၊ ပတ္တလားတီးသံနှင့် ကိုအနဲ့ အကြောင်း တိုးဝင်လာပြန်ပါ၏။

လေ့ကျင့်ခန်းတစ်ခုပြီးအသွားတွင် သီရိမေနားလိုက် သည်။

အိုက်စပ်စပ်ရှိလာသည်မို့ ခန်းစီးကိုဘေးတွန်းကာ





ခြေရင်းပြတင်းမှ မှန်ပြတင်းပေါက်ကိုဖွင့်လိုက်သည်။

မျက်စိကလည်း အလိုလိုပင်ခြေရင်းမှ တိုက်အိမ်သို့ ကြည့်လိုက်မိပါ၏။

"အယ် ... ဟိုမှာ ... "

ဘယ်တော့ကြည့်ကြည့် ပြတင်းပေါက်တံခါးတွေ ပိတ်ထားသည်ကိုပဲ တွေ့ရပါလျက် ဒီနေ့မှထူးထူးခြားခြား ပြတင်း တံခါးတစ်ချက်ပွင့်နေသည်ကို တွေ့ရသည်။

"သီရိရေ ... ဒီမှာ သမီးဘဘနဲ့အန်တီတို့ ပြန်တွေ့မလို့ နှုတ် ဆက်နေပြီ ... "

"ဟုတ်ကဲ့မေမေ ... လာပါပြီ"

လုံလုံလဲလဲရှိသည့် အားကစားဝတ်စုံမို့ သီရိမေ ဒီအတိုင်း ထွက်လာခဲ့သည်။

"ဩော် ... သမီးလေးသီရိမေက ကာယလေ့ကျင့်ခန်းယူနေ တာကိုး ... ဒါကြောင့် ထွက်မလာတာပါလား"

သီရိမေက ပြုံးရုံပြုံးပြလိုက်သည်။

"ဟုတ်တယ် မလေးငယ်ရေ ... ကျောင်းကပြန်ရင် လေ့ ကျင့်ခန်းလုပ်တာ သူ့အကျင့်ပဲ ... "

"ကောင်းတာပေါ့ ... ဒါကြောင့်လဲ သီရိမေခန္ဓာကိုယ်က အချိုးကျပြေပြစ်နေတာ ... "



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေးငယ်က ချိုးကျူးစကားပြောလိုက်သည်။

"တွေ့လား သား ... မင်းလည်း လေ့ကျင့်ခန်းလုပ်ဖို့လိုပြီ ... ဒီတစ်ခေါက် မင်းပြန်လာတာ ... ဗိုက်နည်းနည်းရွဲ့ချင်လာတယ်"

ဦးကျော်ခေါင်က သားဖြစ်သူအားပြောလိုက်သည်။ အောင်ကျော်ကျော်က ခေါင်းညိတ်ပြပါ၏။

"တို့ပြန်တော့မယ် သီရိ ... နောက်နေ့တွေကျရင် နိုင်ငံခြား ဗဟုသုတဆိုင်ရာ ကာယလေ့ကျင့်ခန်းတွေ ... သင်ပြပေးပါ့မယ်"

"သီရိ လေ့ကျင့်နေတာက ... အမျိုးသမီးကာယအလှပဲ ... ကိုအောင်ကျော်ကျော်က ယောကျ်ားကြီးပဲဟာ"

အောင်ကျော်ကျော် မဲ့သွားပြန်ပါ၏။

အားလုံးနှုတ်ဆက်၍ ပြန်သွားကြသည်။

သူမအခန်းထဲသို့ သီရိမေဝင်လိုက်ပြီး ... တစ်ဘက်တိုက်မှ ပြတင်းပေါက်ကိုကြည့်လိုက်သည်။ ပြတင်းပေါက်ပိတ်သွားခဲ့ပြီး လေတိုက်၍များပွင့်လိုက်လေသလားဟု စောင့်ကြည့်သေး၏။ ပွင့်မလာပါလေတော့။





## အခန်း ( ၈ )

စနေနေ့ ကျောင်းပိတ်ရက်မို့ ခြံတံခါးတွင်ချိတ်ထားသော စာတိုက်ပုံးကိုဖွင့်ပြီး ရောက်ရှိနေသောစာများကိုယူခဲ့သည်။

"ဟေး ... သီရိ"

"ဩော် ... ကိုအောင်ကျော်ကျော်"

"သီရိ ... ဒီနေ့ အားနေတာပေါ့နော် ... "

ခြံစည်းရိုးမှာ သံဆန်ကာပေါက်စည်းရိုးမို့ ဟိုဘက်ဒီဘက်မြင်နေရ၏။ အောင်ကျော်ကျော်က ... သီရိမခြံထဲသို့ဆင်းလာကတည်းက ကြည့်နေပုံရ၏။ တွေ့ကာမှ သိက္ခာဆယ်သည့်အနေနှင့် တိုက်ဆိုင်သလိုလိုလှမ်းနှုတ်ဆက်ခြင်းဖြစ်ပါ၏။

"စနေနေ့မို့ ကျောင်းပိတ်တော့ အားတာပေါ့ ... ကိုအောင်



www.burmeseclassic.com

www.burmeseclassic.com



ကျော်ကျော်"

"အားရင် ... ကိုယ်တို့အိမ်ဘက် လာလည်ပါလား ... ဘုရားပန်းတင်ဖို့ သီရိကြိုက်တဲ့ပန်းတွေ လာခူးလေ ... "

"မေမေ ဈေးကဝယ်လာမှာပါ ... "

"ဒါဆိုရင် ... တီဗွီဂိမ်းလာကစားပါလားသီရိ ... တို့မှာ နောက်ဆုံးပေါ် ဂိမ်းတွေပါလာတယ် ... "

"အိမ်မှာရှိပါတယ် ... ဂိမ်းကစားတာ သိပ်အချိန်ပုပ်တာ၊ ဂိမ်းအခွေတွေမှာ ... စစ်သားတွေ စစ်တိုက်တာ၊ လေယာဉ်တွေ ပစ်ချတာတို့ဆိုရင် ... သီရိမကြိုက်ဘူးလေ ... စိတ်မဝင်စားဘူး"

"သီရိ စိတ်ဝင်စားတာက ... ဘယ်လိုဇာတ်လမ်းလဲ"

"သီရိစိတ်ဝင်စားတာက ... အမျိုးသားတစ်ဦးက ကောင်မလေးကို ကြိုက်တယ် ... ကောင်မလေးက မကြိုက်ဘူး အဲဒီတော့ ... အမျိုးသားကြီးက ကောင်မလေးကို အတင်းဆွဲလားရမ်းလားလုပ်တော့ဒါပေါ့ ... အဲဒီလိုဖြစ်နေတုန်း တကယ့်ဇာတ်လိုက် ဘွားခနဲရောက်လာပြီး ... ဖွတ်ဆွဲတဲ့ အမျိုးသားကြီးကို ထိုးတယ်၊ သတ်ပုတ်တယ်၊ အဲဒီ အမျိုးသားကြီးရှုံးသွားတာပေါ့ ... သီရိက အဲဒီလိုဇာတ်လမ်းမျိုးမှ





ကြိုက်တာ ... "

"အာ ... "

"သီရိသွားတော့မယ် ... ပဲခူးက သူငယ်ချင်းတွေထည့်လိုက်တဲ့စာတွေ အများကြီးပဲ ... အဲဒီစာတွေ အိပ်ရာထဲမှာ ဇိမ်နဲ့ ဖတ်ရဦးမှာ ... "

အောင်ကျော်ကျော် ပါးစပ်ဟပြီးကျန်ခဲ့သည်။

သီရိမေ အိမ်ပေါ်သို့ပြေးတက်ကာ တခစ်ခစ်ရယ်မိပါလေ၏။

သီရိမေမှာ တီဗွီနှင့်ဒီဗီဒီအောက်စက်သာရှိသည်။ တီဗွီဂိမ်းစက်လုံးဝမရှိ၊ မနှစ်က ဆယ်တန်းကျခဲ့သည်မို့ ဗွီဒီယိုပင်တစ်လမှ တစ်ခါသာကြည့်ဖြစ်တော့၏။ စာကျက်ချိန်နည်းမည်စိုး၍ပါ။

"ဟဲ့ ... ဒီကောင်မလေး စောစောစီးစီး ဘာအရူးထပြီး တခစ်ခစ်ရယ်နေတာလဲ ... "

"ဟို ... ဟို ... ဇာတ်လိုက်မင်းသားက ကောင်မလေးကို ကယ်တဲ့ ဂိမ်းဇာတ်လမ်းလေ မေမေ"

"ဟာ ... ဒီအရူးမလေးနဲ့ ခက်နေပြီ ... မေမေဈေးသွားမယ် ဖေဖေနိုးရင် ကော်ဖီတွေဘာတွေအားလုံးအဆင်သင့် လုပ်



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက် ... ညည်းဖေဖေ ဒီမနက်ဆယ်နာရီ စည်းဝေးသွားရမယ်လို့ပြောတယ်"

"ဟုတ်ကဲ့မေမေ ... စိတ်ချသာသွား"

ဒေါ်စိုးစိုးချေးသို့ ... ဒရိုင်ဘာကိုဘခက်ကြီးခေါ်၍ ကားနှင့်ထွက်သွားခဲ့သည်။

သူငယ်ချင်းတွေထဲမှ စာတွေကိုအိပ်ရာထဲလှဲဖတ်မည်ဟု သီရိမေစိတ်ကူးမိသော်လည်း မေမေက ဖေဖေ့တာဝန်ကို ပေးခဲ့သဖြင့် ဧည့်ခန်းမှာပဲ စာတစ်စောင်ပြီးတစ်စောင်ဖောက်ဖတ်ဖြစ်ခဲ့သည်။

"ဟဲ့ ... ဒီစာကအဆန်းပါလား ... စာတိုက်တံဆိပ်လဲမပါဘူး ... တံဆိပ်ခေါင်းလဲ ကပ်မထားပါလား"

စာအိတ်ပေါ်တွင် သီရိမေဟူ၍သာ အမည်ပဲတပ်ထား၏။ အခြားလမ်း၊ မြို့ရွာအမည်တပ်မထားပေ။

ဒီမြို့က လူတစ်ဦးဦးစာလာထည့်သွားခြင်းဟု သီရိမေယူဆမိသည်။

အမည်သာပါရှိပြီး အခြားလိပ်စာမပါ၍ မရိုးသားမှန်းသိသော်လည်း ဖောက်ဖတ်ကြည့်သည်။

"*သီရိမေ ...*





*ဖျိုင်းငှက်ဟာ လှပေမဲ့ ... ဥဒေါင်းငှက်နဲ့ယှဉ်ရင် ရှုံးသွားတာပါပဲ။ ကြေးဆိုတာ ဝင်းဝါနေပေမဲ့ ... ရွှေနဲ့ယှဉ်ရင် ချိန်သွားတာပါပဲ။ နှင်းဆီလှတယ်လို့ပြောကြပေမဲ့ ... သခင်နဲ့ ယှဉ်လိုက်တော့ နှင်းဆီအလှဟာ တော်မဝင်တော့ဘူးလေ ...*

*သီရိအလှဟာ တော်ဝင်ပန်းလေးတစ်ပွင့်လိုလှတာ ပါ။ တို့ သီရိကိုချစ်တယ်။ မြင်မြင်ချင်းပဲ ချစ်မိခဲ့တာပါ။ သီရိကို ဘိုလေသေးမရှိအောင် ထားနိုင်ပါတယ်။ တို့မိဘတွေအကြောင်း သီရိစုံစမ်းကြည့်ပေါ့။ ဦးသန်းအောင်နဲ့ ဒေါ်မညွှတ့်။ တို့ဘယ်သူဆို တာ ပြောမယ်နော်။*

*တို့ မြင့်သန်းအောင်ပါ။*

*သီရိကို သိပ်ချစ်တယ်။*

ဖတ်ပြီး သီရိမေမဲ့လိုက်သည်။ သစ္စာမဲ့တဲ့လူ။ သီရိမေကိုမြင်တော့ ပေါမှာ့ကိုဘေးကိုတွန်းထုတ်ပစ်ရန် ကြိုးစားနေခဲ့ပြီ။

သီရိမေ တယ်လီဖုန်းရှိရာသို့ လျှောက်လိုက်သည်။ ခင်ခင်ခထံသို့ ဖုန်းခေါ်လိုက်၏။

"ဟဲလို ... ခင်ခလား ... တို့သီရိပါ"

"ပြော ... သီရိ ... "

"ခင်ခနဲ့ တို့စကားပြောချင်တယ်ကွာ ... "



www.burmeseclassic.com

www.burmeseclassic.com



"လာခဲ့လေ ... ခြေတစ်လှမ်း အပြင်ထွက်တာနဲ့ ခင်ခတို့အိမ်ရောက်တာပဲလေ ..."

"မေမေဈေးသွားတယ်ကွ ... ဖေဖေနိုးရင် ကော်ဖီသောက်ဖို့နဲ့ ဝေယျာဝစ္စတွေလုပ်ပေးဖို့ တာဝန်ပေးထားခဲ့တယ် ... ပြီးတော့ ဖေဖေက စည်းဝေးသွားစရာရှိသေးမှာ ..."

"ဒါဆို ... သီရိ အိမ်ကစောင့် ... တို့လာခဲ့မယ် ... နာရီဝက်လောက်တော့ ကြာဦးမယ်နော်"

"ရတယ်ခင်ခ ... တို့စောင့်နေမယ်"

သီရိ ညှော်ခန်းမှာပဲ ဖေဖေနိုးအံလာကိုစောင့်နေမိသည်။

သီရိမေစိတ်ထဲတွင် အောင်ကျော်ကျော်နှင့်မြင့်သန်းအောင်ကို အံ့ဩမိ၏။ ပဲခူးတုန်းက သီရိမေကိုမေတ္တာရှိသူတွေတွေ့ခဲ့ဖူးပါ၏။ သို့သော် ဤမျှရဲရဲတင်းတင်း၊ မြန်မြန်ဆန်ဆန်ထုတ်၍မပြောကြ။ အချိန်အပိုင်းအခြားကို စောင့်ပြီးမှ သူတို့အချစ်ကိုဖွင့်ဟပြောခဲ့ကြသည်။

အောင်ကျော်ကျော်ကြည့်မလား။ တွေ့ဖူးတာမြင့်ရက်ပိုင်းသာရှိသေးသည်။ သူ့အိမ်သို့ သီရိကိုလာဖို့ဖိတ်ခေါ်ခဲ့သည်။ အတော်ကြောက်ဖို့ကောင်းသည့်လူ၊ သူ့အိမ်မှာဆို လက်ရဲဇက်ရဲ





ဘယ်လောက်အထိနိုင်မည်လဲမသိရ။

မြင့်သန်းအောင်ကို ကြည့်ဦး။ ဟေမာနှင့်ချစ်ကြိုက်နေသည့်ကြားမှ မိမိကိုချစ်စာသဝဏ်ပါးလိုက်ချေသေးသည်။ တော်တော်မျက်နှာပြောင်သည့်လူ။ သူတို့နှစ်ဦးကမူ မိမိကိုယ်မိမိအထင်ကြီးနေကြသူတွေ။

ဘယ်မိန်းကလေးမဆို သူတို့ကချစ်စကားပြောလျှင် လိမ့်မည်ဟု အထင်ကြီးနေပုံရသည်။ အောင်ကျော်ကျော်က ရုပ်ချောရှိသည်။ ပညာရှိ၏။ သဘော်လိုက်နေသူအင်ဂျင်နီယာ။

မြင့်သန်းအောင်က ... အောင်ကျော်ကျော်ထက်သာကယ်သည်။ ရုပ်ချောခြင်းနှင့်မိဘချမ်းသာခြင်းကို အခြေခံ၍ ဘယ်မိန်းကလေးမဆို ရနိုင်သည်ဟုထင်ထားပုံရသည်။

"ဟော ... ဖေဖေနိုးလာပြီ"

အိပ်ရာမှ နိုးလာသည့်ဖခင်၏ ဝေယျာဝစ္စများကို ရုံးသို့ထွက်သွားသည်အထိ သီရိမေလုပ်ပေးသည်။ ဖေဖေထွက်သွားပြီး ဆယ်မိနစ်အကြာမှာ ဖုန်းသံမြည်လာခဲ့သည်။ သီရိမေ ဖုန်းကိုကောက်ကိုင်လိုက်သည်။ အပြေးကလေးပင် ခင်ခင်ခထံမှ ဖုန်းဆက်၍ ဖုန်းကိုင်ခဲ့ခြင်းဖြစ်သည်။

"ခင်ခလား ... ကြာလိုက်တာဟယ် ... လာမယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ... ဟင်း ... ကိုယ်က မြင့်သန်းအောင်ပါ သီရိ"

"သြော် ... "

"မအံ့သြပါနဲ့ သီရိ ... တို့က သီရိကိုတိတ်တခိုးမျက်ခြေမပြတ် ကြည့်နေသူပါ ... စောစောက သီရိခြံထဲဆင်းပြီး စာပုံးထဲ စာတွေယူသွားတာ ... ခေါင်းရင်းအိမ်က လူပျိုကြီးနဲ့စကား ပြောနေတာရယ် ... သီရိမေမေဈေးသွားတာ၊ သီရိဖေဖေ ရုံးသွားတာအားလုံး တို့က ... မှန်ဘီလူးတစ်လက်နဲ့ မျှော် ကြည့်နေခဲ့တာလေ ... သီရိအိမ်ထဲမှာ ဘာလုပ်နေသလဲ တော့မမြင်ရဘူးပေါ့"

သီရိ ဖုန်းမချဘဲ နားထောင်နေခဲ့သည်။ အခြား မိန်းကလေးသာဆို ဖုန်းကိုခွပ်ခနဲချလိုက်မည်ဖြစ်ပါ၏။

"သြော် ... ဖုန်းချမပစ်ပါနဲ့ဦးနော် ... ချပစ်လည်း တို့ကပြ ခေါ်မှာ ... "

"မချပါဘူး ... နားထောင်ရင်း စဉ်းစားနေတာပါ"

"သီရိဘာတွေ စဉ်းစားနေတာလဲဟင် ... သိချင်လိုက်တာ"

"သိရပါမယ် ... မှန်ပြောင်းနဲ့ကြည့်နေရတော့ ကိုမြင့်သန်း အောင် အတော်ပင်ပန်းနေမှာပဲနော် ... "

"ဘယ်နှယ့်လုပ်မလဲ သီရိ ... နှလုံးသားနဲ့ပတ်သက်လာရင် ပင်ပန်းတယ်လို့ ဘယ်ထင်လို့ရမလဲ ... ခုလောက်ဆို တို့ရေး ပို့တဲ့စာ ဖတ်ပြီးရောပေါ့နော် ... "

"ဖတ်ပြီးပါပြီ ... "

"ဘယ်လို သဘောရလဲ ... သီရိ"

"အရေးအသားမဆိုးပါဘူး ... ဆက်ကြိုးစားရင် မဂ္ဂဇင်းသုံး ကဗျာအဆင့်အထိတော့ ... ဖြစ်နိုင်တယ်ထင်တာပဲ"

"ဟာ ... သီရိ ဘာတွေပြောနေတာလဲ"

"မသိဘူးလေ ... ရေးသားထားတဲ့စာကို ဝေဖန်နိုင်းနေတာ များလားလို့ ... "

"မရိုပါနဲ့ သီရိ ... တို့လေ သီရိရဲ့အလှအပတွေကို မက်မော တာမဟုတ်ပါဘူးကွာ ... သီရိရဲ့သွားလာလှုပ်ရှားပုံလေးတွေ ကိုပဲ ... အစွဲကြီးစွဲနေရတာပါ ... တို့ရဲ့ရင်ဖွင့်စာကို သီရိ ဘယ်လိုသဘောထားသလဲဆိုတာသိပါရစေ"

"သိရပါတယ် ကိုမြင့်သန်းအောင် ... ရှင်ဟာ သစ္စာမဲ့လွန်း တယ် ... ဟေမာဟာ တို့ရဲ့ရန်သူမဟုတ်သလို၊ မိတ်ဆွေလဲ မဟုတ်ပါဘူး ... ဒါပေမဲ့ မိန်းမချင်းကိုယ်ချင်းစာမိတယ် ... ကျွန်မမျက်စိထဲမှာ မြင်နေတဲ့ချစ်သူဆိုတာက ... မိဘဆင်းရဲ တာ၊ ချမ်းသာတာမပါဘူး ... ယောက်ျားဆန်တဲ့ယောက်ျား







www.burmeseclassic.com

www.burmeseclassic.com



သိက္ခာနဲ့ ကိုယ်ကျင့်တရားကိုထိန်းသိမ်းနိုင်တဲ့သူ ကိုယ့်အတတ်ပညာတစ်ခုခုနဲ့ ဘယ်သူမှမမှီခိုဘဲ ... အိမ်ထောင်ဦးစီးနိုင်တဲ့ယောကျ်ား ... အဲဒီလိုအရည်အချင်းမျိုးရှိမှ သီရိတို့ကချစ်မှာပါ ... သီရိလိုချင်တဲ့ပုံစံမျိုး အခုအချိန်အထိ တစ်ယောက်မှမတွေ့သေးလို့ ... ရည်းစားလည်းတစ်ခါမှ မထားခဲ့ဖူးသေးဘူးဆိုတာပါပဲ ... ပဲခူးမှာသာဆိုရင် သီရိကို ပေးထားခဲ့တဲ့စာကို ဆေးလိပ်ဖင်စီခံလုံးလုပ်တဲ့နေရာကို ပို့ပေးလိုက်မှာပါ ... ဒီမှာတော့ ကိုမြင့်သန်းအောင်ပေးလိုက်တဲ့စာကို ဆေးလိပ်ခံမရှိလို့ အမှိုက်ခြင်းထဲမှာပဲထားလိုက်ပါပြီ ... သီရိအချစ်ကို လုံးဝမမျှော်လင့်ပါနဲ့ ... ဒါပါပဲ"

"မင်း ... မင်း ... မာနကြီးလွန်းတယ် သီရိ"

ထိုစဉ်မှာပင် ဖုန်းကိုသီရိချပစ်လိုက်သည်။ စကားပြောခွက်ကိုအောက်သို့ချထားလိုက်သည်။ မြင့်သန်းအောင် ဖုန်းခေါ်၍ရသည်း ရနိုင်မည်မဟုတ်အောင်လုပ်လိုက်ခြင်းပင်။ သီရိမေ ညှိခန်းဘက်သို့ပြန်လာ၍ ခဏထိုင်နေလိုက်သည်။

ဆယ်မိနစ်ခန့်ကြာပြီးမှ နေရာမှထသည်။ ပြီးတော့ ဖုန်းရှိရာသို့သွားကာ ခင်ခင်ခထံသို့ဖုန်းခေါ်လိုက်၏။

"ပြောလေခင်ခ ... သူလာမယ်ဆိုလို့ သီရိမစောင့်နေတာ"





"ဆောရီးပဲ သီရိရာ ... မေမေအပြင်ထွက်သွားလို့ မီးဖိုချောင်ကအလုပ်ကို ခင်ခပဲဆက်လုပ်နေရတယ် ... အဲဒါကြောင့် မလာဖြစ်တာပါ ... သီရိတို့အိမ်ဖုန်းဆက်တာ အင်္ဂေဂျ(ဂျ်)ဖြစ်နေတာချည်းပဲ ... ဘယ်သူဆက်နေလို့ အင်္ဂေဂျ(ဂျ်)ဖြစ်နေရတာလဲဟင်"

"ဘယ်သူရမလဲ ... မြင့်သန်းအောင်ပေ့ါခင်ခ ... ဖုန်းမဆက်ခင်တုန်း တို့ဆီကိုရည်းစားစာပေးခဲ့သေးတယ်"

ဖြစ်ကြောင်းကုန်စင်ကို သီရိပြောပြလိုက်သည်။

"အဲ ... မှတ်ကရော ... နင်နဲ့ကျမှ မြင့်သန်းအောင်နှပ်ပစ်ခံရတာ ..."

"အဲဒါတွေထားလိုက်တော့ဟာ ... တို့ပြောချင်တာက ခြေရင်းအိမ်က အကြောင်းကိုပါ"

"ခေါင်းရင်းအိမ်အကြောင်းကိုကော မပြောတော့ဘူးလား သီရိ ... နိုင်ငံခြားကို သင်္ဘောလိုက်ပြီးပြန်လာတဲ့ အင်ဂျင်နီယာ ကိုအောင်ကျော်ကျော်နဲ့ သူ့မိဘတွေ ... နင်တို့အိမ်ရောက်လာတယ်ဆို ... တို့အိမ်ကအိမ်ဖော် မပိန်ပြောလို့ သိရတာ"

"ဟုတ်တယ် ... တို့အိမ်ကိုလာပြီး သူတို့သားနဲ့ မိတ်ဆက်



www.burmeseclassic.com

www.burmeseclassic.com



ပေးတာ ... ”

ခင်ခင်ခအသံခကာကိုတ်သွားသည်။ ဖုန်းပြောရင်း အခြားကိစ္စတစ်ခုခုစီမံရ၍ စကားကိုဖြတ်ထားဟန်တူသည်ဟု သီ ထင်မိသည်။

“ဟင် ... ရွှေ ... ရွှေလမ်းငွေလမ်းဖောက်ကြမလို့တဲ့လား အနက်ကယ်ကျော်ခေါင်နဲ့အနက်တီငယ်လေးတို့က သူ့တို့သား သီရိကို ရည်ရွယ်ပြီထင်တယ် ... သီရိတို့ ကုသိုလ်ကောင်း တကယ်ဟယ်”

ခင်ခင်ခအသံမှာ တုန်ရီနေသံပေါက်နေသည်ဟု သီရိမေထင်မိသည်။

“အယ် ... မဟုတ်တာ ... တို့ပြန်မရောက်ခင်ကတည်းက သူတို့ရောက်နှင့်နေတာပါ ... လူကြီးချင်းခင်တဲ့သဘောပါ အဲဒီကိုအောင်ကျော်ကျော်ကိုလဲ ငါ့ရင်ထဲမှာ ... အနက် လက္ခာပါဟာ ... ငါပြောချင်တာက ခြေရင်းအိမ်အကြောင်း ပြောချင်တာ”

“အေးပါဟယ် ... စကားစပ်မိလို့ပြောတာပါ ကဲ ... ခြေရင်း အိမ်အကြောင်းကိုပြောတော့ ... ”

ခင်ခင်ခ၏အသံ မှုမှန်ပြန်ဖြစ်သွားသည်ကို သီရိမေ





ထားလိုက်မိသည်။ ဒါပေမဲ့ သတိထားမိခြင်းကပေါ့ပေါ့တန် ပါ။

သီရိမေက မနေ့ကလေ့ကျင့်ခန်းလုပ်ရင်း ခြေရင်း မှပြတင်းတံခါးတစ်ချက်ပွင့်နေပြီးမှ သူမအလစ်,ပြန်၍ပိတ်သွား ကို စိတ်အားထက်သန်စွာ ပြောပြလိုက်သည်။

“အဲဒါ ... ဘာဖြစ်လဲ သီရိ”

ခင်ခင်ခက ပေါ့ပေါ့တန်တန်သဘောပြန်၍မေးသည် သီရိကအားမလိုအားမရဖြစ်ခဲ့ပြီး ...

“ဟဲ့ ... သရဲတစ္ဆေက တံခါးကိုဖွင့်လိုက်ပိတ်လိုက်လုပ်နေ သလားလို့ပေါ့ ... ”

“ဟို့ ... ဘယ်လိုပြောတတ်မှာလဲ သီရိရယ်”

“မှန်တယ် ... ဘယ်သူကပြောတတ်မှာလဲ ... သတ္တိရှိရင် အဲဒီခြေရင်းအိမ်ထဲ ဝင်ကြည့်လိုက်ရုံပဲ ... ”

“ဘုရား ... ဘုရား ... မိသီရိရယ် ... အဲဒီအိမ်က ဘယ်သူဝင် ရဲမလဲ ... သရဲကြီးမင်းလက်ဝါးရဲ့လက်ဝါးစာ မိသွားမှာပေါ့”

သီရိမေ ဘာဆက်ပြောရမှန်းမသိသဖြင့် နှုတ်ပိတ်နေ လိုက်သည်။

“ပြော် ... သီရိ ... ဟေ့ ... သီရိ”



www.burmeseclassic.com

www.burmeseclassic.com



"နားထောင်နေပါတယ် ... ပြောစရာရှိပြောလေဟယ်"

"သီရိကိုပြောဖို့မေ့နေလို့ ... အခုမှ သတိရလို့ပါ"

"ဘာများလဲ ... ခင်ခ"

"ဟိုကွာ ... စောစောက သီရိတို့ဖုန်းဆက်မရလို့ ဖုန်းချ
တုန်း ... ဟေမာ့ဆီက တို့ဆီကိုမဆက်စဖူးဖုန်းဆက်တ
ဟဲ့ ... "

"ခင်ခဆီကိုဆက်တာပဲ ... တို့နဲ့မှ မဆိုင်တာ"

"ဆိုင်တယ်ဟဲ့ သီရိ ... သူက သီရိနဲ့သိပ်ပြီးမိတ်ဆွေဖြစ်ချ
လို့ပါတဲ့ ... တို့ကို မိတ်ဆက်ပေးဖို့ပြောနေတယ်"

"ရသားပဲ ခင်ခ ... မဆန်းပါဘူး ... တနလ်ာနေ့ကျော
ပြန်ဖွင့်တော့ မိတ်ဆက်တာပေါ့ဟာ ... "

မိခင်ဖြစ်သူ ဒေါ်စိုးစိုးဈေးကပြန်လာပြီဖြစ်၍ ခင်ခ
ခကိုနှုတ်ဆက်ပြီး သီရိမေဖုန်းချလိုက်ပါတော့၏။





အခန်း ( ၉ )

သီရိမေ ခြံထဲသို့ပြန်ဆင်းခဲ့သည်။ ကျောင်းအားရက်တွင် မေမေကမီးဖိုဆောင်တွင် ချက်ပြုတ်ရေးကိစ္စလေးများသင်ပေးလေ့ရှိသည်။ သီရိမေ တစ်ခါတစ်ရံစိတ်မပါ၍ မဝင်သည့်အခါ မေမေက အပြစ်မပြောပေ။

မီးဖိုဆောင်ဝင်ရန်စိတ်မပါ၍ ခြံထဲဆင်းခဲ့သောသီရိမေက အိမ်ခြေရင်းဘက်သို့လျှောက်ခဲ့သည်။

"ဟယ် ... ကြည့်စမ်း ... မာလကာသီးတွေ"

သီရိမေက ခြေရင်းခြံထဲမှ မြစိမ်းရောင်ထနေသော မာလကာသီးများကို ငေးကြည့်လိုက်မိပါ၏။

သရက်သီး၊ မရမ်းသီး၊ မာလကာသီးများဝင်းနေလျှင်



www.burmeseclassic.com

www.burmeseclassic.com



တက်ခူးချင်သည်မှာ သီရိမေ၏ငယ်ကျင့်ဖြစ်ပါ၏။

ခြံစည်းရိုးနားကပ်ကာ ... တစ်ဖက်ခြံသို့ကူး အပေါက်ရှာသည်။

"ဟော ... တွေ့ပြီ"

တံခါးပေါက်မှာ ဟိုဘက်ခြံ၊ ဒီဘက်ခြံကူးရန်သေး တံခါးလုပ်ထားဟန်တူသည်။ ခတ်ထားသော ... စိန်တံဆိပ်သော့ ခလောက်မှာ သံချေးများပင်တက်နေပေပြီ။

အသင့်တွေ့ရသော ကျောက်ခဲတစ်လုံးယူ၍သော့ ခလောက်ကို သီရိမေထုလိုက်သည်။ သုံးချက်ခန့်ထုလိုက်မှ သော့ ခလောက်မောင်းပြုတ်ထွက်သွားသည်။

တံခါးကို ဆွဲဖွင့်လိုက်သည်။ တံခါးက အလိုက်သင့် ပွင့်သွား၏။

ခြေရင်းခြံသို့ သီရိမေကူးလိုက်၏။

မကြောက်တတ်သော်လည်း ဒီခြံထဲတွင်သရဲရှိသည် ဆိုသောအသိကြောင့် သီရိမေအနည်းငယ်တော့ ထိတ်လန့်မိပါ၏။

"သရဲဆိုတာ နေ့ခင်းတော့မခြောက်တတ်ပါဘူး ... ချာလီ ဆိုတဲ့လူနဲ့ သူ့ခိုးမောင်သီးကိုလုပ်လိုက်တာ ... ညဘက် ချည်းပဲ"





စိတ်ကိုတင်းကာ သီရိမေမာလကာပင်အောက်သို့ သွားလိုက်၏။ ဘာကိုမှမတွေးတော့ဘဲ မာလကာပင်ပေါ်သို့ သီရိမေ တက်ခဲ့တော့၏။ မာလကာသီးများမှာ မှည့်လွန်းသည်လည်း မဟုတ်၊ ဝမ်းမျှဉ်းအနေအထားဖြစ်သည်။ အသီးက လက်တစ်ဆုပ် စာလောက်ရှိပါ၏။

သီရိမေ မာလကာသီးတစ်လုံးကိုခူးကာ အပင်ပေါ် မှာပဲအကိုင်းနှင့်ပွတ်ကာ ကလေးတစ်ယောက်လိုစားလိုက်မိသည်။ ကောင်းလိုက်သည့်ဖြစ်ခြင်း။

မာလကာသီးရွရွကလေးများဆိုလျှင် သီရိမေကြိုက် လွန်းသည်။ ပန်းသီးနှင့်တောင်မလဲချင်။ နောက်ထပ် မာလကာသီး များကိုခူးသည်။ သုံးလုံးလောက်ရတော့ အောက်ကိုပစ်ချသည်။ ဒီ လိုမှ ပစ်မချလျှင် အပင်ပေါ်မှ ဆင်းရန်မလွယ်။ မာလကာသီးကို ပစ်ချပြီး အောက်သို့ သီရိမေကြည့်လိုက်သည်။

အပင်အောက်မှာ ခွေးနက်ကြီးတစ်ကောင် သူမကို မော်ကြည့်နေခဲ့၏။ ခွေးနက်ကြီးက ပါးစပ်ဟထားပြီး လျှာထုတ် ထားရာ အာခေါင်နဲ့လျှာမှာနီရဲနေခဲ့သည်။ သွားတွေနှင့်အစွယ်လေး ချောင်းက အဝါရောင်သန်းနေ၏။

မျက်လုံးအိမ်ကလည်းဝါနေပြီး သီရိမေကိုစိုက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



နေခဲ့သည်။

တစ်ချက်လေးမှပောင်သံမပြု၊ ဟိန်းသံမထွက်၊ ငြိမ်းရှိုးခွေးမှဟုတ်ပါလေစ။ သရဲခွေးများလား။ သီရိမေအတွေးရခက်နေမိပြီ။

ခွေးနက်ကြီးက ကျောက်ရုပ်လိုငြိမ်သက်စွာထိုင်နေခဲ့၏။ ဆင်းလာမှ ကိုက်မည့်သဘောပေပဲလား။

သီရိမေ ဘာလုပ်ရပါမည်နည်း။

ထိုစဉ်မှာပင် စာကလေးတစ်ကောင်၏အော်သံရှူးကာ သီရိမေခေါင်းပေါ်မှ ထွက်လာခဲ့ပြန်သည်။ သူမမော့ကြည့်သည်။

ဘုရား ... ဘုရား။

ဝါဆိုဖယောင်းတိုင်လုံးပတ်လောက်ရှိသော ဦးခေါင်းပြားပြားဖြင့် မြွေစိမ်းတစ်ကောင်က သစ်ပင်ပေါ်လာနားသော စာကလေးကိုလှမ်းကိုက်ရာမှ အော်သံထွက်လာခဲ့ခြင်းပဲဖြစ်ပါလေ၏။

ကြည့်နေရင်းဖျတ်ခနဲ စာကလေးလွတ်သွားသည်။ မြွေစိမ်း၏ပါးစပ်ထဲ စာကလေးဖင်မြီးအမွေးတွေ ကျန်ရစ်ခဲ့သည်။ မြွေစိမ်းဆိုတာက သစ်ပင်ပေါ်တက်ကာ အစာရှာတတ်သော





သဘာဝရှိသည်။

ငှက်သိုက်ထဲမှ ငှက်ကလေးတွေတွေ့လျှင်စား၏။ ဥကိုတွေ့လျှင် ဖောက်မျို၏။ တချို့ကအဆိပ်ရှိသည်။ အချို့ကကိုက်လျှင်မသေ။ အကိုက်ခံသူ၏တစ်ကိုယ်လုံး ဖောရောင်လာတတ်သည်ဟူ၍ဆိုကြ၏။

အစာလွတ်သွား၍ မြွေစိမ်းတဒေါသထွက်နေပုံရ၏။ မိပြီးအစာလွတ်သွားခြင်းမှာ သီရိမေကြောင့်ဟူ၍ သူ့အသိဖြင့်တွေးကာ ဆင်းလာနေသည်လားမပြောတတ်။ တရွေ့ရွေ့ဆင်းလာနေခဲ့သည်။

မယွှယ် ... ။ သီရိမေအတွက် ဘေးကျပ်နံကျပ်။ အပေါ်မှာမြွေစိမ်း အောက်တွင်အစွယ်တဖွေးဖွေးနှင့်ခွေးနက်ကြီး။ ရိုးမှရိုးရဲ့လား။ သရဲတွေတစ္ဆေတွေလား။

တုန်လှုပ်စွာသီရိက မြွေစိမ်းကြီးကိုငြိမ်သက်စွာကြည့်နေမိ၏။

“ဖန်း ...”ဟူသောအသံ ထွက်လာခဲ့ပြီး မြွေစိမ်းကြီးအပေါ်မှလျောကျသွား၏။ ရိုးရိုးကျသွားခြင်းတော့မဟုတ်။

မြွေစိမ်း၏ခေါင်းမှ သွေးများစီးကျကာ အောက်သို့ကျသွား၏။ ထိုရောအခါ သီရိမေအောက်သို့ကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



တိုက်အိမ်၏ခြေရင်းဘက်တွင်ကွယ်၍ ထိုင်နေသူတစ်ဦးကိုတွေ့ရ၏။ သူ့လက်ထဲတွင် ပစ္စတိုသေနတ်အသေးစားလေးတစ်လက်ရှိနေပါ၏။

မြွေစိမ်းကိုလှမ်းပစ်ပြီးနောက် … သူ၏သေနတ်ကိုဘေးသို့ချထား၏။

ထိုလူကအနားပြားကြီးသောဦးထုပ်ကိုဆောင်းထားသဖြင့် သီရိမေအပေါ်မှ သူ့မျက်နှာကိုအမြင်ရဦးထုပ်ကိုပဲမြင်ရသည်။

သီရိမေအောက်ကိုမဆင်းရဲသေး။ ခွေးနက်ကြီးကမာလကာပင်အောက်တွင် တွန့်လိမ်နေသောမြွေစိမ်းကြီးကိုထိုင်ရာမထ စိုက်ကြည့်နေခဲ့၏။

"ဟော့ကောင်အရိုင်း … မြွေကိုယူသွားပြီးခြံနောက်သွားပစ်လေကွာ … မြွေသေသွားလည်း ပုပ်စော်နံတာပဲအရိုင်းရ"

တိုက်ဘေးတွင်ထိုင်နေသူ၏ ပြောသံအဆုံးတွင် ခွေးနက်ကြီးသည် ချက်ချင်းထကာ တွန့်လိမ်နေသော မြွေစိမ်းရှိရာသို့သွားသည်။ မြွေ၏လည်မျိုနေရာကို ဆတ်ခနဲကိုက်ကာ … ခြံအနောက်ဘက်သို့ပြေးလွှားထွက်သွားခဲ့တော့၏။

ထိုအချိန်ကျမှ ရဲရဲတင်းတင်းသီရိမေ မာလကာပင်ပေါ်မှဆင်းရဲပါ၏။ သေနတ်နှင့်ပစ်သည်။ စကားပြောသည်။





ယ်လူနှင့်တကယ့်ခွေးပဲဖြစ်ရမည်။ နာနာဘာဝတွေမဖြစ်နိုင်သော့။

သီရိမေ ကြောက်စိတ်ပြယ်သွားခဲ့ပြီ။

တိုက်နဘေးထိုင်နေသူက သီရိမေဆင်းလာသည်ကိုမကြည့်။

သို့သော် … အနားကပ်သွားသည်နှင့် ထိုသူ့အဝတ်စားနှင့်ပုံသဏ္ဍာန်ကို သီရိမေသိလိုက်ပါ၏။

"ရှင် … ရှင် … ကိုအနုတ္တ"

သူမော်ကြည့်၍ ပြုံးပြသည်။

"တို့ကို သီရိမေမှတ်မိသားပဲ … "

"သိပ်မှတ်မိတာပေါ့ … သီရိရဲ့အရှက်ကို ကယ်တင်ကာကွယ်ပေးဖူးတဲ့သူကို သီရိဘယ်မေ့ပါ့မလဲ … အခုလဲ မြွေစိမ်းကိုက်မယ့်ဘေးကရော၊ ခွေးကိုက်ခံရမယ့်ဘေးကပါ … ကိုအနုတ္တပဲ ကယ်တင်ပေးပြန်ပြီ … သီရိပေါ် ကျေးဇူးတွေထပ်တလဲလဲတင်နေပြန်ပြီလေ"

"မြွေကတော့ … ကိုက်ချင်ကိုက်မလားဘဲ … တို့မွေးထားတဲ့ အကောင်မှမဟုတ်တာ … အရိုင်းကတော့ မကိုက်ပါဘူး အရိုင်းက … တို့ကိုက်ခိုင်းတဲ့လူမှ ကိုက်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ခွေးနာမည်က အရိုင်းတဲ့ ... ဟုတ်လား"

"ခွေးလို့မခေါ်ပါနဲ့ ... အရိုင်းဟာ လူတွေထက်ပိုပြီးသစ္စာရှိတယ် ... "

အနတ္တက ခွေးကိုခွေးဟုခေါ်ပုံကိုကြိုက်ပုံမရ။ အသံကခပ်ဆတ်ဆတ်။ သီရိမေ သူမကြိုက်မှန်းသိလိုက်ရပါ၏။

"ဒါဆိုရင် ... ဘယ်လိုခေါ်ရမလဲဟင်"

"အရိုင်းကို အရိုင်းလို့ပဲခေါ်ပါ ... "

"ဟုတ်ကဲ့ရှင့် ... အရိုင်းဟာ သိပ်လိမ္မာတာပဲနော်"

"စကားပြန်မပြောတတ်တာကလွဲရင် သင်ပေးသလောက်တတ်တယ် ... အရိုင်းနဲ့တို့ကြားမှာ နားလည်မှုတွေအများကြီးရှိတယ်"

ထိုစဉ်မှာပင် အရိုင်းပြန်လာသည်။

သီရိမေနှင့် အနတ္တတို့စကားပြောနေသည်ကိုတွေ့သဖြင့် အရိုင်းက ဆယ့်လေးငါးပေအကွာခန့်တွင် ရပ်နေခဲ့သည်။

"လာပါကွာ အရိုင်းရ ... သီရိက တို့မိတ်ဆွေပဲဖြစ်မှာပါ ... ရန်သူဖြစ်သွားလည်း တစ်မျိုးပေါ့ကွာ"

အရိုင်းက ဖြည်းညင်းစွာပင်ရှေ့သို့တိုးလာပြီး အနတ္တ၏ဘေးတွင် ဆောင့်ကြောင့်ထိုင်လိုက်သည်။ အရိုင်းက သီရိမေ၏





[illegible]တို့စိုက်ကြည့်နေပုံရသည်။

"ကိုအနတ္တ ... ဒီအိမ်မှာနေသလားဟင် ... တစ်ခါတလေဝတ္တုလားကော တီးသလား ... "

"တို့ပြောဖူးသားပဲ ... ဘုန်းကြီးကျောင်းပျက်၊ ဇရပ်၊ လူမနေတဲ့အိမ်မျိုးတွေမှာ တို့နေတတ်တယ်လို့လေ ... ဒီအိမ်ကြီးကလူမနေတော့ တို့နေလို့ရတာပေါ့ ... "

"ဒီအိမ်မှာ ... မင်းလက်ဝါးသရဲဆိုတာ ရှိတယ်လို့ပြောတယ်"

"ဟုတ်လား ... ရှိချင်လည်းရှိမှာပေါ့ ... သရဲတစ္ဆေဆိုတဲ့နာနာဘာဝတွေဟာ လူမနေတဲ့အိမ်၊ ဘုန်းကြီးကျောင်းပျက်၊ ဇရပ်ဆိုတဲ့နေရာတွေမှာ ရှိတတ်၊ နေတတ်ကြတာပဲ"

"အယ် ... ကိုအနတ္တစကားနဲ့ ကိုယ်ပါနာနာဘာဝဖြစ်သွားရောပဲ"

အနတ္တ အသံထွက်အောင်ရယ်တော့သည်။

"အတူတူပဲပေါ့ မသီရိမေ ... နာနာဘာဝဆိုတာ အပြယ်ခံဘဝပဲ ... လူတွေဟာ နာနာဘာဝကိုကြောက်တယ်၊ မုန်းတယ် ... ဘယ်သူက ထမင်းစားပါဦး၊ အိမ်လာလည်ပါဦးလို့ခေါ်မှာလဲ ... တွေ့ရင်ရှောင်ပြေးတဲ့သူချည်းပဲ"

"ကိုအနတ္တက ... တစ်မျိုးကြီးပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... သီရိမေပြန်တော့ ... ခူးထားတဲ့မာလကာသီးတွေ

လည်း ကောက်သွားပေါ့ ... တို့နဲ့အရိုင်းလဲ ထမင်းဆာပြီ

မနက်စာစားတော့မယ်"

"အိမ်ကိုလိုက်ခဲ့ပါလား ကိုအနတ္တ ... အိမ်မှာ မနက်စာစား

မယ်လေ"

"ဟာ ... မဟုတ်တာ"

"တကယ်ခေါ်တာပါ ... ကိုအနတ္တ ကယ်တင်ခဲ့တာကို တစ်

အိမ်သားလုံးက ကျေးဇူးတင်နေတာပါ ... အခုတစ်ခါမြေ

ကိုက်ခံရမဲ့ဘေးက ကယ်လိုက်တာကိုပြောရင် ... ဒါတစ်

အသက်ဘေးမို့ ... "

အနတ္တ ဘာမျှပြန်မပြောပေ။

သူ့ဘေးတွင်ချထားသော အိတ်ကြီးထဲသို့လက်နှိုက်

သည်။

ပလတ်စတစ်ဘူးနှစ်ဘူး ထွက်လာသည်။ တစ်ဘူး

ကိုအဖုံးဖွင့်ကာ အရိုင်းရှေ့သို့ချပေးလိုက်သည်။ ခေါက်ဆွဲကြော်တွေ

ဖြစ်ပါ၏။

"မဖိတ်အောင်စားနော် အရိုင်း ... ဘေးဖိတ်ကျတာတွေ့ရင်

ဆော်ပဲ"





အိတ်ကြီးထဲသို့ သူလက်နှိုက်ပြန်သည်။ စတီးဇွန်း

တစ်ချောင်း ထွက်လာခဲ့၏။ ပလတ်စတစ်ဘူးကို ဖွင့်လိုက်သောအခါ

ခေါက်ဆွဲကြော်ပဲဖြစ်သည်။

ဇွန်းဖြင့် ခေါက်ဆွဲကိုမွှေပြီး တစ်ဇွန်းစားကာ သီရိ

မေကို ဘူးမြှောက်ပြ၏။ စားပါဦးလားဟူသည့် သဘောပင်ဖြစ်ပါ၏။

သီရိမေ ခေါင်းခါပြ၍ပြုံးသည်။

"သီရိက ... တို့ကိုကယ်တင်ရှင်အဖြစ်နဲ့ အိမ်ခေါ်သွားပြီး

ထမင်းကျွေးတဲ့အခါ ... မိဘတွေက ကိုယ့်သမီးလေး ကျေး

ဇူးရှင်မို့ ထမင်းကျွေးရပေမဲ့ ... တို့လိုလူ စည့်ခန်းထဲဝင်ထိုင်

ထား၊ ထမင်းစားခန်းထဲမှာ ... စားတာမြင်တော့ စိတ်ထဲမှာ

ဘယ်လိုခံစားရမလဲ ... နောက်ပြီး သီရိမေတို့နဲ့ အဆင့်

အတန်းတူတဲ့ မိတ်ဆွေတွေရောက်လာတာနဲ့ ... ကြုံရင်

အဲဒီလူတွေရဲ့ရင်ထဲ ဘယ်လိုခံစားရမလဲ"

"အို ... ဒါကတော့ ... "

"ဆက်နားထောင်ပါဦး သီရိ ... လောကမှာ ကျေးဇူးတင်

တာက အခြားအဆင့်အတန်းကွာခြားတာက တခြားပါ

တကယ်လို့သာ တို့ဟာ သီရိတို့ကျောင်းက ... မြင့်သိန်း

အောင်တို့လို၊ ခေါင်းရင်းခြံက အောင်ကျော်ကျော်တို့လိုဆို



www.burmeseclassic.com

www.burmeseclassic.com



ရင်တော့ ... ”

စကားဖြတ်ကာ အနတ္တက ရယ်လိုက်ပါ၏။ ပြီး စကားဆက်၏။

“ဒါပေါ့ သမီးလေး ... သီရိမေကို ကယ်လိုက်တာ မော အောင်ကျော်ကျော်လေ ... သူ့မိဘတွေက အငြိမ်းစားရဲ့ ကြီးလေ ... မောင်အောင်ကျော်ကျော်က ရန်ကုန်စက် တက္ကသိုလ်ကဘွဲ့ရပြီး သင်္ဘောလိုက်နေတာ ... ပြောရ လေးတွေ၊ ဂုဏ်ယူစရာလေးတွေနော် ... ”

သီရိမေက အနတ္တကိုငေးကြည့်နေမိသည်။

“ဟောဒါ ... မောင်မြင့်သန်းအောင်တဲ့ ... သမီးသီရိတို့ တစ်ကျောင်းတည်းအတူနေပေါ့ ... သူ့မိဘတွေက ဒီမြို့မှာ လူချမ်းသာတွေ ... သမီးလေးကံကောင်းတယ် ပြောရ ပဲ ... မောင်မြင့်သန်းအောင် ဝင်ကယ်လိုက်လို့သာပေါ့ ... ဟင်း ... ဟင်း ... မဟုတ်ဘူးလား သီရိ”

“အို ... သီရိကို ကယ်တာသူတို့မှမဟုတ်တာ ... ”

“အဲဒါကြောင့်မို့ပေါ် ... တို့ကျတော့ ဘယ်လိုပြောမလဲ ... ဟောဒါပေါ့ သီရိကိုကယ်တာ ... နာမည်က အနတ္တတဲ့ မိ တွေကလည်း ဘယ်သူမှန်းမသိပါဘူး ... သူကလည်း အိမ်





ခြေရာခြေအတည်မရှိပါဘူး ... ပုံသဏ္ဌာန်ကို ကြည့်ဦးလေ... ပလတ်စတစ်ကောက်တဲ့ လူပုံစံ ... ဒီတော့ တို့ကသီရိ ကျေးဇူးဆပ်ချင်တယ်ဆိုတာကို ငြင်းရမယ်သီရိ”

သီရိမေသည် ကိုအနတ္တပြောသည်ကို လေးနက်လှ သည်ဟု ရင်ထဲမှတ်ချက်ပြုမိပါ၏။

“လူတွေမှာ ဒူးနေရာဒူး ... တော်နေရာတော်ဆိုတာရှိပါ တယ် ... တို့က ဒူးနေရာရောက်နေတဲ့သူ ... ကူညီခွင့်ကြုံ လို့ ကူညီလိုက်တယ် ... သီရိက ကျေးဇူးတင်ပါတယ်ဆိုရင် လုံလောက်ပါပြီ ... တို့ကြောင့် သီရိမေတို့မိသားစုဂုဏ် သိက္ခာ ဘာလို့အညှိုးအနွမ်းခံမှာလဲ”

သီရိ ငိုချင်စိတ်ပေါက်သွားမိသည်။ အနတ္တစကားကို နားထောင်ရင်း အလိုလိုသနားမိသလိုလိုခံစားရပါ၏။ သူပြောသလို င် မေမေက ကျေးဇူးတင်သည်မို့ ပိုက်ဆံအထုပ်လိုက်ပေးရန် နှမြောချင်မှနှမြောမိမည်။ သို့သော် ညွှန်ခန်းထဲဝင်ထိုင်သည်ကို ဘဝင်ကျချင်မှ ကျပေလိမ့်မည်။

ကိုအနတ္တကိုကြည့်ပြီး သီရိအတွေးရခက်သည်။ လူ ကြည့်တော့ အနုတ်စုတ်ဂုတ်စုတ်။ မြေစိမ်းကို သေနတ်နှင့်ပစ်ခဲ့ သည်မှာ လက်ဖြောင့်လှသည်။ ပြီးတော့ သူသေနတ်ကိုဘယ်ကရ



www.burmeseclassic.com

www.burmeseclassic.com



ပါသနည်း။ ထိုသေနတ်သည် လိုက်စင်မဲ့ဆိုလျှင်။ သူလိုလူက လူ
သူနိုးဖြစ်နိုင်ပါ့မလား။

"ဟော … ဟိုမှာ မေမေခေါ်နေပြီ … သီရိပြန်တော့မယ်
ကလေးတစ်ယောက်လိုပင် သီရိမပြေးထွက်သွား
မိသည်။

အနတ္တ သက်ပြင်းတစ်ခုကိုချလိုက်မိပါ၏။





## အခန်း ( ၁၀ )

ညသန်းခေါင်ကျော်တွင် ဝုန်းဒိုင်းကြဲနေသောအသံ
ပေါ်ထွက်လာခဲ့သည်။ ဦးဖိုးမှီ၏ ခြံထဲမှထွက်လာသော အသံ
ဖြစ်ပါ၏။ တစ်ယောက်နှင့်တစ်ယောက်သတ်ပုတ်သံတွေလည်း
ကြားနေရ၏။ ခွေးတစ်ကောင်၏ မာန်ဖီကိုက်ခဲသံတွေလည်း ကြား
ရသည်။

သေနတ်သံတွေလည်းကြားရ၏။ အော်သံဟစ်သံ
တွေလည်း ကြားနေရသည်။

ဦးမင်းမောင်က ခေါင်းအုံးအောက်မှ သေနတ်ကိုဆွဲ
ကာ အပြင်ထွက်ရန်ပြင်သည်။

"မသွားနဲ့ ကိုမင်းမောင် … စိုးစိုးတို့က ဒီမြို့မှာသူစိမ်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသေးတယ် ... ဘာမှန်းမသိညာမှန်းမသိနဲ့"

ဒေါ်စိုးစိုးတားထား၍ ဦးမင်းမောင် မသွားနိုင်ခဲ့ပါ

လေတော့။

"ဟုတ်သားပဲ မေမေ ... ဒီမြို့မှာ မေမေ့ကိုလူတိုင်းသိကြ

သေးတာမဟုတ်ဘူး ... တော်ကြာ မှားယွင်းပြီးပစ်မိခတ်မိ

ပါမယ် မေမေရယ်"

သီရိမေကလည်း ဖခင်ကိုဆွဲထားလိုက်၏။

ထိုစဉ်မှာပင် ကားသံတွေကြားရသည်။ ရဲအရာရှိ၏

အော်ဟစ်ပြောဆိုသံလည်း ကြားရသည်။

"ဟို ... ဦးသန်းအောင် ... ခင်ဗျားတပည့်တွေနဲ့အတူ လက်

နက်ချပြီးထွက်ခဲ့ပါ ... ပတ်ပတ်လည် ရဲအဖွဲ့ကဝိုင်းထားပြီး

ပြီ ... လက်နက်မချရင် ပစ်မိန့်ပေးရပါလိမ့်မယ်"

ထို့နောက် သေနတ်သံတွေ ဆူညံသွားခဲ့ပါလေ၏။

(၁၀)မိနစ်ခန့် ပစ်သံခတ်သံတွေ ကြားရသည်။

စကားပြောသံတွေ၊ ရဲအရာရှိ၏ အမိန့်ပေးသံတွေကြားရသည်။

ဦးမင်းမောင်ကို သီရိမေတို့သားအမိတားထား၍

သွားမကြည့်ဖြစ်ခဲ့။ အိမ်ထဲမှာပင် မီးမထွန်းဘဲကြည့်နေမိကြ၏။

လက်နှိပ်ဓာတ်မီးရောင်တွေတဝင်းဝင်းတွေ့ရသည်။





တိုက်အိမ်ပေါ်တွင် မီးထွန်းထားသော်လည်း မီးလုံးများဖြစ်၍ လင်း

လင်းချင်းချင်းမရှိလှ။ ရဲကားပေါ်သို့ လူနှစ်ယောက်ထမ်းတင်နေ

သည်ကို တွေ့ကြရသည်။

တချို့သူများကို ကားပေါ်သို့တွန်းထိုးတင်နေသည်

ကို မြင်ကြရ၏။ ၎င်းတို့အားလုံး လက်ထိတ်ခတ်ခံထားရသူများဖြစ်

သည်။

ခြံထဲသို့ ရဲအဖွဲ့က မည်သူ့ကိုမျှဝင်ခွင့်မပေး၍ အနီး

အပါးမှ လူများအပြင်မှနေ၍ ရပ်ကြည့်နေခဲ့ကြပါ၏။

နာရီဝက်ခန့်အကြာတွင် ရဲကားများမောင်းထွက်

သွားခဲ့ကြသည်။

ခြံအပြင်တွင်လည်း လူရှင်းသွားခဲ့သည်။

မနေ့က မိမိမာလကာသီးခူးပြီး ပြန်လာပြီးနောက်

ကိုအနဲ့တွ ထိုခြံထဲတွင်ဆက်ရှိနေသည်လား မရှိသည်လားမသိနိုင်

တော့။ သူ့လက်ထဲတွင် သေနတ်တစ်လက်ရှိနေသည်ကိုတော့ သီရိ

မေတွေ့ခဲ့ပြီးသားဖြစ်သည်။

ကိုအနဲ့တွကိုများ သူခိုးဓါးပြဆိုပြီး ရဲကဝိုင်းပစ်ကြ

သမ်းကြတာလား။ ကိုအနဲ့တွ တစ်ခုခုဖြစ်သွားမည်ကို သူမစိုးရိမ်မိ

သည်။



www.burmeseclassic.com

www.burmeseclassic.com



သီရိမေ စိတ်တွေလှုပ်ရှားနေခဲ့မိသည်။

စဉ်းစားရင်း ဖျတ်ခနဲသတိရလိုက်မိသည်။ ဓာ
တောက ဝရန်းသုန်းကားဖြစ်နေစဉ် ရဲအရာရှိက ...

"ဗျို့ ဦးသန်းအောင် ... ခင်ဗျားတပည့်တွေနဲ့အတူ လက်
နက်ချပြီး ထွက်ခဲ့ပါ ... "

ဟူ၍။

ဒါဆို ... ညကရဲတွေနှင့် ပစ်ကြခတ်ကြသည်မှာ
ကိုအနတ္တကို ဦးတည်ချက်ထားသည်မဖြစ်နိုင်။

ဦးသန်းအောင် ... ဦးသန်းအောင်။

ယင်းနာမည်သည် သီရိမေနှင့်နားမစိမ်း။ ကြားဖူးနေ
သည့်နာမည်။ ရုတ်တရက်တော့ စဉ်းစားမရ။ သီရိမေ ဟိုဒီတွေး
ကာ အိပ်မပျော်ပါလေတော့။

သူမ ခြင်ထောင်အမိုးဖြူဖြူကို ငေးကြည့်နေစဉ်မှာ
ပင် ပတ္တလားတီးသံနှင့် အဆိုပါရောပြီးကြားလိုက်ရသည်။ သီရိမေ
အိပ်ရာမှထကာ ပြတင်းပေါက်ကို သွား၍ဖွင့်ကာကြည့်လိုက်မိသည်။

**သံသာလေ ကမ်းတိုင် xxxxx တူပြိုင်လေကူးမယ်**

**ဆုထူးငယ် xxxxx ပန်ရှယ်သွန်း xxxxx**

**ချစ်လို့ရယ်မကုန် xxxxx ဝသုန်ကျမြေ**





**သီကြားစေ xxxxx သက်သေညွန်း xxxxx**

ချစ်သမျှကို ပတ်ပျိုးပဲဖြစ်သည်။ ဤသီချင်းကို
...အေယဉ်ပါးနေခဲ့မိသည်။ ဖေဖေအလွန်နှစ်မြို့က်သည့် သီချင်း
[illegible]

သီရိမေ နားစွင့်နေဆဲ သီဆိုသံနှင့်ပတ္တလားသံက
...ရုပ်သွားခဲ့သည်။ နောက်ထပ်ဘာသံမျှ မကြားရတော့။ သီရိ
...ိပ်ရာထဲလှဲလိုက်မိပါ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်မြို့လုံး ညကအကြောင်းကိုပဲပြောနေခဲ့ကြသည်

ဈေး၊ လက်ဖက်ရည်ဆိုင်၊ ကားဂိတ်၊ မြင်းလှည်းဂိတ်၊ ဆိုက်ကားဂိတ်၊ ကျောင်း၊ နေရာအနှံ့အပြား သည်စကားပဲ ပြောဆိုခဲ့ကြ၏။

ဦးသန်းအောင်၊ ဒေါ်မချူဆိုတာ ဤမြို့မှာလူတကာသိသော လူချမ်းသာများ။ ယင်းဦးသန်းအောင်နှင့် တပည့်လေးဦးကို ညကရဲအဖွဲ့ဝင်များဖမ်းဆီးခဲ့ကြသည်။

ဦးသန်းအောင်တို့အဖွဲ့ကို ညတွင်းချင်းမန္တလေးထောင်ကြီးသို့ ခေါ်ဆောင်သွားခဲ့၏။ ပြစ်မှုမှာ သက်သေခံအထောက်အထားများနှင့် ဖမ်းဆီးရမိခဲ့ခြင်းပဲ ဖြစ်ပါလေ၏။ ရဲကိုလိုင်စင်မဲ့သေနတ်များဖြင့် ခုခံပစ်ခတ်မှုလည်းပါသည်။





သီရိမေနှင့်ခင်ခင်ခတို့ ကျောင်းသို့အသွား စက်ဘီးနင်းယှဉ်နင်းကာ ပြောဖြစ်ကြ၏။ ခင်ခင်ခက သူမသိထားသမျှပြောပြခဲ့သည်။

"ဦးသန်းအောင်ဆိုတာ … မြင့်သန်းအောင်တို့အဖေလေ သီရိရဲ့ …"

"အယ် … ဟုတ်သားပဲ၊ ဒါကြောင့် … နားမစိမ်းဘဲကြားဖူးသလိုဖြစ်နေတာကိုး … တို့ကိုပေးတဲ့ ရည်းစားစာထဲ မြင့်သန်းအောင်က … သူ့မိဘတွေ နာမည်ထည့်ရေးနေတွေ တာပဲ"

"ညက … တို့ဖေဖေရော၊ ဘဘကျော်ခေါင်နဲ့ကိုခွန်နက်ရှိသေးကျော်ကျော်တို့ … အဲဒီခြံရှေ့ရောက်သေးတယ် … ရဲမင်းကြီးဟောင်းဆိုတော့ ရဲအရာရှိက … ခြံထဲပေးဝင်တယ် … ဒီမြို့မှာ သူ့တပည့်တွေများတယ်တဲ့"

"ခင်ခတို့ဖေဖေက … ခင်ခကိုဘာတွေပြောပြသေးလဲဟင်"

"ဦးဖိုးမှိုသေးသွားတဲ့နောက် … ဦးသန်းအောင်က ဦးဖိုးမှိုရဲ့ခြံနဲ့တိုက်ထဲမှာ ပစ္စည်းလုပ်တဲ့စက်တည်ထားတယ် တဲ့ … ခြံထဲမှာရော၊ တိုက်အိမ်မှာရော သေသွားတဲ့ဦးဖိုးမှိုဟာ … မကျွတ်မလွတ်ဘဲ သရဲဖြစ်နေတယ်ဆိုတဲ့ သတင်းက တစ်မြို့လုံးပြန့်နေတော့ … ဘယ်သူမှ ဦးဖိုးမှိုရဲ့ ခြံနဲ့တိုက် အိမ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



မဝင်ရဲတာကို အခွင့်ကောင်းယူခဲ့တာ ... သူ ငွေစက္ကူစက် တည်ပြီးတဲ့နောက် သရဲခြောက်တဲ့သတင်းရော၊ ဦးဖိုးမှီ ဒီမြို့ကိုမရောက်ခင်က ... တကယ့်လူဆိုးဓါးပြ၊ လူ ကြမ်းကြီးဖြစ်ခဲ့တယ်ဆိုတဲ့ သတင်းတွေကိုပါ ဦးသန်းအောင် ကပဲ သတင်းဖြန့်ခဲ့တာ ... ချာလီနဲ့သူခိုးမောင်သီးကို သရဲ လိုခြောက်လှန့်ပြီး ရိုက်လွှတ်ခဲ့တာလည်း ... သူတို့ပဲလေ ဦးဖိုးမှီဟာ မင်းလက်ဝါးသရဲကြီးဖြစ်နေပါတယ် ... ဆိုတဲ့ သတင်းဖြန့်မှ ခြံထဲမဝင်ရဲဘဲ ... သူတို့လုပ်ငန်းအောင်မြင် မှာမဟုတ်လား"

ကျောင်းတွင် သူ့အစုနှင့်သူ ဦးသန်းအောင်တို့အ ဂိတ်။

ကျောင်းသူကျောင်းသားတွေက ပြောနေခဲ့ကြပါ၏။ ပြော သဖြင့် ဦးသန်းအောင်၏သား မြင့်သန်းအောင်က ဤကျောင်း မှကျောင်းသားဖြစ်နေခဲ့ခြင်းပင်။

"ဦးသန်းအောင်ကြီးက ... ဒီလောက်ချမ်းသာနေတာ ငွေ စက္ကူအတုလုပ်သေးသတဲ့ကွာ အံ့ရော ... သူမှာ ဆီစက်၊ ဆန်စက်၊ တွင်ခုံ၊ ရွှေပန်းထိမ်တွေရှိရဲ့သားနဲ့"

"ဟာ ... တချို့လူတွေဟာ ချမ်းသာလေပိုပြီး လောဘကြီး လေပဲ ... ပိုပြီးချမ်းသာအောင် ဖြတ်လမ်းကလိုက်ရော"

ကျောင်းတက်ခေါင်းလောင်းထိုး၍ ကိုယ့်အတန်း





ကိုယ်ဝင်ခဲ့ကြသည်။

ကျောင်းသားကျောင်းသူများက မြင့်သန်းအောင် ထိုင်သည့်နေရာသို့ လှမ်းကြည့်ကြသည်။ မြင့်သန်းအောင် ကျောင်း မတက်ပေ။

ဆရာရောက်လာပြီး သင်ခန်းစာသင်နေခဲ့သည့်တိုင် သီရိ၏စိတ်များ ပျံ့လွင့်နေခဲ့သည်။ ကျောင်းစာတွင် အာရုံစိုက်၍ မရခဲ့။

ခင်ခင်ခ ပြောသွားသည့်အထဲတွင် ... ကိုအနဏ္ဍ အကြောင်း တစ်စွန်းတစ်စမျှပါမလာခဲ့ပေ။ အရိုင်းဆိုသည့် ခွေးနက် ကြီးအကြောင်းလဲမပါ။ သူတို့သိထားချင်းသည် အပေါ်ရံမျှသာရှိသေး သည်ဟု သီရိမေထင်မိပါ၏။

ညက ရဲအဖွဲ့မှ ပစ်ခတ်ဖမ်းဆီးပြီးနောက် ခြံထဲက ဝတ္တုလားသံ၊ သီဆိုသံတွေအကြောင်းမပါ။

အင်းလေ။ ဒါတွေ သူတို့မှမသိတာ။ သီရိမေသာ မာ လကာသီးခူးရင်း ကိုအနဏ္ဍတစ်ယောက် ထိုခြံထဲသို့ရောက်နေ ကြောင်းသိခဲ့သာဖြစ်ပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၁ )

သီရိမေစကားကြောင့် မေမေရော၊ ဖေဖေပါပြုံး သည်။

"ဘဘကျော်ခေါင်တို့အိမ် သွားလည်ကြရအောင်နော် ..."

မိဘနှစ်ပါးပြုံးကြပုံကို သီရိမေသိပါ၏။ မေမေက သီရိမေကို ကိုအောင်ကျော်ကျော်နှင့်သဘောတူချင်နေသည်။ ဦးကျော်ခေါင်နှင့် ဒေါ်လေးငယ်ကိုယ်တိုင်က သီရိမေကိုချွေးမတော်ချင်နေပုံမက အောင်ကျော်ကျော်ကိုယ်တိုင် သီရိမေကိုလိုလားနေမှန်း မေမေအသိဆုံးဖြစ်သည်။

"သွားတာပေါ့ သမီး ..."

မေမေက ရယ်မောမောပင် အလွယ်တကူလိုက်





လျောလိုက်သည်။ ဖေဖေကတော့ သီရိမေကိုအကဲခတ်သလိုတစ်ချက်ကြည့်သည်။

"ထူးထူးဆန်းဆန်းပါလား ... ခါတိုင်း ဖေဖေတို့အလည်ခေါ်တာတောင် သမီးမလိုက်ဘူး အခုလိုက်ချင်တာအဲကြောင်းတစ်ခုခုရှိလို့များလားသမီး ..."

"ဩော် ... ကိုမင်းမောင်နှယ် ... ကလေးကို ဘာတွေမေးနေတာလဲ ... ဒီမြို့မှာ လည်စရာအိမ်ဆိုလို့ ခင်ခင်တို့အိမ်နဲ့ ခေါင်းရင်းအိမ်ပဲရှိတာ ... ဩော် ... နေ့ခင်းက မောင်အောင်ကျော်ကျော်ကတောင် စိုးစိုးကိုပြောနေသေးတယ် ... ကိုမင်းမောင် ..."

"မောင်အောင်ကျော်ကျော်က ... စိုးစိုးကို ဘာပြောသလဲ"

"သမီးသီရိ ... ဆယ်တန်းမှာမလိုက်နိုင်တဲ့ ဘာသာရှိခဲ့ရင် သူသင်ပေးနိုင်ပါတယ် ... အားမနာပါနဲ့တဲ့လေ"

"ဟင့်အင်း၊ သင်စရာမလိုပါဘူး ... သီရိ ဘာသာတိုင်းမှာ စာလိုက်နိုင်ပါတယ် ... မနှစ်ကလိုပေါ့ပေါ့ဆဆမှမရှိဘဲ ... ညက ခြေရင်းအိမ်ရဲ့အကြောင်းကို အသေးစိတ်သိချင်လို့ပါ ဘဘကျော်ခေါင်က ... မနေ့ညက မြို့ထဲအထိဝင်ကြည့်ရတယ်တဲ့ ... အဲဒါ သီရိက ဘဘကျော်ခေါင်ပြောတာ နား



www.burmeseclassic.com

www.burmeseclassic.com



ထောင်ချင်လို့ပါ”

ဖေဖေကပြုံး၍ ခေါင်းညိတ်သည်။

“ဟုတ်တယ် ... ဖေဖေလဲ မနေ့ညကဖြစ်တာတွေ သေချာ သိချင်တယ် ... သွားကြမယ်လေ”

ထို့နောက် သီရိမေတို့သားအဖသုံးဦး၊ ဦးကျော် ခေါင်တို့ခြံဘက် ကူးခဲ့ကြသည်။

ဦးကျော်ခေါင်၊ ဒေါ်လေးငယ်နှင့် အောင်ကျော် ကျော်တို့က လိုလိုလားလားဆီးကြိုနှုတ်ဆက်ပြုကြသည်။ အထူး သဖြင့် အောင်ကျော်ကျော်၏မျက်နှာပေါ်တွင် အပြုံးရိပ်များကို အထင်အရှားတွေ့နေရ၏။

ဒေါ်လေးငယ်က သီရိမေ၏ပခုံးလေးကိုကိုင်ကာ —

“သမီးလေးက ခါတိုင်းဖေဖေနဲ့မေမေလာရင် ... လိုက်မလာ ဘူးနော် ... အခုလို လိုက်လာမှပေါ့ သမီးရယ် ... အိမ်နီး နားချင်းဆိုတာ ဆွေမျိုးပဲလေ”

ဦးမင်းမောင်က ဝင်ပြောပါ၏။

“သီရိလေ မနေ့ညက ... ကျွန်တော်တို့ခြေရင်းခြံထဲက ဖြစ် ပျက်တာကို သိပ်စိတ်ဝင်စားနေတယ် ... မနေ့ညက ဦး ကျော်ခေါင်က အထဲထိဝင်လိုက်သွားရတယ်ဆိုတော့ အား





လုံးအစုံသိနိုင်တယ်တဲ့ ... ”

“သြော် ... သမီးက စုံထောက်အလုပ်တွေ၊ အမှုအခင်း အလုပ်တွေမှာ ... စိတ်ဝင်စားတတ်တယ်ထင်တယ်”

“အဲဒါတော့ အမှန်ပဲ ဦးကျော်ခေါင် ... သမီးကိုစာနဲ့ပတ် သက်လာရင် ဘာမဆို ကျွန်တော်ဖတ်ခွင့်ပေးထားတယ် လေ ... မဂ္ဂဇင်း၊ ဂျာနယ်၊ ဝတ္ထု၊ ရုပ်ပြ၊ အားလုံးကြိုက်ရာ ဖတ်ပဲ ... အဲဒါ သမီးသီရိက ဖတ်ပြီဆိုရင် ... စုံထောက်ဝတ္ထု တို့၊ စွန့်စားခန်းတို့လို လျှို့ဝှက်ဆန်းကြယ်လမ်းမျိုးတို့မှ ဖတ် တယ် ... ”

“အင်း ... ဒါကြောင့်လည်း သီရိက အခြားမိန်းမပျိုကလေး တွေနဲ့မတူဘဲ တမူထူးခြားနေတာပေါ့ ... ကောင်းတယ်၊ ကောင်းတယ် ... ဒီလိုဝတ္ထုမျိုးတွေမှာ စူးစမ်းစေချင်တာ တွေ၊ ဖတ်သူတွေအတွက် ဗဟုသုတ၊ စဉ်းစားတွေခေါ်ပုံ၊ သတ္တိတွေမွေးမြူတတ်စေအောင် လှုံ့ဆော်မှုတွေပါတာပဲ ... ကဲ ညကအကြောင်းကိစ္စ ဘဘကျော်ခေါင်သိသလောက် ပြောပြမယ် ... ”

ဒေါ်လေးငယ် ထိုင်ရာမှထသည်။

“အရီးတော်င်း လက်ဖက်လေးသွားသုပ်ဦးမယ်နော် ... မိုး



www.burmeseclassic.com

www.burmeseclassic.com



စိုးတို့နားထောင်ရင်း အပျင်းပြေစားရတာပေါ့ ...”

ဦးကျော်ခေါင်က စဖြီးပြောသည်။

“စိတ်တော့စိတ်ဝင်စားစရာပဲ ကိုမင်းမောင် ... ဒီအမှုကို ရဲအုပ်မောင်အေးမင်းကိုင်ရတာလေ ... မောင်အေးမင်းပြောပုံအရဆိုရင် ဦးမင်းမောင်တို့ ... ဒီမြို့ကိုပြောင်းမလာခင် သုံး၊ လေးလလောက်ကတည်းက ... ဒီမြို့ပတ်ဝန်းကျင်က နေ သတင်းရထားတာတဲ့ ... ရဲအုပ်မောင်အေးမင်း ဒီကိစ္စကို ကျိတ်ပြီး စုံစမ်းနေခဲ့တာ၊ ဘာအထောက်အထားမှ လက်ပူး လက်ကြပ်မရခဲ့ဘူး ... မသင်္ကာတာတော့ မသင်္ကာတာပဲ”

“လွန်ခဲ့တဲ့ သုံးလလောက်က ... ဦးဖိုးမှီဆုံးသွားတော့ သူ့ တိုက်ကို တံခါးပိတ်ထားခဲ့တယ်”

“သူ့မှာ သားရှိတယ်ဆို ...”

“ရှိတယ်လေ ... တပ်မတော်မှာ တပ်ကြပ်ကြီးဝတ္တုတဲ့ ... ဒီခြံနဲ့တိုက်ကို သူပဲအမွေဆက်ခံရတာ ... ဒါပေမဲ့ တပ်ကြပ်ကြီးဝတ္တုက လွန်ခဲ့တဲ့နှစ်လလောက်ကပဲ ... တိုက်ပွဲမှာကျ သွားတယ်”

“ဒါဆို ... အခု ဦးဖိုးမှီရဲ့တိုက်နဲ့ခြံဟာ ပိုင်ရှင်မဲ့ဖြစ်နေပြီပေါ့ ဦးကျော်ခေါင် ...”





“မဖြစ်ဘူး ဦးမင်းမောင် ... လွန်ခဲ့တဲ့ ဆယ့်ငါးရက်လောက်က ဦးဖိုးမှီရဲ့မြေး ... တပ်ကြပ်ကြီးဝတ္တုရဲ့သား မိုးချမ်းသာ ဆိုတဲ့လူငယ်တစ်ယောက် ဒီတိုက်နဲ့ခြံကို ... အမွေဆက်ခံဖို့ရောက်လာတယ်”

“မိုးချမ်းသာ ... ဟုတ်လား ဘဘကျော်ခေါင်”

သီရိမေက သိချင်ဇောဖြင့် ဝင်မေးလိုက်၏။

“ဟုတ်တယ်သမီး ... ရဲအုပ်မောင်အေးမင်းပြောတာပဲ ... ကောင်လေးနာမည်က မိုးချမ်းသာတဲ့ ... သူ့လက်ထဲမှာ ဒီတိုက်နဲ့ခြံကိုဆက်ခံတဲ့ စာချုပ်စာတမ်းနဲ့ဂရန်တွေပါလာ တယ် ... ခတ်ထားတဲ့ တိုက်ကိုဖွင့်ဖို့ သော့တွဲလဲပါလာ တယ်တဲ့ ... ဒါပေမဲ့ မိုးချမ်းသာက အရှမ်းမလုပ်ဘူး ... ရဲ စခန်းက ရဲအုပ်မောင်အေးမင်းဆီသွားပြီး ... ဒီတိုက်နဲ့ခြံကို သူအမွေဆက်ခံမယ့်အကြောင်း တင်ပြတယ်”

“အဲဒီ မိုးချမ်းသာက ... အသက်ဘယ်လောက်ရှိပြီတဲ့လဲ ဘဘကျော်ခေါင်”

“သေချာတော့မသိဘူး ... မောင်အေးမင်းပြောပုံတော့ အသက်နှစ်ဆယ်ကျော်လောက်ပဲ ...”

“အဲဒီ မိုးချမ်းသာက ... ဘာအလုပ်လုပ်သတဲ့လဲ ဘဘ”



www.burmeseclassic.com

www.burmeseclassic.com



"အဲသည်လောက်ထိ ဘဘမမေးမိဘူး ... မောင်အေးမင်း
ပြောသလောက်ပဲ နားထောင်ရတာ ... ဘဘ တကယ်
ချင်တာက အဲဒီညကအဖြစ်အပျက်က အဓိကမဟုတ်လား
မိုးချမ်းသာက သူအမွေရတဲ့တိုက်ကိုသော့ဖွင့်ပြီးနေမယ်
ပြောတော့ ... မောင်အေးမင်းက ဒီတိုက်နဲ့ခြံဟာ သ
ခြောက်တယ်လို့ သတင်းကြီးနေတာကို ပြောပြခဲ့တယ်"

"အဲဒီတော့ မိုးချမ်းသာက သူတက်မနေသေးပဲ အကြောင်း
သိရအောင် ... အကဲခတ်ဦးမယ်လို့ပြောတယ် ... အဲဒီည
မိုးချမ်းသာဟာ သူ့ခြံနဲ့တိုက်အိမ်အနီး သစ်ပင်အောက်မှာ
မှောင်ရိပ်ခိုပြီး ... စောင့်ကြည့်နေခဲ့တယ်"

"သူ့မှာ ... ခွေးအနက်ကြီးတစ်ကောင် ပါမလာဘူးလား
ဘဘကျော်ခေါင် ... "

"ဒါလဲ ဘဘမသိဘူး ... အေး၊ ဒါပေမဲ့ ... ဝရုန်းသုန်းကား
ဖြစ်တဲ့အချိန်မှာတော့ ခွေးကြီးရဲ့မာန်ဖီသံတွေ၊ ကိုက်ခဲသံ
တွေ ... ဘဘကိုယ်တိုင်လဲကြားတယ်'

"ဒီတော့ ... ဘာတွေဆက်ဖြစ်သေးလဲ ဘဘ ... သိရှိအရမ်း
စိတ်ဝင်စားတာပဲ"

"အေး ... စိတ်ဝင်စားစရာပဲကွယ့် ... နောက်တစ်နေ့ကျ





တော့ မိုးချမ်းသာဟာ ... ရဲအုပ်မောင်အေးမင်းဆီပြန်လာ
တယ် ... အိမ်ကြီးထဲကို ညသန်းခေါင်ကျော်လောက်မှာ
အဝတ်နက်တွေဝတ်ထားတဲ့ လူငါးယောက်ရောက်လာကြ
တယ်တဲ့ ... တစ်ယောက်ချင်း လူချင်းခွဲပြီးဝင်ကြတာ ...
အိမ်ရှေ့က မဝင်ဘူး နောက်ဘက်ပြတင်းပေါက်တစ်ပေါက်
ကကျော်ဝင်ခဲ့ကြတာ ... နှစ်နာရီလောက်ကြာမှ မိုးချမ်းသာ
က သူတို့ဝင်တဲ့အပေါက်ကပဲ ... အိမ်ကြီးထဲဝင်ခဲ့တယ်
အိမ်ထဲမှာ မီးမထွန်းထားဘူး ... မီးဖိုဘက်က လှုပ်ရှားသံ
တွေကြားနေရတယ် ... မိုးချမ်းသာက မီးဖိုဘက်ကူးပြီး
အသံနားထောင်တော့ ... မီးဖိုအောက် မြေတိုက်ခန်းထဲက
အသံမှန်းသိလိုက်တယ်"

"မြေအောက်ခန်းက ... ဦးသန်းအောင်တို့တူးထားတာတဲ့
လား ... ဦးကျော်ခေါင်"

"မဟုတ်ဘူး ကိုမင်းမောင် ... မောင်အေးမင်းပြောတာက
ဒီတိုက်နဲ့ခြံဟာ ဟိုတုန်းက ... အာလကပ္ပဆိုတဲ့ ချစ်တီးကြီး
ဆောက်ခဲ့တာ ... ချစ်တီးတွေဟာ သူတို့ပစ္စည်းလုံခြုံဖို့
အတွက် မြေတိုက်ခန်းဆောက်လေ့ရှိကြတယ် ... နောက်ပြီး
ဒုတိယကမ္ဘာစစ်မဖြစ်ခင်က ဆောက်ထားခဲ့တဲ့တိုက်ဆို
တော့ ... ဗုံးခိုကျင်းအနေနဲ့ဆောက်ခဲ့တာလဲ ဖြစ်ချင်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



မယ် … အဲဒီအချိန်က အတော်များများ ဒီလိုပဲဆောက်ကြတာ … မြန်မာပြည်ဂျပန်မဝင်ခင် အထိပဲဆိုပါတော့ … အဲဒီခေတ်ကို ကျူပ်ကောင်းကောင်းမှီတယ်”

“မိုးချမ်းသာက … မြေအောက်ခန်းထဲက အသံကြားတော့ ဘာဆက်လုပ်သတဲ့လဲ … တဘာ”

“မိုးချမ်းသာ ချောင်းကြည့်တော့ … အထဲမှာ အဲဒီ လူငါးယောက်မှာ သေနတ်ကိုယ်စီကိုင်ထားကြတယ် … အဲဒီလို ချောင်းကြည့်နေတုန်း ခေါင်းဆောင်နဲ့တူသူတစ်ယောက်ထဲ ဗလကောင်းကောင်း၊ အဝတ်နက်ဝတ်ထားတဲ့သူကို … နာရီကြည့်ပြီး မေးဆတ်ပြလိုက်တယ် … ဗလကောင်းကောင်းလူက သူ့အင်္ကျီနက်ကြီးချွတ်ပြီး … အောက်ခံအနက်မှာ အရိုးခေါင်းနဲ့ ကမ္ဘာ့နာန်းကောင်ရုပ်ပေါ်တဲ့ ကိုယ်ကျပ်အနက်ခံ ပလတ်စတစ်အဝတ်ကို ဝတ်လိုက်တယ်တဲ့ … ဦးခေါင်းခွံနဲ့ ကမ္ဘာ့နာန်းဘောင်ခြယ်ထားတာက … မီးစုန်းနဲ့ ဆိုတော့ ကြည့်လိုက်ရင် တကယ့်ကမ္ဘာ့နာန်းကောင်ပဲ အဲဒီ ကမ္ဘာ့နာန်းကောင်က မြေတိုက်ထဲကနေ … အပေါ်တက်မယ်လုပ်တာနဲ့ မိုးချမ်းသာလစ်ပြေးပြီး ခြုံထဲမှာ မှောင်ရိပ်ခိုစောင့်ကြည့်နေခဲ့တယ် … ကမ္ဘာ့နာန်းကောင်က ခြံထဲကိုကင်းသဘောနဲ့ ပတ်ပတ်လည်လျှောက်ကြည့်ပြီး … အိမ်





ပေါ်ပြန်တက်၊ ပတ္တလားတီးတော့တာပဲတဲ့ … ပတ္တလားတီးသံကြားရတဲ့လူဟာ ဒီအိမ်ကြီးမှာ … သရဲခြောက်နေပြီလို့ ထင်စရာပေါ့လေ … ”

“ဒါဆို … ချာလီနဲ့ သူ့မိုးမောင်သီးကို ဆော်လွှတ်တာ … အဲဒီကမ္ဘာ့နာန်းကောင်ပဲ ဖြစ်မှာပေါ့ … ဦးကျော်ခေါင်”

“ဒါပေါ့ဗျာ … ရှင်းနေတာပဲ”

“ဒါဆို … အတော်ကြာသွားပြီပေါ့”

“ကြာတော့ ကြာပုံရတယ် … နေ့စဉ်မလုပ်တော့ ခြေရာခံရခက်နေတာပဲ … ဦးဖိုးမှီမဆုံးခင် နေရာပြောင်းပြောင်းပြီးလုပ်တယ် … ဦးဖိုးမှီဆုံးသွားတော့ ဟိုတုန်းကဦးဖိုးမှီရဲ့နာမည်ပျက်တွေကို သတင်းလွှင့် … ဦးဖိုးမှီမကျွတ်မလွတ်ပဲ သရဲဖြစ်နေတယ်ဆိုတဲ့ ခြောက်လုံးလှန့်လုံးတွေပေးပြီး ဦးဖိုးမှီတိုက်အိမ်ကို ပြောင်းလုပ်တာပဲ … ဒါကို မိုးချမ်းသာက မြင်ခဲ့ရတဲ့အတိုင်း ရဲအုပ်မောင်အေးမင်းကိုပြောပြခဲ့တယ် … မောင်အေးမင်းက ရဲအနေနဲ့ဝင်တော့မယ်ဆိုရင် ပိတ်ထားတဲ့ဦးဖိုးမှီအိမ်ကို ဖွင့်ဖို့ဝရမ်းတွေ၊ ဘာတွေလုပ်ရမယ် … ဥပဒေအရပေါ့လေ … အဲဒီလိုလုပ်ရင် ပေါက်ကြားတာနဲ့ ဦးသန်းအောင်က စက်ကိုနေရာရွှေ့မှာပဲ … ဒီမြို့မှာ ဦးသန်းအောင်အသိုင်းအဝိုင်းက များတယ်လေ”



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ... မောင်အေးမင်းက မိုးချမ်းသာကိုပဲ ပြန်တိုင်ပင်တယ် ... မိုးချမ်းသာက အဲဒီအစီအစဉ်ကိုလက်ခံတယ် ... မိုးချမ်းသာက နေ့စဉ်တိုက်ထဲဝင်ပြီး စောင့်နေခဲ့တယ် ... မိုးချမ်းသာမှာ လိုက်စင်နဲ့ကိုင်တဲ့ သေနတ်လည်းရှိနေခဲ့တယ် ... အဲ့ မနေ့က ပစ္စည်းတွေလုပ်နေတုန်းမှာ ... မိုးချမ်းသာက ဦးသန်းအောင်တို့နဲ့ ရင်ဆိုင်သတ်ပုတ်တိုက်ခိုက်ခဲ့တော့တာပဲ ... သေနတ်နဲ့လည်း ပစ်ကြခတ်ကြတာပေါ့ ... မောင်အေးမင်းက သေနတ်သံကြားတာနဲ့ အဆောင်သင့်ရောက်လာအောင် တင်ကြိုထားတာပါ ... အဲဒါက မိုးချမ်းသာနဲ့မောင်အေးမင်းတို့ အချက်ပေးတာ သေနတ်သံပဲပေါ့ ... ရဲအုပ်မောင်အေးမင်းနဲ့ ရဲအဖွဲ့က ... မိုးချမ်းသာနဲ့ ဦးသန်းအောင်တို့အဖွဲ့ ရင်ဆိုင်တိုက်ခိုက်နေတုန်း ... အထောက်အထားသက်သေခံနဲ့တကွ ဝင်ရောက်ဖမ်းဆီးလိုက်တာပါပဲ"

"ဒါဆိုရင် ... မိုးချမ်းသာဆိုတဲ့လူက ရဲကိုတော်တော်ကူညီလိုက်တာပေါ့နော် ဘဘ"

"ဟုတ်တယ် ... ရဲတွေအနေနဲ့ ဥပဒေဘောင်ထဲက လုပ်ရတာဆိုတော့ ... တစ်ခါတလေ ရဲကခြေတစ်လှမ်း လှမ်းလိုက်တာနဲ့ လူဆိုးတွေက ... တင်ကြိုသိပြီး ကိုယ်ရောင်





ဖျောက်သွားနိုင်တာမျိုးတွေရှိတယ် ... အဲ ပြည့်သူက ကူညီပြီဆိုရင်တော့ ရဲမှာအများကြီးအထောက်အကူရတာပဲ ... ရဲအုပ်မောင်အေးမင်းက ဦးသန်းအောင်တို့ကိုမသင်္ကာတာကြာပြီ ... ဒါပေမဲ့ မိမိရရမဖြစ်သေးလို့ ပိုင်နိုင်မဲ့အကွက်ရှာနေတုန်း အဆင်ပြေသွားတယ်ဆိုရမှာပေါ့လေ"

"ဒါဆို ... မိုးချမ်းသာက အမွေရမယ့်တိုက်မှာ နေတော့မှာပေါ့နော် ... ဘဘ"

"သူက ... ရောက်လာကတည်းက ဒီခြံနဲ့တိုက်ကိုရောင်းဖို့လာတာ ... သရဲခြောက်တဲ့ခြံဆိုပြီး ရောင်းရခက်နေခဲ့တာအခုတော့ ... ရဲကရှင်းလင်းပြီးသွားပြီဆိုတော့ ဝယ်သူရှိလာမှာပေါ့ကွယ်"

"ဒီလိုဆိုရင် ... မိုးချမ်းသာက ဝယ်သူစောင့်ရင်း ဒီခြံနဲ့တိုက်မှာ လာနေမှာပေါ့နော် ... ဘဘ"

"မိုးချမ်းသာ မရှိတော့ဘူးတဲ့ ... မောင်အေးမင်းပြောတာပဲ ဒီနေ့မနက်ပဲ ပြန်သွားပြီလို့ မောင်အေးမင်းပြောတယ် ... ဒီအိမ်နဲ့ခြံဝယ်သူပေါ်လာရင် အကြောင်းကြားဖို့ သူ့လိပ်စာကို ... ရဲအုပ်မောင်အေးမင်းကို ပေးခဲ့သတဲ့ ... မနက်လေးပြန်မယ်ဆိုလားပဲ"

မိုးပင် အတော်ချုပ်နေခဲ့ပြီ။ စကားဝိုင်းမှာ ဦးဇော်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်၊ ဦးမင်းမောင်နှင့်သီရိမေတို့သာ စိတ်ဝင်စားစွာပြောဆိုခဲ့ကြ သည်။ ဒေါ်လေးငယ်နှင့် ဒေါ်စိုးစိုး၊ အောင်ကျော်ကျော်တို့က လက်ဖက်သုပ်စားရင်း နားထောင်ရုံသက်သက်မျှသာ ဖြစ်ခဲ့ပါ အောင်ကျော်ကျော်က တစ်ချိန်လုံး သီရိမေ၏မျက်နှာကလေး သာ ငေးရင်းအချိန်ကုန်ဖြစ်ခဲ့သည်။

"ကဲ ... ဦးကျော်ခေါင်ပြောတာ ဗဟုသုတလည်းဖြစ်၊ စိတ် ဝင်စားစရာလည်းကောင်းပါတယ်၊ လက်ဖက်သုပ်ကလည်း ကျွန်မနဲ့ဒေါ်လေးငယ်အတွက်တော့ ကောင်းမှကောင်း ပဲ ... မိုးချုပ်နေပြီမို့ ပြန်ကြပါဦးမယ်"

ဒေါ်စိုးစိုးက ပြုံး၍ပြောလိုက်သည်။ အားလုံးနေရာ ထကာ နှုတ်ဆက်ပြန်ခဲ့ကြ၏။

အိမ်ပြန်ရောက်သည်နှင့် သီရိမေစာပင်မကျက်နိုင် အိပ်ရာဝင်ဖြစ်ခဲ့သည်။ ဦးကျော်ခေါင်ပြောခဲ့သမျှနှင့် မိမိတွေ့ကြုံ သည်တို့ကို သီရိမေဆက်စပ်တွေးယူခဲ့သည်။

မိုးချမ်းသာနှင့် ကိုအနုတ္တသည် တစ်ဦးတည်းပဲဖြစ် မည်။ သိပ်ကိုဖြစ်နိုင်ပါလေ၏။

သူမနှင့်တွေ့ကြုံစဉ်က သူ၏ဘဝအမှန်ကိုဖော်ထုတ် ရန်မသင့်သေးသော အချိန်ဖြစ်နိုင်သည်။ သူသည် ဤမြို့၌လူ သက်သက်ဖြစ်၍ ရဲအုပ်ကိုအေးမင်းကိုတွေ့ရှိပြီးနောက် လျှို့ဝှက်





ဆောင်ရွက်ရမည့်ကိစ္စများ ပေါ်ပေါက်လာခဲ့စဉ် မိမိကိုလူရမ်းကား များလက်မှ ကယ်တင်ခွင့်ကြုံကြိုက်ခဲ့ခြင်း ဖြစ်နိုင်သည်။ ထို့ကြောင့် င် သူသည် ကိုအနုတ္တဟူ၍ ပြောကြားသွားခြင်းပဲ ဖြစ်နိုင်ပါလေ၏။

သူသည် သေနတ်ကိုလိုင်စင်နှင့် ကိုင်သူဟုဆိုလေ သည်။ တော်ရုံပုဂ္ဂိုလ်ကို သက်ဆိုင်ရာက သေနတ်ကိုင်ဆောင်ရွက် နှင့်လိုင်စင်ပေးသည်မဟုတ်။ သေနတ်ကိုင်ဆောင်ရွက်ခွင့်တွင် ပါရှိ သော ပြဋ္ဌာန်းချက်များနှင့်ညီသူဖြစ်၍သာ လိုင်စင်ရခြင်းဖြစ်ရမည်။ သူသည် မိုးချမ်းသာပဲဖြစ်ဖြစ်၊ ကိုအနုတ္တပဲဖြစ်ဖြစ် သီရိမေ၏အရှက် နှင့်အသက်ကို ကယ်တင်ခဲ့သော ကျေးဇူးရှင်ပဲဖြစ်၏။

ထိုထက်ဆိုရလျှင် ...

ဘာကြောင့်မှန်းမသိ သီရိမေတစ်သက် မျက်စိထဲ မထွက်သော ယောက်ျားသားဟူ၍ ဤတစ်ကြိမ်သာကြုံဖူးသေး သည်။

အဲဒါ ဘာကြောင့်များပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၂ )

မြင့်သန်းအောင် လုံးဝကျောင်းမတက်တော့။ ပေါ်တွင်လည်း မြင့်သန်းအောင်ကို မတွေ့ပါလေတော့။ ရုက်ရုက်နှင့် တခြားတစ်နေရာသို့ ရှောင်ထွက်သွားသည်ဟု အများကပြောကြပါ၏။

ဦးသန်းအောင် စုစုပေါင်းအပြစ်ဒဏ်ဖြင့် ထောင်(၃)နှစ်ကျသည်။ သူ့တပည့်လေးယောက်တို့က (၂)နှစ်စီကျသည်။

ဦးသန်းအောင်၏ ဇနီးမဥ္ဇူက လက်ရှိလုပ်ငန်းများကို အရှိန်မပျက်ဦးစီးလုပ်ကိုင်ခဲ့သည်။ သားဖြစ်သူမြင့်သန်းအောင် ဘယ်ထွက်သွားသည်ကို ဒေါ်မဥ္ဇူကလုံးဝမပြောခဲ့။ မြင့်သန်းအောင် မရှိတော့သည့်နောက်ပိုင်း ဟေမာက သီရိမေကိုရင်းရင်းနှီးနှီးလာ





ပေါင်းခဲ့သည်။

"သီရိကို မြင့်သန်းအောင်က ... မေတ္တာရှိကြောင်းမပြောဘူးလားဟင်"

"အဲဒါ ... တို့မပြောချင်ဘူး ဟေမာ ..."

"မပြောလည်း တို့သိပါတယ် ... မြင့်သန်းအောင်ကိုယ်တိုင်က သူ သီရိကို ... အရမ်းစိတ်ဝင်စားနေပါပြီလို့ ဖွင့်ပြောပါတယ်"

"ဟယ် ... သူနဲ့ဟေမာက အပြန်အလှန်ချစ်နေကြပြီ မဟုတ်လား ... တခြားမိန်းကလေးကို စိတ်ဝင်စားတယ်ဆိုရင်တောင် သူဟာသူကျိတ်နေရမှာမျိုးပါ"

ဟေမာက ရယ်လိုက်သည်။

"မြင့်သန်းအောင်လိုလူစားက ... အဲဒီလိုလူစားမှ မဟုတ်တာ ... လောကကြီးမှာ ဘယ်သူ့မှဂရုမစိုက်ဘူး ... ငါလိုချင်တာ ရရင်ပြီးရောဆိုတဲ့လူစားမျိုး သီရိ ... တို့အရင်ကလဲ ကောင်မလေးသုံးလေးယောက်နဲ့ ဖြစ်ခဲ့ဖူးသေးတယ်"

"ဒါနဲ့တောင် ဟေမာက ... သူ့အချစ်ကိုလက်ခံရသေးလား"

"အချစ်ကို လက်ခံတာမဟုတ်ဘူး သီရိ ... ကြောက်လို့လက်ခံလိုက်ရတာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ကြောက်လို့ ဟုတ်လား ... ဟေမာ"

"ဒီမြို့မှာ သူတို့က ... အရှိန်အဝါသိပ်ကြီးတယ်သီရိ ... ထပည့်လှုမိုက်တွေအများကြီးပဲ ... တို့မိဘက ရိုးရိုးအေ သည်တွေ ... သီရိမိဘတွေလို အစိုးရအရာရှိမဟုတ်ဘူး ... မြင့်သန်းအောင်က သူကြိုက်ပြီဆိုရင် နည်းအမျိုးမျိုးနဲ့အ ယူလေ့ရှိတယ် ... မိန်းကလေးချောချောတွေ့ရင် အရ တာပဲ ... တို့က အရှက်တကွဲ အကျိုးနည်းဖြစ်မှာစိုး အလိမ္မာနဲ့လက်ခံထားတာ ... ဆယ်တန်းအောင်လို့မန္တ သွားရပြီဆိုရင် သူနဲ့လွတ်ရောလို့အောင့်အည်းနေတာ ... ဒါကြောင့် တို့ဒီနှစ်အရမ်းကြိုးစားနေတာ ... "

"ဖြစ်ရလေ ဟေမာရယ် ... ဒါပေမဲ့ အခု သူတို့အစွယ်ကျိုး သွားပြီလေ ... သူ့အဖေထောင်သုံးနှစ်ကျသွားပြီပဲ ... သူ ဒီမြို့မှာမှ မရှိတော့တာ"

"အစွယ်ကျိုးပြီလို့ ဟေမာမထင်ဘူး ... သူဟာ ကျား တစ်ကောင်လိုဖြစ်သွားတယ်လို့ ထင်တာပဲ ... သူ့အ ဒေါ်မဥ္ဇူက သူ့ယောက်ျားဦးသန်းအောင်လိုပဲ အရှိန်မ တန်းတူဦးစီးနိုင်တယ် ... ဦးသန်းအောင် ထောင်ကျသွ ပေမဲ့ သူတို့ချမ်းသာကြွယ်ဝမှုက လျော့သွားမှာမဟုတ်





အခု သတင်းကြားရတာက ... မြင့်သန်းအောင်ဟာ ဒီမြို့ရဲ့ ပတ်ဝန်းကျင်ရွာတစ်ရွာမှာ သွားနေတာတဲ့ ... ဒီမြို့ပတ် ပတ်ဝန်းကျင်က ရွာတိုင်းလိုလိုမှာ ... သူတို့ကျေးဇူးခံ၊ ကျေးဇူး စား လူမိုက်တပည့်တွေရှိတယ်"

"သူက ... ကျားနာဖြစ်တော့ကော ဘာလုပ်နိုင်မှာလဲ ... ဟေမာ"

"သူဘာလုပ်မလဲ၊ ဘာလုပ်နိုင်သလဲဆိုတာတော့ ... တို့ ဘယ်သိနိုင်မှာလဲ ... သူ့အဖေထောင်ကျရုံမက အရှက်တကွဲ ဖြစ်ရတာကိုတော့ ... မြင့်သန်းအောင် အရမ်းနာကြည်းနေ တယ် ... ရဲအုပ်ကိုအေးမင်းကိုတောင် တစ်နေ့နေ့ သူနဲ့တွေ့ မယ်လို့ ကြိမ်းနေတယ်တဲ့ ... တို့ သီရိကို သတိပေးခြင်းတာ က သူ ... သီရိကိုမကျေမနပ်ဖြစ်သွားတယ်ဆိုရင် သီရိသတိ ဝီရိယနဲ့နေဖို့ပါ ... မြင့်သန်းအောင်က စိတ်ဓာတ်သိပ်ညှို့ တယ်"

"ကျေးဇူးပဲ ဟေမာ ... အခုလို သတိပေးတာကိုပြောတာ ပါ ... "

သီရိမေစိတ်ထဲမှာ မြင့်သန်းအောင်သည် ရဲအရာရှိကို ကြိမ်းမောင်းခဲ့သည်ဆိုလျှင် မိုးချမ်းသာ(ခေါ်) ကိုသန့်ထွဋ်ကို



www.burmeseclassic.com

www.burmeseclassic.com



လည်း ရန်ငြိုးမထားဘဲ နေမည်မဟုတ်ဟူ၍ တွေးမိသည်။ သူ့အ[illegible] ဦးသန်းအောင်က ကိုမိုးချမ်းသာ၏စနက်ကြောင့်ဟု မြင့်သန်းအော[illegible] ကို ပြောမည်မှာမလွဲပေ။

ဒီလိုဖြင့်ပင် သီရိမေတို့ဆယ်တန်းစာမေးပွဲရက်[illegible] နီးကပ်လာခဲ့၏။

ခင်ခင်ခက အနီးကပ်ကျူရှင်ပေးဖို့ သီရိမေကိုအပေ[illegible] ညှိသည်။

"ကိုအောင်ကပြောနေတယ် ... သီရိ ... "

အောင်ကျော်ကျော်ကို ခင်ခင်ခက နဂိုကတည်း[illegible] ကိုအောင်ဟုခေါ်သည်။

"သချ်ာ၊ ဓါတု၊ ရူပကို သူသင်ပေးမယ်တဲ့ ... တို့က အ[illegible] ဘာသာတွေမှာ အားပျော့နေတယ်လေ ... တက်[illegible] အောင်နော် ... "

"တို့အဖို့မလိုပါဘူး ခင်ခ ... မနှစ်ကလဲ သင်ထားတယ် ... ဒီနှစ်လဲ တို့တော်တော်ဂရုစိုက်ထားတာပဲ"

"အဲဒါမှ ဒုက္ခပဲဟယ် ... "

"ဘာဖြစ်လို့ ... "

"ကိုအောင်က ... တို့တစ်ယောက်တည်းကိုတော့ မသင်[illegible]





ဘူးတဲ့လေ ... အဲဒါကြောင့် သီရိကိုအဖော်စပ်ပါလားတဲ့ အိမ်နီးနားချင်းတွေဆိုတော့ ... အဖော်လဲရတယ်လို့ပြောတယ်ဟာ ... "

"ကျူရှင်တက်မယ့်အစား ... တို့က အဲဒီအချိန်တွေမှာ စာကျက်မယ်လို့ မှန်းထားတာ ... "

"ငါ့ကိုငဲ့ညှာပါ သီရိရာ ... အဲဒီသုံးဘာသာကို ငါကြောက်နေတာဟ ... သီရိမတက်ရင် တို့တစ်ယောက်တည်းလဲ သင်မပေးဘူးဆိုတော့ တို့မတော်တဆ စာမေးပွဲကျမှာကြောက်တယ် ... သီရိရယ်"

ငြင်းရခက်ပါလေပြီ။

အိမ်ကျတော့လည်း မေမေ့ဆီက ဒီလေသံပဲကြားရ[illegible]ပါ၏။

"သမီးရယ် ... စာမေးပွဲက တစ်လခွဲ၊ နှစ်လလောက်လိုတော့တာပဲ ... မောင်အောင်ကျော်ကျော်က မေးခွန်းဟောင်းတွေကိုကြည့်ပြီး ဒီနှစ်ဘာမေးမယ်ဆိုတာကို အနီးကပ်ဆုံး ခန့်မှန်းနိုင်တယ်တဲ့ ... သီရိအောင်နိုင်တယ်ထားသူ အနီးကပ်သင်ပေးရင် ဂုဏ်ထူးတွေဘာတွေ မှန်းနိုင်တယ်တဲ့ ... "



www.burmeseclassic.com

www.burmeseclassic.com



သီရိမေ ရင်မောရသည်။

ကိုအောင်ကျော်ကျော်၏ ပရိယာယ်ကို သီရိမေ အကဲခတ်မိသည်။

ပရိယာယ်က ဝိရိသည်။ ခင်ခင်ခနှင့်တစ်မျိုး၊ မေ နှင့်တစ်မျိုး။

နောက်ဆုံးကျတော့ ခင်ခင်ခနှင့်သီရိမေတို့ ဆရာ အောင်ကျော်ကျော်ထံ ကျူရှင်တက်ဖြစ်ပါလေ၏။

တကယ်တမ်းသင်သည့်အခါ ကိုအောင်ကျော်ကျော် က အသင်အပြတော်သည်။ သင်ရက်(၁၀)ရက်ခန့်အတွင်း သူတို့ အ်တော်တိုးတက်သွား၏။ ကိုအောင်ကျော်ကျော်ကို ချီးမွမ်းရ သေးသည်။

စာစသင်ပေးသည့်ရက်မှစ၍ စာမေးပွဲနောက်ဆုံး ဘာသာဖြေပြီးသည်အထိ သီရိမေအား ချစ်စကားမဆိုခဲ့ပေ။ စာမေး ပွဲဖြေဆိုရက်အတွင်း ခင်ခင်ခနှင့်သီရိမေဖြေဆိုခဲ့သည့် မေးခွန်းလွှာ တစ်ပုဒ်ချင်းပြန်ဖြေခိုင်းသည်။

"သီရိ အောင်စာရင်းထွက်ရင် ... သချာ်္ကနဲ့ဓာတုကျွန်းဆေး ဂုဏ်ထူးထွက်စေရမယ် ... ရူပကတော့ မသေချာလှဘူး သီရိဆေးတက္ကသိုလ် အမှတ်ရရင်တော့ မန္တလေးမှာပဲတက် ပေါ့ ... စက်မှုအမှတ်ဝင်ရင်တော့ ရန်ကုန်သွားရမှာပဲ"

သူ့အပြောနှင့် သီရိမေ ဝမ်းသာလွန်းရပါ၏။

ခင်ခင်ခကိုမူ ...

"အင်း ... ခင်ခကတော့ အောင်တော့အောင်မယ် ... ဂုဏ် ထူးမမှန်းနိုင်ဘူးထင်တယ် ... တို့အခုပြောနေတာက တို့ သင်ပေးတဲ့ သုံးဘာသာကိုပြောနေတာနော် ... မြန်မာစာ အင်္ဂလိပ်စာတို့မှာ ကျသွားရင်တော့ တို့နဲ့မဆိုင်ဘူး ... တို့ ကိုအဆိုးမဆိုနဲ့ ..."

ခင်ခင်ခ ခေါင်းကိုခပ်လေးလေးညိတ်ဖြစ်ပါလေ၏။




www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၃ )

ကျောင်းသားကျောင်းသူတွေတိုင်းသည် စာမေးပွဲ ပြီးဆုံးသည်နှင့် စိတ်ပေါ့ပါးသွားတတ်သည်။ သည်လိုပဲ သီရိမေသည် စိတ်ပေါ့ပါးသွားသည်။ ဘာသာရပ်တိုင်း ဖြေဆိုနိုင်သည်မို့ သီရိမေ တအားပျော်မိပါ၏။

ခြေရင်းခြံမှ ... ဝင်းနေသောမာလကာသီးတွေကို ကြည့်ပြီး သီရိမေက မာလကာပင်ပေါ်သို့ပြေးတက်ချင်မိသည်။

သို့တစေ ...

ယခုတစ်ကြိမ်တော့ သီရိမသွားရဲပါလေတော့။

သရဲမကြောက်ပါဘူးဆိုဦးတော့။ မြွေစိမ်းကိုက်ခံရ





ည်ကိုတော့ သီရိမေကြောက်မိသည်။

ထူအမ်းသောနှုတ်ခမ်း၊ ပြူးလေတိုင်း၊ ရယ်လေတိုင်း ားဖြူတန်းများနှင့် သွားစွယ်နှစ်ချောင်းပေါ်လာတတ်သော ကို နှုတ္တ၏ ပုံရိပ်များက တစ်ခါတစ်ရံ သီရိမေမျက်ဝန်းထဲ ဝင်ရောက် ာတတ်သည်။

တစ်ခါတစ်ရံကျပြန်တော့လည်း သီရိမေအိပ်မက်ထဲ ို့ ကိုအနုတ္တဝင်ရောက်လာတတ်ပြန်သည်။ စာမေးပွဲဖြေပြီး ျောင်းပိတ်လိုက်သည့်နောက်ပိုင်း ကိုအောင်ကျော်ကျော်နေ့စဉ် င် အိမ်သို့ရောက်လာတတ်သည်။

ဖေဖေက အလုပ်ထဲမှာပဲအချိန်ကုန်သည်။ မေမေ ျက်ဝန်းထဲမှာ ကိုအောင်ကျော်ကျော်နှင့်သီရိမေကို သဘောတူ ည့် အရိပ်အယောင်တွေ တွေ့နေရတတ်သည်။

မာလကာပင်တွေအနီးသို့ မနေနိုင်သောသီရိမေ ိုးသွားခဲ့၏။ အမှည့်လွန်အသီးတချို့ ကြွေကျနေခဲ့သည်။ တချို့ ်ပျဉ်းသီးများ လင်းဆွဲကိုက်၍ အပင်ပေါ်မှာပင် တခြမ်းပဲ့များဖြစ် နေခဲ့သည်ကိုတွေ့ရသည်။

"သီရိ ..."

သီရိချာခနဲ လှည့်ကြည့်သည်။ သူမနောက်တွင် အောင်ကျော်ကျော်ရောက်နေသည်ကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲလို့ ..."

"အောင်ကျော်ကျော်ပါ သီရိ ... အမြဲလိုလို သီရိခြံထဲဆင်းရှ

တို့ကြည့်နေမိတယ် ... ဒီနေ့တော့ ပြောစရာရှိတာဖေ

ပြောတော့မယ်လို့ဆုံးဖြတ်ပြီး ခြံကူးလာတာ ... ဟိုဘက်ခြံ

ကို သီရိငေးနေလို့ တို့ရောက်လာတာကိုမသိတာပါ"

"ဟိုဘက်ခြံက သိပ်စိတ်ဝင်စားဖို့ကောင်းလို့ ငေးနေမိတာ

ပါ ..."

"တို့ စကားနည်းနည်းပြောချင်လို့ သီရိ ... ခုံတန်းလျားမှာ

ထိုင်ကြရအောင်နော် ..."

"လာလေ ... ထိုင်ကြတာပေါ့"

ငြင်းလျှင်လည်း ရိုင်းရာကျမည်စိုး၍ သီရိမငြင်း

အောင်ကျော်ကျော် ဘာစကားပြောမည်ဆိုတာတော့ သူမခန့်မှန်း

မိပါ၏။

သီရိက စပယ်ရုံဘေးရှိခုံတန်းလျားတွင် ထိုင်ဖြစ်

၏။ ကိုအောင်ကျော်ကျော်က မထိုင်ပဲ သီရိကိုသူပြောချင်တာတွေ

ပြောတော့သည်။

"တို့ တည့်တည့်ပဲ ပြောပါရစေသီရိ ... သီရိကို တို့ရင်ထဲမှာ

နှစ်နှစ်ကာကာချစ်နေမိတယ် ... တို့အနေနဲ့ လက်ထပ်ခွင့်

ခဲ့ရင် သီရိကို တိုက်နဲ့ကားနဲ့လိုလေသေးမရှိအောင် ထားနိုင်





ပါတယ် ... တို့ရဲ့မိဘအမွေအနှစ်နဲ့မဆိုင်ဘူးနော် ... သီရိ

အနေနဲ့ ဆယ်တန်းအောင်ခဲ့ရင် တက္ကသိုလ်တက်ချင်ရင်လဲ

တက်ပါ ... ဒါမှမဟုတ် အဝေးသင်တက်ချင်တယ်ဆိုလဲ တို့

အနေနဲ့ခွင့်ပြုမှာပါ ..."

"ကိုအောင်ကျော်ကျော် ပြောချင်တာက ... အိမ်ထောင်ရေး

ဘက်ကနေကြည့်ရင် ... အလေးသာတာတွေချည်းပါဘဲ ...

ငြင်းလို့မရတဲ့အနေအထားဆိုတာ သီရိမငြင်းပါဘူး ... သီရိ

တို့ဖေဖေနဲ့မေမေ မေတ္တာရှိခဲ့စဉ်က ... အဲသည်လိုမျိုး သူတို့

ရင်ထဲမှာမရှိခဲ့ကြဘူးလို့ သီရိသိထားပါတယ် ... တစ်ဦးနဲ့

တစ်ဦးဝင်ငွေတွေ ဘယ်လိုရမှ၊ ဘယ်လောက်အတိုင်းအတာ

ထိထားနိုင်မှ ... ဆိုတာကို ထည့်မတွက်ပဲ တစ်ယောက်နဲ့

တစ်ယောက် ချစ်ခဲ့ကြတာပါ ... တစ်ခုတော့ ရှိတာပေါ့လေ

ကိုယ့်ရဲ့အိမ်ထောင်ဘက် အဖော်ဖြစ်ရမဲ့သူမှာ ... ရှိသင့်ရှိ

ထိုက်တဲ့ အရည်အချင်းကို ရွေးချယ်ခဲ့ကြတာတော့ ရှိမှာပေါ့

အခုလောလောဆယ်တော့ ... သီရိ ရင်ထဲမှာ အိမ်ထောင်

ရေးကိစ္စ၊ အချစ်နဲ့ပတ်သတ်တာတွေ လုံးဝမရှိပါဘူး ... သီရိ

စိတ်ထဲမှာရှိတာက စာမေးပွဲအောင်ရတဲ့ တက္ကသိုလ်တက်

မယ် ... ဒီပြင် ရင်ထဲမှာဘာမှမရှိပါဘူး"

"တို့ ပြောနေတာက ... တို့အချစ်ကိုအခုချက်ချင်း စဉ်းစား



www.burmeseclassic.com

www.burmeseclassic.com



ပေးရမယ်လို့ မပြောပါဘူး ... ရှင်းရှင်းပြောရရင်တော့ သီရိကို တို့က အရင်ဦးအောင် ဝထမလူအဖြစ် အချစ်ကိုတင်ကြိုတောင်းခံထားတာပါ ... တော်ကြာ အောင်နိုင်က အရင်ဦးသွားမှာစိုးလို့ ... "

"ရှင် ... အောင်နိုင်ဟုတ်လား ... ဘယ်က အောင်နိုင်လဲ ဘယ်သူ့ကို ပြောတာလဲ ... ကိုအောင်ကျော်ကျော်"

"အော် ... အောင်နိုင့်ကို သီရိတကယ်မသိသေးတာနော်"

"သီရိ ... ဘာဖြစ်လို့ လိမ်ရမှာလဲ"

"တော်သေးတာပေါ့ ... အောင်နိုင်ဆိုတာ အိမ်ရှေ့အိမ်က ခင်ခရဲ့အစ်ကိုလေ ... သူက ရန်ကုန်မှာ ဝိုင်အိုင်တီတက်နေတာ ... မနေ့ကပဲ ကျောင်းပိတ်လို့ သူပြန်ရောက်တယ်လေ သူက သွက်တယ်၊ ရုပ်ချောတယ် ... စကားပြောကောင်းပြီး တို့ထက်လေးငါးနှစ်လောက် ပိုငယ်မယ်ထင်ပါရဲ့"

"တို့ပြောတာ အလေးအနက်ထားပါ သီရိ ... သီရိမေ စဉ်းစားပြီဆိုရင် တို့ဟာ ... ပထမလူဆိုတာ မမေ့ဖို့ပါနော် ... တို့ ဆက်ပြီးမျှော်လင့်ပါရစေလား ... "

"မျှော်လင့်ချက်ဟုတ်လား ... အစက မေးမယ်လို့တော့ စိတ်ကူးမရှိပါဘူး ... အခုမှ တိုက်တိုက်ဆိုင်ဆိုင်ဖြစ်လာလို့ မေးချင်လာတဲ့ သဘောပါ ... "





"ဘာများလဲ သီရိ ... မေးလေ"

"ခင်ခရယ်ပါ ... ခင်ခဟာ ကိုအောင်ကျော်ကျော်အပေါ်မှာ စိတ်ဝင်စားနေတယ်လို့ သီရိထင်တယ်လေ"

"ဖြစ်နိုင်ပါတယ် ... သီရိတို့ ဒီမြို့ကိုမရောက်ခင် အတော်ကြာကြာကတည်းက ခင်ခတို့အိမ်နဲ့တို့မိဘတွေ မိတ်ဆွေဖြစ်ခဲ့ကြတာပဲ ... တို့လဲ ခင်ခတို့အိမ်ကို အဝင်အထွက်ရှိခဲ့တာပဲ ... ဒါပေမဲ့ ခက်သားပဲလေ ... "

"ဘာခက်တာလဲ ... "

"တို့က သီရိကိုစိတ်ဝင်စားတယ်၊ မေ့တ္တာထားတယ် ... ဒါပေမဲ့ သီရိက တို့ကိုစိတ်မဝင်စားဘူး ... မေတ္တာမထားဘူး အဲဒီလိုပဲပေါ့"

သီရိမေသဘောပေါက်လိုက်သည်။

ကိုအောင်ကျော်ကျော်က ခင်ခင်ခအပေါ်စိတ်မဝင်[illegible]သေးဟူ၍ပဲ ဖြစ်ပါလေ၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၄ )

"ဟဲ့ မိသီရိ ... ဖုန်းလာနေတယ် ... ခင်ခက သမီးနဲ့ဖုန်း
ပြောချင်လို့တဲ့ ... "

မေမေ့အသံက စိခန်းအခန်းထဲသို့ပျံ့လွင့်လာခဲ့သည်
သီရိ အိပ်ရာမှလူးလဲထကာ တယ်လီဖုန်းပြေးကိုင်
ခဲ့၏။

"ပေး ... သီရိ"

"ခင်ခ ... ဘာပြောမလို့လဲ ပြောလေ ... "

"အိပ်ပုပ်ကြီးလိုက်တာဟယ် ... နင့်ခြေရင်းခြံနဲ့အိမ်မှာ ဘာ
ဖြစ်နေလဲ ... နင်မြင်လား"





"ဟင့်အင်း ... တို့ ဒီနေ့ပျင်းပျင်းနဲ့အိပ်ရာထဲမှာ ပြန်နှပ်နေ
တာ ... ဘာဖြစ်လို့လဲ"

"သရဲခြောက်တယ် ... ငွေစက္ကူအတုလုပ်တယ်ဆိုတဲ့ နင်တို့
ခြေရင်းက ... ခြံကြီးထဲက အိမ်တံခါးတွေပွင့်နေပြီလေ"

"ဟယ် ... ဟုတ်လား"

"ဟယ် ... လုပ်မနေနဲ့ ... ခြံတံခါးဝမှာ ဆိုင်းဘုတ်တစ်ခု
တောင်ချိတ်ထားသေးတယ် ... တို့အိမ်ကတောင် ထင်း
ခနဲမြင်ရတယ်"

"ဘာတဲ့လဲ ဆိုင်းဘုတ်က ... အိမ်ရောင်းရန်ရှိတယ်တဲ့လား"

"ပေါက်ကရဟယ် ... ဘယ်ကလာ မိုးချမ်းသာဝပ်ရှော့တဲ့"

"ဟုတ်လား ... မနေ့ညကညနေအထိ ဘာမှမရှိဘဲပိတ်ထား
တာ ... "

"အင်းလေ ... ညတွင်းချင်း ဖွင့်တဲ့ဝပ်ရှော့(ပ်)ဖြစ်မှာပေါ့"

"မိုးချမ်းသာ ဝပ်ရှော့တဲ့လား ... "

"ဟုတ်ပါတယ် ဆိုမှ ... "

"ဒါဆို ... ငါမျက်နှာသစ်ပြီး ရေမိုးချိုးပြီးရင် ဆင်းကြည့်မယ်"

"နင်ခြံထဲဆင်းလာရင် ... တို့မောင်နှမလည်း လာခဲ့မယ်
လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာရယ်ခင်ခ ... တို့မောင်နှမ ... "

"ဟုတ်တယ် ... ငါ့အစ်ကိုလေ ... ကျောင်းပိတ်ရက်မို့ အိမ်ပြန်ရောက်နေတယ် ... ငါက တို့ကျောင်းမှာ သီရိမေဆိုတာ ရုပ်ရောကိုယ်လုံးပါ သိပ်လှတာ ... လှတဲ့ထဲမှာတော့ ရှားမှရှားပဲဆိုတာကို ကိုခိုင်ကမယုံဘူးဖြစ်နေတယ် ... အဲဒါ နင့်ကိုမိတ်ဆက်ပေးမလို့ ... ကိုကိုခိုင်ကပြောသေးတယ် ... ရန်ကုန်တက္ကသိုလ်မှာရော၊ ဗိုလ်ချုပ်ဈေးမှာပါ မိန်းမလှတွေ ပုံလို့ပဲတဲ့ ... "

"အဲဒါ ဘာဖြစ်လဲခင်ခ ... "

"ဘာဖြစ်ရမှာလဲ ... နင့်ကို သူတွေ့မှ "ဟာ" ခနဲ "ဟင်" ခနဲ ဖြစ်သွားရအောင် ... မိတ်ဆက်ပေးမလို့"

"ငါစိတ်ပျက်တယ်ဟယ် ... ငြီးလဲငြီးငွေ့တယ် ... ကြီးကျယ်တာတော့ မဟုတ်ဘူးခင်ခရယ်"

"ဒီလိုမလုပ်နဲ့ သီရိရယ် ... ငါ့မျက်နှာတော့ ထောက်ပါဦးနော် ... "

သီရိဘာမှမပြောတော့ဘဲ ဖုန်းကိုပြန်ချထားလိုက်သည်။

ရေမိုးချိုး၊ အဝတ်အစားလဲပြီးနောက် ကော်ဖီ





သောက်ရန် ထမင်းစားခန်းထဲဝင်ခဲ့ပါ၏။ ဖေဖေရောမေမေပါ ညစ်ခန်းထဲတွင် ကော်ဖီသောက်နေကြပြီ။

"သမီးနိုးလာပြီလား ... ထိုင် ... ဆီထမင်းရောရှိတယ်"

သီရိမေ ထိုင်လိုက်သည်။ ဆီထမင်းနှင့်ကော်ဖီသောက်သည်။ ပြီးတော့ ထမင်းစားခန်းထဲမှ ထွက်ကာခြံရှေ့သို့ လှမ်းကြည့်လိုက်သည်။

လူလေးယောက်က ခြံရှေ့ပိုင်းမြေကွက်လပ်ကိုရှင်းဘာ သစ်သားတိုင်စိုက်ထူနေကြသည်။

သုံးယောက်က သာမန်ဝတ်စုံပဲဖြစ်ကာ တစ်ဦးက ဓတ္တင်းနစ်ဝတ်စုံအပြာနှင့်ဖြစ်သည်။ သူတို့ တဲထိုးနေကြချင်းဖြစ်ပါ၏။ တဲက ယာယီဖြစ်ပုံရသည်။ သီရိမေက တစ်ဦးချင်းလိုက်၍ကြည့်မိ၏။

ကိုအနတ္တကိုမတွေ့။ သူ့ကို သီရိမေကောင်းကောင်းမှတ်မိသည်။

"ဟေး သီရိ ... တို့လာပြီဟေ့ ... "

ခြံဝမှ ခင်ခင်ခအသံကြားရသည်။ သူတို့မောင်နှမနှစ်ဦး ဝင်လာ၍ ခြံဝသို့သီရိမေ ခြေဦးလှည့်ရတော့သည်။

"အိမ်ထဲသွားကြရအောင် ခင်ခ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟော့အေးဟယ် ... ခြံထဲမှာပဲထိုင်ကြရအောင် ... ကိုကိုနိုင်နဲ့ သီရိကိုမိတ်ဆက်ပေးမလို့ ... ဒီမှာကိုကိုနိုင်၊ ဟောဒါက ခင်ခပြောပြောနေတဲ့ သီရိလေ ... ခင်ခမလွန်ပါဘူးနော်"

အောင်နိုင်မျက်ဝန်းတွေက သီရိမခေါင်းမှ ခြေဖျားအထိ စိုက်ကြည့်နေခဲ့သည်။ ခင်ခင်ခညွန်းသည်ထက် ဟိုဘက်လွန်နေပါပြီ။

သီရိမေက ဘာမှအခြာယ်အသမရှိ။ ရိုးရာသနပ်ခါးကလေးကိုပဲ ခပ်ပါးပါးလိမ်းထားသည့်တိုင် သူမအလှက ထင်းခနဲဖြစ်အောင်ကိုလှသည်။

ပင်ကိုကော့နေသည့် မျက်တောင်၊ ခဲမဆွဲပဲနက်မှောင်နေသည့် မျက်ခုံး၊ ဝိုင်းစက်နေသည့်မျက်ဝန်းနက်တစ်စုံက ညို့နိုင်စွမ်းရှိပါလေ၏။ သီရိမေ၏ လှပအချိုးကျသော မျက်နှာကလေးနှင့်လိုက်ဖက်ညီဖွဲ့စည်းထားပါလေ၏။

"တွေ့ရတာ ဝမ်းသာပါတယ်ရှင် ... "

သီရိမေက အောင်နိုင်ကို အကဲခတ်အကြည့်ဖြင့်ပြောသည်။

ရုတ်တရက်တော့ အောင်နိုင်ဘာပြောရမှန်းမသိ။ သူ့လက်ချောင်းကလေးများက ခေါင်းကုတ်၊ မေးစေ့ပွတ်ဖြစ်သွား





သည်။ ပြီးမှ ...

"ဆိမ်း(မ်)တူယူလို့ပြောရင် ... တို့လဲဝမ်းသာပါတယ်လို့ပဲ အဓိပ္ပါယ်ထွက်မှာပါ ... ကိုအောင်နိုင်ရင်ထဲမှာ ဒီထက်မက ပြောချင်တာတွေဖြစ်နေခဲ့ပေမဲ့ ... ပြောဖို့မလွယ်လောက်အောင် စိတ်တွေလှုပ်ရှားသွားမိတယ်သီရိ ... ကြည်နူးဝမ်းသာမှုက ပြောမပြတတ်အောင်ပါပဲ"

သီရိမေ ပြုံးလိုက်ပါ၏။

လာပြန်ပြီ။ ဒီတစ်ယောက်လဲ စာအုပ်ကြီးအတိုင်းပါပဲလို့ သီရိမေရင်ထဲမှာ မှတ်ချက်ပြုမိလိုက်သည်။

"ကဲ ... အိမ်ထဲဝင်ပြီး ဆီထမင်းလေးစားရင်း ကိုအောင်နိုင်ကို ဖေဖေ၊ မေမေနဲ့ ခင်ခကပဲ ... မိတ်ဆက်ပေးပါဦးနော်"

အိမ်ထဲသို့ဝင်ခဲ့ကြသည်။ ဖေ့ဖေပင် ရုံးသွားရန်အဝတ်အစားလဲပြီးခဲ့ပြီ။ ညှေ့ခန်းမှာပဲ ထိုင်ခဲ့ကြသည်။

ခင်ခကပဲ မိတ်ဆက်ပေးပါ၏။

"အေးအေး ... မောင်အောင်နိုင်တို့မိဘတွေနဲ့ အန်ကယ်လ်တို့ခင်မင်ရင်းနှီးပြီးသားပဲ ... မောင်နှမတစ်တွေကျောင်းပိတ်ထားတုန်း ပျော်ပျော်ပါးပါးနေကြပေ့ါ"

တိုတိုနဲ့စကားဖြတ်ကာ ဖေဖေကရုံးသို့ထွက်ခွာ



www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့သည်။

မေမေကတော့ ပို၏။

“ဝမ်းသာလိုက်တာကွယ် ... မင်းတို့မောင်နှမတွေဆုံကြတာ

ပေါ့ ... ဒီနှစ်သမီးသီရိကတော့ ဆယ်တန်းကိုဂုဏ်ထူးနဲ့

ထွက်မယ်လို့တောင် ... ဟိုဘက်အိမ်က မောင်အောင်

ကျော်ကျော်က ကြိုတင်ပြောထားခဲ့ဘာ”

“အို ... မေမေကတော့လုပ်ပြီ”

“ဟဲ့ ... မေမေက မဟုတ်တာပြောတာမှ မဟုတ်တာ ...

သမီး ပိုင်အမ်တီအမှတ်ဝင်ရင် ... မောင်အောင်ခိုင်တို့စက်မှု

တက္ကသိုလ်ပဲတက်ရမှာ မဟုတ်လား ... ဒါဆိုရင် မောင်

အောင်ခိုင်ပဲ အားကိုးရမှာပေါ့”

“ရတယ် အန်တီ ... ကျွန်တော်အစအဆုံး ကူညီမှာပါ ...

တကယ်လို့ အမ်(စီ)ဝင်ခဲ့ရင် ရန်ကုန်ကဆေးတစ် ...

မဟုတ် နှစ်ကိုရအောင်လျှောက်ပါ ... သီရိအတွက် ရန်ကုန်

ကတာဝန်ဟူသမျှ ကျွန်တော်တာဝန်ယူပါတယ်”

“အေး ... အေး ဝမ်းသာပါတယ်ကွယ် ... မောင်နှမတွေ

ခဲ့ကြဦး ... အန်တီ ဈေးသွားရဦးမယ်”

သီရိမေ စိတ်မောမိပါ၏။ မေမေသည် ပုံပြင်





ကြွက်ဖျိုမလေး၏ မိခင်သဖွယ်ဖြစ်နေရှာသည်။ ကိုယ့်သမီးလေးကို

မိုးနတ်သားနှင့်တွေ့လည်း ပေးစားချင်သည်။ လေနတ်သား၊ နေ

နတ်သားနှင့်တွေ့လည်း ပေးစားချင်ပြန်ပါ၏။ သနားဖို့လည်း

ကောင်းပါ၏။

ဆီထမင်းစားရင်း စကားဝိုင်းဖွဲ့ကြသည်။ အောင်ခိုင်

၏မျက်လုံးများက လစ်လျှင်လစ်သလို သီရိမေကိုသာကြည့်နေ

တတ်သည်။

သိသော်လည်း သီရိမေ မသိဟန်ဆောင်နေခဲ့၏။

ထိုစဉ်မှာပဲ အောင်ခိုင်က စကားစလာခဲ့သည်။ သူ

ဘပြုံး၍ပြော၏။

“ဟိုလေ ... ကြားဖူးနားဝစကားပါ ... စာနဲ့ပေနဲ့ဖတ်ဘူး

တာတော့ မဟုတ်ဖူးပေါ့ ... တို့ရှင်တော်ဂေါတမ တရား

စကားများတယ်မှန်ပါလားပေါ့လေ ... ပြီးတော့ ခင်ခနဲ့ငါ

စကားနိုင်လုတာ ငါရှုံးပြီပေါ့”

ထိုရောအခါ ညီမဖြစ်သူခင်ခင်ခက ဝင်မေးပါ၏။

“ဘယ်လိုမှတ်တာလဲ ကိုကိုခိုင် ... ဘယ်လိုရှုံးတာလဲဆို

တာလဲပြော ... ”

“ရှင်တော်ဂေါတမမြတ်စွာဘုရားဟာ ... ဘုရားဖြစ်ပြီးတဲ့



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



နောက်၊ လူပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်ကို ... ဒေသစာရီကြွ ချီပြီး တရားဟောလေ့ရှိသတဲ့"

"အလို ... ကြီးကျယ်လှချည်လား ... ကိုကိုခိုင်စကားတွေက ... "

"နားထောင်ပါ ... ငါအတည်ပြောနေတာခင်ခ ... တစ်နေ့မှာ ရှင်တော်ဂေါတမမြတ်စွာဘုရားနဲ့ ... ညီတော်အာနန္ဒာဟာ တောလမ်းခရီးအဖြတ်မှာ ... သစ်ပင်ထိပ်မှာရှိနေတဲ့ မျောက်မောင်းမတွေကို တွေ့သတဲ့"

"မျောက်မောင်းမဆိုတာ ... ဘာလဲကိုကိုခိုင်"

"မျောက်ပဲပေါ့ဟာ ... လူတွေက အဲဒီမျောက်အမျိုးကို မျောက်မောင်းမလို့ နာမည်ပေးထားတာ ... အရုပ်သိပ်ဆိုးတယ် ... မြတ်စွာဘုရားက ညီတော်အာနန္ဒာကိုမေးတယ် သစ်ပင်ပေါ်က ... မျောက်မောင်းမနဲ့ ညီတော်အာနန္ဒာရဲ့ ဇနီးကြင်ရာ ဘယ်သူကရုပ်ပိုပြီးချောသလဲပေါ့"

"ဒီတော့ ... ညီတော်အာနန္ဒာဟာ နောင်တော်ဂေါတမက ညီတော်ရဲ့ဇနီးကြင်ရာကိုမှ ... မျောက်မောင်းမနဲ့ နှိုင်းရက်လေချင်းလို့ စိတ်မကောင်းဖြစ်ပြီး ဝမ်းနည်းရသတဲ့"

"ဒါနဲ့ ... မြတ်စွာဘုရားရှင်နဲ့ ညီတော်အာနန္ဒာဟာ ... ဆက်





လက်ကြွမြန်းရင်း နတ်ပြည်ကိုရောက်ခဲ့ပြန်ရောတဲ့ ... နတ်ပြည်က နတ်သမီးတွေဟာ အရမ်းလှတာပဲပေါ့ ... အဲဒီအခါ ရှင်တော်ဂေါတမက ညီတော်အာနန္ဒာကို မေးပြန်သတဲ့ ... နတ်ပြည်က နတ်သမီးနဲ့ညီတော်အာနန္ဒာရဲ့ဇနီးကြင်ယာ ဘယ်သူက လှသလဲပေါ့"

"အဲဒီအခါ ... ညီတော်အာနန္ဒက ဘယ်လိုပြန်ဖြေသလဲဆိုတာ နင်သိလားခင်ခ ... "

"အို ... ဘယ်သိမှာလဲ ... အခုတောင် ကိုကိုခိုင်ပြောလို့သိရတာပဲ ... "

"ဒါဆို နားထောင်ခင်ခ ... နင့်ကို ငါဘာဖြစ်လို့ရှုံးသွားသလဲဆိုတာပါပေါ့ ... ဒီတော့ ညီတော်အာနန္ဒက ပြုံးပြီးပြန်ဖြေသတဲ့ ... အခုနတ်ပြည်က နတ်သမီးတွေကိုတွေ့တော့သိပ်လှပါတယ်ဆိုတဲ့ ... သူ့ကြင်ရာဟာ တောတန်းမှာတွေ့ခဲ့တဲ့ မျောက်မောင်းမအသွင်ရှိသွားပါတယ် ဘုရားလို့ ... ဖြေခဲ့သတဲ့"

"အဲဒါဆို ... နတ်သမီးတွေဟာ သိပ်ချောသိပ်လှမှာပဲပေါ့နော် ကိုကိုခိုင် ... "

"အင်းပေါ့ ... အဲဒီတော့ ငါလဲအိမ်မှာတုန်းက သိရိုနဲ့ရှင်းဘုန်



www.burmeseclassic.com

www.burmeseclassic.com



မှာကြုံခဲ့တဲ့မိန်းမလှတွေအားလုံးယှဉ်လိုက်တော့ ... ဟိုတုန်းက တွေ့ခဲ့တာတွေအားလုံး မျောက်မောင်းမဖြစ်သွားရတာပေါ့ဟာ ... ”

“ဟယ် ... ကြည့်စမ်း ... ကိုကိုခိုင်စကားက နောက်ဆုံးတော့ သီရိအလှကို အမွှန်းတင်တာပဲ”

ခင်ခင်ခက ပြောရင်းဆိုရင်း တခစ်ခစ်ရယ်ပါလေ၏။ ပြီးတော့ သီရိပေါင်ကိုခင်ခင်ခက လှမ်းဗုတ်ပါ၏။

“ကဲ ... ဘယ်နှယ့်ရှိစ သီရိ ... ”

သီရိမေ ပြုံးလိုက်ပါ၏။

“လောကကြီးမှာ ... ဘယ်တိုင်းပြည်က မိန်းမပဲဖြစ်ဖြစ်လှတယ်ပြောရင် သဘောကျစမြဲပါခင်ခ ... သီရိလှတယ်၊ ချောတယ်ပြောတဲ့ ကိုအောင်ခိုင့်ကိုကျေးဇူးတင်ပါတယ်ရှင် ... ဒါပေမဲ့ မြန်မာစကားပုံတစ်ခုတော့ရှိရဲ့ ... ”

“ဘယ်လိုလဲ သီရိ ... ”

အောင်ခိုင်က အမေးမရမေးခဲ့သည်။

“ဘုံခန်းကိုမြှောက်ပြီး ငရဲခန်းကိုချောက်တယ်တဲ့ ... အခု ကိုအောင်ခိုင်ပြောသွားတာ ... မြှောက်လွန်းအားကြီးတယ် ဗိုက်ခိုင်းသွားပုံက သီရိကြက်သီးထရတယ်”





“ဟာ ... တို့မြှောက်ပြောတာမဟုတ်ပါဘူး သီရိ ... အမြင်အမှန်အတိုင်းပြောတာပါ ... တို့တွေ့ခဲ့ဘူးတဲ့ မိန်းမချောတွေဟာ ဆင်ယင်ထုံးဖွဲ့မှုကြောင့်ပါ ... အခု သီရိလှတာဟာ ပကတိရိုးရိုးရှင်းရှင်းလေးလှနေတာလေ ... ဒါကြောင့် နတ်သမီးနဲ့နှိုင်းတာပေါ့ ... နတ်ပြည်က နတ်သမီးဆိုတာ နှုတ်ခမ်းနီမဆိုးဘူး ... မိတ်ကပ်မလိမ်းဘူး ... အခု သီရိလိုပဲပေါ့ ... ”

သီရိမေ ရယ်လိုက်သည်။ ပြီး အင်မတန်ထိရောက်သော မှတ်ချက်ကလေးတစ်ခုပြောချလိုက်ပါ၏။

“ကိုအောင်ခိုင်က ... မိန်းမကျမ်းတော်တော်ကျေတယ်နော်”

“ဟာ ... အဲဒီလိုတော့ မစွပ်စွဲနဲ့လေ ... ”

ရှက်ရယ်ရယ်ကာ အောင်ခိုင်ပြောပါလေ၏။

ထို့နောက် မောင်နှစ်မနှစ်ဦး နှုတ်ဆက်ပြန်သွားခဲ့ကြသည်။

သီရိမေ ဆိုဖာနောက်တွင်ဦးခေါင်းမှေးတင်ပြီး စဉ်းစားလိုက်သည်။

ပဲခူးတွင်အရွယ်ရောက်စဉ်မှစ၍ သီရိမေကိုမြင်သည်



www.burmeseclassic.com

www.burmeseclassic.com



နှင့် ချစ်ချင်သည်။ ကြိုက်ချင်သည်ဆိုသည်မှာ ခေါင်ရိုးကျိုးနေသော စာအုပ်တစ်အုပ်လိုပင် သူမအဖို့ ရိုးအီနေသော စာမျက်နှာများလိုပင် ဖြစ်ပါလေ၏။

ဘာပဲဖြစ်ဖြစ် ... သီရိမေက အတွေ့အကြုံအရ ကောက်ချက်ချလိုက်နိုင်ပါ၏။ အတွေ့အကြုံဆိုတာ အနီးကပ်ပွဲဖြင့် ဆုံးမနိုင်သောနည်းပြတာပဲ မဟုတ်လား ... ။

ဒီတော့ ကိုယ့်ရင်ထဲက ကိုယ်တစ်နည်းဆိုသော် ကိုယ့်နှလုံးသားထဲက ကိုယ်ချစ်မိလာမှ ပြန်၍ချစ်မိပါလေမည် ဟူ၍ ပင်။





အခန်း ( ၁၅ )

ဤမြို့သည် မန္တလေးနှင့် မိုင်(၅၀)ခန့်သာ ကွာဝေးသော မြို့တစ်မြို့ဖြစ်သည်။ ဤမြို့၌ ကားစီးနိုင်သူဦးရေ မြို့ခံလူ တွေပေါသည်။ သို့သော် မြို့ခံဝပ်ရှော့နှစ်ခုတွင် မည်သို့သော ချို့ ယွင်းချက် ရှိသည်ဟူတော့မသိ။

ကားပိုင်ရှင် တော်တော်များများက ကားပျက်လျှင် မန္တလေးသို့သာ သွားကြပါ၏။ တောင်ပိုင်းရှမ်းပြည်နယ်သို့သွားရာ တွင် ကြားခုလတ်မြို့ဖြစ်၍ ဝပ်ရှော့လုပ်ငန်းနှင့် အကျိုးဖြစ်ထွန်း နိုင်သည်ဟု ဖေဖေကတော့ မှတ်ချက်ချခဲ့သည်။ မော်တော်ကားကို အဓိကထားရသောမြို့ဖြစ်၍ ဝပ်ရှော့ကောင်းကောင်းတည်ထောင် လျှင် အကျိုးဖြစ်ထွန်းနိုင်သည်။ ယခု ဝပ်ရှော့နှစ်ခုက ဤမြို့သည်



www.burmeseclassic.com

www.burmeseclassic.com



မန္တလေးမြို့၏လောင်းရိပ်မိနေ၍ လုပ်ငန်းမကောင်းဟူ၍ ဆိုကြသည်။ သီရိမေ ဒါတွေကို စိတ်မဝင်စား နားလည်းမလည်။

ခြေရင်းခြံနှင့် အိမ်မှာ ဝပ်ရှောလာဖွင့်သူမှာ မိုးချမ်းသာ ခေါ် ကိုအနတ္တလေလားဟု သူမရင်ထဲမှာ စိတ်ဝင်စားတာပဲရှိသည်။ ဆိုင်းဘုတ်နာမည်ကို မိုးချမ်းသာဟု တပ်ထားပုံအရ ကိုအနတ္တပဲ ဖြစ်ဖို့ရှိပါ၏။

ဒီမနက်တော့ ဖေဖေ ရုံးသွား၊ မေမေ ဈေးသွားသည်နှင့် သီရိခြံထဲသို့ဆင်းသည်။ ဘေးခြံစည်းရိုးတံခါးဘေးမှ ခြေရင်းခြံသို့ ကူးလိုက်သည်။

"ဟော့ ..."

သီရိမေ အသံပေးလိုက်သည်နှင့် အလုပ်လုပ်နေသည့် ကောင်လေးနှစ်ဦး အလုပ်လုပ်ရာမှ မော့ကြည့်သည်။

"မင်းတို့ ဆရာကော ..."

ကောင်လေးတစ်ယောက်က သီရိမေကို ငေးကြည့်ရာမှ တိုက်အိမ်ဘက်သို့ လက်ညှိုးထိုးပြသည်။ သီရိမေ ဆက်၍ လျှောက်လိုက်သည်။

"လူမှုဟုတ်ရဲ့လားကွာ ... ဥစ္စာစောင့်လား မသိဘူး"

"အေးကွ ... ဥစ္စာစောင့်တွေဟာ စကားပြောတယ်ကွ —



BURMESE CLASSIC .com



ခုရောက်လာတာကြည့်ပါလား ... ဘွားခနဲပဲ အိမ်ရှေ့ခြံပေါက်ကဝင်လာရင် ခြောက်တာတဲ့ ..."

ကျောပေးလျှောက်နေခဲ့သော သီရိမေက သူတို့နှစ်ယောက်ပြောသည်ကို ကြားပါ၏။ သို့သော် လှည့်မကြည့်တော့ပဲ တိုက်အိမ်ထဲသို့ တည့်တည့်ကြီးပဲဝင်လိုက်သည်။

တွေ့ပါပြီ။

အပြားကြီးသော ဦးထုပ်ဆောင်းထားသည့်အကျႌလက်ပြတ်အစုတ်ဝတ်ထားသည်။ ဘောင်းဘီက ဂျင်းအပြာရောင်ဖြစ်သော်လည်း ဒူးဆစ်ဖုံးရုံပဲရှိကာ အနားတွေဖွာကျဲနေသည်။

အင်္ကျီရောဘောင်းဘီမှာပါ စက်ဆီအမည်းကွက်တွေပေကျံနေခဲ့သည်။ ထိုလူက ကားအင်ဂျင်တစ်လုံးကို အရိုးရှည်ဝက်အူလည့်ကိုင်ရင်း ဟိုလှည့်ဒီလှည့်အလုပ်ရှုပ်နေခဲ့၏။ အပြင်ဘက်ကိုကျောပေးထား၍ သီရိမေကိုမြင်ပုံမရ။

"ဒီမှာ ... ဆိုင်းဘုတ်က မိုးချမ်းသာဆိုတာရှင်ပဲလားဟင်"

သူက သီရိမေအသံကြား၍လှည့်ကြည့်သည်။ သီရိမေမှန်းသိလိုက်၍ အပြုံးနှင့်နှုတ်ဆက်ပါလေ၏။

သူ့အပြုံး၊ သူ့နှုတ်ခမ်းနှင့်သွားများကို မြင်သည်နှင့်သူသည် ကိုအနတ္တမှန်းသေချာသွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



"အို … ကို … ကိုအနတ္တ"

"ဟုတ်ပါတယ် … သီရိသိခဲ့တဲ့ ကိုအနတ္တနဲ့ဆိုင်းစုတ်ပေါ်က မိုးချမ်းသာအတူတူပါပဲ … ကဲ့ ထိုင် … ဝပ်ရှော့(ပ်)မှာဆို ဖာဆက်တီတော့မရှိဘူး … ခွေးခြေပဲရှိတယ်"

သူက တစ်တောင်ခန့်မြင့်သော ခွေးခြေတစ်လုံးဆွဲကာ သီရိမေရှေ့သို့ချပေးခဲ့သည်။ သီရိမေ ဝင်ထိုင်ခဲ့၏။ သူ့မတင်ပါးနှင့်ဆိုလျှင် ဖျဉ်ချပ်ကအတော်အတန်သေးနေပါ၏။

သူကလည်း ခွေးခြေပုကလေးနှင့် ထိုင်အလုပ်လုပ်နေရခြင်းဖြစ်၍ သီရိကိုမော့ကြည့်၍ ပြောရခြင်းဖြစ်သည်။

"ဝမ်းသာလိုက်တာ … တကယ်ပါပဲ … "

"ကိုအနတ္တကို ပြန်တွေ့ရလို့ပေါ့ … "

"အဟုတ် … တကယ်တော့ သီရိနဲ့တို့ဟာ မိတ်ဆွေရင်းချာတွေတော့ မဟုတ်ပါဘူးနော် … "

သီရိရင်ထဲ အောင့်ခနဲစူးရှသလိုခံစားမိသည်။

မိန်းမသားဖြစ်သူက ဝမ်းသာတယ်လဲပြောသည့်တိုင် သူပြောပုံကတစ်မျိုးကြီးဖြစ်နေသောကြောင့် ဖြစ်ပါ၏။

"ဒါပေမဲ့ … ကိုအနတ္တက သီရိရဲ့ကျေးဇူးရှင်မဟုတ်လား"

"ဒါဆိုရင် … တို့ကို ငွေတစ်သိန်းလောက်ချေးပါလား"





"အယ် … "

သူက ရယ်လိုက်သည်။

သူရယ်သည်ကို သီရိမငေးကြည့်မိ၏။

ဦးထုပ်ကိုချွတ်ကာ သူကအနားပြားကြီးမှကိုင်ကာ သူ့ကိုယ်သူယပ်ခပ်နေခဲ့သည်။

"ဘာလဲ … သီရိစိတ်ညစ်သွားလား … အလကားနောက်တာပါ … တို့မှာ ငွေမလိုပါဘူး … တကယ်လိုအပ်ရင် ကိုယ့်အစွမ်းအစနဲ့ပဲရှာပါတယ် … သူများဆီက မချေးပါဘူး … မရရင်ရှိတဲ့ပစ္စည်းရောင်းတာပဲ … "

"မဟုတ်ပါဘူး … သီရိက ကူညီချင်နေတဲ့သူပဲဟာ … "

"သီရိက မိဘအုပ်ထိန်းမှုအောက်မှာဘဲ ရှိသေးတဲ့ ကျောင်းသူပဲနော် ငွေတစ်သိန်း ဘယ်မှာရှိမှာလဲလို့ ပြောမှာမဟုတ်လား … ခုခေတ်က ငွေတိုးကများလွန်းတယ်လေ … ရွှေ စိန် … မြေ … အိမ်အပေါင်ထားရင် အနည်းဆုံး ငါးကျပ်များရင် ရှစ်ကျပ်ပဲ … ပစ္စည်းမဲ့ပေါင်ဆိုရင် နှစ်ဆယ်အနည်းဆုံး ဟင်းချေးဖိုး မလွယ်ပါဘူး … နှစ်ဆယ်တိုးတို့ ဘာတို့ကပဲ ဖဲသမား ကျွင်သမားပဲ ချေးမှာ … ဒါမှမဟုတ် ဈေးရောင်းရင်ပေါ့ … "



www.burmeseclassic.com

www.burmeseclassic.com



"အို ... သီရိပြောချင်တာ တခြား ... ကိုအနတ္တပြောချင်တာ တွေက တလွဲပဲ ... "

"သီရိက ဘာပြောချင်လို့လဲ ... ကိုယ်ကတော့ ခုခေတ် ငွေရှင်တွေကို စိတ်ပျက်လွန်းလို့ ပြောမိပြောရာ ပြောနေတာပါ ... တို့အိမ်နဲ့ ခြံကိုပေါင်ကြည့်သေးတယ် ... အတိုးများလို့ လက်လျှော့လိုက်တာ ... သီရိပြောချင်တာ ဘာလဲဟင် ... "

"သီရိမှာ သီးသန့် ငွေပိုင်ရှိပါတယ် ... သီရိအတွက် ဘိုးဘိုးနဲ့ ဘွားဘွားက မသေခင် ဘဏ်မှာ သီရိနာမည်နဲ့ ဖွင့်ပေးခဲ့တာပါ ... ကျန်တဲ့ အမွေတွေသာ မေမေက ဆက်ခံတာ ... "

"အလားလား ... သီရိက ကျောင်းသူဘဝနဲ့တောင် သူဌေးမလေးပဲ ... "

"အကောင်းပြောတာ ... သီရိ ကိုယ်ပိုင်ငွေထဲက အတိုးတစ်ပြား တစ်ချပ်မှ မယူဘဲ ကိုအနတ္တကို ချေးမယ်လို့ ပြောချင်တာ ... "

"သီရိရဲ့ အသက်နဲ့ အရှက်ကို ကိုအနတ္တကယ်ပေးခဲ့ဖူးတာပဲ သီရိက အရှက်နဲ့ အသက်ကို တန်ဖိုးထားတယ်လေ ... "

အနတ္တက ခေါင်းကိုခါယမ်းလိုက်သည်။ ပြီးမှ ပြော





"ဗိုက်ဆံပေါ်ခင် ခေတ်ကဆိုပါတော့ မုဆိုးတံငါက သားငါး ဖယ် ... လယ်ယာစိုက်ပျိုး သူတွေက စပါးနဲ့ သီးနှံစိုက်တယ် သားငါးလိုချင် ယာသမားကို သူ့မှာရှိတဲ့ ဆန်စပါး အသီးအနှံနဲ့ မုဆိုးတံငါဆီက အသားငါးကို လဲလှယ်ယူခဲ့ကြတယ် ... လယ်သမားက ဆန်စပါးသီးနှံပေးလို့ မုဆိုးတံငါက အသားငါးပေးတာပဲလေ တစ်ဦးနဲ့တစ်ဦး အပြန်အလှန်ပေါ့ ကျေးဇူးတင်စရာမှ မဟုတ်တာ ... တို့ သီရိဆီက ငွေတစ်ပြားတောင် လက်မခံဘူး ... ချေးတာဖြစ်ဖြစ် ပေးတာဖြစ်ဖြစ်"

"အိုး ... "

"သီရိဆီက တို့ကို ကျေးဇူးတင်ပါတယ်ဆိုတာကိုပဲ တန်ဖိုးထားတယ် ... "

သီရိက ကိုအနတ္တ၏ စကားနှင့် သဘောထားကို နားလည်လိုက်သည်။

သီရိက ကျေးဇူးတင်သည်ကိုပဲ သူလိုချင်၏။ ငွေနှင့် ကျေးဇူးကို မလဲနိုင်ဟူ၍ပဲ ဖြစ်ပါလေ၏။ သီရိရင်ထဲ ကြည်နူးခြင်းနှင့် ခမ်းနည်းခြင်းတို့ ရောယှက်ခံစားရပါ၏။

"ဟေး ... စံနက်ကျော် ... "



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ... အစ်ကို ... လာပြီ ... "

ကိုအနုတ္တက လှမ်းခေါ်လိုက်ရာ အပြင်ဘက်မှ အကျီပြာ ဘောင်းဘီပြာနှင့် ချာတိတ် ပြေးဝင်လာသည်။

"မာကလာပင်တက်ကွာ ... ဝါပြီး မှည့်နေတာကို မခူးနဲ့ အစိမ်းရင့်ပျောက်ပြီ အဝင်းဘက်ကူးနေတဲ့ အသီးကိုခူး ... ပြီးရင် ရေဆေး ... နှစ်လုံးလောက်ကို ဓားနဲ့ဖိုက် အထဲက အစေ့တွေကို လှီးထုတ်ပစ် ... ပြီးရင် ပန်းကန်သန့်သန့်နဲ့ ထည့်ယူလာခဲ့ ... ကျန်တဲ့ အသီးတွေ ပလတ်စတစ်အိတ်နဲ့ ထုပ်ခဲ့ ... "

"ဟုတ်ကဲ့ ... အစ်ကို ... "

"အေး ... မြွေရှိတယ် ... မျက်စိရှင်ပစေ ... "

"သူတို့နှစ်ယောက်က ကိုအနုတ္တနဲ့ သွေးသားတော်သလား ဟင် ... "

"ခင်ရာဆွေမျိုး ဆိုရင်တော့ သွေးသားတော်တယ်လို့ ပြော မှာဘဲ ... စံနက်ကျော်က အကြီးကောင် ... ကိုးတန်း ... အငယ်ကောင်က အောင်ဘလူ ... ရှစ်တန်း ... ဒီနှစ်အောင် ရင်တော့ အတန်းတက်သွားမှာပေါ့ ... သူတို့ စာမေးပွဲဖြေပြီး အတိစောင့်နေရလို့ အခုရက်ကျမှ ရောက်လာတာ ... "





"သူတို့မှာ မိဘမရှိဘူးလား ... သိရိမေးတာ သိပ်စပ်စုလွန်း ရာကျနေမလားဘဲနော် ... "

"ရပါတယ် သိရိနဲ့ တို့က မိတ်ဆွေတွေပဲ ... မေးချင်တာမေး နိုင်ပါတယ် ... "

"သူ့အလုပ်ပျက်မှာပေါ့ ... "

"အင်ဂျင်နှစ်လုံးကိုင်တာများ ခက်တာမှတ်လို့ ... အလုပ် မပျက်ပါဘူး ... စံနက်ကျော်မှာရော အောင်ဘလူမှာရော ကိုယ်စီရှိကြတယ် ... ညီတွေ အမေတွေလည်းရှိတယ် ... "

"သူတို့ရဲ့ အဖေနှစ်ယောက်လုံး တို့အဖေလိုပဲ တိုင်းပြည် အတွက် အသက်ပေးလှူသွားကြတယ် ... တို့နဲ့ ကံတူ အကျိုးပေးပေါ့ ... တို့က အလုပ်အကိုင်နဲ့ ပိုက်ဆံရှာနိုင် တယ် ... နဂိုကတည်းက တို့မှာ ငွေကြေးအသင့်အတင့်ရှိ တယ် ... ဒါကြောင့် ဘဝတူ စံနက်ကျော် ... အောင်ဘလူတို့ ကို လုပ်ငန်းထဲ ထည့်သုံးတယ် ... သူတို့ရသင့်တဲ့ လုပ်ခကို သူတို့အမေတွေဆီ ပြန်ပို့ခိုင်းတယ် ... "

"ဒါဆို သိရိမေးချင်တာလေးတွေ ဆက်မေးရမလား ... "

"မေးပေါ့ ... မေးနိုင်ပါတယ် ပြောပြီးသားပဲ ... "

ကိုအနုတ္တ၏ အကြည့်သည် ရူးရူးရဲရဲအကြည့်မျိုး



www.burmeseclassic.com

www.burmeseclassic.com



မဟုတ် … ညိုးငယ်သောအကြည့် အားလျော့ထားလိုက်ရသည့် အကြည့်မျိုးပင်။ သူသည် အခြားယောက်ျားသားတွေလို ဣန္ဒြေမဲ့ ခဲ့။ အခါမလပ် သူ့သိက္ခာကို စောင့်စည်းခဲ့သည်။ အကြည့်က သီရိမေ ၏ လည်ပင်းအောက်ကျော်၍ မကြည့်။

"ဒါဖြင့် မေးမယ်နော် … "

နှစ်ဦးသား အကြည့်ဆုံလိုက်မိကြသည်သည်။ ရင်မှာမလုံ မလဲဖြစ်သွားခဲ့ကြရပါ၏။ သို့သော် သီရိမေပြည့်ကြည်နူးနူးတော့ ဖြစ်နေမိရပါလေသည်။

"ဒါဆိုရင် သူနဲ့ စတွေ့တုန်းက ကိုအနတ္တလို့ ဘာဖြစ်လို့ ပြော ခဲ့ရတာလဲ … "

"အဲဒီအချိန်တုန်းက ရဲအုပ်ကိုအေးမင်းက တို့ ဒီမြို့ကိုရောက် နေတာ ဦးဖိုးမှိုရဲ့ မြေးတော်တာ … ဒီခြံနဲ့ တိုက်ကို အမွေ မှာနဲ့ တို့နာမည်အမှန်ကို ဘယ်သူနဲ့တွေ့တွေ့ မပြောပါနဲ့လို့ ဝိတ်ထားခဲ့တယ် … သီရိနဲ့ ဆုံတဲ့အချိန် နာမည်မေးတော့ အမြဲမရှိတဲ့ နာမည်လေး ပေးမှဖြစ်မယ်ဆိုပြီး အနတ္တလို့ ပေး လိုက်မိတာပါ … မွေးလာတုန်းက အဖေနဲ့ အမေဟာ တို့ကို အမြဲတမ်း စိတ်ချမ်းသာ လူချမ်းသာရှိရအောင် ချမ်းသာလို့ အမည်ပေးခဲ့ပေမဲ့ တို့က ဆင်းရဲပါတယ် သီရိ … "





"အမယ် … ဒီတိုက်နဲ့ ခြံအမွေရထားတဲ့ သူကများ ဆင်းရဲ တယ်လို့ ပြောနေရသေးတယ် … "

"ဟား … ခက်တယ်လေ … သရဲခြောက်တဲ့ အိမ်ခြံ … ဒုစရိုက်လုပ်ငန်းလုပ်ခဲ့တဲ့ ခြံနဲ့ အိမ်ဆိုပြီး ဝယ်မယ့်သူမရှိဘူး တို့က တိုက်နဲ့ခြံကို ရောင်းပြီး တိုးတက်တဲ့ ပညာနဲ့ တွင်ခုံနဲ့ ဝပ်ရှော့(ပ)ကြီး တည်ထောင်မယ်လို့ စိတ်ကူးထားတာ တကယ်ဝယ်ပါမယ်ဆိုတဲ့ လူတွေပြန်တော့ မဖြစ်နိုင်တဲ့ ဈေးနဲ့ဝယ်ဖို့ ကြိုးစားနေကြတာ … ပွဲလန့်တုန်း ဖျာခင်းဖို့ မကြိုတဲ့ လူတွေနဲ့ပဲ တွေ့ကြုံရတာပဲ … အဲ တိုက်နဲ့ ခြံပေါင် မယ်ဆိုတော့လည်း အတိုးနှုန်းက များလို့ မပေါင်ဖြစ်တော့ ဘူး … ဒါကြောင့် တို့ရှိသမျှနဲ့ပဲ ဝပ်ရှော့(ပ)ဖွင့်ဖို့ ဆုံးဖြတ် ခဲ့တာ … တို့မှာ နဂိုကတည်းက ဆိုင်ကယ်(လ်)တစ်စီး တော့ ရှိတယ်လေ … ကားပြင်ဖို့ ပစ္စည်းလိုပြီဆိုရင်တော့ မန္တလေးကို ဆိုင်ကယ်(လ်)နဲ့ပဲ ပြေးရမှာပေါ့ … "

"ပင်ပန်းလိုက်တာနော် … "

"ယောက်ျားတစ်ယောက်ပဲသီရိရယ် ဒီလောက်တော့ အပင် ပန်းခံနိုင်ရမှာပေါ့ … အိမ်ထောင်တစ်ခုကို ဦးစီးရတဲ့ သဘာဝတရားအရဆိုရင် ယောက်ျားပဲ ဦးစီးရမှာပေါ့ …



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူမဆို အလုပ်လုပ်ရင် ပင်ပန်းတတ်တာချည်းပါပဲ ... အနည်းအများတော့ ကွာမှာပေါ့ ... ကိုယ်ပင်ပန်းတာ စိတ်ပင်ပန်းတာ ရှိမှာပဲ ...”

“တကယ်ပဲ ကိုမိုးချမ်းသာက ရာနှုန်းပြည့် ယောက်ျား ပီသပါတယ် ... သီရိက ဒါမျိုးမှ သဘောကျတာ ...”

“အော် ... သီရိက သဘောကျတယ်လား ...”

သီရိမှ သူမ၏ လျှာကို တစ်လစ်လေး ထုတ်လိုက်[illegible]သည်။ ဗြိန်းခနဲ စိတ်ထဲရှိသမျှ ပြောမိပြီးမှ မိန်းမသား တစ်ယော[illegible] အနေနှင့် မပြောသင့်ကြောင်း သတိရလိုက်မိသောကြောင်း ဖြစ်[illegible]လေ၏။

စံနက်ကျော် ဝင်လာသည်။ ပန်းကန်ပြား တစ်ချ[illegible]တွင် မာလကာသီးစိတ်များ ပါလာခဲ့သည်။ လက်တစ်ဖက်က ... ပလတ်စတစ်အိတ်ဖြင့် ထည့်လာသော မာလကာသီးထုပ် ဆွဲလာ[illegible]၏။

ပန်းကန်ရော ... အထုပ်ရော မိုးချမ်းသာ လက်[illegible]သို့ ထည့်ပေးခဲ့ပြီး ပြန်ထွက်သွားသည်။

“စား သီရိ ...”

မာလကာသီးတစ်စိတ် ကောက်ကိုင်လိုက်သည်[illegible]





မှုန့်မှုန့် ချိုချိုမြမြရှိလှသည်။ ကျေးသူ၏ စေတနာကြောင့်လား မပြောတတ်။

“ရဲအုပ်ကိုအေးမင်းက ပြောတယ် ... ကိုမိုးချမ်းသာမှာ လိုင်စင်နဲ့ကိုင်တဲ့ သေနတ်ရှိတယ်တဲ့ ... ဟိုတစ်ခါ မြွေစိမ်းကို ပစ်တုန်းကလည်း သီရိကိုယ်တိုင် မိုးချမ်းသာ သေနတ်ကိုင်တာ မြင်ခဲ့ဖူးတယ် ...”

“အဲဒါ ဟုတ်သားပဲ ... တို့မှာ လိုင်စင်နဲ့ ပစ္စတိုလ် တစ်လက်ရှိပါတယ် ... အဲဒါ ဘာဖြစ်လို့လဲ ...”

“အော် ... သေနတ်ကိုင်ခွင့် လိုင်စင်ဆိုတာ တော်ရုံလူမရလို့ပါ ...”

“သီရိက တို့ကို အခြောက်တိုက် အထင်ကြီးနေတာကိုး ... တို့က ကျောင်းထွက်တာနဲ့ သစ်တော ဌာနမှာ ဝင်ပြီး အလုပ်လုပ်တယ် ... သစ်တော်ဌာနဆိုတာ တောတွေဆင်းရတယ်လေ ... တောထဲမှာက တိရစ္ဆာန်လည်းရှိတယ် ... အဲဒီအတွက် သက်ဆိုင်ရာက လိုင်စင်သေနတ်ကို ကိုင်ခွင့်ပေးခဲ့တာပဲ ... အလုပ်ကထွက်ပြီး ဝပ်ရှော့(ပ)လုပ်တော့လဲ ရလက်စ ကိုင်လက်စ သေနတ်အဖြစ် တည်ရှိနေတာပဲ”

“သစ်တောဌာနက ဘာလို့ ထွက်လိုက်တာလဲ ဟင် ...”



www.burmeseclassic.com

www.burmeseclassic.com



"တောထဲမှာ တို့တာဝန်ကျအဖွဲ့နဲ့ သေနတ်မှန်တယ် ... ဆေးရုံတက်ရတယ် ... ဆေးရုံကဆင်းတော့ တို့ကို သက်ညှာတဲ့အနေနဲ့ တောကို ဆက်မပို့တော့ဘဲ ရုံးတွင်း တာဝန်ပေးတယ် ... တို့ကစားပွဲမှာ ထိုင်ရတဲ့ အလုပ်ကို ပျင်းတယ်လေ ... ပြီးတော့ လခစားအလုပ်ဝင်တယ် ... မကြာဘူး ဖေဖေလည်းဆုံးတော့ ကျန်ခဲ့တဲ့ ငွေ ... ဖေဖေ့အတွက်ရတဲ့ ဆုကြေးတွေနဲ့ တို့ကိုယ်ပိုင် ဝပ်ရှော့(ပ) မန္တလေးမှာ ထူထောင်ခဲ့တယ် ... အမေက ငယ်ငယ်ကတည်းကဆုံးတယ် မန္တလေးမှာက ဝပ်ရှော့(ပ)ကြီးတွေ ရှိတော့ တို့အနေနဲ့ ... မတိုးနိုင်ဘူးလေ ... အမွေရတဲ့ ခြံနဲ့တိုက်ကို ရောင်းဖို့ အလာမှာ ရဲအုပ်ကိုအေးမင်းကို ကူညီလိုက်တာပဲ ... ဒီနောက် တိုက်နဲ့ ခြံက မရောင်းရဘူး ... ပေါင်လို့လည်း မရဘူး မရတဲ့အတူတူ ဒီမြို့မှာဘဲ ဝပ်ရှော့(ပ)ထောင်ခဲ့တာပဲ ... သီရိ သိချင်တာ ကုန်ပြီလား ... "

"ဟင့်အင်း ... "

"ဘာကျန်သေးလို့လဲ ... ကုန်သွားပြီပဲ ... "

"ကိုမိုးချမ်းသာက သစ်တောဌာနမှာ လုပ်ခဲ့ဖူးတယ်ဆိုတော့ ဘယ်အတန်းအထိ သင်ခဲ့သလဲဟင် ... "





"ဒါလား ... ဟား ... ဟား ... "

သူရယ်ပုံက တမင်တကာ ရယ်ခြင်းမျိုးသာဟု သီရိမေတင်မိသည်။

"တို့ ဆယ်တန်းအောင်ပါတယ် ... သစ်တောဌာနကိုရောက်တော့ တို့က အရာရှိရဲ့ နောက်လိုက် ဝန်ထမ်းပါ ... "

"နောက်လိုက် ဝန်ထမ်းကို သေနတ်လိုင်စင်ထုတ်ပေးသတဲ့လား ... "

"အော် ... လုပ်ငန်းကိုက တောထဲမှာ အန္တရာယ်များတဲ့အလုပ်ပဲလေ ... သက်ဆိုင်ရာက ပေးတာပေါ့ ... "

ဒါတော့ သီရိမေ နားမလည်ပေ။ သက်ဆိုင်ရာက သေနတ်ထုန်ပေးရာတွင် မည်သို့သော စည်းကမ်း သတ်မှတ်မှန်း သီရိမေ မသိခဲ့။

"သီရိရေ ... သီရိ ... "

သီရမေ ထိုင်ရာမှထသည်။ မေမေခေါ်နေခဲ့ပြီ။

"ရော့ ... မာလကာသီးထုပ် ... ရေခဲသေတ္တာထဲ ထည့်ထားရင် ပိုပြီး ရင်အေးတာပေါ့ ... သိပ်လည်း မစားနဲ့ပေါ့ ... အစားများရင် ဗိုက်နာတတ်တယ်တဲ့ ... "

သီရိ မာလကာသီးထုပ်ကိုယူရင်း မိုးချမ်းသာ၏



www.burmeseclassic.com

မျက်နှာကို ငေးကြည့်မိသည်။ မပြီးမထင်သော မိုးချမ်းသာ၏ ဆံ လိပ်ခွေတချို့ နဖူးပေါ်ဝဲကျနေသည်ကပင် ကြည့်ကောင်းနေပါ၏။

"သီရိမေ တစ်ခု သတိပေးချင်လို့ ..."

"ပေးလေ ..."

"ဦးသန်းအောင်ရဲ့သား မြင့်သန်းအောင်က ကိုမိုးချမ်းသာကို အခဲကျေမှာတော့ မဟုတ်ဘူး ... သူ ဒီမြို့ ပတ်ဝန်းကျင်က ရွာတစ်ရွာမှာ ခိုနေသတဲ့ ... အဲဒါ ကိုမိုးချမ်းသာကို ရန်လုပ် မလားဘဲ ..."

"ကျေးဇူးတင်ပါတယ် သီရိ ... ဒီကိစ္စကို ရဲအုပ်ကိုအေးမင်းနဲ့ ကြိုကြိုတင်တင် ညှိနှိုင်း တိုင်ပင်ပါတယ် ... ဖြစ်လာတော့ လည်း လာမှဲ့ဘေး ပြေးတွေ့ရုံပဲပေါ့ ..."

သီရိမေ ပြန်သွားသည်။

ယခုတစ်ခါတော့ ... မိုးချမ်းသာသည် သီရိမေ၏ နောက်ပိုင်းအလှကို ငေးကြည့်မိတော့သည်။

ပန်းပု သူ့စာလေးတစ်ရုပ်လိုပါပဲလား။





## အခန်း (၁၆)

"နင်တို့ ဖိတ်တာ ဘယ်လောက်ဖိတ်ထားလဲ ခင်ခ ..."

"ငါးရာ ..."

"အမယ်လေး ... မနည်းပါလားဟဲ့ ..."

"ဖိတ်တိုင်းလည်း လာချင်မှ လာနိုင်ကြတာပါ သီရိရယ် ... မဖိတ်တော့လည်း အပြစ်ဖြစ်ပြန်ရော ... မေမေက ပြော တယ် ဖိတ်တာ တို့ဝတ္တရား ... လာတာမလာတာက သူတို့ တာဝန်ပဲတဲ့ ..."

"ဒါနဲ့ ... နင်တို့ အိမ်ရှေ့တည့်တည့်က ကိုမိုးချမ်းသာကိုရော ဖိတ်သေးလားဟင် ..."

"ဖိတ်ပါတယ် ... ဒါပေမဲ့ ..."

www.burmeseclassic.com



"ဒါပေမဲ့ ... ဘာဖြစ်လဲ ခင်ခ ..."

"ငါ့မွေးနေ့ပွဲကို ကိုကိုခိုင်နဲ့ မေမေက သိပ်မဖိတ်ချင်ကြဘူး ဖေဖေက မင်းတို့ သားအမိနဲ့ အဲဒီလို လူတန်းစားမခွဲချင်နဲ့ တစ်လမ်းထဲ မျက်နှာချင်းဆိုင်နေကြတာ ... ဖိတ်ကိုဖိတ်ရ မယ်လို့ အိမ်က ခိုင်းတဲ့ ကောင်မလေးကို ဖိတ်စာပေးပြီး ဖိတ်ခိုင်းလိုက်တယ် ... ကိုကိုကတော့ ဆွမ်းဆန်စိမ်းထဲ ကြွက်ချေးရောကုန်ပြီတဲ့လေ ..."

"ဟယ် ... ဒီလိုမပြောပါနဲ့ ... ကိုမိုးချမ်းသာတို့က ဘယ် လောက်များ အောက်တန်းကျနေလို့လဲ ..."

"ငါလည်း ပြောပါတယ် သီရိ ... ကိုမိုးချမ်းသာဟာ တစ်ခါ တုန်းက မာလာမြိုင်လမ်းကွေ့မှာ ဗယုတ်သုက္ခကောင်တွေ နှောင့်ယှက်တုန်းက ... ကူညီခဲ့တာ ... သူ့အတွက် သုံး ယောက်တစ်ယောက် ယှဉ်သတ်ခဲ့ရတာ ... ခင်ခတို့သီရိ တို့ကြောင့်လို့ ပြောလိုက်တယ် ... ကိုကိုက ဒီလိုလူစားတွေ က အသတ်အပုတ်ရှိတာ မဆန်းပါဘူးတဲ့လေ ..."

သီရိမေသည် တလောက ခြံကူးပြီး မိုးချမ်းသာနှင့် စကားပြောဖြစ်သည့်အကြောင်းကို ခင်ခင်ခအား မပြောဖြစ်ပေ ... ယခုလည်း နားထောင်ရုံသက်သက်သာ နားထောင်ခဲ့ခြင်းဖြစ်သည်။





"ကိုအောင်ကျော်ကျော်ကိုလည်း စပယ်ရှယ်မဖိတ်ဘူးလား"

"ဖိတ်တာပေါ့ သီရိ ... တို့ကိုယ်တိုင် သွားဖိတ်တာ ... မလာ ရင် အရမ်းစိတ်ဆိုးမှာပဲလို့ ပြောခဲ့သေးတယ် ..."

"လာမှာပါ ... နင့် ကိုအောင်ကျော်ကျော်က နင့်မွေးနေ့ပဲ စပယ်ရှယ် လာမှာပေါ့ ..."

ခင်ခင်ခက မျက်နှာညှိုးသွားသည်။ ပြီးမှပြော၏။

"အင်း ... လာတော့ လာမှာပါ ... ဒီတစ်ခေါက် ကိုအောင် ပြန်လာပြီးကတည်းက တမျိုးပဲ သီရိ ... ဟိုတုန်းကဆို ငါ့ကို စတယ် နောက်တယ် ... အခု အိမ်ကိုတောင် အလာကျဲ သွားတယ် ... နင်တို့ အိမ်ဘက်တော့ ခဏခဏသွားတာ ငါလှမ်းမြင်တယ် ..."

"အင်း ... လာပါတယ် ... သူနဲ့ မေမေက လေပေးတော် တော်ဖြောင့်တယ် ... သူ နိုင်ငံခြားက ပါလာတဲ့ ပန်းမျိုးစေ့ တွေကို စံနစ်တကျလာစိုက်ပေးနေတယ်လေ ..."

"ဟုတ်တယ် ... ကိုအောင်က ပန်းပင်စိုက်တာ ဝါသနာကြီး တယ် ... တို့မေမေက ဒါကျတော့ ဝါသနာမပါဘူး ... မှာ ရွက်လှပင်တွေရှိတယ် ..."

ကိုအောင်ကျော်ကျော် သူမအား မေတ္တာစကား



www.burmeseclassic.com

www.burmeseclassic.com



ပြောခဲ့သည်ကို သီရိမေက ခင်ခင်ခအား မပြောခဲ့။ မိမိကလည်း ကိုအောင်ကျော်ကျော်ကို လက်ခံသည်မဟုတ် ... ပြောနေလည်း ခင်ခ စိတ်မကောင်းဖြစ်မည်စိုး၍ မပြောခဲ့ခြင်းပင်။

မေမေကလည်း တမျှောင်။

ခင်ခင်ခ၏ မွေးနေ့ပွဲတွင် သီရိမေကို အစွမ်းကုန် အလှပြင်ရမည်။ မေမေကိုယ်တိုင် အလှပြင်ပေးပြီး အဝတ်အစားပင် ရွေးပေးမည်ဟု ဆိုပါ၏။

"ခင်ခင်ခတို့ မွေးနေ့ပွဲက တော်တော်လေး ခမ်းခမ်းနားနား လုပ်မှာတဲ့ သီရိ ... တီးဝိုင်းတောင် မန္တလေးက "ယန်းဘွိုင်း" တီးဝိုင်းကို စိတ်ကြိုက်ခေါ်ဈေးပေး ငှားတာတဲ့ ... "

မန္တလေးမှ ယန်းဘွိုင်းတီးဝိုင်းက ဈေးကြီးသည်။ မန္တလေးမှ လူချမ်းသာ မိဘများ၏ သားသမီးများ တည်ထောင်သည့် အဖွဲ့ဖြစ်သည်။ ယင်းတီးဝိုင်းကို ဦးကျော်ဝင်းကိုယ်တိုင်ပင် မိတ်ဆွေသူဌေးတစ်ဦး၏ အကူအညီဖြင့် ငှားခဲ့ရသည်တဲ့။

သဘက်ခါဆိုလျှင် ခင်ခင်ခ၏ မွေးနေ့ပင်။





အခန်း (၁၇)

မိုးချမ်းသာ ဝပ်ရှော့(ဝ)တွင် မြို့ပေါ်မှ ကိုယ်ပိုင် ကားများသာမက အခြားသော နယ်ကားများပင် ရောက်ရှိပြင်ဆင် ကြသည်။ လက်ရာကောင်းသည် ရက်ချိန်း မှန်သည်ဟု နာမည် ထွက်လာသည်။ မိုးချမ်းသာက ဝပ်ရှော့(ပ)တွင် ခြေနိုင် လက်နိုင် ကား(၄)စီးသာ လက်ခံသည်။

တစ်စီးပြီးလျှင် တစ်စီးပြင်သည်။ မိုးချမ်းသာက သူ ကိုယ်တိုင်မှအစ စံနက်ကျော်နှင့် အောင်ဘလူကိုလည်း မုန့်ဖိုး ... ဆက်ဖက်ရည်ဖိုးမယူရဟု စိတ်ဝင်စားသည်။ မိုးချမ်းသာက စက် ပြင်ခမှ ရငွေကို(၅၀)ရာခိုင်နှုန်းယူသည်။ ကောင်လေးနှစ်ယောက် ကို (၂၅)ရာခိုင်နှုန်းပေး၏။



www.burmeseclassic.com

www.burmeseclassic.com



ကားအစီးအရေမပြတ်လက်ခံ၍ ဝင်ငွေကောင်းလာခဲ့သည်။ ကောင်းလေးများ ရသည့်ဝင်ငွေက စားစရိတ်ငြိမ်းမို့ သူတို့ပျော်ကြသည်။

မိုးချမ်းသာ ဝပ်ရှော့(ပ)၏ ကောင်းသတင်းက ... အချိန်တိုကာလအတွင်းမှာ ပျံ့နှံ့သွားသည်။

မရောက်တာကြာပြီဖြစ်သော မိုးချမ်းသာ၏ ခြံဘက်သို့ သီရိမေ လှမ်းကြည့်ဖြစ်သည်။ သွားချင်သော်လည်း မိန်းမသားတစ်ဦး၏ ဂုဏ်သိက္ခာကို သီရိမေငဲ့ရပါ၏။

နံနက်(၈)နာရီလောက်တွင် ... မာလာမြိုင်လမ်းအတွင်းသို့ ဟေမာ စက်ဘီးစီးပြီး ဝင်လာသည်ကို တွေ့ရသည်။ မိမိအိမ်သို့ လာလေသလား၊ ဒါမှမဟုတ် ခင်ခင်ခ၏ အိမ်သို့ လာသလားဟု သီရိမေ ကြည့်နေမိသည်။

ဟေမာတို့က ချို့တဲ့သည်။ ဤမွေးနေ့ပွဲကို လာနိုင်ဖို့အတွက် အဝတ်အစားကောင်းကောင်းသာမက စိန် ရွှေ စသည်ဖြင့် လက်ဝတ်လက်စားလိုသည်။ ဟေမာ့ကိုလည်း သူငယ်ချင်းအဖြစ် စိတ်ထားသည်။ ဟေမာ မတက်ရောက်နိုင်၍ မွေးနေ့လက်ဆောင်ကြိုတင်ပေးပြီး ခွင့်လွှတ်ရန် လာရောက်တောင်းပန်ခြင်း ဖြစ်နိုင်သည်ဟု သီရိမေတွေးဖြစ်သည်။





သို့သော် ...

သီရိမေ ထင်သလိုမဟုတ်ခဲ့။ ဟေမာဝင်သွားသည်က မိုးချမ်းသာ၏ ဝပ်ရှော့(ပ)သို့ တန်းတန်းမတ်မတ်ဝင်သွားခဲ့သည်ကို သီရိမေ အံ့ဩစွာလှမ်းမြင်ရသည်။

ဟေမာက ... ပထမ အောင်ဘလူနှင့်စကားပြောသည်။ အောင်ဘလူအိမ်ထဲ ဝင်သွားပြီးနောက် မိုးချမ်းသာနှင့်အတူ ထွက်လာခဲ့သည်။

ဟေမာနှင့် မိုးချမ်းသာတို့ မတ်တတ်ရပ်ပြီး စကားပြောကြသည်။

စကားပြောစဉ်က ဟေမာ့မျက်နှာ ညှိုးနွမ်းနေခဲ့သော်လည်း နောက်ပိုင်းတွင် ဟေမာရယ်မောပြုံးရွှင်နေသည်ကို သီရိမေ လှမ်းမြင်နေရတော့သည်။

သီရိမေ ရင်ထဲတွင် မခံချင်စိတ်၊ ခံပြင်းစိတ်ကလေးများ ဖြစ်ပေါ်မိသည်။

"အံ့ပါရဲ့ ဟေမာတို့များ မိတ်ဆက်ပေးမဲ့သူမရှိဘဲ ကိုယ့်ဟာကိုယ်လာပြီး မိတ်ဖွဲ့တယ်လို့ ... အတော်ရဲတင်းတဲ့ မိန်းမ"

သီရိမေ၏ စိတ်ထဲ ဟေမာ့ကို အပြစ်တင်မလို့နိုတဲ့ရဲ့မိသလိုလို ဖြစ်မိပါ၏။ နာရီဝက်လောက်ကြာမှ ... ဟေမာ



www.burmeseclassic.com

www.burmeseclassic.com



ဝပ်ရှော့(ပ)အတွင်းမှ ထွက်ခွာသွားသည်။ ထို့နောက် ဟောမာ
ခင်ခင်ခတို့ အိမ်သို့ဝင်သွားခဲ့တော့၏။ သီရိမေ မနေနိုင်တော့။ ခင်
ခင်ခတို့ အိမ်သို့ သွက်သွက်ကလေးလျှောက်မိပါလေ၏။

"ဖေဖေက လွှတ်လိုက်လို့ ငါလာရတယ် ခင်ခရယ် ..."

သီရိမေ ရောက်သွားတော့ ဟောမာက ဝပ်ရှော့(ပ)
လာရသည့်အကြောင်းကို ပြောကာစပင်ရှိသေးသည်။

"ဖေဖေက ကားသမားမဟုတ်လား ... ကိုမိုးချမ်းသာ
လုပ်ပုံကိုင်ပုံကို သိပ်ချီးမွမ်းတာပဲ ... ကိုမိုးချမ်းသာရဲ့ ဝပ်
ရှော့(ပ)ဟာ မကြာခင် ကြီးပွားမှာပဲတဲ့ ... အဲဒါ ဖေဖေ
ဆင်ဖြူတော်မှီပြီး ကြံစုပ်ဖို့ ကြံတာလေ ... တို့မှာ စုဆောင်
ထားတဲ့ ငွေအထိုက်အလျောက်ရှိတယ်လေ ... ကိုမိုးချ
သာက မော်တော်ကားပစ္စည်းလိုရင် မန္တလေးဆင်းဝယ်
တယ်လေ ... အဲဒီအတွက် ကိုမိုးချမ်းသာ ဝပ်ရှော့(ပ)မှာ
ကားအပိုပစ္စည်းဆိုင်ဖွင့်မယ် ... အဲဒါကို ကိုမိုးချမ်းသာ ခွင့်
နိုင်မလားဆိုတဲ့ အချက်ရယ် ..."

ထိုစဉ်မှာပင် အဖြင်မှ ကားဖြင့်ပြန်လာခဲ့သော
အောင်နိုင်က စကားပြောကြသော သီရိမေနှင့် ဟောမာ့ စကားဝိုင်း
ဝင်ခဲ့သည်။





"ကိုကိုနိုင် အားလုံး အဆင်ပြေလားဟင် ..."

"ပြေတယ် ခင်ခ ... မနက်ဖြန် နင့်ပွဲ ခြိမ့်ခြိမ့်သဲဖြစ်သွားမှာ
သေချာတယ် ..."

ခင်ခင်ခက ဟောမာပြောပြသည်ကို စိတ်မဝင်စားဘဲ
သူမမွေးနေ့အတွက်သာ ပီတိဖြစ်နေပုံရသည်။

"ဆက်ပြောပါဟယ် ဟောမာ ... ခွင့်ပြုနိုင်မလားဆိုတော့ ကိုမိုး
ချမ်းသာက ဘာပြောလဲတဲ် ..."

သီရိမေက သိချင်စောဖြင့်မေးသည်။

"ရတယ်တဲ့ ... ဘဝတူချင်း ကူညီရလို့ ဝမ်းတောင်သာသေး
တယ်တဲ့ ... သူ့အနေနဲ့ မန္တလေး ဆင်းပြေးရတာထက် သက်
သာသွားတာပေါ့တဲ့ ... ဆိုင်ကိုတော့ ကိုယ့်ဘာသာကိုယ်
ဆောက်ရမှာပေါ့တဲ့ ... မြေငှားခတော့ မပေးပါနဲ့လို့ပြော
တယ် ... ဒီလူ တကယ်သဘောထားပြည့်တယ်ဟယ်"

"ဒီလောက်များ သဘောထားပြည့်သတဲ့လား ... သူ
မန္တလေးသွားရတာ သက်သာလို့ လက်ခံပေးတာပဲဟာ ...
ဒြော် ... ခင်ခ တို့ကိုလည်း မိတ်ဆွေသစ်နဲ့ မိတ်ဖွဲ့ပေးဦး
လေ ..."

အောင်ခိုင်က ဟောမာ ပြောပြသည်ကို ဝင်ဝေဖန်



www.burmeseclassic.com

www.burmeseclassic.com



စကားဆိုရင်း ဟေမာနှင့် မိတ်ဆက်ပေးရန် ပြောလိုက်ပါ၏။

သီရိမေ မသိမသာလေး ပြုံးလိုက်မိသည်။

"အဲ ... ဟုတ်သားပဲ ... သူက ဟေမာတဲ့ ခင်ခတို့နဲ့ အတန်းတူလေ ... ကွက်သစ်ထဲမှာနေတယ် ... "

"တွေ့ရတာ ဝမ်းသာပါတယ် ဟေမာ ... "

"ဒါ တို့အစ်ကို ကိုကိုနိုင် ... ကိုအောင်နိုင်ပေါ့ ... ရန်ကုန်စက်မှုတက္ကသိုလ် ပဉ္စမနှစ်ဖြေပြီးလို့ ကျောင်းပိတ်ပြန်လာတာလေ ... "

ဟေမာက အပြုံးမျက်ဝန်းဖြင့်ပင်ကြည့်သည်။

"တွေ့ရတာ ဝမ်းသာပါတယ် ကိုအောင်နိုင် ... "

"ခင်ခ သူငယ်ချင်းဟာ တို့သူငယ်ချင်းပဲပေါ့ ... တို့မြို့မှာလည်း ကားအပိုပစ္စည်းဆိုင် လာတည်ရင်ရပါတယ် ဟေမာ ဒါတို့အိမ်ပိုင် မြို့ပိုင်ပဲလေ ... ဟိုဝပ်ရှော့(ပ)မှာက ... ဗူးဘောက်သောက်နဲ့ ပစ္စည်းတွေ အခိုးခံရလို့ ကုန်မယ် ... "

ခင်ခင်ခက သူမ၏ အစ်ကို အပြောလွယ်လွန်းသည်ကို သဘောမကျသော အကြည့်ဖြင့် လှမ်းကြည့်ခဲ့သည်။

"ဟင့်အင်း ... ဖေဖေမှာလိုက်တာ ကိုမိုးချမ်းသာဝပ်ရှော့(ပ)ဘေး တစ်လျှောက်မှာဘဲ ဆိုင်တည်ဖို့ မှာလိုက်တယ် ... ကို





အောင်နိုင်ကို ကျေးဇူးတင်ပါတယ် ... နောက်ပြီး ကိုမိုးချမ်းသာက ပြောပါတယ် ... ညရေးညတာ သူခိုးသူဝှက်ကိစ္စ ပူစရာမလိုဘူးတဲ့ ... သူ့ညီလေးတွေက ညဆို တစ်ယောက်တစ်လှည့် ကင်းစောင့်ရင်း ဝပ်ရှော့(ပ)မှာအိပ်တာတဲ့"

"ဆက်ပြောပါဦး ... နင်တို့ ဆိုင်တည်ဖို့ ကိုမိုးချမ်းသာက ဘာကူညီသေးလဲ ... "

"သူက ကူညီတာမဟုတ်ဘူး သီရိ ... တို့က အကူအညီတောင်းရတာ ... ကားအပိုပစ္စည်းတွေ ဝယ်တဲ့အခါ တစ်ခေါက်နှစ်ခေါက်တော့ ကိုမိုးချမ်းသာ လိုက်ဝယ်ပေးဖို့ပါ ... ကိုမိုးချမ်းသာတို့ မဏ္ဍနှစ်တွေ ဝယ်တော့ ဈေးသက်သာမယ် ပစ္စည်းမှန်မယ်လို့ ဖေဖေက ပြောခိုင်းတာပေါ့ ... "

"ဒီတော့ ကိုမိုးချမ်းသာက ဘာတဲ့လဲ ... "

"ရပါတယ်တဲ့ ... သူဝယ်ရမယ့် ဆိုင်တွေကို လိုက်ပြပေးမယ် ဆိုင်နဲ့ မိတ်ရင်းဆွေရင်းဖြစ်အောင် လုပ်ပေးမယ်တဲ့ ... နောက်ပိုင်းကျတော့ ဝယ်ရမဲ့ ပစ္စည်းစာရင်းကို ကိုမိုးချမ်းသာကပဲ ရေးပေးမယ်လို့ ပြောတယ် ... "

"အင်း ... သူ့အကျိုး ကိုယ့်အကျိုးပေါ့ ... "

ကိုအောင်နိုင်က ဝင်၍ ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး ဟေမာ … ကားအပိုပစ္စည်းဆိုင်တည်ဖို့ ကိစ္စကို နင်တို့ ဖေဖေကိုယ်တိုင် ဘာလို့ မပြောတာတဲ့လဲ … နား လည်တဲ့လူချင်းပြောတော့ ပိုကောင်းတာပေါ့ … "

"ဟုတ်ပါတယ် ခင်ခ … အမှန်တော့ ဖေဖေကိုယ်တိုင်ပြောဖို့ ပါပဲ … ဒါပေမဲ့ ကိုမိုးချမ်းသာက လက်မခံခဲ့ရင် လူကြီးတစ် ယောက်အတွက် အရှက်ရမှာစိုးလို့ တို့ကို စုံစမ်းခိုင်းတာပါ လက်ခံတယ်ဆိုရင် ဖေဖေကိုယ်တိုင် လာမယ်လေ … "

"ဒါပေါ့ ဟေမာရယ် … လူကြီးအနေနဲ့ လာပြောလို့ မရရင် ရှက်မှာပေါ့ … ဒါထက် ခင်ခမွေးနေ့ပွဲကို ဟေမာလာမယ် မဟုတ်လား … "

"ဟာ လာရမှာပေါ့ … ခင်ခ ဖိတ်ထားတာပဲ … "

အောင်နိုက် မိန်းမပျိုလေး တစ်ဦးအနေဖြင့် ပွဲနေ့ပွဲ ထိုင်သွားဖို့အတွက် မည်သို့ အခက်မခဲ့ရှိမှန်း မသိဘဲ ဟေမာ့ကို လာစေချင်သော ဆန္ဒဖြင့် ဇွတ်ဝင်ပြောခဲ့သည်။

ဟေမာ့မျက်နှာကလေး ညှိုးသွားခဲ့သည်။ သူမ ဘာ မှမပြောဘဲ ယဲ့ယဲ့လေးပြုံးပါ၏။

"ကဲ … လာ ဟေမာ … ဒီဘက်ရောက်တုန်း တို့အိမ်ကိုဝင် လည်ဦး … တို့ကတော့ နယ်ကပြောင်းလာခါစဆိုတော့





အိမ်ငှားပဲနေရတာ ကိုယ်ပိုင်အိမ်မဟုတ်တော့ ခြံစည်းရိုး ဖောက်ပြီး ဆိုင်တည်ပါလားလို့ နေရာမပေးရဲတာအမှန်ပဲ"

သူတို့နှစ်ယောက် ခင်ခင်ခဲနှင့် အောင်နိုင်ကို နှုတ် ဆက်ပြီး အိမ်ဘက်ကူလာရင်း စကားပြောလာခြင်းဖြစ်သည်။

"မလိုပါဘူး သီရိရယ် … ဝပ်ရှော့(ပ)နဲ့ ကပ်ရောင်းမှ ပိုရောင်း ရမှာပေါ့ … ကိုအောင်နိုင်က နေရာပေးပေမဲ့ မယူပါဘူး သူတို့မိဘအရိပ်အဝါနဲ့ ဝယ်သူမဝင်ရဲတဲ့ ဆိုင်ဖြစ်သွားနိုင် တယ်လေ … ပြီးတော့ ကိုအောင်ခိုင်က အခုတွေ့ အခုပဲ ရှော … အင့်လို ပေးတာကိုကြောက်တယ် သီရိ … "

"ဘာလို့ ကြောက်တာလဲ … "

"ကျေးဇူးဆပ်ခိုင်းမှာစိုးလို့ … "

"ဆပ်ခိုင်းလည်း ဆပ်လိုက်ပေါ့ ဟေမာ … ကိုအောင်ခိုင့်ကို အကဲခတ်မိသလောက်တော့ ကြွားချင်တာရယ် … ကိုယ့် ကိုယ်အထင်ကြီးတာရယ် … တချို့နေရာတွေမှာ စိတ် သဘောထားနုတာရယ် ကလွဲရင် လူကောင်းတစ်ဦးဖြစ်ပုံရ ပါတယ် … "

"ကိုမိုးချမ်းသာနဲ့တော့ ကွာတယ်နော် သီရိ … "

"ဟုတ်လား … ဘယ်လိုကွာတာလဲ … "



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပြောရရင် တို့ကို လွှတ်လိုက်တာက လူငယ်ချင်းလည်းဖြစ်ပြီးတော့ ယောကျ်ားသားတွေဆိုတာ မိန်းမပျိုကလေးတွေကို လိုက်လျှောတတ်တာ ထုံးစံပဲလေ ... ဒါပေမဲ့ ဖေဖေခရီးထွက်သွားလို့ မလာနိုင်တာလည်း ပါပါတယ်"

"အခု ကိုမိုးချမ်းသာမှာ ဒီလိုသဘောမျိုးတွေ့ခဲ့ရလို့လား ဟောမာက ရုပ်ချောတယ်လေ ... "

"ဟင့်အင်း ... အဲဒါကြောင့် ကွာတယ်လို့ ပြောတာပေါ့ သူက ဟောမာ့ကို စိတ်ဝင်စားပုံ တစ်ချက်မှမပြဘူး ... လူကိုကြည့်ပြီးလည်း စကားမပြောဘူး ... ကြည့်ရင်လည်း မျက်နှာပဲကြည့်ပြောတာ ... ပြီးတော့ မင်းအဖေကိုပဲ လွှတ်လိုက်ပါဆိုတာကို ထပ်ခါတလဲလဲ ပြောတာပါပဲ ... "

ဟောမာ အမှန်းတင်ပြောခြင်းမဟုတ်မှန်းကိုယ်တွေ့ကြုံခဲ့ရသော သီရိမေသိပါ၏။

"ဒါတွေထားပါတော့ ဟောမာ ... မနက်ဖြန် ခင်ခမွေးနေ့ပွဲကို လာမယ်မဟုတ်လား ... "

"မလာတော့ဘူးလို့ အောက်မေ့တာပဲ သီရိ ... "

သီရိမေက ညှိုးနွမ်းသွားသော ဟောမာ့မျက်နှာကလေးကို ကြည့်၍ ... ရင်ထဲမကောင်းပေ ... ဟောမာ့အခက်အခဲကို





သူမသိနေခဲ့ပါလေ၏။

"တစ်မျိုးမထင်နဲ့နော်ဟောမာ ... တို့ရှင်းရှင်းမေးမယ်ဟောမှာ ဒီပွဲအတွက် အခက်အခဲရှိမယ်လို့ထင်တယ် ... ရှိတဲ့ အခက်အခဲကို တို့ကူညီပါ့မယ် ... "

"အဝတ်အစားကတော့ တို့အိမ်က ကောင်းကောင်းဝယ်ပေးပါတယ် ... လက်ဝတ်လက်စားကတော့ လူတန်းစေ့ရှိ ရွှေဆွဲကြိုးရယ် ... ပုလဲလက်စွပ်တစ်ကွင်း ... ပန်းလက်ကောက်လေးတစ်ကွင်းတော့ ရှိပါတယ် ... သူတို့ပွဲကကြီးလွန်းတော့ အဆင့်မီပါ့မလား ... ဒါကြောင့် မလာတော့ဘူးလို့ ဆုံးဖြတ်မိတာပါ ... "

"ဒါဆိုရင် ငါ့ဆီက ကြိုက်ရာ အဝတ်အစား ... ကြိုက်ရာ လက်ဝတ်လက်စားယူသွားပါ ဟောမာ ... "

"ဟယ် ဒီလိုမလုပ်ပါနဲ့ ... "

"ဘာလို့ မလုပ်ရမှာလဲ ... မတတ်သာလို့သာဆုံးဖြတ်တာကို တို့သိတယ် ... ဟောမာ ဒီပွဲကို တက်ချင်နေမှာပေါ့ ... "

အိမ်ထဲသို့ ရောက်လာသည်။ မေမေက သားသမီးချင်း မာနစိတ်ကြောင့် ကရုဏာထားခဲ့သည်။ သီရိမေက အကျိုးအကြောင်းပြောပြခဲ့ပါ၏။

"သမီးလေးက တရုတ်ကပြားမလေးနဲ့တူတယ် ... ကျောက်



www.burmeseclassic.com

www.burmeseclassic.com



စိမ်းဆက်ဝတ်ပေါ့ ... ”

ဟောမှာကိုခေါ်ပြီး ကျောက်စိမ်းဆက်၊ ပတ္တမြား
လား၊ နဝရတ်ကိုးသွယ် ရတနာထဲမှ ကြိုက်ရာရွေးခိုင်းသည်။

“ကျောက်စိမ်းပဲ ဝတ်ချင်တယ် သီရိ ... ”

“ဒါဆိုယူသွားလေ ... ”

“ဟော့အေး ... ယူမသွားတော့ဘူး ... ညအိပ်ယူထားရင်
တာဝန်ကြီးလို့ပါ ... ”

“ဒါဆို ဒီလိုလုပ် ... သီရိကအားနဲ့ တစ်ခါတည်းလာခဲ့မယ် ...
ကျောက်စိမ်းဆက်ပါ ယူလာခဲ့မယ် ... တို့နှစ်ယောက် အတူ
တူ ခင်ခပွဲကို သွားကြတာပေါ့ ... ဒီကျမှ လဲမယ်ဝတ်မယ်
ဆိုရင် မကောင်းဘူးလေ ... လူတွေက အိမ်ကထွက်
တည်းက ကြည့်ကြမှာ ... စကားမရှည်နဲ့ကွာ ... သီရိပဲလာ
ခေါ်မယ် ... ”

ကျေးဇူးတင်ကြောင်း ပြော၍ ဟောမာပြန်၏။ သီ
မေ ကြည်နူးရသည်။ လိုက်လျောတတ်ခြင်းကို ကြည်နူးခြင်းပေ
လား ... ဒါမှမဟုတ် နှမ်းပါးချို့တဲ့သော သူငယ်ချင်းကို ကူညီခွင့်
ကြည့်နူးခြင်းပေပဲလား မပြောတတ်နိုင်ပါလေတော့။





ခင်ခင်ခ၏ မွေးနေ့ပွဲကာ ညနေ(၄)နာရီမှ ည(၉)နာ
ရီအထိ သတ်မှတ်ထားသည်။ ယန်းဘွိုင်း တီးဝိုင်းအဖွဲ့သားများက
နေ့လယ်(၂)နာရီခန့်မှ သူတို့အဖွဲ့ပိုင် ကားနှင့်ရောက်လာကြသည်။

တီးဝိုင်းခေါင်းဆောင် ကိုသက်ဦးက အင်ဂျင်နီယာ
ကျောင်းသား အောင်နိုင်ကိုယ်တိုင် ကြပ်မတ်ဆောက်လုပ်ထား
သော သေသပ်တိကျသည့် စင်မြင့်ပေါ်တွင် လျှပ်စစ်မီးသွယ်တန်း
ခြင်း၊ အလှအပဆင်မြန်းခြင်း၊ ယန်းဘွိုင်းဟူသော စာလုံးကို ချိတ်ဆွဲ
ခြင်း စသည်များကို အတူပါ အလုပ်သမားများကို ကျွမ်းကျင်စွာခန့်
ခွဲ၍ လုပ်ကိုင်သွားသည်။ အောင်နိုင်နှင့် ခင်ခင်ခတို့က ယန်းဘွိုင်း
အဖွဲ့ခေါင်းဆောင် ကိုသက်ဦးအား စကားပြောဆိုလိုက်ကြသည်။
ကြိုဆိုစကားပြောဆိုရင်းမှ တရင်းတနှီး စကားပြောဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုသက်ဦးက ခင်ခင်ခတို့ မိသားစုနှင့် စကားပြောရင်းမှ အိမ်ရှေ့မျက်နှာချင်းဆိုင်ဘက်သို့ လှမ်းကြည့်လိုက်မိ၏။

"ဟိုက် ... "

"ဘာလို့လဲ ကိုသက်ဦး ... "

"ဟိုမှာ မိုးချမ်းသာ ဝပ်ရှော့(ပ)ဆိုပါလား ... "

"ဟုတ်တယ်လေ ... ဝပ်ရှော့(ပ)ပါ ... ကိုသက်ဦးက ဘာဖြစ်လို့လဲ ... "

"ဘာမှမဖြစ်ပါဘူး ... ကိုအောင်ခိုင် ... "

ခေါင်းကို ခါယမ်းပြရင်း ကိုသက်ဦးက ပြောလိုက်သည်။ ထို့နောက် သူ့အဖွဲ့မှ လက်အောက်ဖြစ်သူကို လှမ်းပြောပြန်၏။

"ဟေး ... ညီညီ ... မင်း အားလုံးကြည့်စီစဉ်ထားလိုက်ဦးနော် ... အစ်ကို ခဏလေးသွားစရာရှိလို့ ... "

"ခဏလေး ... ကိုအောင်ခိုင်ရေ ကျွန်တော်က ရှေ့က ဝပ်ရှော့(ပ)သွားချင်လို့ ... "

"လိုက်ပို့မယ်လေ ... "

"မပို့နဲ့ ကိုအောင်ခိုင် ... ချက်ချင်းပြန်လာမှာ ကိုအောင်ခိုင်"

ကိုသက်ဦး တစ်ဦးတည်းထွက်သွားခဲ့သည်။





ကိုသက်ဦး ထွက်သွားပြီးနောက် ဒေါ်အေးသိကသမီးဖြစ်သူ ခင်ခင်ခအား ကြည့်၍ ဝတ်စားဆင်ပြင်ရန် ပြောလိုက်သည်။

"ခင်ခရေ အလှပြင်တော့ ... သမီးက မွေးနေ့ရှင်ဆိုတော့ လာသမျှ ဧည့်သည်တွေကိုတွေ့ပြီး နှုတ်ဆက်ရမှာ ... ကြိုရမှာ ... စိန်ကိုပဲဝတ်နော် ... လောကကြီးမှာ စိန်ဟာ တန်ဖိုးကြီးပြီး လူကြိုက်အများဆုံးပဲ ... "

မွန်းလွဲသုံးနာရီခွဲတွင် မွေးနေ့ရှင် ခင်ခင်ခ အလှပြင်ပြီးသွားခဲ့သည်။ ထိုအချိန်မှာဝင် ခဏကလေးဟု ထွက်သွားသော ကိုသက်ဦး ပြန်၍ ရောက်လာခဲ့သည်။

"တွေ့ခဲ့လား ... ဝပ်ရှော့(ပ)ဆရာနဲ့ ... "

"တွေ့တယ် ကိုအောင်ခိုင် ... စကားကောင်းနေလို့ မိုးချမ်းသာက အချိန်နိုးပြီ ပြန်တော့လို့ နှင်မှ ပြန်လာရတယ်..."

"ကိုသက်ဦးနဲ့ ဝပ်ရှော့(ပ)ဆရာ သိလို့လား ... "

"ဟာ သိရုံတင် ဘယ်ကမှာလဲ ... ကျွန်တော်နဲ့ သိပ်ချစ်တဲ့ သူငယ်ချင်းလေ ... မိုးချမ်းသာက တော်တော်ခက်တဲ့ အကောင် ... ဒီကောက်ပျောက်သွားတာကြာပြီ ... အခုဒီမှာ မမျှော်လင့်ဘဲတွေ့ရလို့ သိပ်ဝမ်းသာတာပဲ ... "



www.burmeseclassic.com

www.burmeseclassic.com



"သူက ဘယ်လို တော်တော်ခက်တဲ့ အင်္ဂလိပ်လည်း ကို သက်ဦး ..."

"ဒီကောင်က ဘာကိုမှ သိပ်ခံစားတယ်လို့မရှိဘူး ... ဝမ်းသာတာရော ဝမ်းနည်းတာရော ပုံမှန်ပဲ ... ပြီးတော့ ကိုယ်ကျင့်သိက္ခာတရားကို သိပ်ဦးစားပေးတယ် ... သတ္တိရှိတဲ့နေရာမှာလဲ မပြောနဲ့ ကိုယ်ခံပညာလည်း သိပ်ကျွမ်းကျင်တာ"

"ကိုသက်ဦးနဲ့ မိုးချမ်းသာက အိမ်နီးနားချင်းတွေလား"

"ဟိုက်စကူးကတည်းက သူငယ်ချင်းလေ ... မိုးချမ်းသာအဖေပဲရှိတာ အမေက ဆုံးသွားတာကြာပြီ ... သူ့အဖေလည်း စစ်တပ်ထဲမှာ ... မိုးချမ်းသာက ဟိုက်စကူးကျောင်းနားက ဘော်ဒါဆောင်မှာနေတယ် ... နောက် ဆယ်တန်းအောင်တော့ ကျွန်တော်က စက်မှုတက္ကသိုလ် ... သူကပျဉ်းမနားသစ်တောတက္ကသိုလ်တက်တယ်လေ ..."

"ဒါဆို ကိုမိုးချမ်းသာက သစ်တောဘွဲ့ရတာပေါ့နော် ..."

"မရဘူး ... နှစ်နှစ်တက်ပြီး ကျောင်းထွက်သွားတယ် ... မန္တလေးလည်း ပြန်မလာတော့ဘူး ... အဲဒီကတည်းက ကွဲသွားခဲ့ကြတာ ..."

ထိုစဉ် ညီညီရောက်လာသည်။





ကိုသက်ဦး နာရီကြည့်၏။

"လေးနာရီထိုးတော့မယ် ... ဆယ့်ငါးမိနစ်ကြိုဖွင့်ပေးလိုက် ညီညီ ... ညွှသည်ခေါ်သဘောလောက်သာ တီးဦး ... ဟိုကောင်မလေး နဲ့မှုကို ပွဲဦးထွက်ဆိုနိုင်းပါ ..."

"အစ်ကိုကော ဝိုင်းမဝင်သေးဘူးလား ..."

"လေးနာရီတီတီမှဘဲ ဝင်မယ် ... အခု အစ်ကို့အစား ညီညီပဲ တီးဘုတ်တီးထားလိုက်ကွာ ... ဪ ... ဒါထက် ကိုအောင်နိုင်တို့ မိုးချမ်းသာကို ဖိတ်ထားသေးလား ..."

"ဖိတ်ပါတယ် ..."

"ဒါဆိုရင်တော့ ဒီကောင်လာမယ် ထင်ပါတယ် ... ဒီကောင်က လူချမ်းသာတွေရဲ့ ညစ်ခံပွဲမျိုးဆို ရှောင်တတ်လို့ လာမှလာပါ့မလားလို့ပါ ..."

ကိုသက်ဦးက ညည်းတွားပြောဆိုရင်း ထွက်ခွာခဲ့သည်။

ယန်းဘွိုင်းတီးဝိုင်းမှ တီးခတ်သံများက စတင်ပျံ့လွင့်လာခဲ့ပါ၏။

ဟေမာတို့နေသည့် ကွက်သစ်သို့ သီရိကားဖြင့် ... ထွက်လာခဲ့သည်။ မကြာလိုက် ဟေမာတို့အိမ်သို့ ရောက်ရှိသွားခဲ့



www.burmeseclassic.com

www.burmeseclassic.com



ဟောမာက ဖီးလိမ်းပြင်ဆင်ပြီးသား ဖြစ်နေခဲ့သည်။

အဝါရောင် ဇာဝမ်းဆက်နှင့် ပတ္တမြားဝမ်းဆက် နှိုင်းရဲ့လေးတွေ ဝတ်စားထားပုံကကို လှပသော သီရိမေကို ဆွဲဆောင်နိုင်စွမ်းရှိအောင် အလှကောက်ကြောင်း ပုံဖော်ထားသည့်နှယ် ဖြစ်နေပါ၏။

"သီရိရယ်ဆင်တတ်လိုက်တာ ... တကယ်ပဲ ဘဝဆုတောင်းကောင်းတယ်သီလား ... မပြင်ဘဲ နေလည်း လှတာပဲဟယ် ... "

"နင်ကကော မလှလို့လား ... အရမ်းလှတာပဲ ဟောမာ ... ငါ့စိတ်ထဲမှာ နင်ကတောင် ပိုလှတယ် ထင်နေတာ ... "

"နင်မှားပြီ သီရိ ... ငါလှပါတယ် ... ဒါပေမဲ့ နင့်လောက်မလှတာတော့ အမှန်ပဲ ... တို့မိန်းကလေးတွေအချင်းချင်း ဆုံးဖြတ်လို့မမှန်နိုင်ဘူးလေ ... ဆန့်ကျင်ဘက် ယောကျ်ားလေးတွေရဲ့ မျက်စိဟာ အဆုံးအဖြတ်ပဲလေ ... ဒီမြို့ကို နင်မရောက်လာခင်မှာ မြင့်သန်းအောင်က ငါ့ကို အလှဆုံးဆိုပြီး တမ်းတမ်းစွဲနေတာ ... နင်လည်းရောက်လာရော သူ့စိတ်ပြောင်းသွားရော မဟုတ်လား ... "

"ကဲပါလေ ဒါတွေထားတော့ သီရိရယ် ... ငါတော့ ဟောဒီ





အစိမ်းနုနုကလေး ဝမ်းဆက်ကို သဘောကျတယ်သီရိ ဒါမှ ကျောက်စိမ်းဆက်နဲ့ လိုက်ဖက်မှာ မဟုတ်လား ... "

"နင်ကြိုက်ပုံမလားလို့ဟယ် ... ငါကလည်း ဒီလိုပဲ မြင်တယ်လေ ... "

သီရိပြောအပြီးတွင် ဟောမာ အဝတ်အစားလဲသည်။ ကျောက်စိမ်းရတနာကိုပါ ဟောမာ ကိုယ်ပေါ်တွင် ဝတ်ဆင်လိုက်ပါ ထိုစဉ်မှာပင် ဟောမာ၏ မိခင် အခန်းထဲသို့ ဝင်လာခဲ့သည်။

"ဟယ် ... သမီး သိပ်လှပါလား ကြည့်စမ်း ... အစိမ်းရောင်ပေါ်မှာ အစိမ်းထပ်ဆင်တာကလည်း ပေါ်လိုက်တာ ကိုယ့်သမီးတောင် လူမှားမိသလိုဖြစ်သွားပြီ ... "

ဟောမာ၏ မိခင်က ... သီရိမေကို တယုတယဖက်လိုက်သည်။

"ဟောမာ့အတွက် သီရိကို သိပ်ကျေးဇူးတင်ပါတယ်ကွယ် ... သီရိဟာ စိတ်ထားကောင်းလွန်းလို့လည်း ရုပ်ကလေး သိပ်လှနေတာပဲဖြစ်မယ် ... အန်တီမရှက်ပါဘူး ... အန်တီတို့က ချိ့ချိ့တဲ့တဲ့ကြီး မဟုတ်ပေမယ့် ဟောမာ့ကို ကြိုက်ရာအဝတ်ဝယ်မပေးနိုင်တာရယ် နေ့တိုင်းဝတ်ဖို့ ရွှေဆင်နိုင်တာကလွဲပြီး တန်ဖိုးကြီး ကျောက်မျက်ရတနာဝမ်းဆက်တွေတော့



www.burmeseclassic.com

www.burmeseclassic.com



ဝယ်မပေးနိုင်ပါဘူး ... အခုလို ပွဲမျိုးကျတော့ လိုက်မဖြစ် တာပေါ့ ... "

ဟေမာ့မိခင်ကို သီရိမေ နှုတ်ဆက်သည်။ ပြီးတော့ သူတို့နှစ်ယောက် ဟေမာတို့အိမ်မှ သီရိမေ ကိုယ်ပိုင်ကားဖြင့် ထွက် လာခဲ့ကြသည်။

သီရိမေ အိမ်အရောက် သီရိမေရော ဟေမာပါ ထမ်း ပြီး အဖီးအလိမ်းနှင့် ဝတ်ဆင်မှုကို စစ်ဆေးပြင်ဆင်ခဲ့သည်။ ကျေးနှ မှ နှစ်ယောက်သား မွေးနေ့လက်ဆောင် အထုပ်ကလေးကိုယ်စီကိုင် ကာ ခင်ခင်ခတို့အိမ်ဘက်သို့ ကူးလိုက်ကြသည်။

အိမ်မှ အထွက်တွင် သီရိမေသည် မိုးချမ်းသာ ဝ ရှော့(ပ)သို့ လှမ်းကြည့်မိသည်။

ယန်းဘိုင်းတီးဝိုင်းမှ သာယာနာပျော်ဖွယ် အတီးနှ အဆိုရှိန်တက်နေသည့်တိုင်အောင် မိုးချမ်းသာနှင့် သူ၏ တပည့်နှ ဦးတို့ စက်ဆီပေပေရေရေဖြင့် အလုပ်လုပ်နေကြဆဲဖြစ်သည်။

"သူ့ကို မဖိတ်ဘူးလား ... မသိဘူးနော် သီရိ ... "

"ဖိတ်မှာပေါ့ ... မဖိတ်ရင် သိပ်ရိုင်းသွားမှာပေါ့ ... "

"မထင်နဲ့ သီရိ ... ခင်ခတို့က သိပ်လူရွေးတာ ... ငါ တောင် တစ်တန်းတည်း တစ်ကျောင်းတည်း သူငယ်ချင်း





ဖိတ်တာ ... ငါသိသလောက် သူတို့ဖိတ်တဲ့ လူတွေက ချမ်း သာတဲ့ လူတွေချည်းပဲ ... "

"တို့ကျောင်းက ဗညားသွင် ... အောင်ကိုလတ် ... လွမ်းစေ ကိုအောင်သူတို့ သန်းဇော်တို့ကိုရော ဖိတ်ရဲ့လား မသိဘူး နော် ... "

"ပြောတတ်ဘူး သီရိ ... ဖိတ်တော့ ဖိတ်မှာပေါ့ ... ကျောင်း မှာ သူတို့နဲ့ ခင်ခ ခင်ကြတာပဲ ... "

ယန်းဘိုင်း တီးဝိုင်းက တီးခတ်နေခဲ့သည်။ (၄)နာရီ ခွဲမှာပင် လေးငါးယောင်တစ်ဝိုင်း စားပွဲတွေပြည့်သလောက်နီးပါးရှိချေ ပြီ။

"အား ... တို့များ နတ်ပြည်ကို အရှင်လတ်လတ် ရောက် သွားသလားတောင် ထင်မိတယ် ... တကယ်ပဲ သီရိနဲ့ ဟေ မာတို့ကတော့ မိုးပေါ်က နတ်သမီးလေးနှစ်ပါးပဲ ... ခင်ခ မွေးနေ့ပွဲက ကျက်သရေကို လျှမ်းတောက်သွားတာပဲ"

အောင်နိုင်က အပေါက်မှ ဆီးကြိုရင်း အလှကို ချီး- ကျူးစကားဖြင့် ဖိတ်ခေါ်လိုက်သည်။

"လာ ... လာ ... သီးသန့်စားပွဲလုပ်ထားတယ် ... ဒို့ အောင်ကျော်ကျော် ရောက်နေတာ လေးနာရီ ငါးမိနစ်က



www.burmeseclassic.com

www.burmeseclassic.com



တည်းက ...”

လူတိုင်းကိုယ်စီ ခင်ခင်ခ မွေးနေ့ပွဲသို့ မွေးနေ့လက်ဆောင်တွေပါရှိလာကြသည်။

မွေးနေ့လက်ဆောင် လက်ခံသည့် နေရာက ခြံဝတွင် စားပွဲလေးလုံးဆက်ကာ လက်ခံခြင်းဖြစ်သည်။

လက်ဆောင်ပစ္စည်းတွေ များလာယလားမမေးနှင့်တောင်လိုပုံနေသည်။ စားပွဲလေးလုံးအပြင် နောက်ထပ် စားပွဲဆက်ရလိမ့်ဦးမယ် ထင်ပါ၏။ နီ၊ ပြာ၊ စိမ်း၊ ဝါ၊ ပန်းပွင့် ရောင်စုံတို့ဖြင့် ပက်ကင်အထုပ်တွေ ထပ်ထားသည့်ကပင် တစ်မျိုးလှနေသည်။

ပက်ကင်ထုပ်တွေထဲတွင် ပါရှိသော မွေးနေ့လက်ဆောင်ပစ္စည်းတွေသာ တန်ဖိုးကြီးကြီးတွေချည်းဆိုပါက ခင်ခင်ခ၏ မွေးနေ့ပွဲသည် အမြတ်ပင်ထွက်ဦးမည်ဟု ထင်စရာရှိပါ၏။

“ဒီမယ် ကိုအောင်ကျော်ကျော် ... နတ်မိမယ်လေးနှစ်ပါးတို့ ကျွန်တော်ဖမ်းလာတယ်ဗျ ...”

ယန်းဘိုင်းဟီးဝိုင်းနှင့် မနီးမဝေး မျက်စောင်းထိုးနေရာတွင် သီးသန့်စားပွဲချထားပါ၏။ စားပွဲရှည်ကြီးတစ်ခုကို သီးသန့်ချထားပေးခဲ့ခြင်း ဖြစ်ပါလေ၏။

စားပွဲရှည်ကြီးဖြစ်၍ ဟိုဘက်သည်ဘက် လူနှစ်ဆယ်





ခန့် ထိုင်နိုင်သည်။ ဤစားပွဲရှည်ကြီးနှင့် ပတ်သက်ပြီး ဟီးဝိုင်းခေါင်းဆောင် ကိုသက်ဦးနှင့် အောင်ခိုင်တို့ အချေအတင် တစ်ခုဖြစ်လိုက်ရသေးပါ၏။

ကိုသက်ဦးက သူတို့ဟီးဝိုင်း ထုံးစံအရ သီးသန့်နေရာတွင်(၅)ယောက်နေရာ ဟီးဝိုင်း၏ ညွှဲသည်ကို ပေးရရိုး ထုံးစံရှိသည်ကို ပြောပြခဲ့သည်။

“ကိုသက်ဦးက ဘယ်သူ့ကို သီးသန့်နေရာအတွက် ရည်ရွယ်လို့လဲဗျာ ... ဒီမြို့ကို ကိုသက်ဦး ပထမဦးဆုံး ရောက်ဖူးတာဆို”

“မိုးချမ်းသာနဲ့ သူ့အဖော်နှစ်ယောက်အတွက် အားလုံးသုံးနေရာလိုချင်တယ် ကိုအောင်ခိုင် ...”

“ဟာဗျာ ... ဒါတော့ မလုပ်ပါနဲ့ ...”

“ဘာလို့လဲ ...”

“ကျွန်တော့်ရှိဆာဗ် ... သီးသန့်ထားတာက ဖေဖေနဲ့ မေမေရဲ့ သီးသန့်ညွှဲသည် ... ကျွန်တော့်ညွှဲသည် ... ညီမလေး ခင်ခင်ခရဲ့ ညွှဲသည်တွေအတွက်ပါ ... အားလုံးဟာ လူကြီးလူကောင်းနဲ့ လူရည်မွန်တွေချည်းပဲ ကိုသက်ဦး ...”

“မိုးချမ်းသာကရော မရည်မွန်လို့လားဗျာ ...”

“ကျွန်တော့်အမြင်ကတော့ ကိုမိုးချမ်းသာနဲ့ သူ့တပည့်နှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက် သီးသန့်ထဲဝင်လိုက်ရင် တခြား သီးသန့် ပုဂ္ဂိုလ် တွေကို သိပ်အားနာစရာကောင်းသွားမယ် … ကိုသက်ဦး စကားပုံကတော့ … နည်းနည်းရိုင်းသွားတယ်ပေါ့ဗျာ … ဒါပေမဲ့ အဆီလျော်ဆုံးမို့ ပြောရမှာဘဲ … ဆွမ်းဆန်စိမ်းထဲ ကြွက်ချေးရောသလို ဖြစ်သွားမှာစိုးလို့ … ”

“ဟာ … ခင်ဗျား အတောင်ရှော်တဲ့ လူပဲ … မိုးချမ်းသာလို လူမျိုးကိုများ ကြွက်ချေးနဲ့ နှိုင်းရတယ်လို့ … ဒီမယ် ကို အောင်နိုင် … ကျုပ်ပြောမယ် … ကျုပ်ဟာ ရန်ကုန်စက်မှု တက္ကသိုလ်က ဘီအီးဘွဲ့ရပြီးသား … ကျုပ်မိဘတွေက … မန္တလေးမှာ သိန်းချီပြီး ချမ်းသာတယ် … အခုလက်ရှိ ကို အောင်နိုင်ဟာ ပဥ္စမနှစ် ကျောင်းသားမို့ ကျုပ်ရဲ့ အရည် အသွေးကို မမီသေးဘူးလို့ … ကျုပ်ပြောတယ် … အဲ … ယောက်ျားတစ်ယောက်ချင်း ပြိုင်ကြစတမ်းဆိုရင် မိုးချမ်းသာ ဟာ ကျုပ်ထက်တောင် အရည်အသွေးသာသေးတယ် … ကဲ ရှင်းရဲ့လား … ”

“သူက တက္ကသိုလ်က ဘွဲ့ရလို့လား … ”

“ဘွဲ့တော့ မရဘူး … ဒါပေမဲ့ ခင်ဗျားကို ကျုပ်လို မိဘရိပ် စားနေတဲ့ လူမဟုတ်ဘူး … ကိုယ်ကျင့်တရား ပြောဦး





မလား … ယောက်ျားဆန်တဲ့ အပြုအမူတွေ ပြောဦးမလား အားလုံး မိုးချမ်းသာက ကျုပ်တို့ ခင်ဗျားတို့ထက်သာတယ်”

“ဒါကတော့ ကိုသက်ဦးက ပုဂ္ဂိုလ်ခင်လို့ တရားမင်တာပဲလို့ ပြောရင်ရပါတယ် … ကျွန်တော့်အမြင်တော့ မိုးချမ်းသာ ဟာ သာမညပါ … ဒီတော့ သီးသန့်ဝိုင်းမှာတော့ နေရာ မပေးပါနဲ့ သီးသန့်စားပွဲနဲ့ အနီးဆုံးလေးယောက်တစ်ဝိုင်း ဝိုင်းလို့ရတဲ့ စားပွဲမှာစီစဉ်ပေးပါ့မယ် … ”

“ဟေး … ညီညီ … ”

ကိုသက်ဦးက အောင်နိုင်ကို ဆက်မပြောတော့ဘဲ ဘုတ်တီးနေသော ညီညီကို လှမ်းခေါ်လိုက်သည်။

ညီညီ ချက်ချင်း ရောက်လာခဲ့သည်။

“တီးဝိုင်းရပ်လိုက်တော့ … ပန္နည်းတွေသိမ်း … တို့ပြန်မယ်”

“ဟာ အစ်ကိုဦး … ဘာဖြစ်လို့လဲ … ”

“ဘာဖြစ်ဖြစ်ကွာ … သိမ်းဆိုသိမ်း … ကုန်ကျစရိတ်အားလုံး ငါစိုက်ပေးမယ် … ”

ကိုသက်ဦးသည် အောင်နိုင်မပြောခင် ဦးကျော်ဝင်း ထံသို့ လှည့်လိုက်သည်။ ကိုသက်ဦး မပြောခင် ဦးကျော်ဝင်း ရောက်ရှိလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုသက်ဦးက ဦးကျော်ဝင်းရှေ့မှာတင် ဆက်ပြော
သည်။

"ခင်ဗျား ပေးထားတဲ့ စရန်ငွေ ကျုပ်ပြန်အမ်းမယ် ... ရ
နှစ်ဆ လျော်ရမယ်ဆိုလဲပြော ... ကျုပ်နှစ်ဆလျော်မယ်
မနက်ဖြန် မနက်လေးဘဏ်မှာ ... ခင်ဗျား ငွေသွားထုတ်
တယ်"

ကိုသက်ဦးသည် သူ၏ လက်ကိုင်အိတ်ထဲမှ ချက်
အုပ် ထုတ်ယူလိုက်သည်။

"ဟာ ... ဗျာ ဒီလိုမလုပ်ပါနဲ့ မောင်သက်ဦး ... ဘာတွေ
ကြတာလဲ ... အခိုင်နဲ့ မောင်သက်ဦး ဘာမပြေလည်ကြ
လဲ ..."

ကိုသက်ဦးက မိုးချမ်းသာနဲ့ သီးသန့်နေရာကိစ္စ
ရှင်းပြလိုက်သည်။

"ခက်တယ် အခိုင် ... မင်းတို့ သားအမိကြောင့် ငါသော
တယ် ... ဒီမယ် မောင်သက်ဦး ... အန်ကယ်(လ်)တော
ပန်ပါတယ်ကွာ ... နောက်ပြီး အိမ်ရှေ့က မိုးချမ်းသာ
သီးသန့်နေရာမှာထားဖို့ ... အန်ကယ်(လ်)ခြင်းချ
သဘောတူပါတယ် ..."





ဦးကျော်ဝင်းက အောင်ခိုင်ဘက်သို့ ပြန်လှည့်လိုက်
သည်။

"မင်းဘာသိနားလည်သလဲ အခိုင် ... မောင်မိုးချမ်းသာကို
ဒီမြို့က တကယ့်လူကြီးပိုင်းတွေကတောင် မျက်စိကျနေ
ကြတယ် ... ဒီမြို့ပေါ်က မော်တော်ကားစီးနိုင်တဲ့ လူတန်း
စားအားလုံးက မောင်မိုးချမ်းသာကို နေရာပေးချင်နေကြ
တယ် ... မင်းတို့ သားအမိက တစ်ခါလာဂုဏ် ... နှစ်ခါလာ
ဂုဏ်နဲ့ မင်းတို့ အယူသီးနေတဲ့ ဂုဏ်က ဘာဂုဏ်လဲ ...
မင်းတို့နားလည်ထားဖို့က တကယ့်ဂုဏ်ယူရတာမျိုးတွေ
မောင်မိုးချမ်းသာဆီမှာ အများကြီးရှိတယ် ... နားလည်
လား ... ရဲအုပ်မောင်အေးမင်းကဆို မိုးချမ်းသာကို ချီးမွမ်းလို့
မခန်းဘူး ..."

အောင်ခိုင် မဲ့ပြုံးပြုံးလိုက်ပါ၏။ သို့သော် ... ကိုသက်
ဦးဘက်သို့ လှည့်၍ တောင်းပန်စကားဆိုပေသည်။

"ဆောရီးဗျာ ... ကိုသက်ဦး ... ဖေဖေကိုယ်တိုင် ဒီလောက်
ပြောနေမှတော့ အိမ်ရှေ့က ဝဝ်ရှော့(ပ)ဆရာကို ဂုဏ်သရေ
ရှိ ပုဂ္ဂိုလ်တစ်ဦးလိုပဲ ကျွန်တော်ယူဆပါ့မယ် ... ခုန ကျွန်
တော်ပြောမှား ဆိုမှားရှိတာတွေကို တောင်းပန်ပါတယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ကိုသက်ဦးက သူ၏ အနီးတွင် ရပ်နေသော ညီညွ
ဘက်သို့ လှည့်လိုက်သည်။

"ငါ ကီးဘုတ်တီးတော့မယ် ... မင်းက ဓော်မင်းအောင်ဆီက
ဂစ်တာကို လက်ပြောင်းယူပြီး ဓော်မင်းအောင်ကို အ
လှည့်ပေးဆိုနိုင်းလိုက် ..."

အောင်နိုင်က တင်းလွှယ်လျော့လွယ်သော လူ
ဖြစ်သည်။ ကိုသက်ဦးသည် မိုးချမ်းသာအား အဘကြောင့်များ သည်
လောက် နေရာသွင်းခြင်းပါသနည်း။ စရန်နှစ်ဆလျော့ပြီး ပြန်ဒေ
အထိပင် ပြောလာခဲ့သည်။ ခင်မင်လွန်းသော သူငယ်ချင်းမို့ ဖြစ်
ရာသည်ဟူ၍ အောက်မေ့လိုက်တော့သည်။

ကိုသက်ဦး တကယ်တင်းမာလာသောအခါ အော
နိုင်အလျော့ပေးလိုက်သည်။ မလျော့လျှင်ပင် ပွဲပျက်ကာ အကျ
တန်သွားတော့မည်။

ဘာမှ စိတ်ထဲတွင်မထားတော့ဘဲ အောင်နိုင်
ကြိုလိုက်သည်။

သီရိမေနှင့် ဟေမာ ရောက်လာသည်ကို ဝမ်း
အားရ ကြိုဆိုပြီး သီးသန့်စားပွဲတွင် နေရာချထားပြီးနောက် ...

"တို့ညီကြိုဦးမယ်နော် ... မန္တလေးက သူငယ်ချင်းတွေ





ကြိုဦးမလား မသိဘူး ..."

ဟု ပြောပြီး ပြန်ထွက်သွားခဲ့သည်။ သီးသန့်ဝိုင်းတွင် ကိုအောင်ကျော်ကျော်နှင့် တခြား သီရိမေတို့ မသိသော လူကြီးဝိုင်း အမျိုးသမီးနှစ်ယောက်နှင့် အမျိုးသားကြီး သုံးယောက်တို့ ရှိနေကြသည်။

"ကိုအောင်နိုင်ပြောတာ မမှားဘူး ... သီရိတို့ နှစ်ယောက်လုံး နတ်မိမယ်လေးတွေ ကျနေတာပဲ ... သီရိကိုတော့ တို့က ရင်းနှီးပြီးသား ... ကျန်တစ်ယောက်ကိုတော့ အခုမှ မြင်ဖူးတယ် ..."

"သူက ဟေမာတဲ့ ကိုအောင်ကျော်ကျော် ... သီရိတို့နဲ့ တစ်ကျောင်းတည်း တစ်တန်းတည်းကပါ ... ခင်ခန့်လည်း အတူပေါ့ ..."

"မိတ်ဆွေဖြစ်ရတာ ဝမ်းသာပါတယ် ဟေမာ ..."

"အဲဒါ ကိုအောင်ကျော်ကျော်တဲ့ ... တို့ခေါင်းရင်း အိမ်က လေ ဘီအီးဘွဲ့ရပြီးသား ဟေမာ ... အခု သင်္ဘောလိုက်နေတယ် ... သူဌေးပေါ့ဟယ် ..."

"လုပ်ပြီ သီရိကတော့ ... သူဌေးဆိုပြီး အတွန့်တောင်တက်လိုက်သေး ..."



www.burmeseclassic.com

www.burmeseclassic.com



ဟေမာက ပြုံးရယ်ရယ်နှင့်ပင် ကိုအောင်ကျော်ကို တွေ့ရတာ ဝမ်းသာပါတယ်ဟု ပြန်၍ ပြောသည်။

"ဟေး … သီရိနဲ့ ဟေမာ … "

ပြောပြောဆိုဆိုပဲဟာ … ကိုကိုခိုင်က နင်တို့ နှစ်ယောက်ကို သူကြိုမယ်ဆိုလို့ တခြားညှိသည်တွေဆီ သွားရသေးတယ် … ဟွန်း … ကိုအောင်တော့ ပျင်းနေပြီလား … ဆာကော ဆာနေပြီလား … ငါးနာရီခွဲမှာ ကျွေးဖို့ စီစဉ်ထားတယ် ကိုအောင်"

ခင်ခင်ခလည်း နုတ်မီမယ်လေး တစ်ပါးပင် … တန် ဖိုးကြီးသော ဇာအဖြူအထက်အောက်ဝတ်ထားသည်။ ဖြူနုအိစက်သော ဇာပဝါလွှာထားသည်။ ခေါင်းတွင် ဘီးကုပ်သဖွယ် ကောင်းအဆင်းရှိသော ဦးသျှောင်တင်ထားခဲ့၏။

တစ်ကိုယ်လုံး စိန်တွေဆီနေသည်။

ဇာဖြူ ဇာပဝါနှင့် … ဖြစ်စေကာမူ စိန်ရောင်သည် တလက်လက် တဖျပ်ဖျပ် တောက်ပနေခဲ့ပါ၏။

ခင်ခင်ခ၏ မျက်ဝန်းအစုံသည် အောင်ကျော်ကျော် အပေါ်၌သာ ရစ်ဝဲနေသည်ကို သီရိမေ သတိထားမိသည်။

အကယ်၍သာ ကိုအောင်ကျော်ကျော်က သီရိမေအား မေတ္တာရှိကြောင်း ဖွင့်ပြောသည်ကို ခင်ခင်ခ သိပါက သူ့ခမျာ





ဘယ်ဆိုခံစားရရှာမည်လဲဟု သီရိတွေးနေမိသည်။

"လာ … လာ … မောင်မိုးချမ်းသာ ဒီမှာလာထိုင် … "

"ဟာနေပါစေ အန်ကယ်ရာ … ကျွန်တော် ဟိုစားပွဲတွေမှာဘဲ လွတ်တဲ့နေရာ ထိုင်ပါရစေ … "

"မဟုတ်ပါဘူး … ဒီမှာဘဲထိုင်ပါ … မောင်မိုးချမ်းသာကို ဒီနေရာမှာဘဲ ထားရမယ်လို့ တီးဝိုင်းခေါင်းဆောင် မောင်သက်ဦးက တင်ကြိုမှာထားပါတယ် … "

သီရိမေက မောင်မိုးချမ်းသာဟု အသံကြားသည်နှင့် ဘဗျာကရာပင် လှည့်ကြည့်လိုက်သည်။

ကိုမိုးချမ်းသာပါတည်း။

ရှပ်အင်္ကျီဖြူ စတစ်ကော်လာဝတ်ထားသည်။ မီးခိုးရင့် တယ်တရက်(စ်)အနွေး အင်္ကျီဝတ်ထားသည်။ ယောလုံချည်နှစ်နံစပ် အနက်ဝတ်ထားသည်။ ယောအစစ်မို့ အောက်ခံသည် ချောမွတ်ပြီး အရောင်တောက်နေခဲ့သည်။ အနက်ခံတွင် ချည်ထိုးဖြူ ဆွတ်ဆွတ် စကြာပွင့်လေးတွေပါသည်။ ခါးမှ ခြေမျက်စိထိ ချည်ဖြူနှစ်စင်း အဖြောင့်ကျစင်းနေခဲ့သည်။

တည်ငြိမ်ခြင်း၊ ဣန္ဒြေရခြင်းနှင့် ကြည့်ကောင်းခြင်း သုံးခုကို မိုးချမ်းသာ၏ မျက်နှာနှင့် ကိုယ်ပေါ်တွင် တွေ့ရှိရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



မိုးချမ်းသာသည် ဖြန်းခနဲ မထိုင်သေးဘဲ အနီးနားရှိ အခြားလေးယောက်စားပွဲဝိုင်းတွင် ကုလားထိုင်အလွတ်ကို လိုက်ကြည့်နေ၏။

ထိုစဉ် ...

တီးဝိုင်းခေါင်းဆောင် ကိုသက်ဦးသည် သူ့တီးဝိုင်းကို ဘယ်လိုအချက်ပြလိုက်သည်မသိ။ တီးသံ ဆိုသံတွေ တိခနဲ ရပ်သွားပါ၏။

အဆိုအတီးကို အရသာခံနေခိုက်ဖြစ်သဖြင့် ပရိသတ်အားလုံးလိုလို တီးဝိုင်းစင်မြင့်ဆီ ကြည့်ခဲ့ကြသည်။

"ဟေး ... မိုးချမ်းသာကြီး ..."

ကိုသက်ဦးက စင်မြင့်ပေါ်မှ လှမ်းခေါ်သဖြင့် မိုးချမ်းသာ လှမ်းကြည့်သည်။

"ထိုင်ပါကွ ... ငါမင်းအတွက် စပါယ်ရှယ်ယူထားတဲ့ နေရာပါ ... မင်းက ငါ့တီးဝိုင်းရဲ့ အထူးဧည့်သည်လေကွာ ..."

"ထိုင်ပါလား ကိုမိုးချမ်းသာ ... သီရိတို့လည်း ဒီမှာ ထိုင်နေသားပဲ ..."

သီရိက မအောင့်အည်းနိုင်ဘဲ ပြောလိုက်ပါ၏။

မိုးချမ်းသာက စင်ပေါ်မှ ကိုသက်ဦးကို ခေါင်းညိတ်





ပြလိုက်ရင်းမှ ထိုင်လိုက်တော့သည်။

ထိုအခါမှ ... ကိုသက်ဦးက သူ၏ တီးဝိုင်းကို ပြန်အချက်ပေးလိုက်ရာ တီးဝိုင်းသည် စောစောက တိခနဲ ရပ်လိုက်သော နေရာမှပင် ပြန်၍ ဆိုသူဆို၊ တီးသူတီး ဖြစ်သွားသည်။

ချိုးမွှမ်းစရာပင်။ ကတ်ဆက်ခွေတို့၊ ဗွီဒီယိုတို့ ဖွင့်ရာတွင် စက်၌(Pause)ခေါ် ခေတ္တရပ်တန့်ခြင်း ခလုတ်ပါရှိသည်။ ဖွင့်ထားရင်းမှ အကြောင်းတစ်ခုခုကြောင့် ပေါ့စ်ခလုတ်ကို နှိပ်လိုက်လျှင် ချက်ချင်းရပ်သွားသည်။ လိုအပ်ပြီး ပြန်၍ ပေါ့စ်ခလုတ်ကို နှိပ်၍ ရပ်ထားစေပြီးမှ ပေါ့စ်ခလုတ်ကို ပြန်နှိပ်ကာ ဆက်ဆို ဆက်တီးသည်မှာ ချီးကျူးစရာကောင်းလှပါ၏။

သီရိမေနှင့် မိုးချမ်းသာ ထိုင်နေသည်မှာ ဟိုဘက်သည်ဘက်နှစ်ယောက်ခြားလောက် မျက်နှာချင်းထိုး အခြေအနေရှိ၏။

မိုးချမ်းသာထိုင်သည်နှင့် ... သီရိမေကို လှမ်းကြည့်သည်။ သီရိမေက နဂိုကတည်းကပင် ကြည့်နေသည်မို့ မျက်လုံးချင်းဆုံမိကြသည်။

"သီရိတို့ ရောက်နေတာကြာပြီလား ..."

"အင်းပေါ့ ... လေးနာရီမခွဲခင်ကတည်းကလေ ... ကိုမိုးချမ်း



www.burmeseclassic.com

www.burmeseclassic.com



သာက နောက်ကျတယ်နော် ... ”

“ဗိတ်စာထဲမှာ ညနေလေးနာရီမှ ညကိုးနာရီအထိလို့ ပါတာပဲ ... အခုမှ ငါးနာရီ ရှိသေးတာ ... ”

သီရိမေရယ်သည်။ မိုးချမ်းသာလည်း ပြုံးလိုက်ပါ၏။ ဟောမာကလည်း မိုးချမ်းသာကို ငေးကြည့်ခဲ့၏။ ကားအပိုပစ္စည်းဆိုင်ဖွင့်ဖို့ကိစ္စ ပြောခဲ့ပြီးသားမို့ သိကျွမ်းပြီးသား သဘောရှိသည်။ သို့သော် မိုးချမ်းသာသည် သီရိမေနှင့် ပြောပြီးသည်နှင့် တီးဝိုင်းစင်မြင့်ဘက်သို့ ဦးခေါင်းလှည့်သွားသည်။ ဟောမာ့ကို ပြုံး၍ပင် နှုတ်မဆက်ပါလေ။

“တစ်မျိုးကြီးပဲနော် ... မနေ့ကပဲ ငါနဲ့ ဆိုင်ကိစ္စပြောသေးတယ် ... အခုကျတော့ မသိတဲ့လူ ကျနေတာပဲ ... ”

သီရိမေက ဘာမျှမပြောဘဲ ခေါင်းညိတ်ပြလိုက်ဝေသည်။ ခေါင်းညိတ်ရင်း သီရိမေ၏ မျက်လုံးအစုံသည် စင်မြင့်ဆီသို့ ဘေးမှ ပတ်သွားနေသော ကိုအောင်သူ့ကို လှမ်းမြင်ရသည်။ ကိုအောင်သူတို့အဖွဲ့ကိုပါ ခင်ခင်ခက ဖိတ်ထားခြင်းဖြစ်မည်။

အောင်သူသည် စင်မြင့်ဘေးတွင် ရပ်ပြီး တီးဝိုင်းထဲမှ လူတစ်ယောက်ကို စာတစ်စောင်ပေးသည်။ ပါးစပ်မှလည်း ပြောသည်။ တစ်မိနစ်လောက်ပြောပြီး ပြန်ထွက်သွားသည်။





အောင်သူနှင့် တွေ့သော တီးဝိုင်းမှ လူက စာကို အဖွဲ့ခေါင်းဆောင် ကိုသက်ဦးကို လှမ်းပေးလိုက်သည်။ သူတို့ အတီးမပျက် အဆိုမပျက် လှုပ်ရှားနေကြခြင်းဖြစ်၏။ နောက်ထပ်(၅)မိနစ်အကြာမှာ သီဆိုသူ တေးသံဆုံးသွားသည်။

အဆိုအတီးကို ခေတ္တရပ်ကာ ... ကိုသက်ဦး စင်အလယ်လာပြီး မိုက်ဂရိုဖုန်း ရှေ့တွင် ရပ်လိုက်သည်။ သူ့လက်ထဲတွင် စာရွက်ကို ဖြန့်ကိုင်ထားပြီး စတင်ပြောလိုက်ပါ၏။

“ရွှေပွဲလာ လူကြီးမင်းများနှင့် ညီပရိသတ်များ ခင်ဗျာ အခုလို မွေးနေ့ပွဲ လက်ထပ်မင်္ဂလာပွဲမှာ ကိုယ့်ပတ်ဝန်းကျင်က ခင်မင်သူများဟာ မွေးနေ့ပွဲကို ဂုဏ်ပြုတဲ့အနေနဲ့ အချင်းချင်း မိတ်ဆွေများထဲမှ ဘယ်သူကိုတော့ တီးဝိုင်းနဲ့တွဲပြီး သီဆိုပေးပါစေသည်ဖြင့် သီဆိုခိုင်းတတ်တာ နေရာတိုင်းလိုလိုမှာပါပဲ ... အခုလည်း ... ”

ကိုသက်ဦးက စာကို ဖတ်၍ ကြည့်လိုက်ပြီး ...

“ကိုအောင်သူ ... ကိုသန်းဇော် ... ကိုဗညားသွင် ... ကိုအောင်ကိုနဲ့ ကိုလွမ်းစေတို့က မွေးနေ့ရှင် ခင်ခင်ခကို ဂုဏ်ပြုတဲ့ အနေနဲ့ ခင်ခင်ခရဲ့ အချစ်ဆုံးသူငယ်ချင်း မသီရိမေကို တီးဝိုင်းနဲ့တွဲပြီး သီချင်းတစ်ပုဒ် ဆိုပေးပါလို့ တောင်းဆိုပါ



www.burmeseclassic.com

www.burmeseclassic.com



တယ် ... အကယ်၍ မသီရိကိုယ်တိုင် ရွေးချယ်ပေးသူက သီဆိုပေးပါတဲ့ ... ဒါမျိုးကို ကျွန်တော်တို့ တီးဝိုင်းက ပျော်ပျော်ရွှင်ရွှင် ကျေကျေနပ်နပ်နဲ့ လက်ခံပါတယ် ခင်ဗျ ... ဒါကြောင့် မသီရိမေကို ကျေးဇူးပြုပြီး စင်မြင့်ပေါ်ကို ကြွခဲ့ဖို့ ဒီကနေပြီး ... ဖိတ်ကြားအပ်ပါတယ် ... "

လက်ခုပ်တီးသံတွေ ညံစီသွားခဲ့ပါ၏။

"အယ် ... ဒုက္ခပါပဲ ... တို့က သီချင်းတစ်ပုဒ်ကို အပေါက်အလမ်းတည့်အောင်မှ မဆိုတတ်တာ ... "

"မသီရိ စင်မြင့်ပေါ်တီးဝိုင်းကိုကြွပါ ... "

သီရိမေ မနေသာတော့။ ထိုင်နေရာမှ ထလိုက်ပြီး ကိုသက်ဦးအား အသံတုန်တုန်လေးနှင့် လှမ်း၍ ပြောလိုက်သည်။

"တောင်းပန်ပါတယ် ... သီရိ မဆိုတတ်လို့ပါ ... "

"ဘာသီချင်းပဲဖြစ်ဖြစ် ဆိုလို့ရပါတယ် မသီရိ ... တီးဝိုင်းတိုင်းလိုလို ကိုယ့်အဆိုတော်နဲ့ကိုယ် သီချင်းဆိုကြပေမဲ့ ခေတ်တစ်ခေတ်ရဲ့ ကျော်ကြားတဲ့ သီးချင်းမှန်သမျှ တီးခတ်နိုင်အောင် လေ့ကျင့်ထားကြပြီးသားပါပဲ ... မသီရိမေကြွပါ ကိုယ်ရရာသီချင်းကိုဆိုပါ ... ကျွန်တော်တို့ တီးပေးနိုင်ပါတယ် ... "





"သီရိ တကယ်မဆိုတတ်တာပါ ... ဘယ်သီချင်းကိုမှလည်း တစ်ပုဒ်ဆုံးအောင် မရပါဘူး ... သီချင်းရဲ့ စာသားတွေကို မှန်မှန်ကန်ကန်မရလို့ပါ ... "

"ကဲ ... ဒါဆိုရင်တော့ မသီရိ တီးဝိုင်းစင်မြင့်ပေါ်ကိုတော့ ကြွပါ ... စင်မြင့်ပေါ်ကနေပြီး မသီရိရဲ့ ကိုယ်စားဆိုပေးမဲ့ နောက်တစ်ယောက်ကို ရှာဖွေရွေးချယ်ဖို့ပါပဲ ခင်ဗျား ... ဒါကိုတော့ မသီရိမေ မငြင်းနိုင်တဲ့ ကိစ္စပါ ... "

သီရိမေ မငြင်းသာတော့၊ စင်မြင့်ပေါ်သို့ တက်ခဲ့ရသည်။

"ဟယ် လှလိုက်တာ" ဆိုသော ... အသံများ ကျွတ်စီ ... ကျွတ်စီလေးထွက်လာပါ၏။

သီရိမေ လှျောက်ကြည့်သည်။ ဝေးဝေးလံလံ ကြည့်ရာမလို။ ကိုမိုးချမ်းသာကို ဒက်ခနဲ လှမ်းကြည့်မိသည်။

ကိုမိုးချမ်းသာ၏ ပတ္တလားတီးသံ၊ သီးချင်းဆိုသံတို့ကို သူမကြားဖူးနေခဲ့သည် မဟုတ်လား။ တခြား သူငယ်ချင်းတွေဆိုပါက ဆိုတတ်မှန်းမသိ၊ မဆိုတတ်မှန်းမသိ ဖြစ်ရဦးမှာ။

သီရိမေက ကိုသက်ဦးကို ပြောလိုက်သည်။ ကိုသက်ဦး လက်ထဲတွင် မိုက်ကရိုဖုန်းကိုင်ထားသဖြင့် သီရိမေ ရွေးချယ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သော နာမည်ကို ပရိသတ်ဆီသို့ ပျံ့လွင့်သွားစေခဲ့သည်။

"ကိုမိုးချမ်းသာတဲ့လေ ... "

ကိုသက်ဦးက ဖြောက်ခနဲနေအောင် လက်ဖျစ်တီး လိုက်ပါသည်။

"မသီရိမေ ရွေးလိုက်တာ အင်မတန်မှန်ကန်တဲ့ ရွေးချယ်မှု ပဲ ခင်ဗျာ ... သူ့ကိုယ်စား ကိုမိုးချမ်းသာကို ရွေးပါတယ်တဲ့ လေ ... ကိုမိုးချမ်းသာဟာ ကျွန်တော့် သူငယ်ချင်းပါ ... ဟိုက်စကူး ကျောင်းသားဘဝကတည်းက လည်ပင်းဖက် ပေါင်းသင်းလာခဲ့တဲ့ သူပါ ... အခု ကိုမိုးချမ်းသာ ဒီမြို့ကို ရောက်လာတာ သိပ်မကြာသေးပါဘူး ... ဒီမြို့က ဓာတ် တော်ကားပိုင်ရှင်များကတော့ ကိုမိုးချမ်းသာဟာ အတီး ကောင်း အဆိုကောင်း ဖြစ်တယ်ဆိုတာပါပဲ ... မိုးချမ်းသာ က ကျွမ်းကျင်တဲ့ ပလေပတတ်လောက်ပါ ... ဂစ်တာလို ကျွမ်းကျင်စွာ တီးခတ်နိုင်ပါတယ် ... ကဲ သူငယ်ချင်း ... ကြွခဲ့ပါ ... "

သီရိမေ ပြန်ဆင်းလာသည်။

ကိုမိုးချမ်းသာကို သီရိမေ လှမ်းကြည့်သည်။ မိုးချမ်း သာက သီရိမေကို လှမ်းမကြည့်ပါလေ။ သို့သော် သူထိုင်ရာမှ





သည်။ တွန့်ဆုတ်ခြင်း ဖြင်းပယ်ဟန်မရှိဘဲ လျှောက်ရိုး လျှောက် စဉ် သာမန်တလျှောက်ပြီး စင်မြင့်ရှိရာသို့ သွားခဲ့သည်။ စင်မြင့်ပေါ် သို့ သူတက်သွား၏။

"ကဲ ... သူငယ်ချင်း ဘာဆိုမှာလဲ ... "

"တို့ ကိုယ်တိုင် ရေးစပ်ထားတဲ့ သီချင်းနဲ့ သီဆိုချင်တယ် ဒါပေမဲ့ တီးဝိုင်းက ချက်ချင်း တီးခတ်ရမှာဆိုတော့ အခက် အခဲရှိချင်ရှိနိုင်ပါတယ် ... မွေးနေ့ရှင်ကို ဂုဏ်ပြုဖို့ ရေးစပ်ထား တာပါ ... တစ်လမ်းထဲ အတူနေဆိုတော့ ဘာပဲဖြစ်ဖြစ် ကိုယ်ကျွမ်းကျင်ရာနဲ့ ဂုဏ်ပြုလက်ဆောင်ပေးသင့်တယ် ... မဟုတ်လား ... နုတ်(စ)စာရွက်တွေ အသင့်ပါလာတယ် သက်ဦး ... "

"အဆင်ပြေတယ်ကွာ ... တို့ဝိုင်းအနေနဲ့ အတတ်နိုင်ဆုံး တီးခတ်ပေးမှာပါ ... "

"ရွှေပွဲလာ ပရိသတ်ကြီးခင်ဗျာ ... ကြားရတဲ့ အတိုင်းပါပဲ ကျွန်တော့် သူငယ်ချင်းက အနုပညာ ဘာသာရပ်မှာလည်း ကျွမ်းကျင်ပြီးသားဆိုတော့ ကျွန်တော်အသိဆုံးပါ ... သက် မွေးဝမ်းကျောင်းမပြုခဲ့ပေမဲ့ အနုပညာသမား တစ်ယောက် ပါပဲ ... "



www.burmeseclassic.com

www.burmeseclassic.com



မိုးချမ်းသာက သူ့တွင် အသင့်ပါလာသော နှုတ်(စ)စာရွက်များကို ကိုသက်ဦးထံသို့ အပေါ်အင်္ကျီအိတ်ထဲမှ နှိုက်ထုတ်ကာ ပေးလိုက်သည်။

ကိုသက်ဦးက နှုတ်(စ)စာရွက်များကို လိုက်လံထားတီးခတ်သူများကို ဖြန့်ပေးလိုက်၏။ ကိုသက်ဦးက ကီးဘုတ်ရှိရာသို့သွားခဲ့သည်။

မိုးချမ်းသာက ဂစ်တာပလေယာ တစ်ယောက်အနီးသို့ လှမ်းလိုက်သည်။ ရမ်သမ်း ဂစ်တာရက်(စ)ဖြစ်သူက မိုးချမ်းသာကို လွယ်ထားသော ဂစ်တာကိုဖြုတ်ကာ ပေးလိုက်သည်။

မိုက်ဂရိုဖုန်းရှေ့သို့ မိုးချမ်းသာ တိုးလိုက်သည်။ မိုက်ဂရိုဖုန်းကို သူအနည်းငယ်ပြင်လိုက်၏။

စတင်းဘုတ်ပေါ်မှ နှုတ်(စ)ကိုကြည့်ကာ မိုးချမ်းသာက ရမ်သမ်ဂစ်တာကို တီးခတ်လိုက်ပါ၏။ ရမ်သမ်ဂေ့(စ)၊ လီဒ်နှင့် ကီးဘုတ်၊ ဒရမ်ဆက်တီးခတ်သံတွေက ပျံ့လွင့်သွားသည်။

မိုးချမ်းသာက စတင်သီဆိုလိုက်ပါ၏။

အပြောရောင်ကောင်းကင် အမိုးထက်မှာ စိန်ပွင့်ကလေးတွေက တဖျပ်ဖျပ်တောက်ပ ... အလင်းတန်း ကြယ်ပွင့်လေးများရဲ့ သီဆိုဟစ်ကြွေးသံ ... မိုးယံထိ မြင့်တက်သွား ...





ညကာလရဲ့ တစ်ခုသော မွေးနေ့မင်္ဂလာ ... ကမ္ဘာဆုံးသည့်တိုင် ကျက်သရေ သိရိမင်္ဂလာ ပြည့်စုံစေ ... အေးချမ်းစေ အေးချမ်းစေ ... မင်္ဂလာအပေါင်းနဲ့ ခညောင်းစေ ...

သီဆိုသူတွေရဲ့ သုတိပြကာ ... မိုးယံထိပျံ့လွင့်စေရိုသတ်ငြိမ်ကျသွားသည် ... ဆူညံသံတွေ စကားပြောသံတွေ ... တိတ်ဆိတ်သွားခဲ့သည်။

မိုးချမ်းသာ၏ အသံက ညဦးလေပြေနှင့်အတူ လွင့်ပျံ့စီးမျောနေခဲ့သည်။ ဂစ်တာကိုလွယ်ရင်း တီးခတ်ရင်းက မိုးချမ်းသာ၏ မျက်ဝန်းအကြည့်က တစ်ချက်တစ်ချက် လှမ်းခနဲ သီရိမေထံသို့ ရောက်ရှိလာတတ်ပါ၏။

သီရိမေ အကြည့်နှင့် ဆုံသွားမိသည်။ သူမရင်ထဲ တလှပ်လှပ်ခံစားနေမိ၏။

သီရိမေရော ဟောမာပါ ရီဝေစွာကြည့်နေမိသည်။

စင်ပေါ်မှ မိုးချမ်းသာထံသို့ မွေးနေ့ပွဲလာပရိသတ်၏ အကြည့်က စုပြုံတိုးဝှေ့ ရောက်ရှိနေခဲ့ကြသည်။

သူတို့အားလုံး၏ ဆုံမှတ်အကြည့်က မိုးချမ်းသာထံမှာ။

မိုးချမ်းသာ၏ သီဆိုသံက ငြိမ့်ညောင်းပီသလှသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝတ်စားထားပုံက မြန်မာဆန်လှ၏။ နုတ်ခမ်းအဖွင့်တွင် လှ...
လှစ်ခနဲတွေ့မြင်နေရသော သွားစွယ်တန်း ဖြူဖြူများနှင့် သွား...
လေးနှစ်ချောင်းတို့က မြင်နေရသူကို ဆွဲဆောင်နိုင်စွမ်း ရှိလှ...
၏။

သီချင်းဆုံးသွားသည့်တိုင် ပရိသတ်က ငြိမ်သက်...
နေဆဲပင်။

"ဟဲ့ ... သီရိ ... နင်ဘာလို့ ငေးနေတာလဲ ... မျက်တော...
မခတ်မပြုနဲ့ ဟယ် ... ငါက နင်ဘာများ ဖြစ်သွားပြီလဲ..."

"နင်ကရော ဟောမာ ... "

"မငြင်းပါဘူး ... ငါလဲ ငေးနေမိတာပါပဲ သီရိရယ် ... သူ...
က ချွေးချွေးမြည့်မြည့်ကလေးနော် ... သူ့မှာ တစ်ကို...
တည်း အားနည်းသူများဖြစ်နေမလားမှ မသိတာ ... "

မိုးချမ်းသာက ပရိသတ်ဘက်သို့ ကိုယ်ကိုကိုင်းညွှ...
ဂါရဝပြုလိုက်ပါ၏။ ထိုရောအခါမှပင် ပရိသတ်၏ လက်ခုပ်သံ...
တဖြောင်းဖြောင်း အသောမသတ်နိုင်အောင် ထွက်လာပါလေ...
သည်။

မိုးချမ်းသာ စင်မြင့်ပေါ်မှပြန်၍ ဆင်းသွားခဲ့သည်...
ကိုအောင်ကျော်ကျော်ပင် ... လက်ခုပ်တဖြော...





...ဖြောင်းတီးရင်း သီရိမေတို့ဘက်လှည့်ပြောပါ၏။

"တကယ်တော်တယ် သီရိ ... ဒီလူ ခံစားမှုအပြည့်နဲ့ ဆိုတာ ပဲ ... သူ့မှာ အနုပညာဗီဇအပြည့်ပဲ ... "

ခြောက်နာရီတင်းတင်းရှိသွားသည်။

(၅)နာရီခွဲတွင် ဒိပေါက်ကျွေးမည်ဆိုစေကာမူ(၁၅)...
...နောက်ကျသွားလေပြီ။

ဒံပေါက် ဆရာကြီး အီဗရာဟင်မှအစ သူ၏ စားပွဲ...
...ကုလားငယ်လေးတွေ တစ်ပြုံကြီးပင် မိုးချမ်းသာ၏ သီဆိုမှုတွင်
...မူးမေ့လျော့သွားကြမိသည်ထင်ပါ၏။

မိုးချမ်းသာ ပြန်ရောက်လာပြီး ထိုင်သည်နှင့် သီရိမေ...
...လှမ်းကြည့်သည်။ သီရိမေအကြည့်နှင့်မှ ဆုံမိကြသည်။

"သီရိကို စိတ်ဆိုးသွားသလား ဟင် ... "

"ဘာလို့ ဆိုးရမှာလဲ ... "

"သီရိကိုယ်စား ကိုမိုးချမ်းသာကို လက်ညှိုးထိုးလိုက်လို့ ပေါ့"

"သီရိ လက်ညှိုးမထိုးလည်း ... တို့မှာ ခင်ခင်ခကို သီချင်းနဲ့ပဲ မွေးနေ့လက်ဆောင်ပေးဖို့ ရည်ရွယ်ပြီးသားပဲလေ ... သီရိ အပြစ်မရှိပါဘူး ... "

မိုးချမ်းသာက လက်ဝါးနှစ်ဖက်ဖြင့် နဖူးပေါ်ရစ်ခွဲနေ...



www.burmeseclassic.com

www.burmeseclassic.com



သော ဆံပင်တွန့်တွန့်ကွေးကွေးလေးများကို နောက်သို့ ပြန်သ[illegible]
လိုက်သည်။

"တစ်ခါတလေ အဲဒီလို သိဆိုလိုက်ရလျှင် လူကိုပေ့ါသွားတ[illegible]
ပဲ ... တို့ပြန်တော့မယ် ... "

"ဟင် ... ဒံပေါက်ကျွေးနေပြီလေ ... "

"မစားတော့ဘူး ... မွေးနေ့ပွဲအတွက် ကိုယ်က အမှတ်တ[illegible]
ဖြစ်စေချင်တယ် ... အမှတ်တရလက်ဆောင်ပေးပြီး အပြ[illegible]
အလှန်ကျွေးတာမျိုး တို့မစားချင်ဘူး ... "

သီရိမေ ငေးသွားရပြန်သည်။ သူမ၏ ... အရှက်န[illegible]
အသက်ကို ကယ်ပြီးနောက် ဘာကိုပဲပေးပေး မယူလိုဟု ပြော[illegible]
သော စကားကို မှတ်မိလိုက်တာကြောင့် ဖြစ်ပါ၏။

စင်ပေါ်မှ ကိုသက်ဦးသည် မိုးချမ်းသာထပြန်သွ[illegible]
သည်ကို ကီးဘုတ်တီးရင်း လှမ်းကြည့်နေခဲ့သည်။ သူတို့ တီးဝိုင်း[illegible]
မားတွေမှာ ပရိတ်သတ်နှင့်အတူ တစ်ချိန်တည်း အတူမစားနိုင်[illegible]

ဧည့်ပရိတ်သတ် စားသောက်နေစဉ် သူတို့က[illegible]
ဟယ် တီးဟယ်ဖြင့် ဖျော်ဖြေနေရပါသေး၏။

သီရိမေ ဒံပေါက်ကို အများနည်းတူစားသည်။ [illegible]
သော် တို့က တို့ခနဲ ဆိတ်ခနဲမျှသာ စားခဲ့သည်။ လိုက်ပွဲထပ်ယ[illegible]





နေနေသာသာ ပန်းကန်ထဲမှ ဒံပေါက်သည်ပင် ထက်ဝက်မကျိုး။ ကြက်သားတုံးလည်း အရာမယွင်းပေ။

"ခဏလေးနော် ... ဟေမာတို့ အပြင်ခဏထွက်ချင်လို့"

"ဟယ် ... နင့်ဟာက စားတုန်း သောက်တုန်းကြီးမှာ"

"အင်းပါ ... ခဏလေးပါ ... "

သီရိမေထသွားသည်။

သီရိမေထသွားသည်ကို စားရင်းသောက်ရင်း ကိုအောင်ကျော်ကျော်က လှမ်းကြည့်နေသည်။

သီရိက ခြံပေါက်ဝသို့ ထွက်သွားခြင်းဖြစ်ပါ၏။

မစားသောက်သေးဘဲ အိမ်ရှင်ပီပီ အောင်ခိုင်က လိုအပ်သည့် စားသောက်ဝိုင်းကို ဖြည့်စွမ်းနိုင်ဖို့ လှည့်ပတ်ကြည့်ရင်းမှ သီရိမေ ခြံပေါက်ဝမှ ထွက်သွားသည်ကို လှမ်းကြည့်နေခဲ့သည်။

သီရိမေသည် ခြံဝမှထွက်ပြီး သူမ၏ အိမ်သို့ သွားခြင်းမဟုတ်ဘဲ မိုးချမ်းသာ၏ ဝပ်ရှော့(ပ)ခြံထဲသို့ ဝင်သွားသည်ကို ကိုအောင်ခိုင် လှမ်းမြင်လိုက်ရသည်။

"အော် ... ဒီလိုကိုး" ဟု အောင်ခိုင်ရင်ထဲမှာ မှတ်ချက်ချ လိုက်မိပါ၏။

အမှန်လည်း သည်လိုကိုဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



သီရိမေသည် ဈေးကိုင်ထားသည့်နေရာတွင် ကိုင်လွန်းပြီး ဈေးလျှော့လွန်းသည်ဟု မြောချင်လည်း ပြောပေတော့။

အမှန်ပင် မိုးချမ်းသာ ဝပ်ရှော့(ပ)လိုက်သွားခြင်း ဖြစ်ပါ၏။

"ဟင် ... သီရိမေ လိုက်လာတယ် ... "

"လိုက်လာတာပေါ့ ... "

"ဘာလို့ လိုက်လာချင်တာလဲ သီရိရယ် ... ဒေါ်းက တမျိုး ထင်ပြီး ပြောကြတော့မှာဘဲ ... "

"အဲဒီလို အမနာပတွေပြောလို့ သူ့မှာ ထိခိုက်သွားသလား ဟင် ... "

"တို့က ဘာအရေးလဲ ... ထိခိုက်မှာက သီရိမေကိုပါ စိုးရိမ်တာကလည်း သီရိကိုပါ ... "

"အိုး ... ပြောချင်တာ ပြောကြစမ်းပါစေ ... လူ့ပါးစပ်ဆိုတာ သိကြားမင်း နားလောင်ဖန်ဆင်းကြတာတောင် ချိုတိုသေးတယ်လို့ ပြောကြသေးတာပဲဟာ ... "

"ဒါဆို တို့ရင်ထဲ ရှိတဲ့အတိုင်း ပြောရမလား သီရိ ... တို့ပြောမှာ တို့ရင်ထဲက အသည်းစကားပဲ ... အဲဒီစကားကို သီရိ လက်ခံရင် မှားသွားမလားဘဲ ... "





"ဘာလဲ ... အဲဒီစကားက ... "

"သီရိကို တို့ချစ်တယ် ... ခုမှ မဟုတ်ဘူး ... မာလာမြိုင်လမ်းတွေမှာ ဇရုတ်သုတ်ခတွေနဲ့ တွေ့ကတည်းကပဲ ... "

"ဒါဆို အခုမှ ဘာလို့ပြောလဲ ... သူ့နောက်ကို သီရိ လိုက်လာတာနဲ့ ပိုင်ပြီဆိုတဲ့ အခုမှပြောတာလား ... "

"အဲဒါမှန်တယ် ... သီရိက တို့အပေါ်မှာ ထားရှိတဲ့ မေတ္တာကို အပိုင်မတွက်ဘဲ မပြောရဲဘူး သီရိ ... တို့က အဘက်ဘက်မှာ မပြည့်စုံတဲ့ ငမွဲမဟုတ်လား ... ထိုင်နေကောင်းသား ထသွားမှ အကျိုးအကန်း မဖြစ်စေဘူး ... အခုတော့ ရင်ထဲရှိတာ ဖွင့်ပြောမိပြီ ... အဲဒါ သီရိရဲ့ တုံ့ပြန်ချက်ကရော ... "

"အခုချက်ချင်ပေးလည်း ဒါပဲ ... အချိန်တွေ ဆွဲထားပြီးမှပေးလည်း ဒီအဖြေပဲ ... သီရိကိုယ်တိုင်က သူ့ကို ချစ်နေမိတယ်ဆိုတာလေ ... ကိုမိုးချမ်းသာ ဘဝမှာတောင်မဟုတ်ဘူး ကိုအနတ္တ ဘဝကတည်းက တွေ့ပြီးတဲ့နောက် ရင်ထဲ ဦးနှောက်ထဲ စွဲနေတယ် ... "

မိုးချမ်းသာ၏ လက်နှစ်ဘက်သည် သီရိမေ၏ ကိုယ်လေးကို မြှေကြီး လင်းမြွေခွေခွေပတ်ဖြစ်သွားသည်။

ပါးချင်းအပ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ချစ်တယ် သီရိရယ် ... ဒါပေမဲ့ နောက်ပိုင်းမှာ ဝမ်းနည်းရ မှာလား ... အသည်းကွဲရမှာလား ... နလုံးသား ကြေမွရမှာ လား ဆိုတဲ့ စိုးရိမ်စိတ်တော့ ရှိနေရတယ် ... "

"ဘာလို့ ရှိနေရတာလဲ အစ်ကိုရယ် ... "

ကိုမိုးချမ်းသာဟု မခေါ်ချင်တော့ ... ခေါ်ဖို့လည်း မလိုတော့၊ကျစ်ကျစ်ပါအောင် အဖက်ခံထားရတာကိုပင် လက်ခံ ထားပြီးသား။

ကိုကိုဟုလည်း မခေါ်ချင်၊ မောင်ဟုလည်း မခေါ် လို။

ရိုးရိုးယဉ်ယဉ်နှင့် လေးစားချစ်ခင်ရာရောက်အောင် ကိုကိုလို့ပဲ ခေါ်ချင်ပါ၏။

သင့်တင့် လျှောက်ပတ်သည်ပဲ မဟုတ်လား။

"ခေါင်းရင်းမှာ ကိုအောင်ကျော်ကျော်ရှိတယ် ... မျက်နှာ ချင်းဆိုင်မှာ ကိုအောင်နိုင်ရှိတယ် ... ထိပ်တန်းစားတွေ ချည်းပဲ ... တို့က ခြေရင်းအိမ်က ဝပ်ရှော့(ပ)ကားပြင်သမား ပါ သီရိ ... "

"ဒါတွေ မပြောပါနဲ့ အစ်ကို ... ပြောရရင် ပန်းပွင့်တွေက တော့ အများကြီးဘဲ ... ဒါပေမဲ့ သီရိ ပန်ချင်တာက တစ်ပွင့်





တည်းပါ ... အခု အစ်ကိုက သီရိပန်ချင်တဲ့ တစ်ပွင့်တည်း သော ပန်းဖြစ်နေပြီလေ ... စိတ်ချ အချိန်ကြာချင်ကြာမယ် သီရိ ချစ်တာက အစ်ကိုတစ်ယောက်တည်းပဲ အစ်ကို ... "

"အချိန်ကြာချင်ကြာမယ်ဆိုတာက ... ဘာကိုညွှန်းတာလဲ သီရိ"

"ဆယ်တန်းအောင်ရင် သီရိ တက္ကသိုလ်တစ်ခုခုတက်ရမယ် အစ်ကို ... "

"တို့ အနေနဲ့ ချမ်းချမ်းသာသာကြီးမဟုတ်တောင် သီရိကို လှူတန်းစွေထားနိုင်မှာပါ ... သီရိအဲ့ရပြီးတော့ကော အလုပ် လုပ်မှဖြစ်မယ်ဆိုတဲ့ သဘောလား ... တို့ရဲ့ ဝင်ငွေနဲ့ မလုံ လောက်မှာ စိုးရိမ်လို့လား ... "

"လုံးဝမဟုတ်၊ သီရိငယ်သေးလို့ ... နောက်ပြီးတက္ကသိုလ်ကို ရောက်ချင်သေးလို့ ... ဘွဲ့လိုချင်လို့ပါ ... "

"ရတယ် သီရိ ... တို့ကလည်း အလုပ်ကြိုးစားနေတာပါ သီရိနဲ့ လက်ထပ်ကြပါစို့ ဆိုတဲ့နေ့ကျရင် ... တို့မှာ အထုပ် အထည်ရှိစေရမယ် သီရိ ... "

နှစ်ဦးသား ရင်ချင်းကပ်ထားလိုက်ကြသည်။

တစ်ဦး၏ ရင်ခုန်သံကို တစ်ဦးကြားနေခဲ့ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်ခုန်သံကို မျှဝေခံစားဖြစ်ကြရပါ၏။

"ဒါဆို ပြီးရော ... သီရိပြန်တော့မယ်နော် အစ်ကို ... ဟိုမှာ ဟေမာ့ကို ထားခဲ့တယ် ... "

"သွားပါ သီရိ ... တို့ချစ်တာ ရင်ထဲ နှလုံးထဲက ထာဝစဉ်ပါ အပွေ့အပိုက် ... အနမ်းတွေဆိုတာက လက်ထပ်ပြီး ကိုယ်ပိုင်ဆိုင်တဲ့နေ့ကျမှ ... "

"ဟွန်း ... သူ့ပြောပုံကြီးကရှက်စရာ ... "

သီရိမေ ရောက်သွားချိန်တွင် ... ခင်ခင်ခသည် ကိုအောင်ကျော်ကျော်အနီးတွင် ထိုင်နေခဲ့၏။ စောစောက ဟေမာထိုင်နေသော ထိုင်ခုံတွင် ခင်ခင်ခ ထိုင်နေခြင်းဖြစ်ပါ၏။

"ဟေမာကော ... ခင်ခ ... "

"သီရိရော ဘယ်သွားနေလဲဟင် ... "

ခင်ခင်ခ ရယ်လိုက်ပါ၏။

"ကိုမိုးချမ်းသာ ဝပ်ရှော့(ပ)ကိုသွားတာလေ တို့သွားတာ ကိုကိုအောင်မိုင် ရယ်ကြည့်နေသားပဲ ... "

"ဟုတ်လား ... ဒါကြောင့်ထင်တယ် ... ကိုကိုနိုင်က ဟေမာ့ဆီလာပြီး ဟေမာ့ကို ခေါ်သွားတယ်လေ ... "

"ဩော် ... ဩော် ... "





ခင်ခင်ခက ကိုအောင်ကျော်ကျော်ဘက်သို့ လှည့်လိုက်သည်။

"ကိုအောင်က ... ခင်ခမွေးနေ့မှာ ဘာလက်ဆောင်ပေးလဲဟင်"

"ညကျတော့ ဖွင့်ကြည့်ပေါ့ ... "

"ဖွင့်ကြည့်မှ သိရမှာလား ... အခု ကိုအောင်ပြောလိုက်ရင် ပွဲသိမ်းတာနဲ့ ခင်ခက အစ်ကိုအောင်ရဲ့ လက်ဆောင်ကို ရှာကြည့်ရမယ်ဆိုတော့ ရှက်စရာကြီး ... "

"ဒါဆိုရင် တို့မွေးနေ့ လက်ဆောင်လေးပေးလိုက်တာက ... နှလုံးသားကို မြားစိုက်ဝင်နေတဲ့ ပုံလေးပါ ... ရွှေအစစ်နဲ့ လုပ်ထားတဲ့ ရင်ထိုးလေးပေါ့ ခင်ခ ... "

သီရိမေ နားထောင်ရင်း ပြုံးလိုက်မိသည်။

သူမအပေါ်တွင် ... မေတ္တာစကားပြောခဲ့သော ကိုအောင်ကျော်ကျော်၏ ပစ်မှတ်တွေသည် ခင်ခင်ခ အပေါ်သို့ တည့်တည့်စူးဝင်လေပြီဟု သူပေးခဲ့သော ရင်ထိုးလေးကပဲ သက်သေခံနေပါလေ၏။

ဦးတည်ချက်ပြောင်းသွားခဲ့ပြီကော။

ဟေမာသည် ခုနစ်နာရီထိုးပြီးမှ သူနေရာသို့ ပြန်



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာခဲ့သည်။

ညရှစ်နာရီတွင် … သီရိမေက ပြန်သင့်ပြီဟု ယူဆ

သည်။

"ပြန်စို့ ဟေမာ … တော်တော်များများတောင် ပြန်ကုန်ကြ

ပြီ … "

"နေပါဦးလား သီရိ … အိမ်ချင်း မျက်နှာချင်းဆိုင်က ပြန်ချင်

နေပြီတဲ့လား … "

အောင်ခိုင်က ဟေမာ့ကို မပြန်စေချင်သေးဟန်တူပ

၏။ ဝင်၍တားသည်။

"ဟေမာ့ကို သီရိလိုက်ပို့ရဦးမှာ … သိပ်မိုးချုပ်သွားမှာစိုးလို့"

"ရတယ်လေ … တို့လိုက်ပို့ပေးလိုက်ပါ့မယ် … "

ဟေမာက ငြင်းဆိုသံလေးနှင့် ဝင်၍ ခေါင်းခါရင်း

ပြောလိုက်သည်။

"ဟင့် အင်း … မဖြစ်ဘူး ကိုခိုင် … ဟေမာ … သီရိတို့အိမ်ဝင်

ရဦးမှာ … "

ကျောက်စိမ်း ဝမ်းဆက်ပြန်ပေးရဦးမည်။ သူ့

အိမ်သို့ ညအိပ်ညနေ ယူမသွားသင့်သောကြောင့် ဟေမာက ငြင်း

လိုက်ခြင်းဖြစ်ပါ၏။





"ရတယ် ဟေမာ … ကိုအောင်ခိုင် လိုက်ပို့ပေးမယ်ဆိုလည်း

ရတာပါပဲ … မနက်ဖြန်မှ တို့နဲ့တွေ့ကြမယ်လေ … စိတ်

အေးလက်အေးနေပါ … "

"ဟုတ်သားပဲ ဟေမာ … ပွဲသိမ်းတာနဲ့ ကိုကိုခိုင်လိုက်ပို့ပေး

မှာပါ … နေပါဦးနော် … ရသလောက် အချိန်ကလေး နေ

စေချင်လို့ပါ … "

ဟေမာက ဘာပြောရမှန်းမသိ။ ဇဝေဇဝါဖြစ်နေရှာ

၏။ သူတို့နှစ်ယောက်သည် သစ်ခွပင်တွေ၊ သစ်ခွပန်းတွေပြရင်း

တစ်ဦးနှင့် တစ်ဦး သံယောဇဉ်ငြိတွယ်သွားလေသလားမသိ။

"ဒါဆို တို့ပြန်ပြီ … ကိုအောင်ကျော်ကျော်ရော ကိုအောင်ခိုင်

ရော ခင်ခကိုပါ နှုတ်ဆက်ပါတယ် … "

"တို့လည်း ပြန်မှပဲ … "

ကိုအောင်ကျော်ကျော်က ထိုင်ရာမှထသည်။

"အို … ကိုအောင်ကလည်း နေပါဦး … သီရိကတော့ မိန်း

ကလေးမို့ အချိန်နဲ့ပြန်ရတာ … ကိုအောင်က ဘာလို့ပြန်ချင်

နေတာလဲ … ခင်ခ မွေးနေ့မှာ အချိန်ကုန်အောင် နေပေးပါ

ကိုအောင် … "

"ဒါဆိုလည်း နေရမှာပေါ့ … "



www.burmeseclassic.com

www.burmeseclassic.com



အောင်ကျော်ကျော် ပြန်ထိုင်သည်။ ခင်ခင်ခက

နေပါ၏။

သီရိမေ ပြန်လာခဲ့တော့သည်။

အိမ်ပြန်ရောက်သည်နှင့် ဧည့်ခန်းထဲတွင် ဖေဖေ

မေမေ ထိုင်စောင့်နေသည်ကို တွေ့ရသည်။

ဖေဖေက တီဗွီသတင်းကို ဤကြန္ဓမပျက် နားထော

နေသော်လည်း မေမေ၏ မျက်နှာက သုန်မှုန်နေ၏။

"မီသီရိ ... သွား အဝတ်တွေ ဘာတွေလဲပြီး ငါ့ဆီပြန်လာ

သီရိမေ အုံ့ညြသွားခဲ့သည်။

သို့သော် ချက်ချင်း မေမေ၏ မျက်နှာထားကို

ပြီး ရိပ်မိသွားသည်။

ပေါ်မှာကို ငှားသော ကျောက်စိမ်းဆက်ကြော

တော့ မဖြစ်နိုင်။

ပစ္စည်းကိစ္စလောက်ဆို မေမေ၏ မျက်နှာထား

မှု မတင်းမာ။ မသုန်မှုန်နိုင်။

ကေန္ဒ အစ်ကိုမိုးချမ်းသာနှင့် မိမိတို့ အကြောင်း

မေသိ သွားခြင်းဖြစ်နိုင်သည်။ ဒါဆိုလည်း မေမေသိပုံမြန်လွန်း

သည်။





အင်း ... မိမိဝပ်ရှော့(ပ)ထဲ လိုက်သွားသည်ကို မေမေက သမီးပြန်အလာထွက်မျှော်ရင်း ... တွေ့သွားလေသလား မပြောတတ်။

သီရိမေ သက်ပြင်းချရင်း အိပ်ခန်းထဲဝင်ခဲ့သည်။ မေမေက အစ်ကိုမိုးချမ်းသာနှင့် ပတ်သက်၍ မေးလာလျှင် မိမိဘာပြန်ပြောရမည်လဲ။

မဟုတ်ပါဘူး ဟူ၍ လိမ်လည်ပြောရမလား။ မပြောချင်။

ဤကိစ္စသည် မိဘများအား ယခုမပြေလည် နောင်တစ်နေ့တွင် ဖွင့်ပြောရမည်သာဖြစ်သည်။ မိမိအနေနှင့် ရည်းစားအပျော်ထားသည် မဟုတ်။

အစ်ကိုမိုးချမ်းသာကို မိမိရင်ထဲ နှလုံးသားထဲကကို ချစ်နေသည်မို့ သေတပန် သက်တဆုံး ရည်ရွယ်ထားသူဖြစ်သည်။ အိစ္စမရှိ။

လာမည့်ဘေး ပြေးတွေ့ရမည်ဟုသာ ပူနေသောသွေးကို အေးလိုက်စေသည်။ ညအိပ်အဝတ်အစားများ ပြောင်းဝတ်သည်။ ငြိစိစိဖြစ်လာသည်ကို မျက်နှာသစ်၊ ခြေလက်ဆေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခြည့်ခန်းသို့ သီရိမေထွက်လာခဲ့ပြီး မေမေ့အနီးမှာပင် ထိုင်လိုက်သည်။

"ဘာဖြစ်နေလို့လဲ မေမေ ..."

"ဘာဖြစ်ရမှာလဲ ... ညည်းဟာညည်း ဘာဖြစ်ခဲ့တယ်ဆိုတာ အသိဆုံးပဲလေ ..."

"ပြောစရာရှိလဲ တည့်တည့်ပြောပါ မေမေ ... သီရိဟာ မေ မေ့သမီးပဲ ... သီရိမှားရင် မေမေကြိုက်သလို ဆုံးမနိုင်သား ပဲ"

"အေး ... တည့်တည့်ပြောချင်တယ် ... ပါးစပ်က ပြော မထွက်ဘူး ... မပြောရက်ဘူး ..."

ဖေဖေက ရိုမှဲ့ကွန်ထရိုးဖြင့် တီဗွီကို ထိုင်ရာမှ ထအသံပိတ်လိုက်သည်။

"ဟုတ်သားပဲ စိုးစိုး ... သမီးစိတ်ခတ်နဲ့ သမီးအကြောင်း လည်း သိသားနဲ့ ... ပြောစရာရှိတာ ပွင့်ပွင့်လင်းလင်းသာ ပြောချလိုက် ..."

"ပြောမယ် ... ပြောမှာပါ ... ညည်း ခြောက်နာရီလောက်က မွေးနေ့ပွဲမပြီးခင် ခြေရင်းက ဝပ်ရှော့(ပ)ကို သွားတယ် မဟုတ်လား ..."





"ဒါကို မေမေ ဘယ်လိုလုပ်သိတာလဲ မေမေ ..."

"ဘယ်လိုပဲသိသိ ... ညည်း မိန်းကလေးတစ်ယောက်တည်း အနေနဲ့ ဒီလိုဝပ်ရှော့(ပ)ကို သွားသင့်သလား ... ငါလေ ချက်ချင်းလိုက်လာမလို့ ... တော်ကြာ အိမ်ရှေ့ကလည်း လူစုံတက်စုံ ပရိသတ်ကြီးနဲ့ ဆူဆူပူပူတွေကြားကုန်ရင် ကိုယ် ပဲ အရှက်ရမယ်ဆိုပြီး အောင့်နေရတယ် ... ကဲ ... ပြောစမ်း မိသီရိ ... ညည်းဝပ်ရှော့(ပ)ကိုသွားပြီး ဘာတွေဖြစ်ခဲ့တာ လဲ ..."

ဖေဖေက အသံပိတ်ထားခြင်းကို ပြန်၍ ရိုမုဒ်ဖြင့်ပင် နှိပ်ကာ အတော်အသင့် အသံကို ကျယ်လိုက်သည်။ အိမ်နီးနားချင်း ကြားနိုင်အောင် တီဗွီသံ ကျယ်လိုက်ခြင်းဖြစ်ပါလေ၏။

ပြီးတော့ သမီးကိစ္စဖြစ်နေ၍ နားမထောင်သင့် ဘူးဟု ယူဆ၍ အိမ်ရှေ့ဝရန်တာသို့သွားရန် ခြေလှမ်းပြင်လိုက် သည်။

"ဖေဖေ ..."

သီရိမေက လှမ်းခေါ်လိုက်သည်။ ဖေဖေပြန်လှည့် လာခဲ့သည်။

"ပြန်လာထိုင်ပါ ဖေဖေ ... သီရိ အမှန်အတိုင်းပြောချင်လို့ပါ



www.burmeseclassic.com

www.burmeseclassic.com



နားရှက်စရာအကြောင်းတွေ လုံးဝမပါပါဘူး ဖေဖေ ...

ဖေဖေက ပြန်၍ ထိုင်သည်။ တီဗွီရီမုဒ်ကိုကိုင်ပြီး ထိုင်နေပါ၏။

"သီရိ ပြောပြမယ် မေမေ ... မေမေပြောတာ မှန်ပါတယ် သီရိ ညနေခြောက်နာရီလောက်က ဟိုဘက်က ဝပ်ရှော့(ပ) ထဲကို လိုက်သွားပါတယ် ... အစ်ကို မိုးချမ်းသာဟာ သီရိနဲ့ အရက်နဲ့ အသက်ကို ကယ်တဲ့ကယ်တင်ရှင်ပါ ... "

"အိုး ... ဒါပဲ ညည်းပြောနေတယ် ... ကျေးဇူးဆပ်စရာ တခြားနည်းတွေပြည့်လို့ ... "

"မှန်ပါတယ် မေမေ ... ဖေဖေ့ရှေ့မှာပဲ သီရိပြောပါမယ် ဖေဖေက သီရိကို ဘာမဆို ပွင့်လင်းတတ်အောင် ငယ်ငယ် ကတည်းက သင်ပေးတာပါ ... နောက်ပြီး ဖေဖေဟာ သမီး ကို တချို့နေရာတွေမှာ သူငယ်ချင်းလို ဆက်ဆံစေခဲ့တာပါ ဒီတော့ သီရိ ရင်ထဲရှိတာကို အမှန်အတိုင်းပြောရင် သမီး ကိုယ်တိုင်က မာလာမြိုင်လမ်းထောင့်မှာ တေလေကောင် တွေနဲ့ တွေ့ခဲ့တဲ့ အချိန်ကစပြီး အစ်ကို မိုးချမ်းသာကို ... မေတ္တာစိတ်ဖြစ်ခဲ့ပါတယ် ... မေမေ ... "

"အမယ်လေး ... ငါသေချင်တယ် ... မိသီရယ် ... ညည်း





မေတ္တာစိတ်ကလည်း ဒီလိုလူအပေါ်ကျမှ ဖြစ်ရသလားဟဲ့ ကိုယ်နဲ့ တူသလား တန်သလားဆိုတာလေးမှ မတွက်တတ် ဘူးလား ... ညည်းစိတ်ထဲမှာ မေတ္တာစိတ်ဖြစ်ခြင်းဖြစ်ရင် ခေါင်းရင်းအိမ်က အောင်ကျော်ကျော်ကို ဖြစ်ပါလား ... အိမ်ရှေ့က အောင်နိုင်ကိုဖြစ်ပါလား ... သူတို့က ညည်းကို လိုချင်တာမှ နန့်နန့်တက်နေတာ ... "

"မေမေ ... ချစ်စိတ်တို့ ... မုန်းစိတ်တို့ ဆိုတာမျိုးက ဟိုလူ အပေါ်ဖြစ်လိုက်ပါလား ... ဒီလူအပေါ် ဖြစ်လိုက်ပါလားလို့ ဖွတ်လက်ညှိုးထိုးခိုင်းလို့ ရတာမျိုး မဟုတ်ပါဘူး မေမေ"

"ဟဲ့ ... ငါက မိခင်အနေနဲ့ ကိုယ့်သမီးကို ဆင်စီး မြင်းရံ ရွှေဘုံပေါ်မှာ စံစေချင်လို့ဟဲ့ ... "

"ဖေဖေ ... မေမေ့ရဲ့ မေတ္တာနဲ့ စေတနာကို သီရိနားလည်ပြီး သားပါ မေမေ ... ဒါပေမဲ့ မချစ်ခင် မနှစ်သက်တဲ့ လူကို သီရိ ဘယ်လိုလက်ခံနိုင်မှာလဲ ... ရန်သူမျိုးငါးပါးထဲမှာ မချစ် ခင် မနှစ်သက်တဲ့ လူကို သီရိ ဘယ်လိုလက်ခံနိုင်မှာလဲ ... ရန်သူမျိုး ငါးပါးထဲမှာ မချစ်ခင် မနှစ်သက်သူဟာ ရန်သူတစ် ပါးပါ မေမေ ... "

"အမယ်လေး ဟဲ့ ... မိရွှေစင်တို့များ ဒီကောင် ပါးမွားနဲ့



www.burmeseclassic.com

www.burmeseclassic.com



တွေမှ စာတွေတတ်နေလိုက်တာ ... ”

ဖေဖေကပါ မေမေ့ပေါင်ပေါ်သို့ လက်ကလေးတင် လိုက်ပါသည်။ အမိပွါယ်မှာ ဒေါသကို ထိန်းပါဟု သက်ရောက်ပေ မည်။

“ကဲ ... ဒီကိစ္စကို ဖေဖေဟာ ဖခင်အနေနဲ့ပဲ ဝင်ပြောတော့ မယ် ... ဖေဖေ သမီးကိုမေးမယ် ... မှန်တဲ့အတိုင်းဖြေ”

“မေးပါ ... ဖေဖေ ... ”

“သမီးပြောသွားတဲ့ စကားကိုထောက်ရင်း သမီးက မောင် မိုးချမ်းသာကို မေတ္တာစိတ်ဝင်ခဲ့မိတာကြာပြီလို့ အမိပွါယ် ကောက်လို့ရတယ် ... ”

“မှန်ပါတယ် ဖေဖေ ... ”

“မောင်မိုးချမ်းသာကရော သမီးကို မေတ္တာစိတ်သက်ရောက် နေပါတယ်လို့ ဖွင့်ပြောသလား ... ”

“ဒီနေ့ သီရီ ဝပ်ရှေ့(ပ)ထဲ လိုက်အသွားမှာ သူက သီရိ့ကို မေတ္တာရှိတဲ့အကြောင်း ဖွင့်ပြောပါတယ် ဖေဖေ ... ”

“ဒါဆိုရင် သမီးက လိုက်သွားတာကိုး ... အပိုင်အကဲခတ်ပြီး မှ ကောက်ငင်ကာ မေတ္တာစကား ပြောတာမျိုးကော မဖြစ် နိုင်ပါဘူးလား ... ”





“အစ်ကို မိုးချမ်းသာကလည်း အဲဒီအတိုင်းပဲ ပြောတာပဲ ဖေ ဖေ ... သီရိက သူ့အပေါ်မှာ ထားရှိတဲ့ မေတ္တာကို အပိုင် မတွက်ဘဲ မပြောရဘူးတဲ့ ... သူက အဘက်ဘက် မပြည့်စုံ တဲ့ လူမဟုတ်လား ... ထိုင်နေအကောင်းသား ... ထသွားမှ အကျိုးအကန်းမဖြစ်ချင်ဘူးတဲ့ ... ”

ဖေဖေက ရိုမှဒ်ကွန်ထရိုးဖြင့် အသံတိုးလိုက်သည်။

“အဲဒီကောင် မိုးချမ်းသာပြောတဲ့ စကားကို သမီးရင်ထဲက ဘယ်လို အမိပွါယ်ကောက်လဲ ... ”

“သူ့ဘက်က သိမ်ငယ်နေတယ် ... သူ့ရင်ထဲက ... သီရိကို မေတ္တာရှိတဲ့အကြောင်း ဖွင့်ပြောလိုက်ရင် ရှိုးရိုးခင်မင်နေ တာလေးပါ ပျက်ပြားသွားမယ် ... တကယ်လို့ သီရိကသာ လမ်းမဖွင့်ပေးရင် သူက သူ့ဘာသာ မျိုသိပ်ပြီး ဘယ်တော့မှ ဖွင့်မပြောဘူးလို့ အမိပွါယ်ကောက်တယ် ဖေဖေ ... သူနဲ့ သီရိတို့ အဆင့်အတန်းချင်း ကွာနေတာမို့ ဖွင့်မပြောရဲတဲ့ သဘောပဲ ... ဒါကြောင့် သီရိကပဲ လမ်းဖွင့်ပေးတာပါ ဖေ ဖေ ... ”

“ကဲ ... မှတ်ကရော ... ကိုမင်းမောင် ကြားရဲ့လား ... မိ သီရိက သူကပဲ လမ်းဖွင့်ပေးရသတဲ့ တော် ... အမယ်လေး



www.burmeseclassic.com

www.burmeseclassic.com



ပဲ့သမီးတော်တယ် … တော်တယ်နဲ့ ယောက်မမြင်းစီးပြ လိုက်ပါပကော … တကယ့် ထိတ်ထိတ်ကြတွေ့က လိုချင် လို့ တန်းစီနေတဲ့အထဲက ဒီလို အနုတ်စုတ်ကုပ်စုတ်ကိုမှ အမိုက်မက ရွေးပြီး မေတ္တာရှိသတဲ့ တော် …"

"နေဦး … စိုးစိုး … ကိုယ်ဆက်ပြီး … သမီးကို မေးပါရစေဦး ကဲ … သမီးနဲ့ မောင်မိုးချမ်းသာက နှုတ်ဦးပိုင်းကပဲ မေတ္တာ ရှိသွားကြပြီ ဆိုပါတော့ … မေတ္တာရှိပြီးသွားတဲ့နောက် ကော …"

"ဘာဆို ဘာမှမဖြစ်ဘူး ဖေဖေ … အစ်ကို မိုးချမ်းသာဟာ အင်မတန် သိက္ခာစောင့်စည်းပါတယ် … ယောကျ်ားတစ် ယောက်နဲ့ လက်မထပ်နိုင်သေးခင်မှာ စောင့်စည်းရမယ်လို့ သူဟာသူ ခံယူချက်ရှိပါတယ် … အနေအထိုင် ထိန်းသိမ်းနိုင် မှုက တခြားလို့ စိတ်ထဲမှာ စွဲမှတ်ထားသူပါ ဖေဖေ …"

"အင်း … ဒါ မှန်မြတ်သားပဲ … ကဲ ဆက်ပြောပါဦး … သမီးတို့ ရှေ့ရေး အစီအစဉ် ဘယ်လိုဆွဲကြသလဲ …"

"သီရိက ပြောတယ် … ဆယ်တန်းအောင်ပြီး တက္ကသိုလ်က ဘွဲ့ယူချင်တယ်လို့ …"

"ဒီတော့ သူက …"





"ဒီတော့ အစ်ကိုမိုးချမ်းသာက ကောင်းပါတယ်တဲ့ … သူ လည်း အလုပ်အရမ်းကြိုးစားမယ်တဲ့ … လက်ထပ်တဲ့ အချိန် ကျရင် သူ့မှာ အထုပ်အထည်ရှိနေစေရမယ်တဲ့ …"

"ဟင်း … ကားပြင်သမားက မိုက်ထဲ စက်ချေးတွေ တစ် ဝီသာလောက်ဝင်တော့ ချမ်းသာမတဲ့လား …"

မေမေက ငေါ့သည်။ သို့တစေ သီရိမေက ဆက်ပြော ပါသည်။

"လူတန်းစေ့ အိမ်တဆောင် မီးတစ်ပြောင် ထားနိုင်စေရ မယ်တဲ့ …"

"သူ့ပညာ အရည်အချင်းကတော့ …"

ဖေဖေက ဆက်၍မေးသည်။

"ဒါတော့ သီရိ အတိအကျမသိဘူး ဖေဖေ … ယန်းဘို့ုင်း တီးဝိုင်းခေါင်းဆောင် ကိုသက်ဦးက အစ်ကိုမိုးချမ်းသာနဲ့ ဟိုက်စကူးကျောင်းသားဘဝကတည်းက သူငယ်ချင်းလို့ ပြောတယ် … ကိုသက်ဦးဟာ ရန်ကုန်စက်မှုတက္ကသိုလ်က ဘွဲ့ရပြီးသားဆိုတော့ အစ်ကိုမိုးချမ်းသာဟာ အနည်းဆုံး ဆယ်တန်းတော့ အောင်ရမယ် … မဟုတ်လား ဖေဖေ"

"ခု မောင်မိုးချမ်းသာ လုပ်နေတဲ့ ဝပ်ရှော့(ပ)ကရေးသူပိုင်



www.burmeseclassic.com

www.burmeseclassic.com



အစစ်အမှန်ဟုတ်ရဲ့လား ... ဖေဖေ ဆိုလိုတာက သူ့အတတ်ပညာပိုင်းကို သူ့ဒွေးတစ်ဦးဦးက ငွေကြေးမတည်ပြီး တည်ထောင်ထားတဲ့ ဝပ်ရှော့(ပ)လားလို့ပါ ... "

"မဟုတ်ဘူး ဖေဖေ ... သူ့အဖေဆုံးသွားတော့ ဆုကြေးရတယ်တဲ့ ... နဝိုကတည်းက သူ့အဖေ စုဆောင်းထားတဲ့ ငွေတချို့ထဲက ငွေရယ် ... သူစုဆောင်းထားတဲ့ ငွေရယ် ပေါင်းပြီး ထောင်ထားတဲ့ သူပိုင် ဝပ်ရှော့(ပ)ပါ ဖေဖေ ... အခု ခြံနဲ့တိုက်က အစ်ကို မိုးချမ်းသာပဲ အမွေရတာပါ"

"ကဲ ... သမီး အနားယူတော့ ... "

သီရိမေက မျက်နှာထား ခပ်တင်းတင်းလုပ်ထားသော မိခင် ဒေါ်စိုးစိုး၏ ပါးပြင်ကို ဘာမပြောညာမပြော ရွှတ်ခနဲနမ်းကာ သူမ၏ အိပ်ခန်းရှိရာသို့ ပြေးဝင်သွားတော့သည်။

"ကောင်မ ... "

ဒေါ်စိုးစိုးက သမီးသီရိမေကို မျက်စောင်းထိုးကြည့်လိုက်ပြီး ပြုံးရိပ်သမ်းလာသည်။

"အဲ ဒါကြည့် ... လူက ကလေးစိတ်ကုန်သေးတာ မဟုတ်ဘူး ကိုမင်းမောင် ... "

"အင်း ... ကိုယ်တော့ ဒီလိုမှတွက်ဘူး ... စိုးစိုး ... သမီး





သီရိဟာ မိဘကိုတော့ ငယ်စိတ်ကလေးနဲ့ နွဲ့ဆိုးဆိုးကလေးတွေရှိတာပေါ့ ... ဒါပေမဲ့ သီရိဟာ ဦးနှောက်ကောင်းတယ် အတွေးအခေါ်ပိုင်းမနုပ်ဘူး ... "

"အိုး ... ဦးနှောက်ကောင်းတယ်လို့ အတွေးအခေါ်မညံ့လို့ ဒီဝပ်ရှော့(ပ)က ကောင်ကိုမှ ရွေးကြိုက်တာပေါ့ ... "

"ဒါကို ပြောလို့မရဘူး စိုးစိုး ... နှလုံးသားနဲ့ ရင်ထဲက အချစ်ပေါင်းစပ်ပြီး ဖြစ်ပေါ်လာတဲ့ မေတ္တာနဲ့ ပတ်သက်လာရင် သမီးတို့ အရွယ်ဟာ ဦးစားပေးတတ်တယ် ... အစွဲအလမ်းကြီးမားတတ်တယ် ... သမီးစိတ်ဓာတ်မျိုးက ပြင်းထန်တယ် ... ကိုယ့်သမီးအကြောင်း သိသားနဲ့ ... "

"အို ... မဟုတ်တာ ... သူ့စိတ်ဓာတ်နဲ့ အစွဲအလမ်းကိုလိုက်ပြီး ဒီကောင်နဲ့ ပေးစားရမှာလား ကိုမင်းမောင် ... "

ဦးမင်းမောင် မျက်နှာထားတင်းသွားသည်။ တဇွတ်ထိုးပြောနေသော ဇနီးကို ဒေါသငွေ့ မကင်းသည့် အကြည့်ဖြင့် ကြည့်သည်။

"မင်း ဇွတ်မပြောနဲ့ စိုးစိုး ... ဒီကိစ္စမျိုးမှာ မိခင်ဟာ ပါးနပ်ရတယ် ... လိမ္မာတတ်ရတယ် ... မင်းသဘောမတူဘူးဆိုရင် ပြောတာပါ ... တော်ကြာ မိဘက တင်းကျပ်လွန်းတယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



ပြီး ခိုးရာလိုက်သွားမှ ရင်ကွဲပတ်လက် ကျန်ခဲ့ရမယ် … သမီးရဲ့ အသက်က ဆယ့်ရှစ်နှစ်ပြည့်နေပြီ … တရားဥပဒေအရ သူ့ဘဝကို သူဖန်တီးခွင့်ရှိတယ် … ကျုပ်ပြောတာက မင်းသဘော မတူရင် အချုပ်သတ်ထား … ”

“နေပါဦး ကိုမင်းမောင် … ရှင်ပြောတဲ့ အထဲမှာ စိုးစိုးက သဘောမတူဘူးဆိုရင် ဆိုတာ ထပ်တလဲလဲပြောတယ် … ရှင်ကရော ဘယ်လိုလဲ … သဘောတူသလားလို့ … ”

“ဒါကို ဖြေရမယ်ဆိုရင် ကိုယ့်အနေနဲ့ ဒီသူငယ့်ကို သဘောတူတယ်လည်း မဟုတ်ဘူး … သဘောမတူဘူးလည်း မဟုတ်ဘူး … မောင်မိုးချမ်းသာရဲ့ သတင်းကို ကိုယ်တို့ လူကြီးပိုင်းကရော … ရုံးမှာ လူငယ်တွေ ပြောနေတာကရော ကောင်းသတင်းတွေးများတယ် … ကျုပ်အကဲခတ်မိသလောက် ဒီကောင်လေးဟာ ဘယ်မိဘ … ယောက္ခမရဲ့ အကူအညီကိုမှ မယူဘဲ သူ့ဘဝသူ ရပ်တည်နိုင်စွမ်းရှိတယ် … ကြာရင် တိုးတက်သွားမှာဘဲ … ”

“ဟွန်း … အထင်ကြီးလိုက်တာ … မိဘမရှိ … ဂုဏ်မရှိ ပိုက်ဆံမရှိတဲ့ လူကိုများ … ”

“အေးလေ … မင်းသဘောမတူရင် မပေးစားနဲ့ပေါ့ … ဒါပေ





မဲ့ သမီး မိုက်တီးမိုက်ကမ်း လုပ်မသွားအောင်တော့ မင်းထိန်းသိမ်းတတ်ရမယ် … ဒါပဲ … ကျုပ်အိပ်တော့မယ်”

ဦးမင်းအောင် စကားဖြတ်ကာ အိပ်ရာဝင်ရန် လှမ်းလိုက်ပါ၏။

ညအတော်နက်နေခဲ့ပါပြီ …



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

ညကိုးနာရီထိုး တီးဝိုင်းသိမ်းပြီးမှဝင် တီးဝိုင်းတစ်ဖွဲ့လုံး ဒိပေါက်ထမင်းစားကြသည်။

အောင်နိုင်က ဟေမာ့ကို ပြန်ပို့ပေးချင်စိတ်ဆန္ဒစောနေသဖြင့် တီးဝိုင်းအဖွဲ့ စားသောက်ရာသို့ မလာနိုင်။ ဂိုဒေါင်မှ ကားထုတ်ပြီး ဟေမာ့ကို ပို့ရန်ဖြစ်သည်။

ဦးကျော်ဝင်း၊ ဒေါ်အေးသီနှင့် ခင်ခင်ခတို့သာလျှင် တီးဝိုင်းအဖွဲ့အတွက် အနီးအနားတွင် စောင့်ခံနေခဲ့သည်။

"မောင်သက်ဦးတို့ကို အန်တီ တစ်ခု တောင်းပန်ချင်လို့ … ညအိပ်ဖို့ကိစ္စပါ … မောင်သက်ဦးတို့ အဖွဲ့သားတွေအတွက်





ဖျာ … မွေ့ရာ … ခေါင်းအုံး … စောင်နဲ့ ခြင်ထောင်တွေ အန်တီ့မှာ … လုံလောက်ပါတယ် … ဒါပေမဲ့ ခုတင်မလုံလောက်ပါဘူး ခုတင်တွေရှိတောင် အဖွဲ့လူအုပ်အတွက် ခုတင်တွေခင်းဖို့ အိမ်ကကျပ်နေတယ် … ဒီတော့ ဘုရားခန်း … ဧည့်ခန်းက ကြမ်းပြင်မှာ အိပ်ရာတွေ ခြင်းရမလားလို့"

"ဟာ ရပါတယ် အန်တီ … ကျွန်တော်တို့ တီးဝိုင်းအဖွဲ့ ညအိပ်လိုက်ရပြီဆိုရင် ဖြစ်သလို အိပ်ရမယ်ဆိုတာ နားလည်ပြီးသားပါ … ဗြော် … နောက်တစ်ခုက ကျွန်တော်တို့ ယောက်ျားလေးအဖွဲ့အားလုံး အိမ်ရှေ့က မိုးချမ်းသာ တိုက်မှာပဲ သွားအိပ်ကြမယ် … မအိပ်ဘဲ မိုးလင်းချင် လင်းသွားမှာ … ဒီက စောင်တွေ ခေါင်းအုံးတွေသာ ဟိုအိမ်ကို ပို့ပေးဖို့စီစဉ်ပေးပါ အန်တီ … "

"အင်း … အင်း … ဒါဆို အဆင်ပြေသွားတာပေါ့ … "

ကိုသက်ဦးတို့အဖွဲ့ ထမင်းစားနေစဉ်မှာပင် အောင်နိုင်က သူ့အိမ်မှ ကားဖြင့် ဟေမာ့ကိုတင်ကာ ခြံထဲမှ မောင်းထွက်သွားလိုက်သည်။

အောင်နိုင်နှင့် ဟေမာတို့အတွဲ ထွက်သွားသည်ကို



www.burmeseclassic.com

www.burmeseclassic.com



ဝပ်ရှော့(ပ)ရှေ့တွင် ထိုင်နေသော မိုးချမ်းသာက လှမ်းမြင်လိုက်သည်။

"ဟာ ... ဒုက္ခတော့ တွေ့ကြတော့မှာပဲ ... "

ဟု မိုးချမ်းသာက ရေရွတ်လိုက်မိသည်။

မိုးချမ်းသာက နောက်မှ လိုက်သွားသင့် မသွားသင့် ထိုင်ပြီး စဉ်းစားနေသေးသည်။

မြင့်သန်းအောင်သည် ဒီမြို့သို့ ပြန်ရောက်နေသည်မှာ(၂)ရက်ရှိနေပြီဟု ရဲအုပ် ကိုအေးမင်းက မိုးချမ်းသာအား တင်ကြို သတိပေးထားနှင့်ခဲ့သည်။

သို့သော် ... မြင့်သန်းအောင်က သူ့အမေ အိမ်သို့ မပြန်ဘဲ မြို့ထဲတွင် တိတ်တဆိတ် ဟိုအိမ်ကူး၊ သည်အိမ်ကူးဖြင့် လှုပ်နေခဲ့သည်။ မြင့်သန်းအောင်သည် မြို့ပေါ်သို့ တိတ်တဆိတ်ပြန်လာစဉ်က ကိုအေးမင်းသည် သူ့တပည့် တစ်ဦးကို ရှိုးချပြီး မြင့်သန်းအောင်၏ လှုပ်ရှားမှုကို အကဲခတ်ခိုင်းသည်။

မြင့်သန်းအောင် သိပ်လျှင်သည်။ ရှိုးရဲ့သားကို မျက်ခြေပြတ်ပြီး ကိုယ်ဖျောက်သွားသည်။ ယခု မြင့်သန်းအောင် ဘယ်အရပ်က ဘယ်အိမ်တွင် ခိုနေမှန်း ကိုအေးမင်းပင် မသိတော့ပေ။

"ဒီကောင် ဒီမြို့ပေါ်ကို အထင်ကရ ဝင်ရလျှက်သားနဲ့ ဘာ





လို့ တိတ်တိတ်လျှိုပြီး ဝင်လာတယ်ဆိုတာ စဉ်းစားစရာပဲ ကိုမိုးချမ်းသာ ... ကျွန်တော် ဒီကောင်အကြောင်း စုံစမ်းရသမျှဆိုရင် ဒီကောင် ကျောင်းမှာ ကွက်သစ်ထဲက ဟေမာနဲ့ ကြိုက်နေကြတယ် ... အခု ဒီကောင် လျှိုဝင်လာတဲ့ ရည်ရွယ်ချက်ထဲမှာ ဟေမာ့ဆီကို လာတာလည်း ဖြစ်နိုင်တယ်. သူ့အဖေကိုဖမ်းပြီး ထောင်ချပစ်လိုက်တဲ့ မိုးချမ်းသာနဲ့ ကျွန်တော်တို့ကို အန္တရာယ်ပေးဖို့ လာတာလည်း ဖြစ်နိုင်တယ် ဘာပဲဖြစ်ဖြစ် ကိုမိုးချမ်းသာ တင်ကြိုသတိထားပေါ့ဗျာ ... ကျွန်တော်ကတော့ လက်နက်ကိုင်ဆောင်ရတဲ့ ရဲတပ်ဖွဲ့ပဲ ကျွန်တော်က ... လက်နက်ကိုင်အဖွဲ့အစည်းကလေ... ဒီကောင် ကျွန်တော့်ကိုကြံဖို့တော့ မလွယ်ဘူး ... ဒီကောင်အကွက်က ခင်ဗျားကိုဖြစ်ဖြစ် ဟေမာ့ကိုပဲဖြစ်ဖြစ် ဦးတည်ချက်ရှိနိုင်တယ် ... "

ကိုအေးမင်း ပြောပြသည့်အတိုင်းဆိုလျှင် ယခု ကားတစ်စီးဖြင့် နှစ်ယောက်အတူ ကြည်ဖြူသွားကြသော အောင်ခိုင်နှင့် ဟေမာ့တွင် မြင့်သန်းအောင်၏ အန္တရာယ်ရှိနိုင်ပါလေ၏။

ရဲအုပ်ကိုအေးမင်းထံ အကြောင်းကြားရန် အချိန်မရတော့၊ ဖုန်းဖြင့်လည်း ပြောနိုင်ရန် မိမိတွင် ဖုန်းမရှိ၊ အိမ်ရှေ့အိမ်မှ



www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်ဝင်းတို့အား သွားပြောပါက သူတို့သည် မိမိပြောပြချက် နောက်က လိုက်သွားပြီးမှ ဟိုကျမှ ဘာမှမဖြစ်လျှင် မိမိကို သက် သက်စတာနေ့တွင်သည်ဟု ပြက်ရယ်ပြုကြမည်။ လှောင်ပြောင်ဖွယ်ရာ ဖြစ်တော့မည်။

"ဟေ့ စံနက်ကျော် ..."

"ဗျာ ... အစ်ကို ..."

"မင်း ... ငါသင်ပေးထားတဲ့ တုတ်တို့အကွယ်တွေ မေ့ကုန်ပြီ လား ..."

"ဘယ်မေ့မလဲ အစ်ကို ... ကျွန်တော်နဲ့ အောင်ဘလူ အချိန် အားတိုင်း လေ့ကျင့်နေတာပဲ ..."

"ဒါဆို တုတ်နှစ်ချောင်းယူခဲ့ ... ငါနဲ့လိုက်ခဲ့ ... မင်းဝတ်ထား တဲ့ လုံချည်ချွတ် ... ဘောင်းဘီဝတ်ခဲ့ ... သတ်ရပုတ်ရတာ တွေ ရှိချင်ရှိမယ် ... မင်းလျှင်ပစေနော် ..."

"စိတ်ချ အစ်ကို ..."

မိုးချမ်းသာက မော်တော်ဆိုင်ကယ်ကို ရှေ့မှမောင်း ပြီး စံနက်ကျော်က နောက်မှ လိုက်ခဲ့သည်။

ရှေ့မီးဖွင့်မောင်းခဲ့သည်။ ဟေမာတို့ ကွက်သစ်သည် မြို့မြောက်ဖျားပိုင်းကျသည်။





နယ်မြို့တို့၏ ထုံးစံအတိုင်း ည(၉)နာရီ နောက်ပိုင်း တွင် အိမ်တိုင်းနေ့ မီးပိတ်အိပ်ကြလေပြီ။

ကွက်သစ်မရောက်မီ မိုးချမ်းသာသည် ဓ ဆိုင်ကယ်ရှေ့ မီးကြီးကို ပိတ်လိုက်သည်။

စက်အင်ဂျင်ကိုလည်း သော့ပိတ်လိုက်

သံရပ်ကာ တိတ်ဆိတ်သွားသည်။

"မှောင်ထဲမှာ မျက်စိအကျင့်ရအောင် ခဏမျက်စိ ပြီးမှ ပြန်ဖွင့် စံနက်ကျော် ..."

နှစ်ယောက်စလုံး မှောင်ထဲတွင် အမြင်ကော ရန် တစ်မိနစ်ခန့် မျက်စိပိတ်ပြီးမှ ပြန်ဖွင့်သည်။

"ရပြီလား ..."

"ရတယ် ... အစ်ကို ..."

"ဒါဆို ဆိုင်ကယ်ကို ဒီမှာဘဲ ထားခဲ့ပြီး တို့လမ်းလျှောက်သွား မယ် ... သစ်ပင်ရိပ် မှောင်ခိုလျှောက်နော် ..."

နှစ်ယောက်သား တဖြည်းဖြည်း တိုးလာ၍ မကြာ ခင်မှာပင် မိုးချမ်းသာ ထင်သည့်အတိုင်း ဖြစ်ရပ်ကို တွေ့ရတော့ သည်။

ကားနှစ်စီးရပ်ထားသည်။ ရှေ့တစ်ကားမှာ ဂျစ်ကား



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ဖြစ်ပြီး နောက်တစ်ကားမှာ အောင်ခိုင်၏ ကားဖြစ်နေသည်။

သက်စ စုစုပေါင်း လူငါးယောက်တွေ့ရသည်။(၄)ယော

ဖြစ်တော့မြင့်သန်းအောင်တို့ လူများဖြစ်နေခဲ့ပြီး ကျန်တစ်ယောက်

"ပြေစ်နေခဲ့ပါ၏။

"ဗျ မြင့်သန်းအောင်၏ သူ့တပည့် တစ်ယောက်က

"ဟိုဘက်သည်ဘက် လက်မောင်းကိုကိုင်ကာ ဂျစ်ကားဆီ

ခါနေသည်။

"လွှတ် ... လွှတ် ... ကိုမြင့်သန်းအောင် ဟေမာမလိုက်

"ဘယ်ရမလဲ ဟေမာ ... ပေပင်ကုန်းမှာ နင်နဲ့အတူ

အိမ်တစ်အိမ် စီစဉ်ထားပြီးပြီ ... "

"အို ... မလိုက်ဘူး ... မလိုက်ဘူး ... ကယ်ကြပါဦးရှင်

ကယ် ... "

ဟေမာ ကျယ်လောင်စွာအော်ပြီး ဘေးဘီကို

အညီတော်းသံမဆုံးမီပင်။

"ဟာ ... ဒီကောင်မ ... "

ဟု မြင့်သန်းအောင်က ဒေါသဖြင့် ရေရွတ်ပြီး

ဟုဆိုကာ ဟေမာ၏ မျက်နှာကို လက်သီးဖြင့် ထိုးချလိုက်

ဟေမာ သတိမေ့သွားသည် ထင်ပါ၏။ တစ်





သည်း အသံမထွက်တော့ဘဲ ငြိမ်ကျသွားသည်။

"ကဲ ... စံနက်ကျော် ... တုတ်တို့နဲ့သာ ဝင်တိုက်ပေ

တော့ ... လက်မလွှတ်စေနဲ့ ... ဆပြီးရိုက် ... "

လွှားခနဲ မိုးချမ်းသာက ရှေ့မှ ဦးဆောင်ပြီး ဝင်

ိုက်သည်။

စံနက်ကျော်က မတ်တတ်ရပ်နေသူ နှစ်ယောက်ဆီ

ဝင်သည်။

မိုးချမ်းသာက ဟေမာ့အား တစ်ဘက်စီကိုင်ထား

သော မြင့်သန်းအောင်နှင့် သူ့တပည့်ထံ ဝင်လိုက်သည်။

ပထမတစ်ယောက်စီတော့ သူတို့ အငိုက်မိခံရပြီး

ယောက်စလုံး လဲကျသွားခဲ့ကြသည်။

မြင့်သန်းအောင်က လျင်ပါ၏။ သူတို့ အိတ်ထဲတွင်

လာသော မောင်းပြန်ဓားတွေကို ထုတ်ကြသည်။

ဟေမာသည် သူတို့လက်မှ လွတ်သည်နှင့် ဖင်ထိုင်

က်သားလေး လဲကျသွားသည်။ လက်သီးချက်ဖြင့် မေ့ခဲ့ရာမှ

ချင်းပြန်သတိရသည်။

ဝင်ဝင်ချင်း တုတ်တစ်ချက်စီ မိထားပြီး လဲကျသွား

ာ နှစ်ယောက်လည်း ပြန်ထလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သတ်ပွဲမှာ ပြင်းထန်လာခဲ့ပြီ။

မောင်းပြန်စားကိုင်လေးယောက်နှင့် တူတ်တိုကိုင် (၂)ယောက်တို့၏ သတ်ပွဲဖြစ်ပါ၏။

"ဦးလေးထူးရေ ... ဘကြီးအောင်ရေ ... လာကြပါဦး ... ဒီမှာ ... ဒီမှာ ... လာကြပါဦး ... "

ဟေမာက သူမ၏ ရပ်ကွက်မှ မည်သူ၏ အိမ်အနီး ပတ်ဝန်းကျင်သို့ ရောက်ရှိနေမှန်း ခန့်မှန်းသိပါ၏။ သူမ၏ အသံကျယ် ဟစ်အော် အကူအညီတောင်းခဲ့သည်။ ညအမှောင်တွင် သူမအသံက ပျံ့လွင့်သွားသည်။

"ဟေး ... ဟေး ... ဘာတွေဖြစ်တာလဲဟေ့ ... ဘာတွေဖြစ်နေကြတာလဲ ... ထကြစမ်း ... ထကြစမ်း ... မီးဖွင့်လိုက် စားရှည်နဲ့ လုံတွေကော ... "

ဟေမာ၏ အော်ဟစ်သံကြောင့် ရပ်ကွက်တစ်ခုလုံး လှုပ်ရှားသွားသည်။ အိမ်တွေ မီးပွင့်လာသည်။ လူအသံတွေ စီစီညံညံဖြစ်လာခဲ့သည်။

"ဟော့ကောင်တွေ ... ဂျစ်ကားပေါ်တက် ... မြန်မြန်တက်" မြင့်သန်းအောင် အမိန့်ပေးသည်။

တပည့်ဖြစ်သူတွေ ဂျစ်ကားပေါ်သို့ ပြေးတက်ကြ





သည်။ မြင့်သန်းအောင်က ဂျစ်ကားပေါ်တက်၍ သူကိုယ်တိုင် စက်နိုးကာ မောင်းနှင်ထွက်ပြေးခဲ့တော့သည်။

"အမယ်လေး ကိုမိုးချမ်းသာရယ် ... ဟေမာ ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူး ... ကိုမိုးချမ်းသာသာ အချိန်မီ ရောက်မလာရင် ဟေမာ ပါသွားပြီ ... အနိုင်ကျင့်ခံရပြီ"

"ဒါတွေထားပါ ... ကိုအောင်ခိုင်ရော ဟေမာ ... "

"သူတို့ ထိုးကြိတ်ပြီး သူ့ကားထဲ ထည့်ထားတယ် ... ကြည့်ပါဦး ... "

မိုးချမ်းသာက ကားနားကပ်ပြီး ကားပြတင်းပေါက်မှ ကြည့်သည်။

အောင်ခိုင်သည် ... ကားနောက်ခန်း ကူရှင်အောင် ကြမ်းခင်းတွင် ဆောင့်ကြောင့်လေးထိုင်နေသည်။ သူ့တစ်ကိုယ်လုံး တုန်ယင်နေပါ၏။

ပုံသဏ္ဌာန်မှာ အောင်ခိုင် သတိမေ့ မသွားပေ။ သို့သော် မြင့်သန်းအောင်တို့ လေးယောက်ကိုကြောက်ပြီး ကားထဲမှ ဆင်းမထွက်တော့ဘဲ ကြမ်းခင်းတွင် ဝင်ပုန်းလျှိုနေခြင်းဖြစ်မှန်း မိုးချမ်းသာ ချက်ချင်း သဘောပေါက်သည်။

မိုးချမ်းသာ ပြုံးပြီးငှဲ့ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့လူ ... ကျူရှင်ပေါ်မှာလှဲပြီး သတိမေ့မိန်းလိုက် ... "

"ကိုမိုးချမ်းသာ ... ကိုအောင်နိုင် ဘယ်နှယ့်နေလဲဟင်"

ဟောမာ လှမ်းမေးသံကြားသည်နှင့် အောင်နိုင်က ကျူရှင်ပေါ် ပက်လက်လှဲကာ မျက်စိမှိတ်ထားလိုက်သည်။

"သတိမေ့နေတယ် ဟောမာ ... ဒါပေမဲ့ အသက်ရှူမှန်ပါတယ် စိုးရိမ်စရာ မရှိပါဘူး ... "

"အိုး ... ဒုက္ခပါပဲ ... ဟောမာကို လိုက်ပို့လို့ ဒီလို ကိုနိုင်ခံလိုက်ရတာ ... "

ရပ်ကွက်မှ လူတွေ ဝိုင်းအုံရောက်လာပြီ။ ဟောမာနှင့် တစ်ရပ်ကွက်လုံး လူတွေသိနေကြသည်။ ဟောမာ၏ ဖခင် ဦးဘကျော်နှင့် မိခင်တို့ ရောက်လာပြီး ဟောမာက အကျိုးအကြောင်း ပြောပြသည်နှင့် ကိုယ့်သားအရွယ် မိုးချမ်းသာအား လက်အုပ်ချီသလို ပင်ပြုပြီး အနားတိုးကပ်သွားသည်။

"မောင် ... မောင်ရင်ဟာ တကယ့်လူပါပဲကွယ် ... မောင်ရင့် ဝပ်ရှော့(ပ)ခြံမှာ ဆိုင်ဖွင့်ခွင့်ရတယ်ဆိုလို့ ကျေးဇူးတင်မဆုံးဖြစ်နေတာ ... အခု ဟောမာ ရေတိမ်နစ်မဲ့ ကိစ္စ ကယ်ပြန်တယ်ဆိုတော့ ... ကျုပ် ... ကျုပ် ရှစ်ခိုးရမလို ... "

"ဟာ ... ဦးလေး ဒီလိုမလုပ်နဲ့လေ ... ကျွန်တော် ငဲကြီး





မှာပေါ့ ... ကဲ ... ကျွန်တော်က အရေးမကြီးဘူး ... ကျေးဇူးတင်ချင်လည်း နောက်မှ အေးအေးဆေးဆေးတင် ကားထဲမှ ကိုအောင်နိုင် သတိရလာဖို့ လုပ်ပေးကြဦး ... "

"ဟုတ်တယ်လေ ... သူက ခင်ခင်ခရဲ့ အစ်ကိုလေ ... မိုးချုပ်လို့ သူကိုယ်တိုင်လိုက်ပို့တာ ... ကိုမြင့်သန်းအောင်တို့ လူစု ဝိုင်းထိုးသလို သတိမေ့နေတာလေ ... "

ဦးဘကျော်ပင် ခေါင်းဆောင်ပြီး အောင်နိုင်မေ့လဲနေသော ကားဆီသို့ သွားကြပါ၏။

ဟောမာ၏ မိခင်က ကားရှိရာသို့ လိုက်မသွားဘဲ မိုးချမ်းသာ၏ အနားသို့ ကပ်လာခဲ့သည်။ မိုးချမ်းသာ၏ လက်မောင်းအိုးကို ဆုပ်ကိုင်လိုက်ပါ၏။

"သိပ်ကျေးဇူးတင်ပါတယ်ကွယ် ... မြင့်သန်းအောင်နောက်ကို ဟောမာပါသွားရင် သမီးလေး ဘဝ သိပ်နာသွားပြီး မြင့်သန်းအောင်လို သူငယ်က သမီးကို လက်ထပ်မှမဟုတ်ဘူး အပျော်သဘောပဲထားမှာ ဒေါ်ဒေါ်သိပ်သိတာပေါ့ ... "

"ကဲ ပြီးပြီ ဒေါ်ဒေါ် ... နောက်ကို သတိဝိယနဲ့သာနေပေါ့ ဟောမာ့ကို လမ်းသိပ်မလွှတ်နဲ့တော့ ... မြင့်သန်းအောင်ဟာ ကျားနာဖြစ်နေပြီ ... ကဲ ကျွန်တော်သွားမယ် ... လာမေ့စံနက်ကျော် ... အစ်ကိုတို့သွားစို့ ... "



www.burmeseclassic.com

www.burmeseclassic.com



သူတို့ မော်တော်ဆိုင်ကယ်ရှိရာသို့ ပြန်လာခဲ့သည်။ ဦးဘကျော်ရော ဟေမာရော ကားထဲတွင် သတိမေ့နေသော ... အောင်နိုင့်ကို နှာနှပ်နေရသဖြင့် မိုးချမ်းသာ ပြန်ထွက်လာသည်ကိုပင် မသိလိုက်ပေ။

မိုးချမ်းသာက မော်တော်ဆိုင်ကယ်စီးလာရင်းက ကြမ်းခင်းတွင် ငုတ်တုတ်လေးထိုင်ကာ တုန်ယင်နေသော အောင်နိုင်ကို မျက်စိထဲ မြင်ယောင်ပြီး တစ်ယောက်တည်း ပြုံးလိုက်မိပြန်သည်။

ခြံထဲသို့ ... မော်တော်ဆိုင်ကယ် ဝင်လာသည်ကို အပေါက်မှ ရပ်စောင့်နေသော သက်ဦးက လက်ညှိုးထိုးပြီး ပြောလိုက်သည်။

"ဟော့ကောင် ... မင်းက ဘယ်ကိုများ ရွှေစကြာဖြန့်နေလဲကွ ... ငါက မင်းအိမ်မှာ အိပ်မလို့ ရောက်နေတာ ..."

"ငါ ... လေညင်းခံ ဆိုင်ကယ်စီးတာလေကွာ ... အခုလိုလမျိုးမှာ သိပ်အိုက်တယ်လေ ..."

"အမယ် ... ကြီးကျယ်လိုက်တာ ... ခွေးကောင် ..."

ဆိုင်ကယ်ပေါ်မှ ဆင်းပြီး သူငယ်ချင်းနှစ်ယောက် တိုက်ထဲဝင်လာကြသည်။

"ဟာ ... ငါ့အိမ်မှာ အိပ်ရာတွေ တန်းစီနေလိုက်တာ ...





ဇာတ်အဖွဲ့ ရွှေ့လာတာကျနေတာပဲ ..."

မိုးချမ်းသာက ပြောပြောဆိုဆို ရယ်သည်။ သက်ဦးကလည်း ရယ်၏။

"ကဲ ... လာကွာ ... တိုက်ထဲက ပူပါတယ် ... တို့ ခြံထဲဆင်းပြီး စကားပြောရအောင် ..."

သက်ဦးနှင့် မိုးချမ်းသာတို့ ဆင်းလာသည်။ စံနက်ကျော်နှင့် အောင်ဘလူက ပက်လက်ကုလားထိုင် တစ်လုံးစီယူလာချပေးသည်။ အေးအေးဆေးဆေး ထိုင်ကြသည်။

မိုးချမ်းသာ ကြည့်ရသည်မှာ စောစောက မြင့်သန်းအောင်တို့ အုပ်စုနှင့် သတ်ပုတ်လာခြင်းကိစ္စ ယခု ခေါင်းထဲတွင် ဘာမျှမရှိတော့သလို အေးဆေးလှသည်။

"ကဲ ... ပြောစမ် ... မိုးချမ်းသာ ... မင်းရဲ့မိမော်မော် ဒေါက်တာဖေဦးနဲ့ လက်ထပ်သွားပြီးတဲ့နောက် မင်းဘဝကို မင်း ဘယ်လိုမျှော်ပစ်လိုက်သလဲဆိုတာ ..."

"ချေးခြောက်တွေပါ သက်ဦးရာ ထပ်မနှူးချင်ပါနဲ့တော့"

"ဘာလဲကွ ... ဒီအကြောင်းပြောရင် ငိုချင်တယ် ဖြစ်နေတုန်းမို့ မပြောချင်တာလား ..."

မိုးချမ်းသာက ပက်လက်ကုလားထိုင်၏ ကျောမှီတွင် အိဆင်းသွားအောင် မှီချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မနေ့ကအထိတော့ ဒီအကြောင်းပြောရင် ငိုချင်တယ်ပေါ့ကွာ ... ဒါပေမဲ့ ဒီနေ့ ဒီအချိန်မှာတော့ မော်မော်နဲ့ ပတ်သက်ပြီး ငါ့နှလုံးသားထဲမှာ ဘာမှ မရှိတော့ပါဘူး ... အိုး ပျောက်သွားပြီလေ ... တစ်စက်တောင် မကျန်တော့ဘူး ..."

"အလို ... တယ်ဟုတ်ပါလား ... အစားထိုးကုရတာ အောင်မြင်သွားတာလား ..."

"အစားထိုးရတာ မဟုတ်ဘူး ... ဆေးစွမ်းက ကောင်းလွန်းလို့ ကိုးဆယ့်ခြောက်ပါးစလုံး ရှင်သွားတာပါ ငါအခု စိတ်သစ်လူသစ် ..."

"ဘာလဲ ... ညနေက စင်ပေါ်တက်လာတဲ့ အဝါရောင် သီရိမလေး ..."

"ကံပေါ့ကွာ ..."

"ကံ ... လုပ်မနေနဲ့ ... မော်မော်ကြောင့် မင်း ဘီအက်(စ်) စီဖော်ရက်(စ်)တီဘွဲ့ မရတော့ဘူး ဒုတိယနှစ်နဲ့ ဗေဒါမျောမျောသွားတယ် ... နောက်တစ်ခါဆိုရင် မင်းပြန်ပေါ်မလာတဲ့ မြုပ်ခြင်းမျိုး မြုပ်သွားမယ် မိုးချမ်းသာ ..."

"သီရိရဲ့ စိတ်ဓာတ်ကို ငါယုံတယ် သက်ဦး ..."

"ဟာ ... မော်မော်တုန်းကလည်း မိဘက အတင်းပေးစားလို့ပါဆိုတဲ့ စာဒကနဲ့ ထွက်သွားတာ ... အခုဆို ကလေး





နှစ်ယောက်တောင် ရနေပြီ ... တိုက်ကြီးကိုဟိန်းလို့ ..."

"မိမော်ကတော့ လူတွင်ပါလို့ နွားကျားကိုက်တာပါ သက်ဦး သီရိကတော့ မိမော် စိတ်ဓာတ်မျိုး မဟုတ်ဘူးလို့ တွက်တာပဲလေ ... လက်တွေ့များမှာ ခေါင်းရင်းအိမ်က ကိုအောင်ကျော်ကျော်ဆိုရင် ဘီအီးဘွဲ့ရပြီးသား ... နိုင်ငံခြား သင်္ဘောအရာရှိ ... အိမ်ရှေ့က ကိုအောင်နိုင်ဆိုလည်း စက်မှုတက္ကသိုလ် ပဥ္စမနှစ်ဖြေထားတဲ့ သူပဲ ... နှစ်ယောက်လုံး မိဘချမ်းသာပြီး လူချောလူရည်သန့်တွေပဲလေ ... အဲဒီဟာတွေ ဘေးမှာထားပြီး ငါ့ကိုမေတ္တာမျှတာဆိုတော့ ..."

မိုးချမ်းသာ စကားမဆုံးမီမှာပင် ခြံထဲသို့ လက်နှိပ်ဓာတ်မီးတဝင်းဝင်းနှင့် ဝင်လာသူများကို လှမ်းတွေ့ရသည်။

ဘယ်သူဘယ်ဝါတွေမှန်းတော့ မသဲကွဲသေး။

"မောင်မိုးချမ်းသာရေ တို့ပါကွ ..."

ဦးကျော်မင်း၏ အသံမှန်း သိလိုက်ရ၏။

အနီးသို့ ရောက်လာသောအခါ ဒေါ်အေးသီ၊ အောင်နိုင်၊ ခင် ခင်ခတို့ သားအမိ သားအဖ(၄)ယောက်စလုံး ပါလာကြသည်။

"ညတွင်းချင်းပဲ လာခဲ့တယ် မောင်မိုးချမ်းသာရေ ကျေးဇူးတင်လွန်းလို့ သားလေး ကိုနိုင်က သူဖြစ်ခဲ့သမျှအားလုံး ပြန်



www.burmeseclassic.com

www.burmeseclassic.com



ပြောပြတယ် ... ”

“စံနက်ကျော်နဲ့ အောင်ဘလူရေ ... ကုလားထိုင်တွေ ယူခဲ့ကွာ ... ”

ချက်ချင်း ထမင်းစားပွဲမှ ခေါက်ကုလားထိုင် နှစ်လုံး စီဆွဲကာ ယူလာခဲ့သည်။

“အန်ကယ်(လ်) ... ပက်လက်ကုလားထိုင်မှာ ထိုင်ပါနော်”

“အေး ... အေး ... ”

သက်ဦးကလည်း သူထိုင်နေသော ပက်လက်ကုလားထိုင်ကို ခေါ်အေးသီဘက်သို့ တိုးပေးရင်း လူငယ်တွေက ... ခေါက်ကုလားထိုင် ကိုယ်စီယူကာ ဝင်ထိုင်ကြသည်။

“ကျွန်တော် ကိုမိုးချမ်းသာကို ကန်တော့ပါတယ်ဗျာ ... တကယ်ပါ ... အစ်ကိုမိုးချမ်းသာလျှင်လွန်းလို့ ကျွန်တော်တို့ ဘဝမှမဖြစ်တာ ... မဟုတ်ရင် ကျွန်တော်လည်း အခုထက်နာမယ် ... ဟောမာ့ဘဝလည်း တွေးဝံ့စရာမရှိဘူး ... ”

“ဟာ ... မကန်တော့ပါနဲ့ ကိုအောင်ခိုင် ... ရပါတယ် ... ကန်တော့လောက်စရာလည်း မဟုတ်ပါဘူး ... ”

“ကန်တော့ပါစေ မိုးချမ်းသာ ... ကန်တော့ထိုက်လို့ ကန်တော့တာပါ ... မှန်တာပြောရရင် အန်တီတို့ သားအမိက မောင်မိုးချမ်းသာအပေါ်မှာ အထင်သေး ... အမြင်သေးတွေ





ပြောမိကြတယ် ... ကနေ့ညက မောင်မိုးချမ်းသာ သာဝင်မကူရင် မလွယ်ဘူး ... ”

“ကယ်ခွင့် ကယ်ထိုက်လို့ ကယ်ရတာပါ ခင်ဗျာ ... ”

ဦးကျော်ဝင်းက ဝင်ပြောသည်။

“နေဦး ... အန်ကယ်(လ်)အံ့ဩမိတာက မောင်မိုးချမ်းသာ ဒီကိစ္စကို ဘယ်လိုကြိုသိလို့ အချိန်မီ လိုက်သွားရတာလဲ”

မိုးချမ်းသာက မြင့်သန်းအောင် မြို့ပေါ်ကို တိတ်တိတ်ဆိတ်ဆိတ်ရောက်နေကြောင်းနှင့် မြင့်သန်းအောင်အကြောင်း အားလုံး ရှင်းသွားအောင် ပြောပြလိုက်ပါ၏။

“ပွဲပြီးလို့ ကိုအောင်ခိုင်နဲ့ ဟောမာတို့ နှစ်ယောက်တည်း ... ကားနဲ့ထွက်သွားတာ ... ကျွန်တော်မြင်လိုက်တယ် ... အန္တရာယ်ရှိနေပြီလို့ တွက်လိုက်မိတယ် ... အမိကက ဟောမာလေ ... သူက မြင့်သန်းအောင်နဲ့ ကြိုက်ခဲ့ကြတာကိုး။ ရဲအုပ်ကိုအေးမင်းဆီ ဖုန်းဆက်ဖို့ ကျွန်တော့်မှာ ဖုန်းမရှိဘူး အန်ကယ်(လ်)တို့ကို ပြန်ပြောလည်း စိုးရိမ်မှုမဖြစ်ရင် ကျွန်တော့်အတွက် အလျောင်ခံရဖို့ပဲရှိတယ် ... နောက်ပြီး အချိန်ကုန်သွားမှာလည်း စိုးရိမ်တယ် ... တကယ်တမ်း စိုးရိမ်တဲ့ အတိုင်းဖြစ်လာခဲ့ရင် မအုပ်မိမှာစိုးတယ် ... ဒါကြောင့် စံနက်ကျော်ကိုခေါ်ပြီး လိုက်သွားတာဘဲ ... ”



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ပေါ့ကွာ ... မောင်မိုးချမ်းသာ စိုးရိမ်တွက်ဆတဲ့ အတိုင်းဖြစ်သွားတာပဲ ... ဒါထက် ဒီကိစ္စကို အန်ကယ်နဲ့တိုင်ပင်ပြီး အမှုလုပ်ရင်ကောင်းမလား မိုးချမ်းသာ ... "

"အဲဒါတော့ ဟေမာ့ မိဘတွေနဲ့ တိုင်ပင်ပါလား အန်ကယ်(လ်)အဲဒီ ဟိုးလေးတကျော့်ကျော့်ဖြစ်သွားရင် ဟေမာ့ရဲ့ မိဘတွေ တိုင်ပင်တာ အကောင်းဆုံးပါ ... "

နောက်ဆုံးအကြံပေးသည့်အတိုင်း ဟေမာ၏ မိဘများနှင့် တိုင်ပင်မည်ဟု ဆုံးဖြတ်ကာ ကျေးဇူးတင်စကား အထပ်ထပ်ပြောပြီး နှုတ်ဆက်ပြန်သွားခဲ့ကြသည်။

"နေပါဦးကွာ ... မင်း တကယ်သွေးအေးတဲ့ ကောင်ပဲ ... မော်တော်ဆိုင်ကယ်(လ်)နဲ့ ပြန်လာတုန်းက တကယ်လေ ... ညင်းခံပြန်လာတယ် မှတ်နေတာ ... "

မိုးချမ်းသာ ရယ်မောလိုက်ပါ၏။





အခန်း (၁၉)

အမှုမဖွင့်ခဲ့။

မိုးချမ်းသာ ပြောသည့်အတိုင်းပင် ဦးဘကျော်နှင့် ဒေါ်ဆွဲမိတို့က သူတို့၏ သမီးလေး ဟေမာ ဟိုးလေးတကျော်ကျော် အရှုက်ကွဲမည်ကို စိုးရိမ်သည်တစ်ကြောင်း၊ မြင့်သန်းအောင်အား ရန်ကိုရန်ချင်း တုန့်နှင်းသလိုဖြစ်သွားပြီး အညှိုးကြီးသွားမည်စိုး၍ တစ်ကြောင်း၊ သမီးဟေမာအနေနှင့်လည်း ထိုညက ဘာတစ်ခုမှ အစော်ကားမခံလိုက်ရသည်တကြောင်း ထို့ကြောင့် အမှုမဖွင့်လိုကြ။

အောင်နိုင်သည် ဟေမော့အား စေ့စပ်ကြောင်းလမ်းထားရန်လိုကြောင်း မိဘတွေကို ပူဆာခဲ့၏။ စေ့စပ်ကြောင်းလမ်းထားခြင်းဖြင့် မြင့်သန်းအောင် နောက်ဆုတ်သွားလိမ့်မည်ဟု



www.burmeseclassic.com

www.burmeseclassic.com



တွက်ဆခဲ့ကြသည်။

ဦးကျော်ဝင်းနှင့် ဒေါ်အေးသီသည် သား၏ အလိုကို လိုက်လျောပြီး ... နေ့စပ်ကြောင်းလမ်းပွဲလေး ကျင်းပပေးပါ၏။ သတင်းစာတွင် ထည့်ပေးပါ၏။

ဦးဘကျော်သည် ဒုနုဂို အစီအစဉ်အတိုင်း မိုးချမ်းသာ ဝပ်ရှော့(ပ)ခြံစည်းရိုးထိပ်တွင် ဆယ်ပေပတ်လည် ဖျဉ်ကာ ပျဉ်ခင်း၊ သွပ်မိုး ဆိုင်ကလေးအခိုင်အမာဆောက်ကာ ... ကားအပိုပစ္စည်းဆိုင် ဖွင့်ခဲ့သည်။

မိုးချမ်းသာကပင် ကားအပိုပစ္စည်းများ ဝယ်ရာတွင် ဦးဘကျော်နှင့်အတူ ဟေမာ့ကိုပင် ဆိုင်ထွက်စေခဲ့သည်။

ဟေမာ ဆိုင်လာဖွင့်ခြင်းသည် သားရွှေအိုးထမ်းလာသည့် ကိန်းဆိုက်နေခြင်းဖြစ်သည်။

အောင်နိုင်အဖို့ လမ်းကူရုံဖြင့် ဟေမာ့ထံရောက်လာသည်။

သီရိမေအဖို့လည်း မေမေဒေါ်စိုးစိုး၏ တားချက်ကြောင့် ကားဝပ်ရှော့(ပ)ထဲသို့ မလာရဖြစ်နေစဉ် ဟေမာ၏ ဆိုင်လေးကျတော့ လမ်းဘေးတွင် ဖွင့်သကော ဖြစ်နေ၍ ဟေမာ့ထံသို့ မကြာခဏလာနိုင်သည်။





ဒေါ်စိုးစိုးက ပထမဆုံးအကြိမ် ဟန့်တားသည့်တွင်၊

"ဒါတော့ မေမေက လွန်လာပြီ ... သီရိသွားတာ ... ဝပ်ရှော့(ပ)ထဲမှ မဟုတ်တာ ဟေမာ့ဆီသွားတာပဲဟာ ... ဒီလောက်အထိ ချုပ်ချယ်လာရင်တော့ သီရိ စိတ်ညစ်သွားပြီ မေမေ ..."

ဟု ပြောလိုက်ပြီးနောက် ဒေါ်စိုးစိုးက မဟန့်တားသာတော့ပေ။

"သီရိ သိပ်စိတ်ညစ်ပြီ မေမေ ..."

ဆိုသော သီရိမေစကားကို ဒေါ်စိုးစိုး လန့်သည်။ စိတ်ညစ်ညစ်ဖြင့် ... သီရိမေ ဖွတ်လုပ်မည်ကို စိုးရိမ်သည်။ ဆက်၍ မဟန့်တားတော့။

သီရိမေကလည်း ဟေမာ၏ ဆိုင်သို့ သွားလျှင် ကြာကြာမဆုံပေ။ အစ်ကိုမိုးချမ်းသာထံသို့ စာပေးခြင်း၊ မိုးချမ်းသာထံမှ စာကို ယူခြင်းအား ဟေမာမှ တဆင့် လုပ်ခြင်းသာဖြစ်သည်။

အောင်နိုင်က ဆိုင်တွင် အချိန်ပြည့် ရှိနေသဖြင့် သီရိမေ ကြာကြာနေခဲ့သည်။

ဦးဘကျော် စိတ်ကူးမှန်သွားသည်။ ကားအပိုပစ္စည်းဆိုင်မှာ အရောင်းလှပါ၏။ မိုးချမ်းသာ ပြင်နေသည့် ကားပိုင်ရှင်က



www.burmeseclassic.com

www.burmeseclassic.com



လိုအပ်သည်ကို ပြန်ဝယ်သည့်အပြင် အခြား တော်ရုံတန်ရုံ ကိုယ့်ဟာကိုယ် ဒရိုင်ဘာ၊ အုံနာဘာသာ ပြန်ထည့်၍ရသည့် ပစ္စည်းမျိုးတွေလည်း လာဝယ်ကြ၏။

မိုးချမ်းသာ နောက်ထပ် ရွှေခဲနှင့် အောင်မိုးဆိုသည့် ပညာသင် ချာတိတ်နှစ်ယောက်ကိုပင် ထပ်ခေါ်ထားရသည်။

ရွှေခဲနှင့် အောင်စိုးမိုးမှာ ထမင်းကျွေး၊ လခစားစံနစ်ဖြင့် ခေါ်ထားခြင်းဖြစ်သည်။ စံနက်ကျော်နှင့် အောင်ဘလူတို့ကဲ့သို့ ရာခိုင်နှုန်းခွဲပေးခြင်း မဟုတ်သဖြင့် စံနက်ကျော်တို့ ဝင်ငွေမထိခိုက်ပေ။

ယနေ့ သီရိလာသွားပြီးနောက် ဟေမာသည် ချက်ချင်းပင် မိုးချမ်းသာထံသို့ သီရိမပေးထားခဲ့သော စာလာပေးသည်။

အစ်ကို ...

အရမ်းပင်ပန်းတာပဲနော်။

ငွေစုခိုင်းဖို့ အရမ်းကြိုးစားနေသလား အစ်ကို။ သည်လောက်ကြီး ကြိုးစားဖို့ မလိုပါဘူး အစ်ကိုရာ။ တော်ကြာ ကျန်းမာရေးထိခိုက်နေမှာ သီရိစိုးရိမ်လွန်လို့။

ဖေဖေကတော့ အစ်ကိုနဲ့ သဘောတူတယ်၊ မေ့တယ် မပြောပါဘူး။ အစ်ကို့ကို ချီးမွမ်းသံတွေကြားရတယ်။





ဖေဖေသဘောက ဖြစ်သွားလည်း မကာန့်ကွက်ဘူးလို့ ထင်ရတယ်။ ခက်တာက မေမေလေ။

တက္ကသိုလ်ဘွဲ့တို့၊ မိဘချမ်းသာ ကြွယ်ဝတာတို့ကို မက်မောတယ်။ မပူနဲ့ အစ်ကို စိတ်ချ။

သီရိ အစ်ကို့အပေါ် ချစ်တာ ဘယ်တော့မှ မပြောင်းလဲဘူး။ သီရိ တစ်ယောက်မှ တစ်ပွင့်တည်း ပန်မယ်အစ်ကို။

အဲသည် တစ်ပွင့်တည်းပန်းဟာ အစ်ကိုဆိုမှ အစ်ကိုပဲ။

သီရိ နှလုံးသားထဲက ချစ်သူသာလျှင် သီရိ လက်ထပ်သူဖြစ်စေရမယ် အစ်ကိုသာလျှင်ပေ့ါနော်။

အခုတော့ အစ်ကိုလည်း အလုပ်ကြိုးစားဦး၊ သီရိလည်း တက္ကသိုလ်သွားချင်တုန်းအချိန်မှာ သည်လိုပဲ နေကြတာပေ့ါ။

နောက်ဆုံး အတင်းအကျပ်တွေ ဖြစ်လာရင် သီရိ အစ်ကို့ဆီ အရောက်ပြေးလာခဲ့မယ်။ စိတ်ချ။

ငွေရေး ကြေးရေး မပူနဲ့ အစ်ကို။ ဘိုးဘိုး ဘွားဘွားပေးခဲ့တဲ့ ဘဏ်ကငွေဟာ သီရိကိုယ်တိုင် ထုတ်မှရမှာ။

နှောင်ကြိုးမဲ့ ငွေလေ။

အဲသည် အခါကျတော့ သီရိတို့ရဲ့ မိုးချမ်းသာ ထပ်



www.burmeseclassic.com

www.burmeseclassic.com



ရှော့(ပ)ကြီး ပိန်းသွားစေရမှာပေါ့။ အစ်ကို့သဘောနားမှာ သီရိထိုင်ပြီး ဝက်အူလှည့်တွေ၊ စပါနာတွေ သီရိကိုယ်တိုင် ယူပေးမယ်နော်။

အခုတော့ ရင်ထဲကသာ ချစ်ကြရအောင်၊ အိပ်မက်ကလေးတွေထဲမှာပဲ ချစ်ကြသေးတာပေါ့ အစ်ကို။

အစ်ကို့ကို အရမ်းချစ်တဲ့

သီရိ ...

မိုးချမ်းသာမှာ သီရိမေဆီက စာလာတိုင်း ပျော်ရပါ၏။ မျှော်လင့်ချက်တွေ ပိုမိုထားပြီး ပိုမိုအားရှိရပါ၏။

သီရိမေလို မိန်းကလေးသည် သက်ဦးပြောသွားသလို ဒုတိယအကြိမ် အသည်းခွဲမည့်မိန်းကလေး ဘယ်နည်းနဲ့မှ မဟုတ်နိုင်ပါလေတော့။

မိုးချမ်းသာ ကျေနပ်လှပါ၏။





## အခန်း (၂၀)

စိတ်နှလုံး ကြည်နူးသည်မို့ ဒီနေ့ည မိုးချမ်းသာ ဝတ္တလားတီးဖြစ်သည်။ သီးချမ်းဆိုဖြစ်ပါ၏။

အလွမ်းတေး တွေမျိုးကို သီရိမေနှင့်စပြီး ချစ်ကြပြီဆိုကတည်းက မိုးချမ်းသာ လုံးဝမတည်းတော့၊ မဆိုတော့။

အခုလည်း ချစ်သမျှကို ပတ်ပျိုးသီးချင်းကြီးကိုပင် သီဆိုလိုက် တီးလိုက်ရတာ အရသာတွေ့နေခဲ့မိသည်။

ညဆိုလျှင် ... စံနက်ကျော်၊ အောင်ဘလူ၊ ရွှေခဲနှင့် အောင်မိုးတို့က အလှည့်ကျ ဝပ်ရှော့(ပ)ကို ကင်းစောင့်ကြသည်။

သူတို့အချင်းချင်း နားလည်မှုဖြင့် နာရီပိုင်း အလှည့်ကျစောင့်ကြခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ လေးယောက်ကို ဝပ်ရှော့(ပ)ဂိုဒေါင် ထပ်ခိုးပေါ်မှပင် အိပ်စေသည်။ အလှည့်နှင့် ကင်းစောင့်သည့်ကြားကပင် အပေါ်မှ(၃)ယောက်သည် တစ်ယောက်မနိုး တစ်ယောက်နိုးလေတိုင်း အောက်ဝပ်ရှော့(ပ)ကို အပေါ်စီးမှ ကြည့်ကြပါ၏။

ည(၁၂)နာရီအထိ မိုးချမ်းသာ ပတ္တလားတီးနေစဉ်မှာပင် ...

"အစ်ကိုမိုးချမ်းသာ ... အစ်ကိုမိုးချမ်းသာ ..."

ဟု ကင်းစောင့် ချာတိတ်၏ အလန့်တကြား စီခန့်အသံနှစ်ခွန်းထွက်လာပြီး ကောင်လေး၏ အသံရပ်သွားသည်။

မိုးချမ်းသာသည် ခေါ်တံနှစ်ခုကို ကိုင်လျက်သားဖြင့်ပင် နေရာမှ ထလိုက်သည်။

နောက်ကျသွားပေပြီ။

မြင့်သန်းအောင်သည် ခြောက်လုံးပြူး သေနတ်ကို ကိုင်ပြီး ရှေ့ဆုံးမှ ဝင်လာရင် မိုးချမ်းသာကို တည့်တည့်ကြီးချိန်ထားသည်။

မြင့်သန်းအောင်နောက်တွင် တပည့်(၄)ယောက်ပါရှိလာခဲ့၏။ လေးယောက်စလုံး မောင်းပြန်ဓားတစ်လက်စီ ဓားသွားဖွင့်ပြီး ကိုင်ထားကြသည်။





"ဟလို ... ကိုမိုးချမ်းသာ ... သူရဲကောင်း

မြင့်သန်းအောင်က ... အမြင်ကတ်မယောင် အပြုံးဖြင့်ကြည့်ကာ ပြောလိုက်သည်။

"ခင်ဗျား ဒီမြို့ဝင်လာကတည်းက ကျုပ်တို့ လုပ်ငန်းတွေရော ,ကျုပ်မိသားစုရော ပြိုကွဲရတယ် ... ကျုပ်အဖေဟာ ခင်ဗျားကြောင့် ထောင်ကျရတယ် ..."

"ကိုယ်ဖြစ် ကိုယ်ခံပေါ့ မြင့်သန်းအောင် ..."

"ဒါခင်ဗျား မပြောလည်း ကျုပ်သိတယ် ... ဒါပေမဲ့ ခင်ဗျားသာ ရောက်မလာရင် ကျုပ်တို့ ဒီမြို့မှာ လုပ်ငန်းဆက်ပြီး အောင်မြင်သွားမှာ ... ဘာသဲလွန်စမှ ဘာသက်သေမှ ပေါ်လာမှာမဟုတ်ဘူး ..."

"ဒါတော့ ဒီခြံနဲ့ ဒီတိုက်မှာ မင်းတို့အဖေက လာလုပ်တာပဲလေ ... ဒီခြံနဲ့ တိုက်ဟာ ငါအမွေဆက်ခံခဲ့တဲ့ တိုက်နဲ့ခြံပဲ ငါလုပ်သင့်တာ လုပ်ရမှာဘဲ ..."

"ထားပါတော့လေ ... အဖလည်း ထောင်ကျသွားပြီပဲ ... မဟုတ်လား ... အဲဒါကို ကျုပ်အနားကြည်းဆုံး ပထမအချက်။

"ဒုတိယ အချက်က ဟောမှာ့ကို ကျုပ်ကားတင်တဲ့ ကိစ္စမှာ



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျား ဝင်ရှုပ်လို့ မအောင်မြင်သွားဘူး … ဒါကျုပ်စားမယ့် အစာကို ပုတ်ထုတ်ပတာနဲ့ အတူတူပဲ … နောက်တစ်ခုက ခင်ဗျား အထင်ကရမရောင်ခင် ပလတ်စတစ်ကောက် သမားလိုလိုနဲ့ မာလာမြိုင်လမ်းကွေ့မှာ ကျုပ်တပည့်တွေကို နာနာကျင်ကျင်ဖြစ်အောင် လုပ်ခဲ့တယ် … ဒီအချက်တွေ ကြောင့် ခင်ဗျားကို ကျုပ်က အသေသတ်တော့မှာပါလား လို့ တစိမ့်စိမ့်တွေးကြောက်အောင်ကို ကျုပ်အရသာခံချင်လို့ ပြောနေတာ … ခင်ဗျားကို ကျုပ်အနေနဲ့ မသေခင် သတ်ကို သတ်ရမယ်လေ … ”

“ရပါတယ် … တို့သွေးမကြောင်ပါဘူး မြင့်သန်းအောင် … အခု ခလုတ်ဆွဲ အခုပစ်လိုက်လည်း ပြီးတာပဲ … ဆွဲလိုက် လေ … ”

“ဘယ်ဆွဲလိမ့်ဦးမလဲ ကိုမိုးချမ်းသာရယ် … ခင်ဗျားကြောင့် ကျုပ်တို့ ခံရတာတွေ … ပြေးရတာတွေများပြီ … ဒီတော့ ခင်ဗျားကို တစိမ့်စိမ့် အပြစ်တွေပြောပြပြီးမှ သတ်ရတာ အရသာပေါ့ … ဒီတစ်ခါတော့ ခင်ဗျားခံရပြီလို့ မှတ်လိုက်”

“ကဲ … ဒါဖြင့်လည်း ဆက်ပြောကွာ … တို့ တစိမ့်စိမ့်နား ထောင်ပါ့မယ်လေ … ”





“နောက်တစ်ချက်က ဟောမာ့ကို ဒီခြံဝမှာ ကားအပိုပစ္စည်း ဆိုင်ဖွင့်ပေးခဲ့တာ ဘာသူဘောလဲ … ငါးစာကျွေးပြီး မျှားယူ နေတာပဲ မဟုတ်လား … ခင်ဗျားဟာ ကျုပ်ရဲ့သားကောင် ကို လုစားဖို့ ကြိုးစားနေတဲ့သူပဲ … ”

မြင့်သန်းအောင်သည် သီရိမေနှင့် မိမိတို့အကြောင်း ကို သိဟန်မတူ။ သူ့စိတ်ထဲတွင် ဟောမာ့ကို မိမိက လိုချင်နေသည် ဟု ယူဆထားပုံရသည်။

တစ်ချိန်တည်းမှာပင် မိုးချမ်းသာ အတွေးဝင်လာ သည်မှာ မြင့်သန်းအောင် စကားပြောနေလေ မိမိကို မသတ်ဖို့ အချိန် ကြာလေဖြစ်သည်ကို အခွင့်အရေးယူရမည်ဟု တွေးမိသည်။

အသက်ရှင်နေသရွေ့ မိမိအနေနှင့် အခြေအနေပေါ် မူတည်ကာ တစ်ခုမဟုတ်တစ်ခု လှုပ်ရှားတုံ့ပြန်နိုင်မည်ကို မျှော်လင့် ရ၏။

နောက်ဆုံး မြင့်သန်းအောင် တကယ်လှုပ်ရှားမှုပြု သည်နှင့် သည်အတိုင်း မနေဘဲရသည့် အခွင့်အရေးကို ဆုပ်ကိုင်ကာ တိုက်ခိုက်ရန် မိုးချမ်းသာ ဆုံးဖြတ်ထားပြီးဖြစ်ပါ၏။

လောလောဆယ်တော့ အချိန်ဆွဲလေကောင်းလေ ပင်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းမှားနေပြီ မြင့်သန်းအောင် ... ဟေမာ့ကို တို့က ရိုးရိုးသားသားကူညီတာ ... ဟေမာနဲ့ တကယ်မေတ္တာရှိနေတာက တို့မှမဟုတ်ဘဲ အိမ်ရှေ့အိမ်က အောင်ခိုင်လေ ... သူတို့ ဇာစပ်ကြောင်းလမ်းဟာ မင်းမကြားလိုက်ဘူးလား ... "

"ခင်ဗျား ... "

"မင်း ... ဒီမြို့နဲ့ ကင်းကွာနေတာကြာပြီထင်တယ် ... ဒါကြောင့် မသိတာဘဲဖြစ်ရမယ် ... "

"ဟုတ်တယ် ... ကားတင်တဲ့ ညကတည်းက ကျုပ်ဒီမြို့က ထွက်သွားတာ ... အခု ဒီညပဲ ပြန်ရောက်လာတယ် ... ပြန်ရောက်လာတာလည်း ခင်ဗျားနဲ့ ရဲအုပ်အေးမင်းကိုသတ်ဖို့ အမိက ရောက်လာတာဘဲ ... ခင်ဗျားတို့နှစ်ယောက်ကို သတ်ပြီးမှ ကျုပ် နယ်ခြားကူးသွားမယ် ... ဟိုမှာ စီမံနဲ့သွားနေမယ် ... "

ဘာပဲပြောပြော ... သေနတ်ဖြင့် အနီးကပ်အချိန်ခံသည့်ကြားက တုံ့ပြန်ဖို့ ဆိုသည်မှာ အင်မတန်မလွယ်သော အလုပ်ဖြစ်ပါ၏။ မိုးချမ်းသာသည် သူ့ချာတိတ်(၄)ယောက်ကို အုံ့ဩနေမိသည်။ ကင်းစောင့်တစ်ယောက်ကတော့ အစ်ကိုမိုးချမ်းသာဟု နှစ်ခွန်းခေါ်ပြီး သတင်းပေးစဉ် မြင့်သန်းအောင်တို့ လက်ချက်ဖြင့် ဆက်





မပြောနိုင်၊ မအော်နိုင်ဖြစ်သွားပုံရသည်။

ကျန်(၃)ယောက်က ဘာလုပ်နေသနည်း။ သည်ချာတိတ်တွေ သည်လောက်အိမ်မောမကျတတ်။ အထူးသဖြင့် စံနက်ကျော်နှင့် အောင်ဘလူသည် မိုးချမ်းသာ လေ့ကျင့်ပေးထားသူများမို့ အအိပ်လည်း ဆက်သည်။ တော်ရုံတန်ရုံ သတ္တုဝတ်မှုလောက်လည်း တတ်နိုင်စွမ်းရှိသည်။

သည်ကောင်လေးတွေ ငြိမ်ချက်သားကောင်းလှသည်။ ဘာလို့ပါလိမ့်။

"ဆရာမြင့်သန်းအောင် ... အချိန်တွေ သိပ်ကြာသွားရင် — မကောင်းဘူး ... လုပ်စရာရှိတာ လုပ်ဖို့ကောင်းပြီ — "

သူ့တပည့် တစ်ယောက်က လှမ်းသတိပေးသည်။

"အေး ... "

မြင့်သန်းအောင်ဟု ပြောတာသည်နှင့်အတူ သေနတ်ပစ်မကျွမ်းသူတို့ဓလေ့ရှိသည့်အတိုင်း လက်ကို ရှေ့သို့ ဦးအဆန့်ထုတ်လိုက်သည်။

မိုးချမ်းသာက လက်ထဲမှ ပတ္တလားတီးခတ်တံနှစ်ချောင်းလုံးဖြင့် မြင့်သန်းအောင် လက်ဆန့်သည်နှင့် မျက်ခွက်တို့ကို ပေါက်လိုက်သည်။ ပစ်ပေါက်လိုက်သည်နှင့် တစ်ချိန်တည်းမှာပင်



www.burmeseclassic.com

www.burmeseclassic.com



ပတ္တလားရှည်ကို အကာအကွယ်ယူကာ အားလျားမှောက်ချလိုက်သည်။

ဒိုင်းခနဲ ... ဒိုင်းခနဲ ဆင့်ပစ်သော သေနတ်သံထွက်ပေါ်လာပါ၏။ သို့သော် လက်ခတ်တံနှစ်ခု အရှိန်ဖြင့် ဝင်လာသည်ကို မြင့်သန်းအောင် ရှောင်တိမ်းလိုက်သည့် အချက်ကြောင့်ရော မိုးချမ်းသာက အချိန်မီ အားလျားမှောက်သည်ကြောင့်ရော ကျည်ဆန်များသည် မိုးချမ်းသာကို မထိဘဲ လွဲချော်သွားခဲ့တော့သည်။

မြင့်သန်းအောင်သည် ပတ္တလားကြီးကို လက်နှစ်ဘက်ဖြင့် ... မကာဒိုင်းသဖွယ် ကားဆီးထားရင်း ရှေ့သို့ တိုးလိုက်သည်။

မြင့်သန်းအောင်ပစ်သမျှ ကျည်ဆန်တို့သည် ပတ္တလား၏ သစ်သားကိုယ်ထည်ထဲသို့ တိုးဝင်သွားတော့၏။

မြင့်သန်းအောင်နှင့် တော်တော်လေး ဦးကပ်သည်နှင့် မိုးချမ်းသာက ပတ္တလားကြီးကို မြင့်သန်းအောင်ကိုယ်ပေါ်သို့ ပစ်ပေါက်လိုက်၏။

မြင့်သန်းအောင်အပေါ် ပတ္တလားကြီးပိသွားသည်။ လူရော ပတ္တလားရော ထွေးခနဲ ကြမ်းပြင်ပေါ်သို့ ကျသွားတော့သည်။





ပတ္တလား၏ သစ်သားအိမ်ကြီး ထက်ခြမ်းကွဲကျိုးသွားခဲ့၏။

ဖြစ်ရပ်ကား မြန်ဆန်လွန်းသဖြင့် မြင့်သန်းအောင်၏ တပည့် ဓားသမား လေးယောက်ကြောင်နေခဲ့သည်။ မြင့်သန်းအောင်နှင့် ပတ္တလားလုံးထွေးလဲကျသွားမှ သူတို့လေးယောက် လှုပ်ရှားတော့၏။

မိုးချမ်းသာကို သူတို့လေးယောက်က ဝိုင်းလိုက်ကြသည်။

ထိုအခါကျမှပင် စံနက်ကျော်နှင့် အောင်ဘလူတို့သည် တုတ်တိုများ ကိုယ်စီကိုင်ကာ ဝင်ရောက်လာခဲ့ပါ၏။

စောစောက ချာတိတ်နှစ်ယောက်သည် သူတို့၏ အစ်ကိုမိုးချမ်းသာ သေနတ်ပြေင်းအောက်ရောက်နေ၍ သူတို့ဝင်လိုက်ပါက မိုးချမ်းသာ အပစ်ခံရမည်စိုးခြင်းကြောင့် အခြေအနေကို စောင့်စားနေကြခြင်းပင် ဖြစ်သည်။

စံနက်ကျော်နှင့် အောင်ဘလူက တုတ်တိုကိုယ်စီဖြင့် ဝင်ရောက်ပြီး ဓားသမားများနှင့် တိုက်ခိုက်ကြတော့၏။

မိုးချမ်းသာက လဲကျသွားသော မြင့်သန်းအောင် ပက်လက်မှ မထနိုင်မီ လွှားခနဲခုန်ကာ မြင့်သန်းအောင်၏ သေနတ်



www.burmeseclassic.com

www.burmeseclassic.com



ကိုင်လက်ကို ခြေဖြင့် နင်းကာ ကျန်ခြေတစ်ဖက်ဖြင့် သေနတ်ကို ကန်ပစ်လိုက်သည်။

မြင့်သန်းအောင် လူးလဲထသည်။

ငါးယောက်နှင့် သုံးယောက် သတ်ပုတ်တိုက်ခိုက်နေခဲ့ကြပြီး ဝုန်းဒိုင်းကြဲ ဆူညံနေပါ၏။

ထိုစဉ်မှာပင် ...

ရဲအုပ်အေးမင်းနှင့် လက်နက်ကိုင်ရဲတပ်ဖွဲ့ဝင်တွေ ကားဖြင့် ရောက်လာခဲ့သည်။

သေနတ်ဖြင့် ခြောက်လှန့်ပစ်ပေါက်ရာ သတ်ပုတ်နေကြခြင်းများ ရပ်တန့်သွားခဲ့သည်။

မြင့်သန်းအောင်နှင့် အပေါင်းပါ(၄)ဦးကို လက်ထိတ်ခတ်လိုက်ပါ၏။ ဝင်လာစဉ်က လှမ်းအော်သတိပေးခဲ့သော ရွှေခဲကို မြင့်သန်းအောင်၏ တပည့်တွေက ဓားနှင့်ထိုးသတ်လိုက်သည်။

သို့သော် မသေပေ။ ချက်ချင်း ဆေးရုံသို့ ရဲအုပ်အေးမင်းက ပို့စေခဲ့၏။

ဖြစ်ပုံက ...

မြင့်သန်းအောင်တို့ ဝင်လာရာတွင် ကင်းတာဝန်အလှည့်ကျနေသော ရွှေခဲက မိုးချမ်းသာထံ အော်၍ သတိပေး





ကြောင့် ဝိုဒေါင်ထပ်ခိုးပေါ်မှ စံနက်ကျော်၊ အောင်ဘလူ၊ အောင်မိုးတို့နိုးကြသည်။

ရွှေခဲကို ဓားနှင့်ထိုးပြီး တိုက်ထဲသို့ မြင့်သန်းအောင်တို့ ဝင်သွားမှ စံနက်ကျော်က အစီအစဉ်ဆွဲသည်။

အောင်မိုးက မှောင်ရိပ်ခိုသွားပြီး အိမ်ရှေ့က ဦးကျော်မင်းအိမ်ကို နိုးကာ အကျိုးအကြောင်းပြောပြီး ရဲစခန်းသို့ ဖုန်းဆက်ပေးရန်ဖြစ်၏။

စံနက်ကျော်နှင့် အောင်ဘလူက ထပ်ခိုးပေါ်မှ ဆင်းကာ သူခိုးပစ်ရန် အသင့်လုပ်ထားသည့် နှစ်ဖက်ချွန် တုတ်တိုများကိုယ်စီကိုင်ကာ အတွင်းမှ အခြေအနေကို ချောင်းကြည့်ကြသည်။

သူတို့ အရမ်းဝင်လျှင် မြင့်သန်းအောင်က မိုးချမ်းသာကို ပစ်မည်စိုး၍ အခြေအနေကို စောင့်ကြည့်နေခဲ့ကြသည်။

မိုးချမ်းသာက ပတ္တလားကြီးနှင့် မြင့်သန်းအောင်ကို ပစ်ပေါက်ပြီးမှ ချာတိတ်နှစ်ယောက်ဝင်ရဲကြတော့သည်။

မြင့်သန်းအောင်လက်ထဲမှ သေနတ်ကြောင့် သူတို့မဝင်ရဲကြခြင်းပဲဖြစ်၏။

မြင့်သန်းအောင် ကိုင်ဆောင်သော သေနတ်၊ သူ၏ တပည့်လေးဦးကိုင်ဆောင်သော မောင်းပြန်ဓား(၄)လက်ကို ရဲအဖွဲ့



www.burmeseclassic.com

www.burmeseclassic.com



မှ သိမ်းသွားခဲ့သည်။

ရဲတွေ ရောက်လာသကြားမှပင် ခေါင်းရင်းမှ သားအမိ သားအဖ(၃)ယောက်၊ ဦးကျော်ခေါင်မိသားစု၊ ဦးကျော်ဝင်းမိသားစု အားလုံးရောက်လာကြသည်။

"ကဲ ... ကိုမိုးချမ်းသာ ... ကျွန်တော်ပြန်လိုက်ဦးမယ် ... ဒီကောင်တွေကို ချက်ချင်း ပူပူနွေးနွေး စစ်ချက်ယူမှဖြစ်မယ် နေ့ကူးသွားရင် မြင့်သန်းအောင်ဘက်က ... အကြံပေးတွေ ဘယ်လိုထွက်ဆိုလို့ သင်ပေးမယ့် ရှေ့နေတွေ ရောက်လာလိမ့်မယ် ... နောက်ပြီး ဆေးရုံပို့လိုက်တဲ့ ရွှေခဲက သေမယ် ရှင်မယ်မသိရသေးဘူး ... ရွှေခဲဆီက စစ်ချက် အရယူထားဖို့ အရေးကြီးတယ် ... ကိုမိုးချမ်းသာနဲ့ ညီတော်မောင်တွေဆီ တော့ မနက်ဖြန်ကျမှ စစ်ချက်ယူတော့မယ် ... "

ရဲအုပ်ကိုအေးမင်းနှင့် အဖွဲ့က တရားခံ(၅)ဦးကို ကားပေါ်တင် ထွက်ခွာသွားတော့၏။

ကျိုးပဲ့သွားသော ပတ္တလားကြီးနှင့် လဲပြိုနေသော စားပွဲကုလားထိုင်များက ရှုပ်ထွေးနေခဲ့သည်။

"ကဲ ... စံနက်ကျော်တို့ သုံးယောက်ရှင်းကြကွာ ... ဧည့် သည်တွေထိုင်ရအောင် ... "





ကောင်လေးသုံးယောက် သွက်လက်စွာ ရှင်းလိုက်ကြသည်။

ဧည့်သည်တွေထိုင်ဖို့ ကုလားထိုင်များကို နေရာပြန်ချသည်။ ခေါက်ကုလားထိုင်တွေ ချပေးသည်။

"အစ်ကို ဘယ်ထိသွားသေးလဲဟင် ... "

သီရိမေက ဖေဖေ ဦးမင်းမောင်၊ မေမေ ဒေါ်စိုးစိုးနှင့် လူအများရှေ့မှာပင် မအောင့်နိုင်ဘဲ မေးလိုက်မိတော့သည်။

"ဘယ်မှမထိဘူး သီရိ ... အပွန်းရာ အပဲ့ရာလေးတောင်ဖြစ် မသွားပါဘူး ... "

"အေးကွာ ... သေနတ်သံတွေ တဒိုင်းဒိုင်းနဲ့ဆိုတော့ အန်ကယ်(လ်)ကတော့ မောင်မိုးချမ်းသာကို မြင်မကောင်း ရှုမကောင်း ဖြစ်သွားပြီထင်တာပဲ ... "

"ဘယ်ထိမလဲ ဘဘ။ ကျွန်တော့်အစ်ကိုက သိပ်လျင်တာ"

စံနက်ကျော် ပတ္တလား၊ ကျိုးကြီးတွေကို မယူရင်း ဝင်ပြောသည်။

"ပြောပါဦး ... ဘယ်လိုလျင်တာလဲ စံနက်ကျော်ရ ... "

ရဲအရာရှိ ဟောင်းကြီးက မှုခင်းကို ဝါသနာမကျွန်သည့်အလျှောက် မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



စံနက်ကျော်က မိုးချမ်းသာအား ပတ္တလားတီးသော တီးတံနှစ်ခုဖြင့် ပစ်ပေါက်လိုက်သည်မှအစ ပတ္တလားကို ဒိုင်းလိုကာ ပြီး မြင့်သန်းအောင် အပေါ်ပစ်ချသည်ကို အားရပါးရပြောတော့ သည်။

ပြောနေစဉ်မှာပင် စံနက်ကျော် ကိုင်ထားသော ပတ္တလားကျိုးကြီးထဲမှ ဒေါက်ခနဲ ကြမ်းပြင်ပေါ်သို့ တစ်ခုခုကျသွား သဖြင့် စံနက်ကျော်က ငုံ့ကြည့်သည်။

မီးရောင်ဖြင့် တဖျပ်ဖျပ် အရောင်လက်နေသော ပစ္စည်းလေးကို စံနက်ကျော်က ကောက်ယူပြီး ...

"အစ်ကို ... ဒီမှာ ပတ္တလားကျိုးထဲက ထွက်လာတာ"

မိုးချမ်းသာက ယူပြီး လက်ဖဝါးပေါ်တင်လိုက်ပြီး မီးရောင်တွင် ကြည့်လိုက်သည်။

"ဟ ... စိန်ကွ ... မောင်မိုးချမ်းသာ ... "

ဦးကျော်ဝင်း ယူကြည့်သည်။ လက်သည်းခံအရွယ် လောက်ရှိသည်။

"မှန်းစမ်း ... ဟ ... တကယ့် ထိပ်တန်းအရည်အချင်း စိန် အန်ကယ် ခန့်မှန်းရရင် ရှစ်ရတီလောက်ရှိမလားဘဲ ..."

အားလုံး ဝိုင်းကြည့်ကြသည်။ အထူးသဖြင့် အချ





သမီးကြီးများဖြစ်သော ဒေါ်စိုးစိုး၊ ဒေါ်လေးငယ်၊ ဒေါ်အေးသီတို့ မြူးမြူးပျာပျာ ကြည့်ကြပါ၏။

စံနက်ကျော်က ပတ္တလားအပိုင်းကျိုးကို ဆက်လှုပ် ကြည့်သည်။ ဒေါက်ဒေါက်နှင့် နောက်ထပ် စိန်(၃)လုံး ကျလာပြန် သည်။

"အစ်ကို ... ဒီမှာ ကျလာပြန်ပြီ ... "

စံနက်ကျော်က ကြမ်းပြင်တွင် ကောက်ပြီး မိုးချမ်း သာလက်ထဲသို့ ထည့်ပြန်သည်။

ကုလားပဲခြမ်း အရွယ်(၂)လုံးနှင့် မန်ကျည်းစေ့ အရွယ်တစ်လုံး ဖြစ်နေခဲ့ပြန်ပါ၏။

"ဟာ ဒီစိန်တွေလည်း ထိပ်တန်း စိန်တွေပဲ ... မောင်မိုးချမ်း သာ ဒီလိုလုပ်စမ်း ပုဆိုးတစ်ထည်ခင်းပြီး ပတ္တလားကြီးကို ပုတ်ကြည့်ခါကြည့်စမ်း ... ပုဆိုးပေါ်ကျရင် လိမ့်ဆင်းမသွား စဉ်မသွားဘူးပေါ့ ... ကဲ ... ကဲ ... မဆိုင်တဲ့ သူတွေ တုလား ထိုင်ပေါ်ကပဲ ထိုင်ကြည့် ... မောင်မိုးချမ်းသာ ကိုယ့်ဟာ ကိုယ်လုပ်စမ်း ... မဟုတ်မှလွဲရော ငါထင်တယ် ... အဲဒါ မင်းအဘိုး ဦးဖိုးမှိ ဝှက်ထားခဲ့တာဖြစ်ရမယ် ... "

"ရပါတယ် ... အန်ကယ်(လ်)တို့ အနားကပ်ကြည့်လည်း



www.burmeseclassic.com

www.burmeseclassic.com



"ဟာမကပ်နဲ့ ... ဘယ်သူမှ မကပ်နဲ့ စိန်တစ်လုံးပျောက်သွားတယ်ဆို ခုခေတ်မှာ စိန်ဈေးက ကောင်းရင်ကောင်းသလောက် တစ်ရတီကို သိန်းထောင်ချီပြီးနေတာ ..."

မိုးချမ်သာက ပတ္တလားကျိုးကြီးရှိရာသို့ သွားပြီး ကျိုးပုံကျိုးနည်းကို ကြည့်လိုက်သည်။

အတွင်းပိုင်း ပျဉ်ချပ်တွင် ထွင်းစားလုံးဖြင့် ရေးထားသော စာတွေ တွေ့ရသဖြင့် အကျိုးနှစ်ခြမ်းကို အရင်ဆက်ကြည့်သည်။

သား ... မောင်ရဲ

မြေး ချမ်းသာအတွက် ငါပေးတဲ့ အမွေ။

စိန်အလုံး(၅၀)ကျော်ကပ်ထားတယ်။ ရှာပါ။

ဖိုးမို။

"အန်ကယ်တို့ ... ဒီမှာ လာကြည့်ပါဦး ... ဘိုးဘိုးက သစ်သားမှာ ထွင်းရေးခဲ့တဲ့စာ ..."

အမျိုးသားကြီးသုံးယောက်သွားပြီး စာကို ဖြိုင်တူဖတ်ကြသည်။

"ကျုပ် မပြောဘူးလား ... ဒါ ဦးဖိုးမို ဝှက်ထားတဲ့ စိန်တွေပဲ သူ့စာထဲမှာ စိန်အလုံး ငါးဆယ်တဲ့ကွ ... ခုတွေ့တာ လေး





ငါးလုံးပဲ ရှိသေးတယ်။ ဝင်၍ ပြောပါ၏။

တဲ့ ... ရှာကြည့်တဲ့ ...ဦး အန်ကယ် ... ကျွန်တော့်အဘိုး ဦးဖိုးမိုဟာကိုယ်ရှာကြည့်စမ်း ဆိုသည့် သိပ်မကောင်းခဲ့တာ မဟုတ်ဆုတ်ကြစို့ ..."

မိုးချမ်းသာသည် ပျဉ်ချပ်ဖော်မှာစိုးတယ် ..." သေချာချာ ရှာဖွေကြည့်သည်။

တွေ့ပါ၏။ ဝက်အူလှည့်ရော၊ ဓားအဲ့သေသေသပ်သပ် ရှာကြည့်သည်။

နှစ်ခြမ်းကွာသွားသည်နှင့် စိန်တွေအော၊ ထားသည့် ပုဆိုးခင်းထားရာသို့ ကျလာသည်။

မန်ကျည်းစေ့အရွယ်၊ ကုလားပဲခြမ်းအရွယ်ပါ... သည်းခွံ၊ ဆန်စေ့ထက်ပိုင်းကျိုးအရွယ်စုတွေ အမျိုးမျိုးကျလာ...

ပုဆိုးပေါ်ကလာသမျှကို စေ့စေ့စပ်စပ်ရေတွ... သည်။ (၄၆)လုံးရပါ၏။ ပထမထွက်ကျလာသော(၄)လုံးကို ထည့်ပေါင်းလျှင် စိန်အလုံး(၅၀)ပြည့်သွားသည်။

"ဟား ... ဟား ... မောင်မိုးချမ်းသာတို့များတော့ နေ့ချင်းညချင်းကို သူဌေးဖြစ်တာပဲဟေ့ ... အန်ကယ်ထင်တယ် ဒီစိန်အလုံးငါးဆယ်ဟာ ကာလပေါက်ဈေးနဲ့ သိန်းဒိုးဆယ်



www.burmeseclassic.com

www.burmeseclassic.com



"ဟာမကပ်နဲ့ ... ဘယ်သူမှ"
သွားတယ်ဆို ခုခေတ်မှာ ဟားဟားရယ်ရင်း ပြောလိုက်
လောက် တစ်ရတီကို သိ'

မိုးချမ်းသာက နားထောင်နေပါ၏။

ဖြခါင်က ဖြည့်စွက်၍ ပြောလာခဲ့သည်။

ဒ္ထင်ပါတယ် ... မောင်မိုးချမ်းသာရဲ့ ဥပမိရုပ်ကို
စာဇာတည်းက ဒီသူငယ် ကြီးပွားမယ် ... ချမ်းသာမယ်
.. ဒါပေမဲ့ ကျွက်တွက်တာက မောင်မိုးချမ်းသာရဲ့ စိတ်
ာ် ... သူ့ရဲ့သတ္တိ ... သူ့ရဲ့ အကျင့်စာရိတ္တနဲ့ သူ့ရဲ့လုပ်ငန်း
းစားမှုအပေါ်မှာ မူတည်ပြီး တွက်တာပါ ... ဒီလိုအမွေရ
ာတွေ ဘာတွေမတွက်ပါဘူး ... "
ဒါတွေကို မောင်မိုးချမ်းသာ ဘယ်လိုထုခွဲမယ်လို့ ရယ်ရွယ်
လဲ ... "
"ကျွန်တော် မထုခွဲသေးပါဘူး ... စိန်အလုံးငါးဆယ်စလုံးကို
အန်ကယ်(လ်)တို့ စုတွဲသုံးတွဲရှေ့မှာဘဲ သက်သေထားပြီး
ရဲအုပ်ကိုအေးမင်းဆီမှာ ပုံစံနဲ့ စာရင်းလုပ်ပြီး အခိုင်အမာအပ်
ချင်တယ် ... "
"ဟယ် ... မဟုတ်တာ ... မင်းဟာက ... "





ဟု ဒေါ်စိုးစိုးက ဝင်၍ ပြောပါ၏။
"ကျွန်တော် စိတ်မသန့်ဘူး အန်တီ ... ကျွန်တော့်အဘိုး ဦးဖိုး
မိုရဲ့ အတိတ်ရာဇဝင်ကလည်း သိပ်မကောင်းခဲ့တာ မဟုတ်
ဘူး ... ကတယ်လို့ ရာဇဝတ်မှု မကင်းတဲ့ စိန်တွေဖြစ်နေရင်
ကျွန်တော် ထိန်ချုပ်ထားမှုနဲ့ အမှုပတ်မှာစိုးတယ် ... "
"ဒါတော့ မှန်တယ် ... အဝ်မတန် မြင့်မြတ်တဲ့စိတ်နဲ့ အင်
မတန် ရိုးသားတဲ့ သဘောပဲ ... "

ဟု ရဲအရာရှိဟောင်းကြီး ဦးကျော်ခေါင်က ဝင်၍
ထောင်ခံခဲ့၏။
"စိန်တွေ ဆုံးကုန်ရင် နှမြောစရာ ... "

ဒေါ်စိုးစိုးကပင် ဝင်၍ နှမြောကြောင်း ပြောပါ၏။
ဦးကျော်ခေါင်ကပင် ဆက်လက်ရှင်းပြသည်။
"ဘယ် ... ဒီလိုဟုတ်မလဲ ဒေါ်စိုးစိုး ... သက်ဆိုင်ရာရဲက
ဒီစိန်တွေနဲ့ ပတ်သက်ပြီး တိုင်ချက်ဖွင့်ထားတာတွေ ရှိမရှိ
ပြန်လှန်ကြည့်မယ် ... တိုင်ချက်ဖွင့်တားတာ မရှိရင် မောင်
မိုးချမ်းသာကို တိတိကျကျ ပြန်ပေးရမှာဘဲ ... တိုင်ချက်ရှာ
ပြန်ရှာလည်း ကျူပ်ဝါရင့်ရဲဟောင်းကြီး တစ်ဦးအမြင်နဲ့ ပြော
ရရင် တိုင်ကြားထားသူရှိနိုင်မယ် မထင်ဘူး ... ဒီစိန်တာ



www.burmeseclassic.com

www.burmeseclassic.com



ဦးဖိုးမှီလက်ထဲ ရောက်လာရန်က စိန်ချည်းသက်သက် အခု လို အလုံးလိုက်တွေ နောက်လာတာ မဟုတ်ဘူးလို့ ကျုပ် ထင်တာပဲလေ ... ရွှေတို့ ပလက်တီနမ်တို့နဲ့ ကွပ်လုပ်ထား တဲ့ လက်ဝတ်ရတနာတွေပဲဖြစ်မယ် ... တကယ်လို့ တိုင် ချက်ဖွင့်တဲ့ လူတွေရှိလည်း သူတို့ရဲ့ လက်ဝတ်ရတနာဟာ ရွှေနဲ့ ပလက်တီနမ်လုပ်ထားတဲ့ စိန်ဘယ်နှလုံးပါတဲ့ လက် ဝတ်ရတနာပါလို့ပဲ တိုင်ကြားမယ် ... နောက်တစ်ချက်က ဒီစိန်တွေဟာ ဦးဖိုးမှီ လက်ထဲရောက်နေတာ နှစ်ပေါင်း ... ဘယ်လောက်ကြာပြီလဲမှမသိတာ ... တိုင်တဲ့လူ ရှိခဲ့ရင် တောင် အဲဒီလူတွေ သေသူသေဖြစ်လောက်ရောပေါ့ ... ကျွန်တော့်အမြင်တော့ သက်ဆိုင်ရာက မောင်မိုးချမ်းသာကို အမွေဆက်ခံ ပစ္စည်းအဖြစ်နဲ့ ပြန်ကိုပေးရမယ် ... အဲ ... ဘယ်လို ပြဿနာချက်တွေနဲ့ ပြန်ပေးမလဲဆိုတာသာ မသိ တာ ... "

ညတွင်းချင်းပင် ဦးမင်းမောင်၊ ဒေါ်စိုးစိုး၊ ဦးကျော် ဝင်း၊ ဒေါ်အေးသီ၊ ဒေါ်လေးငယ်နှင့် ဦးကျော်ခေါင်တို့ လူကြီးများကို သက်သေထားကာ ရဲအုပ်ကိုအေးမင်းထံ ပုံစံဇယားဖြင့် စံနစ်တကျ အပ်နှံလိုက်၏။





ရဲအုပ်ကိုအေးမင်းကလည်း စိန်တွေကို ပလတ် စတစ်ဘူးနီထဲတွင် ဝွမ်းခံပြီးထည့်သည်။ ကျကျနနအပြင်မှ အညို ရောင်စက္ကူနှင့် ထုပ်ပြီး ရဲစခန်းအမှတ်အသားကို ချိတ်ဖြင့်(၄)နေရာ နှိပ်လိုက်သည်။

ပြီးမှ ကိုယ့်အိမ်ကိုယ် အသီးသီးပြန်ခဲ့ကြတော့သည်။

"ကိုမင်းမောင် ... "

"ပြော ... စိုးစိုး ... "

"ဒီကောင်လေးက မဆိုးဘူးနော် ... "

"ဘယ်ကောင်လေးက မဆိုးတာလဲ စိုးစိုး ... တို့အိပ်ချင်ပြီ"

"အိုး ... မအိပ်ချင်ပါနဲ့ဦး ... အမာပြောတာ မိုးချမ်းသာကို ပြောတာပါ ... ကိုယ်အမွေရတဲ့ စိန်တွေပဲ ... အဲဒါတွေကို တောင် ရဲကို အပ်ပစ်တယ် ... မက်မက်မောမော မရှိသလို ပဲ ... "

"ဟာ ... ဒါအင်မတန် ရိုးသားတာနဲ့ အင်မတန် မှန်ကန်တဲ့ စိတ်ဓာတ်ပဲ ... "

"ဆုံးသွားရင် ဘယ့်နှယ့်လုပ်မလဲ ... "

"အိုးကွာ ... ဦးကျော်ခေါင်ပြောသားပဲ ... မဆုံးနိုင်ပါ... ဦးကျော်ခေါင်က ရဲဥပဒေနဲ့ ပတ်သက်လို့ အရှင်...



www.burmeseclassic.com

www.burmeseclassic.com



သောက်နိုင်တဲ့ လူပဲ ... သူ့အယူအဆဟာ အခု သက်ဆိုင်ရာက လူကြီးတွေရဲ့ အယူအဆနဲ့ ကိုက်ညီမှာပါ ... "

"ဒါဆိုရင် ဒီကောင်လေး သန်းကြွယ်သူဌေး ဖြစ်သွားမှာပဲနော် ကိုမင်းမောင် ... "

"အင်း ... "

"နောက်ပြီး ဒီကောင်လေး တကယ်သတ္တိကောင်းတယ်နော် ... ဟိုကလာတာ လူငါးယောက်တောင် ... ဓားလေးလက်နဲ့ သေနတ်လည်းပါတယ် ... ဒါကို ကောင်လေးခုခံတာ သူ့မှာ အပွန်းအပဲ့တောင် မဖြစ်ဘူးနော် ကိုမင်းမောင်"

"အေးပါကွာ ... အိပ်ပါတော့ ... ကိုယ်အိပ်ချင်ပြီ ... ညဉ့်နက်လှပြီ ... မနက်ရုံးသွားရမှာ ... "

"နေပါဦး ကိုမင်းမောင်ရဲ့ ... စိုးစိုး လုံးလုံးမအိပ်ချင်လို့ ... နောက်ပြီး ဒီကောင်လေးအကြောင်း ပြောရတာ ခံတွင်းတွေ့လို့ပါ ... "

"အင်း ... "

"ဒီကောင်လေးမှာ မိဘလည်း မရှိတော့ဘူး ... ညီအစ်ကိုမောင်နှမအရင်းအချာလည်း မရှိဘူး ... ဒီလိုကောင်လေးမျိုးနဲ့ အိမ်ထောင်ကျတဲ့ မိန်းကလေးမှာ ဟိုဘက်အမျိုး ဒီဘက်





အမျိုး ပြဿနာမရှိတော့ဘူးပေါ့ ... မိန်မဘက် သက်သက်ပဲနေမှာနော် ကိုမင်းမောင် ... "

"အင်း ... "

"နောက်ပြီး ... ဒီနေ့ညမှ သေချာ ဒီကောင်လေးမျက်နှာကို စိုးစိုးကြည့်မိတယ် ... ကောင်လေးက တကယ့်ချောတဲ့ ... ကောင်လေးပဲ ... မျက်နှာပေါက်ရော ကိုယ်ခန္ဓာ အချိုးအဆက်ရော တကယ်ကြည့်ကောင်းတယ် ... ဒါကြောင့် သမီးသီရိ စွဲနေတာပဲဖြစ်မှာ ... စိုးစိုးတောင် ဒီကောင်လေးရယ်လိုက်တာကို ကြည့်မိရင် အသည်းကို အေးသွားတာပဲ ဥပမိရုပ်လေး တော်တော်ကောင်းတယ်နော် ကိုမင်းမောင်"

ဦးမင်းမောင်ထံမှ အင်းလိုက်သံပေါ် ထွက်မလာတော့ဘဲ ရှူးခနဲ ဝေါခနဲ ဟောက်သံထွက်လာပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

(၇)ရက် ကြာသွားပြီဖြစ်ပါ၏။

ရွှေခဲ အသက်မသေပေ။ သို့သော် ဆေးရုံတွင် ဆက်လက်ပြီး အတွင်းလူနာအဖြစ် ကုသဆဲဖြစ်သည်။

ရွှေခဲကို ဓားဖြင့်ထိုးမှု။

တရားမဝင် လက်နက်ကိုင်ဆောင်မှု။

တစ်ပါးသူကို အသေသတ်ရန် ကြိုးစားအားထုတ်မှု ပိုင်နက်ကျူးလွန်မှု။

စသည့် စွဲချက်ပုဒ်မများဖြင့် ရဲအဖွဲ့က တရားခံအဖြစ် မြင့်သန်းအောင်တို့အား စွဲချက်တင်သည်။





တရားလိုမှာ မိုးချမ်းသာဖြစ်ပါ၏။

သက်သေများမှာ ရဲသို့ တယ်လီဖုန်းဆက်ပေးသူ ဦးကျော်ဝင်းနှင့် စံနက်ကျော်၊ အောင်ဘလူနှင့် အောင်မိုးတို့ဖြစ်ပါ၏။

အမှုမှာ ရုံးတင်ဆဲ၊ စစ်ဆေးဆဲဖြစ်စေကာမူ ရဲအရာရှိဟောင်းကြီး ဦးကျော်ခေါင်က ...

"အင်း ... တရားရုံးက သက်ညှာဦးတော့ ဒီကောင်တွေ ထောင်ကျမှာ မလွဲပါဘူး ... မသကာ ထောင်နည်းနည်းပဲ ကျရုံပေါ့ ... ထောင်ကျမှာတော့ သေချာတယ် ..."

ဟု တင်ကြိုဟောကိန်းထုတ်ခဲ့သည်။

ယနေ့ ... ။

ရဲအုပ်ကိုအေးမင်း ခေါ်သဖြင့် ဦးကျော်ခေါင်စုံတွဲ၊ ဦးကျော်ဝင်းစုံတွဲ၊ ဦးမင်းမောင်စုံတွဲကို ခေါ်ယူခဲ့သည်။

ရန်ကုန်ရုံးချုပ်မှ မိုးချမ်းသာ၏ အမွေခံ စိန်အလုံး (၅၀)ကို ပိုင်ရှင် မိုးချမ်းသာသို့ ပြန်အပ်ရမည်ဟု ညွှန်ကြားချက်နှင့် စိန်ထုပ် ပြန်ပို့သဖြင့် အပ်စဉ်က သက်သေများ ရှေ့မှောက်တွင် မိုးချမ်းသာက ပြန်လည်စစ်ဆေးလက်ခံယူရန်ဖြစ်ပါ၏။

"ကဲ ... သူဌေးလေး ... အားလုံး စုံရဲ့တယ်နော် ..."

ရဲအုပ်ကိုအေးမင်းက ရယ်မော၍ ပြောလိုက်ပါ၏။

မိုးချမ်းသာက ခေါင်းညိတ်ပြလိုက်သည်။

"ကဲ ... သက်သေလူကြီးမင်းတွေ အားလုံး ကျွန်တော်က



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းရှင်ကို ပြန်အပ်တာရော ... စိန်တွေ အရည်အတွက်နဲ့ အရည်အသွေးမှန်ကန်တာရော စာဒက တက်စရာရှိပါ သေးလား ... ”

“မရှိပါဘူး ... မရှိပါဘူး ... ”

“ဒါဆို ဟောဒီမှာ နိုင်ငံတော် ကျောက်မျက်ရတနာအဖွဲ့က ပေးတဲ့စာ ... ကျွန်တော်တို့ ရန်ကုန်ရုံးချုပ်က ကျောက်မျက်ရတနာအဖွဲ့ကို ဒီစိန်တွေလည်းပြတယ် ... အကျိုးအကြောင်းလည်းပြောတယ် ... ဒါကြောင့် ကျောက်မျက်ရတနာအဖွဲ့က ကိုမိုးချမ်းသာကို အမည်တပ်ပေးတဲ့ တရားဝင်စာပါ ... ကိုမိုးချမ်းသာ စာရကြောင်း လက်မှတ်ထိုးပြီး ဖတ်ပေတော့ ... ”

မိုးချမ်းသာက လက်မှတ်ထိုးပြီး စာကို စားပွဲပေါ်တွင် ဖွင့်ဖြန့်ကာ အားလုံးကို သိစေခဲ့ပါ၏။

ကျောက်မျက်ရတနာ အဖွဲ့၏ စာအတိုချုပ်မှာ ...

၁။ စိန်အားလုံး အလုံး(၅၀)ကို ကျောက်မျက်ရတနာအဖွဲ့သို့ တရားဝင် ရောင်းချပါက သိန်း(၂၀၀၀)ဖြင့် အဖွဲ့မှ ဝယ်ယူမည်။

၂။ ဝယ်ယူတန်ဖိုး အပေါ်တွင် အကောက်ခွန်ကင်းလွတ်စေရမည်။

၃။ အဖွဲ့ထံ မရောင်းလို၍ ပြင်ပ ပုဂ္ဂလိကသို့ ရောင်း





လိုလျှင် ပြည်တွင်း၌ ရောင်းခွင့်ပြုသည်။ ရောင်းရငွေ၏ တန်ဖိုးကို ဝင်ငွေအခွန်အဖြစ် သက်ဆိုင်ရာသို့ မှန်ကန်စွာ အကြောင်းကြားရမည်။

၄။ ပြည်ပသို့ သွယ်ဝိုက်သောနည်းဖြင့် လုံးဝ ရောင်းခွင့်မရှိစေရ။

အတိုချုပ်အားဖြင့် အချက်အလက်မှာ ဤမျှသာဖြစ်သည်။

ကိစ္စအားလုံး ပြီးသဖြင့် ကိုအေးမင်းကို နှုတ်ဆက်ပြီး ကိုယ့်ကားနှင့်ကိုယ် ပြန်ကြသည်။

မိုးချမ်းသာက မော်တော်ဆိုင်ကယ်(လ်)ဖြင့် လာခြင်းဖြစ်ပါ၏။

“အော် ... မိုးချမ်းသာ ... ”

“ဟုတ်ကဲ့ ... အန်တီ ... ”

ဦးမင်းမောင်က မော်တော်ကားဆီသို့ သွားနေစဉ် ဒေါ်စိုးစိုးက မိုးချမ်းသာနှင့် တွေ့ပြီး ရပ်စကားပြောခြင်းဖြစ်သည်။

“မင်းတို့ အန်ကယ်(လ်)က အန်တီ့ကို အိမ်ပြန်ပို့ပြီး ရုံးပြန်သွားမှာကွယ့် ... မောင်မိုးချမ်းသာ ဒီကအပြန် အိမ်ကိုလာခဲ့ပါလား ... ”

“ဟုတ်ကဲ့ ... လာပါ့မယ် အန်တီ ... ”

“အေးအေး ... အန်တီစောင့်နေမယ် ... ”



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရောက်ပြီးနောက် ဦးမင်းမောင်သည် ချက်ချင်းရုံးသို့ ပြန်ထွက်သွားသည်။

မိုးချမ်းသာက သူ့အိမ်ဝင်ပြီး မော်တော်ဆိုင်ကယ်ထားခဲ့ကာ စိန်ထုပ်ကိုပင် မသိမ်းသေးဘဲ လက်တွင်ကိုင်ပြီး ဒေါ်စိုးစိုး အိမ်ဘက်သို့ ကူးခဲ့သည်။

"လာ ... မောင်မိုးချမ်းသာ ..."

ဧည့်ခန်းတွင် သီရိမေလည်း ထိုင်နေခဲ့သည်။ သီရိမေက သူမ၏ မိခင် အပြုအမူကို သိပ်နှစ်သက်ပုံမရှုလားမသိ။ မျက်နှာလေးညိုးနေခဲ့သည်။

မောင်မိုးချမ်းသာက တစ်ယောက်ထိုင် ဆိုဖာဆက်တီခုံတွင် ဝင်ထိုင်လိုက်သည်။

"ကဲ ... အန်တီကပဲ စပြောပါ့မယ် ... မောင်မိုးချမ်းသာနဲ့ သီရိမေတို့ မေတ္တာရှိနေကြတယ်ဆို ..."

"မှန်ပါတယ် ခင်ဗျာ ..."

"သမီးသီရိက အိမ်ရှေ့က ခင်ခင်ခရဲ့ မွေးနေ့ပွဲက အပြန်ကတည်းက ဖွင့်ပြောပါတယ် ..."

မိုးချမ်းသာက သီရိမေကို လှမ်းကြည့်သည်။ သီရိမေက မျက်နှာလွှဲနေသည်။ ပြန်မကြည့်။

"အန်တီဟာ မိခင်တစ်ယောက်အနေနဲ့ပေါ့ကွယ် ... ကိုယ့်သမီး ဆင်စီး မြင်းရံဖြစ်စေခြင်းတာ မိဘတို့ရဲ့ မျှော်မေတ္တာပါ





လို့ ပြောရင်တောင် မိုးချမ်းသာ အန်တီ့ကို အပြစ်တင်မလား ဟင် ..."

"မိဘတိုင်း ဒီလိုပါပဲ ခင်ဗျာ ... အန်တီ့ကို ကျွန်တော် အပြစ်လုံးဝမတင်ပါဘူး ... ကျွန်တော် အလုပ်ကြိုးစားရင်းနဲ့ အန်တီ သဘောတွေ့လာတဲ့အထိ ငွေကြေးအထုပ်အထည်ဖြစ်အောင် စုဆောင်းမယ်လို့ စိတ်ကူးထားပြီးသားပါ ခင်ဗျာ"

"အခုတော့ မောင်မိုးချမ်းသာမှာ အမွေဆက်ခံရတဲ့ အထုပ်က ကြီးမားလွန်းတောင် နေပါပြီကွယ် ... နောက်တစ်ချက်က. ဟိုတစ်နေ့က မောင်အောင်ခိုင်ပြောမှ သိရပါတယ် ... မောင်မိုးချမ်းသာဟာ ဘီအက်(စ)စီဖော်ရက်(စ်)တီမှာ ဒုတိယအထိ တက်သွားခဲ့တယ်လို့လေ ..."

"အဲဒါလည်း မှန်ပါတယ် အန်တီ ..."

"အေး ... သူများပြောမှ မောင်မိုးချမ်းသာရဲ့ ပညာအရည်အချင်းကိုသိရတယ် ... မိသီရိကိုမေးတာ မသိဘူးတဲ့ ... မေးမိရင် အထင်မှားခံရမှာစိုးလို့တဲ့လေ ..."

"ဟုတ်ကဲ့ ... သီရိကို ကျွန်တော်ကလည်း တစ်ခါမှ ကျွန်တော် ဘီအက်(စ်)စီဖော်ရက်(စ်)တီ တက်ခဲ့တာ မပြောခဲ့ဘူး ခင်ဗျ ... သီရိနဲ့ ကျွန်တော့်ကြားမှာ ငွေကြေး ဘယ်လောက်ချမ်းသာလဲ ... ပညာတွေ ဘယ်လောက်တတ်သလဲဆိုတာ ထည့်ပြီးတောင် မစဉ်းစားပါဘူး အန်တီ ..."



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ ... အခု ငွေထုပ်လည်းဖြစ်နေပြီ ... မောင်မိုး ချမ်းသာလည်း ငယ်သေးတာပဲ ... ဖော်ရက်(စ်)တီ ဆက် တက်ချင် တက်နိုင်တာပဲ ..."

"ကျွန်တော် မတက်ပါဘူး ခင်ဗျာ ... အခုလက်ရှိ ... ဝပ် ရှော့(ပ)နဲ့ပဲ ကြီးပွားအောင် ကျွန်တော်ဆက်ကြိုးစားမှာပါ"

"အို ... ဒါဖြင့် ဒီစိန်တွေကကော ..."

"ဒီစိန်တွေကိစ္စကို သီရိနဲ့ တိုင်ပင်ပြီးမှ ဘာလုပ်မလဲလို့ ဆုံး ဖြတ်ပါ့မယ်ခင်ဗျ ..."

သီရိမေသည် အိအိလေး ထိုင်နေရာမှ ဆက်ခနဲ ခေါင်း ဆန့်လိုက်သည်။

"ဒီမယ် ... အစ်ကို ... ဒီစိန်တွေကိစ္စနဲ့ ပတ်သက်လို့ သီရိကို ဘာမှမပြောနဲ့ ... ဒီစိန်တွေ အစ်ကိုရမှ သီရိ စိတ်ဆင်းရဲတယ် စိန်တွေကြောင့် မေ့မေပြောင်းလဲတာလည်း သီရိရှက်တယ် သီရိရင်ထဲမှာ စိန်လည်းမရှိဘူး ... ပညာအရည်အချင်းလည်း မရှိဘူး ... သီရိရင်ထဲမှာ မေတ္တာတစ်ခုပဲရှိတယ် ... ဒီစိန်တွေ ကြောင့် အစ်ကိုစိတ်ပြောင်းသွားမှာတောင် သီရိ စိုးရိမ်နေ တာ ..."

"စိတ်ချ သီရိ ... မိုးချမ်းသာဟာ မိုးချမ်းသာပဲ ... ဘယ် တော့မှ စိန်ချမ်းသာ ... ရွှေချမ်းသာမဖြစ်ဘူး ... ဘယ်တော့ မှ မပြောင်းလဲဘူး ... ဒီစိန်တွေ မက်လှတယ်မဟုတ်လို့





သက်ဆိုင်ရာကို ထိုးပြလိုက်တာ သီရိအသိပါ ..."

ဒေါ်စိုးစိုးက ရယ်ရယ်မောမောနှင့် ကြားခင်းလိုက် သည်။

"ဥစ္စာပစ္စည်းဆိုတာ လိုချင်တိုင်းလည်းမရဘူး ... မလိုချင် ပေမဲ့လည်း ခြေထောက်ပေါက်ပြီး အိမ်ပေါ်တက်ချင် တက် လာတာပဲ ... အခု မောင်မိုးချမ်းသာ လုံးဝ မမျှော်လင့်ပဲ ရတာကိုပဲကြည့် ... အဲဒီတော့ သီရိမေကလည်း ဒီစိန်တွေနဲ့ ပတ်သက်လို့ မတိုင်ပင်နဲ့ဆိုတော့ မောင်မိုးချမ်းသာ ဒီစိန် တွေကို ဘာလုပ်မယ် စိတ်ကူးသည်း ... မောင်မိုးချမ်းသာ မှာ လူကြီးမိဘမရှိဘူး မဟုတ်လား ..."

"ကျွန်တော့် စိတ်ကူးတော့ ရှိပါတယ် ... ဒါပေမဲ့ သီရိနဲ့ တိုင်ပင်ပြီးမှ ..."

"ဒီမယ် အစ်ကို ... ဘာမှ မတိုင်ပင်နဲ့လို့ သီရိပြောပြီးပြီ အစ်ကိုသာ ကြိုက်တာလုပ် ..."

"ကဲပါကွယ် ... သီရိက ကလေးသာသာပဲဟာ ... မောင်မိုး ချမ်းသာ စိတ်ကူးကိုသာပြောပါ ..."

မိုးချမ်းသာက မပြောမီ သီရိမေကို လှမ်းကြည့်လေရာ သီရိမေက ပြန်တော့ကြည့်သည်။ သို့သော် မရယ်မပြုံးကြည့်ခြင်း ဖြစ်ပါ၏။

"ဒီအထဲက သီရိနဲ့ လိုက်မယ့် ဆယ်လုံးကို ရွေးထားမယ်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကျန်တာတွေကို သိမ်းထားဖို့ ဆိုတာကလည်း ဝပ်ရှေ့(ပ)က လုံစုံတယ် ... လုပ်ငန်းသဘောအရ ဝပ်ရှေ့(ပ)ဆိုတာ တံခါးအမြဲဖွင့်ထားရတယ် ... လုံခြုံမှုမရှိဘူး ... ကျောက်မျက်ရတနာအဖွဲ့ကလည်း ဒီစိန်တွေအကြောင်းသိနေပြီ ... ဒီတော့ ကျန်တဲ့ အလုံးလေးဆယ်ကို ကျောက်မျက်ရတနာအဖွဲ့က ပေးတဲ့တန်ဖိုးနဲ့ ရောင်းလိုက်မယ် ... "

"အားပါးပါး ... ငွေတွေ အပုံလိုက်ကသာပြီး အထားရခက်မှာပေါ့ ... "

"ဘယ်ဟုတ်မလဲ အန်တီ ... ရောင်းရငွေအားလုံး ခဏ္ဍလေး ငွေစုဘဏ်မှာ အကောင့်ဖွင့်ပြီး အပ်လိုက်မယ် ... သတင်းထဲမှာရော တီဗွီမှာရော ပါနေသားပဲ ... ငွေစုဘဏ်မှာ အပ်ထားတာဟာ နှစ်ကာလကြာလေ အဆပွား အတိုးရလေတဲ့ ဝပ်ရှေ့(ပ)အတွက်တော့ ငွေသုံးသိန်းလောက် ကျွန်တော် ထုတ်မယ် ... ဝပ်ရှေ့(ပ)အတွက် လိုတာတွေဝယ်ရမှာလေ ... "

"အဲ ... ကောင်းသားပဲ ... သိပ်ကိုကောင်းတဲ့ အကြံပဲ ... အဲဒီအတိုင်း လုပ်လိုက်ပါလားလို့ပဲ အန်တီက ထောက်ခံတယ်ကွယ် ... ကဲ ... ကဲ မီးဖိုထဲမှာ အားလုံး တန်းလန်းချည်းပဲ ... သူ့အဖေပြန်လာရင် ဆာကဆာတတ်တာနဲ့"

ပြောပြောဆိုဆို ဒေါ်စိုးစိုး ထိုင်ရာမှထပြီး မီးဖိုဘက်





သို့ထွက်သွားခဲ့ပါ၏။

"သီရိ ... "

မိုးချမ်းသာက ခေါ်လိုက်သည်။ သီရိမေက ပြန်ထူးသံထွက်မလာဘဲ ပြန်ထွက်ကြည့်သည်။

"စိန်ထုတ်ရလို့ အစ်ကိုစိတ်ပြောင်းသွားမယ်လို့ ထင်လို့လား ဥပမာ ... အခု ဘီလူးကြီးတစ်ကောင်ရောက်လာပြီး သီရိကို စားမယ် မစားစေချင်ရင်တော့ မင်းစိန်ထုပ် ငါ့ပေးဆိုရင် ချက်ချင်း စိန်ထုတ်ယူသွား ငါ့သီရိလေးကိုတော့ လက်ဖျားနဲ့တောင် မထိနဲ့လို့ ပြောပြီး စိန်ထုပ်ကိုပေးလိုက်မှာ"

"တကယ် ... တကယ် ... "

သီရိမေက ပြုံးလာသည်။

မျက်စောင်းထိုးလာခဲ့သည်။ သို့သော် မျက်နှာလေးကပြုံး၍ ထိုးခြင်းဖြစ်ပါလေ၏။

ပြောရင်း မိုးချမ်းသာက ကဲလာသည်။ သီရိမှမ ပခုံးကို လှမ်းဖက်သည်။

"ဟွန်း ... ဟွန်း မလုပ်နဲ့ အစ်ကို ... မေမေက ယုံရတာမဟုတ်ဘူး ... ချောင်းချင်ချောင်းနေမှာ ... သီရိပြောထားပြီးပြီနော် ... ဘာမဆို လက်ထပ်ပြီးမှလို့ ... "

မိုးချမ်းသာ မဖက်တော့ဘဲ လွှတ်လိုက်သည်။

"တော်ပါပြီနော် ... ဝပ်ရှေ့(ပ)က အင်္ဂျင်တွေပဲ သီရိကိုယ်



www.burmeseclassic.com

www.burmeseclassic.com



စား ကဲဟယ်လို့ပဲ ..."

အဆုံးမသတ်ပါလေသော မိုးချမ်းသာ ပြောပုံကို ကြည့်ပြီး ခစ်ခစ်တက်အောင် ရယ်မောနေလိုက်ပါတော့၏။

(နားကြဉ်းရို)
တက္ကသိုလ်တင်မြင့်

BURMESE CLASSIC .com

၆ ၀ ၈ နှ ၁ ၀ ၁ ၆ ပ

www.burmeseclassic.com